www.burmeseclassic.com

No.90, November 2014

# ဂမ္ဘီရလောက မဂ္ဂဇင်း

မောင်ညိုမှိုင်း(သန့်လျှင်)

နွေတမာန်

လေးမောင်

ပီတာမြဦး

ကတိဂုဏ်မျိုးမြင့်အောင်

တက္ကသိုလ်အပန်ယံ

မင်းတိုင်ပင်(မြရောင်မြေ)

ညွန့်မောင်ဦး

သန့်လျှင်လှဝင်း(ညချစ်ညို)

ဝေယံသိန်း

မောင်ဉာဏ်လင်း(တောင်ကုတ်)

မြနန်းရှင်

စောစုထိုက်

အေးသင်တာသက်ဝေ



– ခန့်ပေါ်ကစီညာဉ်နှင့် သိုက်ကလာချု၏ သစ်ခြောက်အိပ် – ဆဲရင်ပိုက်ဆံရတဲ့မြေ – ရေဲ့ဘုံမှလ

– မသိန်းမြူကို ဘယ်သူသတ်သလဲ – တစ်ခါတုန်းက တို့ရွာမှာ – ဝှန်းမဗယ်သာ

– ဟဲကောင်အော်တဲ့ လမိုက်ည – ပန်းမြိုင်လယ် – သွေးမျက်ည – အသုဘမ

– မဂုဏ်မင်းရဲ့ စေတမန်နှင့် တွေ့ဆုံခြင်း – တောပိုင်တောင်ပိုင်မကြိုက်လည်း

– ချောင်းကိုး မြောင်းကိုး လူ့အမျိုး – ကနေ့သောအရှုပ် ကြီးပါ

www.burmeseclassic.com

www.burmeseclassic.com

No.90, November 2014


ဆဲရင်ပိုက်ဆံရတဲ့မြေ
မောင်ညိုမှိုင်း (သန်လျင်) ၆

ပန်းမြိုင်လယ်
တက္ကသိုလ်အပန်ငယ် ၃၃

ရဲဘုံမှလာသူ
ဝေယံသိန်း ၅၇

မသိန်းမြတ်ကို ဘယ်သူသတ်သလဲ
မောင်ဘုန်းလင်း (တောင်ကုတ်) ၇၄

တစ်ခါတုန်းက တို့ရွာမှာ
အေးသင်တာသက်ဝေ ၈၀

ရှုန်းမဖယ်သော
နွေတမာန် ၉၄

ဟဲကောင်ဖော်တို့ လမ်းကြည့်
မင်းတိုင်ပင် (မြရောင်မြေ) ၁၁၈

သွေးမျက်ရည်
စေတုထိုက် ၁၃၇

အသည်းအမင်္ဂလာ
ပီတာမြင့်ဦး ၁၄၈

မချစ်မင်းရဲ့ ဖေဖေတမန်နှင့် တွေ့ဆုံခြင်း
မြနန်းရှင် ၁၆၅

တော်ပိုင်တောင်ပိုင်မကြိုက်တော့လည်း
လေးမောင် ၁၇၄

ချောင်းကိုး မြောင်းကိုး ရှုပ်အမျိုး
ညွန့်မောင်ဦး ၂၀၀

သန်းပေါက်စိမ်းနှင့် ဆိုက်ကားသမား၏ သစ္စာတော်အိမ်
သန်လျင်လုဝင်း (ဩချစ်ညို) ၂၁၃

ကလန်နေသော သားရုပ် ကြေးမရုပ်ပါ
ဇာတိဂုဏ်မျိုးမြင့်အောင် ၂၂၆

Next Month Preview ၅


www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

အုပ်ချုပ်မှု အယ်ဒီတာ
ပခင်မာရွှေ

တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် (၁၃၇၁၁၁၁၁၁၁)

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

**ကွန်အဖွဲ့**
ကိုနိုးလိန်၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ ပင်းဘုဋ္ဌ၊ နေဖင်လတ်၊ ဝေလင်း၊ ပြုပြုသင်၊ ပေမာလှိုင်
ငင်းဝင်းမော၊ အိမြ့်၊ ပီပီဇင်။

**ထုတ်ဝေသူ**
ဒေါ်ခင်မာရွှေ (ထုပြုညှိစုံထွန်းတာရပ)။ (၁၃၉၇၅) (ပြ)၊ အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ပဿမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့)

**မျက်နှာဖုံး**
ဉာဏ်လင်းထက

**အတွင်းသရုပ်ဖော်**
ကံကောင်း၊ အောင်စံမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညီနှိုး
တောင်ငူ စိုးမြင့်လေး၊ လုသစ်အောင် (အင်းလျား) ရန်နိုင်ဦး၊ မောင်ပနကြည်
သူစိမ်း၊ ခေမွန်လင်း၊ ပေါ်ကားပိုင်းမော်၊

**ကွန်ပျူတာနှင့် ဗလင်**
Quality

**ပုံနှိပ်သူ**
မြိုးဝေလုံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန် (၀၀၆၄၉)
ဆန်စက်အဝိုပစ္စည်းစက်ရုံဝင်း အထက်ပုဇွန်တောင်လမ်း
ဗက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်၊

**တအုပ်ချုပ်**
ကင်မေထွန်း
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ၁ထပ်ထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၁၈၁၃၆၆၄ ၁၈၆၈၁၁

# NEXT MONTH PREVIEW



ကျောက်ခေါ်ရှူး ရှုမြန်

ဘောင်ညိုမှိုင်း (သန်လျင်)



ရုန်းတိုက်တဲ့ည

ဝသုန်ဟိန်းထက်



သူသဘာရိမောင်

ခင်ဘုန်းသိမ်လှ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆဲရငြိပိုက်ဆံရတဲ့ငွေ

မောင်ညိုမှိုင်း (သန်လျင်)

ယူ တစ်ယောက်က သူ့ကို စကားပြောခဲ့ရင် "ကျွန်တော် ဘာအကူအညီ ပေးရမလဲ" ဆိုတဲ့သူက ပေးကမ်းကူညီရမည့်ကုသိုလ် (သို့မဟုတ်) စေတနာ မေတ္တာစကားကို စတင်ပြောလေ့ရှိတယ်။

"ကိုမြင့်ဦးကို မေးစရာရှိလို့ပါကွယ်"

"မေးပါ - အစ်ကို - မေးပါ"

"ကိုမြင့်ဦးအလုပ်က နေ့စဉ်ဝင်ငွေ ကောင်းတယ်နော်"

"ဟုတ်ကဲ့ - အစ်ကို၊ လုပ်ငန်းအဆင်ပြေလို့ပါ ခင်ဗျ"

"ကိုမြင့်ဦး လုပ်ငန်းအဆင်ပြေအောင်၊ ဝင်ငွေကောင်းကောင်းရအောင် နေ့စဉ် ဘယ်လိုလုပ်ငန်း စတင်လဲကွယ်"

"အစ်ကို စာရေးမလို့လား"

"အေး - အတုကောင်းလေးများရှိရင် မျှဝေစေချင်လို့ပါကွာ"



"ဒီလို - အစ်ကိုရေ၊ ကျွန်တော် မိုးလင်းဖို့ အိပ်ရာက နိုးထလိုက်တာနဲ့ လူနတ်ပြဟ္မာ သတ္တဝါတွေ ကျန်းမာချမ်းသာပါစေ၊ ကျွန်ုပ်လည်း ကျန်းမာချမ်းသာလိုပါ၏၊ လှူနိုင်တန်းနိုင်သော သူလည်း ဖြစ်ရပါလို၏လို့ မင်္ဂလာစကားကို စပြီး အဲ - အဲ - ကျူးရင့်ဟစ်ပေါ့ အစ်ကိုရာ"

"ပြီးတော့ရော"

"မျက်နှာမသစ်ခင် ဖလားခွက်ထဲရှိ ရေကို မျက်နှာရေမှာကပ်ပြီး ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။ အဲဒါ - သုံးကြိမ်သုံးခေါက်ရွတ်ဆိုပြီး (၃၁)ဘုံ သားအားလုံး ကျန်းမာချမ်းသာကြပါစေ၊ အန္တရာယ်ကင်း ဘေးရှင်းဘေးကင်းကြပါစေလို့ မေတ္တာပို့၊ မျက်နှာသစ်ပါတယ်၊ သွားတိုက်သန့်စင်ပါတယ် အစ်ကို။ တစ်ခါ အိပ်ခါနီးကျရင် ဘုရားရှိခိုးပြီး ဂုဏ်တော်တွေ၊ ဂါထာတွေကို ရွတ်ဖတ်ပါတယ်။ ပြီးရင် - လုပ်ဖော်ကိုင်ဖက်အားလုံးကို မေတ္တာပို့ပြီး အိပ်ပါတယ်၊

အဲဒါ - ကျွန်တော့်ရဲ့ အိပ်ရာထ၊ အိပ်ရာဝင် ဝတ္တရားမပျက်လုပ်တဲ့ ကောင်းမှုပါပဲ အစ်ကို။ အဲဒီ ကောင်းမှုကံကြောင့်ပဲလားမသိဘူး - နေ့စဉ် လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေချောမွေ့ပြီး နေ့စဉ်ပိုက်ဆံရနေတာပဲ အစ်ကို။ ရတဲ့ထဲက လှူဒါန်းစရာရှိတာလှူ၊ ပေးကမ်းစွန့်ကြဲစရာရှိရင် မတွန့်မတို ပေးကမ်းနေတာပါပဲ အစ်ကိုရာ"

ဟုတ်ပါလေရဲ့...။

ကိုမြင့်ဦးသည် ကျွန်တော်တို့မြို့မှာ လူချမ်းသာတစ်ဦးဖြစ်သကဲ့သို့ လှူဒါန်းကူညီရာမှာလည်း ရက်ရောသူ ဖြစ်ပါတယ်။

သူ့ငွေနဲ့ လှူဒါန်းလုပ်ကိုင်ပေးခဲ့တဲ့ ကွန်ကရစ်လမ်းတွေ မနည်းပါဘူး။ စာသင်ကျောင်းတွေ ပြုပြင်ရာ၊ မှော်ရုံတွေ ဆောက်လုပ်ရာ၊ သိမ်ဆောက်ရာ ဘုရားတည်ရာတွေမှာ လှူခဲ့တာတွေ မနည်းခဲ့ပါဘူး။

အခု - ကိုမြင့်ဦး ကွယ်လွန်သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

သူ့ရဲ့အသုဘကို လိုက်ပို့တဲ့ကားတွေ မည်မျှများပါသလဲဆိုမှု နှစ်မိုင်ခန့်ဝေးသော သုသာန်သို့ သွားရာလမ်းမှာ တန်းစီပြည့်ကျပ်နေတာမို့ နောက်ပိုင်းက လိုက်ပို့တဲ့ကားတွေပေါ်က အသုဘပို့သူတွေ သင်္ချိုင်းမြေကိုတောင် ခြေမချလိုက်ရပါဘူး ခင်ဗျာ။

နောက်တစ်ခု ထူးထူးခြားခြား ဖတ်လိုက်ရတာကတော့ . . .။

နိုင်ငံကျော် စာရေးဆရာကြီးတစ်ဦး၏ အချစ်ဆုံး၊ အရင်းနှီးဆုံး သောက်ဖော်သောက်ဖက် မိတ်ဆွေကား မိုးကုတ်သူဌေးသားတစ်ဦးဖြစ်သည်တဲ့။

မိုးကုတ်သူဌေးရဲ့သားက ငွေကို လေလိုသုံးသတဲ့။

ရေလို သုံးတာမဟုတ်ဘူးနော်။

ရေက ကန်ထဲ၊ တွင်းထဲက ခပ်နေရဦးမှာ . . .။

အချိန်မရွေးရတဲ့လေလို ငွေကို အစွမ်းကုန် ဖောဖောသီသီ အလျှံအပယ်သုံးတာတဲ့ခင်ဗျာ။

ရန်ကုန်ကိုရောက်ရင် အကောင်းစားဟိုတည်မှာတည်းပြီး ဈေးအကြီးဆုံး အစားအစာနဲ့ ဈေးအကြီးဆုံး၊ အကောင်းစားကို သူလည်းစား၊ ချစ်တဲ့ခင်တဲ့သူတွေလည်း ကြိုက်သလိုစား။ ကျွေးမွေးညှဉ့်စံတာတဲ့။ သဘောကောင်း ရက်ရောတဲ့သူတဲ့ ...။

ဟိုးလမ်းစဉ်ပါတီခေတ်က ဝန်ကြီးတောင် မစီးနိုင်တဲ့ကားအကောင်းစား ပေါ်ဦးပေါ်ဖျားကိုမှ မိုးကုတ်သူဌေးရဲ့သားက စီးသတဲ့။

ငွေကို လုံးဝ မနှမြော . . .။

သုံးရင်း ကုန်သွားရင် နီးရာဘဏ်မှာ ကြိုက်သလောက် ထုတ်ယူသုံး။ သူ့ရဲ့မိဘ မိုးကုတ်သူဌေးများက စိတ်မဆိုး မငြိုငြင်၊ ပို၍တောင် ဝမ်းသာပါသေးသတဲ့။



ပဏာကြောင့်သူ . . .။

ဒီသားလေး စိတ်ကြိုက်ဖြုန်းသုံးလေ . . .။

သုံးတဲ့ငွေရဲ့အဆများစွာ ကျောက်တွင်းက ဝင်ငွေရနေလို့ပါပဲတဲ့။

သားလုပ်သူ ငွေကို ရေလိုသုံးတာကို ဝမ်းသာလို့ မဆုံးဘူးတဲ့။

ကြည့်စမ်း – ထူးလိုက်တဲ့ ကံအကြောင်းတရား။

သုံးဖြုန်းလေ၊ တားမရအောင် ငွေက ဝင်လေတဲ့။

ကံအကြောင်းတရားရဲ့ဆန်းကြယ်ပုံကို ကျွန်တော်တို့ မမြင်ရ၊ သို့သော် တကယ်ဖြစ်လာနေတာကို အံ့ဖွယ်မြင်နေရတယ်။

လင်မယားနှစ်ယောက်ဆိုရင် တိုက်နဲ့၊ ကားနဲ့၊ လုပ်ငန်းနဲ့ နေတာရယ်၊ အိမ်ရောက်ရင် ရန်ဖြစ်စကားများပြီးမှ အိပ်ကြတယ်၊ ဘာလို့ နေ့တိုင်းရန်ဖြစ်တာလဲဆိုတော့ ရန်ဖြစ်လေ၊ ပိုက်ဆံရလေမို့တဲ့၊ ကောင်းရော ...။

အချို့လူတွေ . . .။

ပညာလည်း တတ်တယ် . . .။

လူလည်း ကျန်းမာသန်စွမ်းတယ်၊

လုပ်ငန်းကြိုးလည်း လုပ်နိုင်တယ်၊

အကျိုးပေးမကောင်းတော့ လုပ်ငန်းမှာ အရှုံးပေါ်ကြတယ်၊

ကံအကျိုးပေး ညံ့လို့တဲ့၊

အတိတ်ဘဝတုန်းက ပြုခဲ့သည့်ကံတော့ ကျွန်တော်မသိ၊

ကျွန်တော့်မိတ်ဆွေ လုပ်ငန်းရှင်ကုမ္ပဏီသူဌေးတစ်ဦးကား လုပ်ငန်းခွင်ရောက်သည်နှင့် တွေ့သမျှဝန်ထမ်းတွေကို မာမာထန်ထန် ဆက်ဆံတယ်၊ အပြစ်ရှာပြီး အပြစ်ပြောတယ်၊ လိုအပ်သည်ဖြစ်စေ၊ မလိုအပ်သည် ဖြစ်စေ ဆဲရေးတိုင်းထွာလိုက်တာမှ မကြားဝံ့မနာသာ၊

လုပ်ငန်းရှင်ချင်းတွေ့လည်း အထက်စီးက တင်စီးအပြောကြီး၊ ဘဝင်တိုင်၊ ကြာလာတော့ဝန်ထမ်းတွေ စိတ်ညစ်ပြီး အလုပ်က ထွက်သွားကြတယ်၊ အပေါင်းအသင်းတွေကလည်း ရှုံ့ကုန်ကြတယ်၊

www.burmeseclassic.com

အခြားကုမ္ပဏီလုပ်ငန်းရှိရာကို ပြောင်းရွှေ့သွားကြတယ်။

သူ့လုပ်ငန်းမှာ လူ့ဝတ်လူ့ကောင်း လူ့ဖွံ့ဖြိုးမှုတွေမရှိတော့တဲ့ သူဌေး (သူ) ကို မြှောက်ပင့်ရှိသေလေးစား ရှုန်တွန်းကပ်ဖားနေတဲ့ သူတွေသာရှိခဲ့ပြီး နောက်ဆုံး ဓပါင်းသင်းဆက်ဆံရေး ညံ့ဖျင်းလွန်းလို့ လုပ်ငန်းကျဆုံးပြီး အရှုံးပေါ်တဲ့ဘဝကို ရောက်ခဲ့ရတယ်။

အချို့က မင်္ဂလာရှိသောစကား၊ ကျက်သရေရှိသောစကား ပြောဆိုပြုမူလို့ နေထွက်တာကိုကြည့်ပြီး စီးပွားရှာကြတယ်၊

အကျိုးပေးလည်း ကောင်းတာများတယ်၊

အချို့ကတော့ . . .

ငါဆိုတဲ့ အတ္တမာနတွေထောင်လွှားပြီး မိဘကအစ သားသမီးအဆုံး စိတ်ကောင်းလည်းမရှိ၊

ရုန့်ရင်းကြမ်းတမ်းသော စကားအပြုအမူတွေနဲ့ နေထွက်ကို နှိပ်ချိုးပြီး ဖရုသဝါစာ စကားနဲ့ နေဝင်နေကြတော့ ကံအကျိုးပေး မလှဘူးပေါ့။

ဒီလို အကုသိုလ်စရိုက်နဲ့ ကုသိုလ်စရိုက်တို့ရဲ့ကွဲပြားပုံအကြောင်း ...

မင်္ဂလာစကားနှင့် အမင်္ဂလာစကားတို့ရဲ့ တစ်နေ့တာ အကျိုးသက်ရောက်မှုများအကြောင်း ရေနွေးကြမ်း ဝိုင်းဖွဲ့စကားဝိုင်းမှာ ပြောဆိုဝေဖန်ကြတော့ . . .

ဦးပုလင်းဆိုတဲ့ အသက် (၇၅) နှစ်ခန့် လူကြီးက . . .

"စာရေးဆရာလေးရဲ့ . . ."

"ဟုတ်ကဲ့ - ပြောပါ အဘ၊ ပြောပါခင်ဗျ -"

"ကုသိုလ်စရိုက်နဲ့ အကုသိုလ်စရိုက်တို့ကြောင့် အကျိုးစီးပွားကောင်းခြင်း၊ မကောင်းခြင်းဖြစ်ရတယ်ဆိုတာလည်း ဘုရားဟောနဲ့ လျော်ညီကိုက်ညီတာ အမှန်ပဲကွယ့်၊ သို့သော် - အဘတို့ ကိုယ်တွေ့ကြုံခဲ့ရတဲ့ ထူးခြားဆန်းကြယ် အဖြစ်တစ်ခုရှိတယ် စာရေးဆရာရဲ့"

"ဟုတ်ကဲ့ - ကြားချင်လိုက်တာ အဘရယ်"



"အချို့လူများကတော့ ကုသိုလ်နဲ့ အကျိုးပေးသလို အချို့လူများကတော့ အကုသိုလ်စရိုက်နဲ့ ဖရုသဝါစာ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုနေထိုင်မှ အကျိုးစီးပွား အဆင်ပြေတာလည်း ရှိသကွယ်"

အချို့ဘုံသားတွေဆို ဆဲသံကြားမှ ကျေနပ်သတဲ့၊ အမေရျမ်းနတ်လို မျိုးပေါ့။

"ဟုတ်တယ် - ဦးပုလင်းပြောလည်း ဟုတ်တယ်ဗျ"

ဦးအာလူးဆိုတဲ့ လူကြီးကလည်း ဝင်ထောက်ခံတယ်။

"အဲဒါ - ကောင်းလား အဘ"

"မကောင်းဘူး၊ ဘုရားမကြိုက်ဘူး၊ နတ်ကောင်းတွေ မကြိုက်ဘူး။ လူအဝတ်များများကလည်း မကြိုက်ဘူး။ သို့သော် - ကြိုက်တဲ့သူ ရှိနေတယ်၊ စီးပွားဖြစ်တဲ့သူ ဖြစ်နေတာပဲ"

"တစ်ဘဝစံပေါ့နော် - အဘ"

"ဟုတ်တာပေါ့ - စာရေးဆရာရယ်၊ တစ်ဘဝစံဓါတာပေါ့။ အရက်ရောင်းတဲ့အလုပ် ကောင်းတဲ့အလုပ်လား စာရေးဆရာ"

"ဘာသာရေးရှုထောင့်နဲ့ကြည့်ရင် မကောင်းဘူးခင်ဗျ"

"လူမှုရေးရှုထောင့်ကကြည့်ရင် ကောင်းလို့လား"

"မကောင်းပါဘူး - အဘ"

"အေး - သူတို့ စီးပွားဖြစ်နေကြတယ်။ နွားသတ်ရောင်းစားတဲ့လူ၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲ သတ်ဖြတ်ရောင်းစားတဲ့လူ၊ အထိုက်အလျောက် အကျိုးစီးပွားဖြစ်ကြတယ်၊ သူတို့လုပ်ငန်းလုပ်ရာမှာ မေတ္တာသုတ်ရွတ်ဆိုပြီး လုပ်လို့ ရမှာလား စာရေးဆရာ"

"မရပါဘူး - အဘ"

"တံငါသည် ပင်လယ်ရေပြင်မှာ ချောင်း၊ မြောင်း၊ မြစ်ထဲမှာ ငါးဖမ်းတဲ့ အသက်မွေးဝမ်းကြောင်းလုပ်တယ်၊ ငါးဖမ်းမလုပ်ခင်မှာ ရေသတ္တဝါငါးတွေ အသက်အန္တရာယ် ကင်းကြပါစေလို့ ဆုတောင်းကြသလား



www.burmeseclassic.com

www.burmeseclassic.com

"မတောင်းဘူး - ခင်ဗျ"

"ဘယ်လို ပြောကြတုံး"

"ဒီနေ့ ငါးများများရအောင် ချောင်း၊ မြစ်၊ ပင်လယ်ကို ပိုင်စိုးတော်မူသော အပိုင်အဆိုင်တို့ ကူညီနိုင်းမတော်မူပါဆိုပြီး အရက်နဲ့ သင့်တဲ့အရပ်မှ အရက်နဲ့ တင်မြှောက်ပသ။ ကြက်ဥ၊ ကွမ်းယာ၊ လက်ဖက်နဲ့သင့်တဲ့ အရပ်မှာ ကြက်ဥပြုတ်၊ ကွမ်းယာ၊ လက်ဖက် စသည်တို့နဲ့ ကွင်းပိုင်၊ ရေပိုင်၊ ပင်လယ်ပိုင်တို့ကို တင်မြှောက်ပ.သပြီး ငါးများများရအောင် ကူညီနိုင်းမပါလို့ ပြောကြဆိုကြတာလည်း ရှိပါတယ် - အဘ"

"ဟုတ်တယ် - အကုသိုလ်လုပ်တဲ့သူ မေတ္တာသုတ်ရွတ်တာ နည်းတယ်။ ဒီမှာ ပြောချင်တာ ရန်ရင်းကြမ်းကြမ်း ဆဲဆိုလို့ပိုက်ဆံရတဲ့ လူတစ်ယောက် အကြောင်း ပြောပြချင်တယ် စာရေးဆရာ"

"သိပ်ကောင်းပေါ့ - အဘရာ"

ကျွန်တော်က ရေးစရာအကြောင်းအရာရမှာမို့ ဝမ်းသာပြီး အဘ ဦးပုလင်းရှိရာကို ရေနွေးကြမ်းပန်းကန် ရွှေ့ချပေးလိုက်တယ်။

ငါတို့ ဧရာဝတီမြစ်နံဘေးမှာ နေတုန်းကပေါ့။ တို့ကလည်း လူရွယ် အရွယ်ကောင်းတွေပေါ့ကွယ်။ တောင်ယာ အလုပ်လုပ်ကြတယ်။ ယာသစ်ခုတ်ကြ၊ ယာသစ်မြေ တိုးချဲ့ကြပေါ့။

တို့အရပ်က ဧရာဝတီမြစ်နဲ့နီးတော့ မြေနုကျွန်းတွေ ပေါလေ့ရှိတယ်။ မြေနုကျွန်းတော့ ငါတို့ မပိုင်ပါဘူးကွာ။

မြေနုကျွန်းက စိုက်ပျိုးမြေကောင်းမို့ မကြာခဏ မြေနုကျွန်းလုရင်း တစ်ရွာနဲ့တစ်ရွာ တစ်ဖက်နဲ့တစ်ဖက် ဓားတပြက် တုတ်တပြက်နဲ့ တိုက်ခိုက်သေကြေ အမှုတွေ ဖြစ်ကြတယ်ကွယ်။



မြစ်နဲ့နီးတဲ့အရပ်တွေဟာ မြေနုကျွန်းမှ မဟုတ်ဘူး စာရေးဆရာ၊ မြစ်ရေစိုတဲ့ စိမ့်ဝင်တဲ့အရပ်နဲ့ မြေနုကျွန်းမဟုတ်တဲ့နေရာလည်း စိုက်ရေးပျိုးရေး ကောင်းတာပဲ။

အဲဒီတုန်းက လမ်းစဉ်ပါတီ စတက်တဲ့အချိန်ပေါ့။

ခုမှ - ဧရာဝတီမြစ်နံဘေးမှာ ရွာကြီးတွေ၊ မြို့ကြီးတွေဖြစ်ပြီး စည်ကားနေတာ။

တို့များ ပျိုရွယ်စဉ်တုန်းက မြစ်နံဘေးမှာ တောတွေချည်းပဲ။ အခု - မင်းလုတစ်ဖက်ကမ်း တောကြီးပါကွာ။

မကွေးမြသလွန်ဘုရားကို လှေတို့၊ မော်တော်တို့နဲ့ လာဖူးရတယ်။

အခု ပြောမည့်အကြောင်း၊ တို့သူငယ်ချင်း မောင်ချက်ဆိုတဲ့လူရဲ့ကိုယ်တွေ့ကွယ်။

တို့တစ်တွေကတော့ ငချက်ပဲ ခေါ်ကြတယ်။

ငချက်၊ ငသောင်း၊ ငဖေ၊ ဝက်ကြီး၊ တေဝ . . . ဒီလို အများလုံးနဲ့ ခေါ်ကြတာ။

ငချက်က တောလိုက်၊ တောင်ယာခုတ်၊ မီးသင်းကျွမ်းတယ်။ တစ်နေ့ ဦးကွမ်းသီးက ယာစိုက်ဖို့ မြစ်နဲ့မလှမ်းမကမ်းမှာ တစ်ခေါကခန့်တောကို ရှင်းနိုင်းတယ်။

ချုံတွေ၊ ဝါးပင်တွေ ကြခတ်ပင်တွေများသကိုး ...။

အဲဒါ - ဓားမ၊ ဓားရှည်နဲ့ ချုံတွေကို စခုတ်ပါရောဟေ့၊ ချုံတွေခုတ်တာ လက်ထဲကဓားရှည် ခဏခဏ လွတ်လွတ်ကျပါရောတဲ့။ မြဲမြဲမြံမြံ ဆုပ်ကိုင်ပြီးခုတ်လည်း ဓားက လက်ကနေလွတ်ပြီး မြေကြီးကျကျနေလိုက် . . .

တော်ကြာ - ဓားရိုးက ဓားက ကျွတ်သွားလိုက်၊

အဲဒါ သပ်ပြန်ရိုက်ပြီးခုတ်လည်း ဓားရိုးကနေ ဓားကကျွတ်လိုက်၊ လွတ်လိုက် ဖြစ်နေတာနဲ့ ဒေါသထွက်ပြီး ဆဲပါရော၊

"ငါ ရိုးမဓားကလည်း ရိုးဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကဲဟာ - ကဲဟာ - ကဲဟာ - ငါရိုးမဓား ကျိုးလဟာ"

ပါးစပ်ကလည်းဆဲ၊ ဓားကိုလည်း အနီးရှိကျောက်တုံးကို အားရပါးရ ခုတ်ထစ်ပစ်လိုက်တာ။

ကျောက်တုံး မှဲ့ထွက်ကုန်ပါရော။



ဒီဓားရှည်နဲ့ တောင်ယာရှင်းတယ်။ ဟိုချုံတွေကို ခုတ်တယ်။ ဓားမတိုးဘူး။ ဓားရိုးကျွတ်တယ်။ လက်ကနေ ဓားလွတ်လွတ် ကျတယ်။ ကျုပ် တစ်ခါမှ ဒီလိုမဖြစ်ခဲ့ဘူးဗျ။ ဒေါသထွက်လွန်းလို့ ဆဲရေးတိုင်းထွာပြီး ဒီကျောက်တုံးကို ဓားကျိုးဓားပဲ့အောင် ခုတ်တော့ အဒေါ် မြင်တဲ့အတိုင်းပဲ။ ဓားမကျိုးမပဲ့ မခွေဘဲ ကျောက်တုံး မွစာကြဲသွားတယ် ...

"သောက်သုံးမကျတဲ့ ဓား၊ သစ်ပင်ခုတ်တော့ မပြတ်ဘူး၊ ကျောက်တုံးခုတ်တော့ ပြတ်တယ်၊ နင့်အမေကရိုးတဲ့ဓား၊ ကိုင်းဟာ - ကဲဟာ - ကျိုးဟာ၊ လိပ်ဟာ၊ ခွေကွာ ..."

ဒေါသထွက်ရင်း ပါးစပ်ကလည်း အဆဲမျိုးစုံဆဲပြီး ကျောက်တုံးကို အချက်ပေါင်းများစွာ ခုတ်ပစ်လိုက်တာ ...။

ဓားချက်ထိလို့ ကျောက်ကွဲစတွေ လွင့်စဉ်ကုန်တယ်။



အလို ...

ဓားရှည်အသွားမတုံးဘူး၊ မလိပ်ဘူး။ ဓားခွေမသွားဘူး၊ ငါ့ဓား တယ်ကောင်းနေပါလား။

"ကျွတ်ဦးလေကွာ - ရိုးဓားရာ"

"လက်ထဲက လွတ်ဦးလေကွာ - ရိုးဓားရာ ဟင်"

"ဟေ့ - သူငယ်"

"ဟင်"

နောက်ကနေ ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ အသက် (၄၀) ဝန်းကျင်ခန့် မိန်းမကြီးတစ်ဦး ထဘီတိုတိုဝတ်လို့ ...။

မျက်နှာမှာ သနပ်ခါး ပိန်းကျားရိုက်နဲ့၊

ရုပ်ရည်သန့်သန့်၊ လူလုံးတုတ်တုတ်တဲ့၊

သူမရဲ့ လက်ထဲမှာ ဝင်းမှည့်နေတဲ့ ဖီးကြမ်းငှက်ပျောတစ်ဖီးတိုင်လို့ ...။

"မင်း - ဘာလို့ ဆဲနေတာတုံးကွယ်"

"စဉ်းစားကြည့်ပါ - အဒေါ်၊ ဒီဓားရှည်နဲ့ တောင်ယာရှင်းတယ်၊ ဟိုချုံတွေကို ခုတ်တယ်၊ ဓားမတိုးဘူး၊ ဓားရိုးကျွတ်တယ်၊ လက်ကနေ ဓားလွတ်လွတ်ကျတယ်၊ ကျုပ် တစ်ခါမှ ဒီလိုမဖြစ်ခဲ့ဘူးဗျ၊ ဒေါသထွက်လွန်းလို့ ဆဲရေးတိုင်းထွာပြီး ဒီကျောက်တုံးကို ဓားကျိုးဓားပဲ့အောင်ခုတ်တော့ အဒေါ်မြင်တဲ့အတိုင်းပဲ၊ ဓားမကျိုးမပဲ့မခွေဘဲ ကျောက်တုံး မွစာကြဲသွားတယ်"

"အဲဒါ - ဆဲလို့ ဓားကောင်းသွားတာဟဲ့"

"ဗျာ - ဘယ်လို ဆဲလို့ ဓားကောင်းသွားတာ ဟုတ်လား"

"ဟုတ်တယ် - မင်းဆဲလို့ ဓားကောင်းတာ၊ ဒီနေ့ မင်းကြုံကျတဲ့အဝင်ခုတ်၊ ပြတ်ပြီ - ဟေ့"

"ဟုတ်ရဲ့လား - အဒေါ်ကြီးရ"

"မယုံရင် ခုတ်ကြည့်လေကွယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ ချေက်က အနီးရှိကင်ပွန်းရိုင်းပင်ကို ဓားနှင့်ခုတ်လိုက်တာ တစ်ချက်တည်းနဲ့ ပြတ်ကျသွားရောတဲ့ကွ၊

ဒါနဲ့ - ဆက်တိုက်ခုတ်ပစ်လိုက်တာ ကင်ပွန်းရိုင်းချုံကြီး လဲကျသွားတယ်၊ ဓားလည်း မလွတ်ဘူး၊ ဓားရိုးလည်း မကျွတ်ဘူး၊

လူလည်း ချွေးတွေစို့ရွှဲပြီး ခုတ်စတွေ ပေကျံလို့ မောနေပြီ၊

"ဘယ်နယ့်လဲဟေ့ -"

"ဟုတ်တယ် - အဒေါ်ရေ၊ ဓားရိုးမကျွတ်တော့ဘူးဗျာ - အံ့ရော"

"အဲဒါ - မင်း ဆဲပေးလို့ဟဲ့"

"အံ့ရောဗျာ - ဆဲရေးတိုင်းထွာတာနဲ့ ဓားခုတ်လို့ ရသွားတယ်"

"ဒီမှာ ကောင်လေးရဲ့ မင်းနာမည် ဘယ်သူ"

"ချေက်လို့ ခေါ်တယ်ဗျ၊ အဒေါ်နာမည် - ဘယ်သူ"

"ငါ့နာမည်လည်း မှတ်ထား၊ မငွေရှင်တဲ့"

"အဒေါ်မငွေရှင်ကရော ဘယ်မှာ နေတုံးဗျ"

"ငါတို့က ဒီနားမှာပဲ နေတယ်၊ ရော့ - မင်း မောနေပြီ၊ ဒီငှက်ပျောသီး စားလိုက်"

"အားနာစရာကြီး - အဒေါ်မငွေရှင်ရာ၊ နေပါစေဗျာ"

"အားမနာနဲ့ - စားသာစား၊ ဒီနေရာမှာ ငှက်ပျောသီးက ပေါပေါပဲ၊ မင်း - တောင်ယာခုတ်နေတာ ငါ ကြည့်နေတာကြာပြီ"

"ဟုတ်လား"

"ရော့ - စားလိုက်"

ချေက် ဒေါ်မငွေရှင်ဆိုသူ လှမ်းပေးတဲ့ ငှက်ပျောဖီးက ၀၀အလုံးကို ဖြုတ်ပြီး စားလိုက်တယ်တဲ့၊ ချိုလိုက်တာ ဆိုပဲဟေ့"

"ငါ သွားတော့မယ် - မောင်ချေက်"

"ဟုတ် - ဟုတ်ကဲ့ဗျ၊ ကျေးဇူးပါပဲဗျ"



"ဒီမှာ - ချေက်ရဲ့ မင်း နောက်နေ့ တောင်ယာခုတ်တောရှင်းချင်ရင် ရောက်တာနဲ့ မြေကြီးထဲဓားစိုက်ပြီး အားရပါးရဆဲလိုက်၊ များများဆဲလေ၊ ခုတ်လို့ကောင်းလေပဲ သိလား"

"ဒေါ်မငွေရှင်"

"ဘာတုံး"

"မနောက်ပါနဲ့ဗျာ၊ ဆဲရင် ခုတ်လို့ကောင်းမလားဗျ"

"မယုံရင် နောက်နေ့ ကြည့်ပေါ့"

ဒေါ်မငွေရှင်ဆိုသူ သို့ကလိုပြောပြီး ပြန်သွားတယ်၊ ချေက်လည်း နေမွန်းတည့်မှ အလုပ်သိမ်းပြီး ပြန်ခဲ့လိုက်တယ်၊

ဒီတောင်ယာတစ်ကေ ရှင်းပြီးရင် တောင်ယာရှင် ဖိုးကွမ်းသီးထံက ငွေငါးဆယ်ကျပ် ရမှာလေ . . .၊

စရံတစ်ဆယ် ကြိုယူပြီး မိန်းမကို ပေးထားတယ်၊

မနေ့တုန်းက ခုတ်ခဲ့တာ ဝါးတစ်ပြန် ကျသွားပြီ၊

ဒီနေ့ခုတ်ရင် ဝါးနှစ်ပြန်ကျော် ရနိုင်တယ်၊

"ချေက်ရေ"

"ဗျာ - အဘကွမ်း"

"မြန်မြန်ပြီးအောင်ခုတ်ကွာ၊ ငါ ခရမ်းနဲ့ ရုန်းပတီ ချချင်တယ်ဟေ့"

"စိတ်ချပါ - အဘကွမ်းရ၊ သုံးလေးရက်နဲ့ပြီးအောင် ခုတ်မှာပါ၊ သွားဦးနော်"

ဓားနဲ့ ရေဘူးဆွဲပြီးအထွက်မှာ . . .

"ကိုချေက်"

"ဘာတုံး - မိန်းမ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ထမင်းလာပို့ရမလားဟင်"

"မပို့နဲ့ – ငါ ပြန်လာမှ စားမယ်။ နေရာက လှမ်းတယ်ဟ၊ နောက်ပြီး – မြွေဆိုးတွေရှိတယ်၊ လာမပို့နဲ့"

"တော်လည်း မြေခင်းလက်ခင်း ကြည့်လုပ်နော်"

"အေးပါ"

"မေတ္တာလည်း ပို့တော်"

"အေးပါ – ငါ သိပါတယ်"

ဒီလိုနဲ့ လာခဲ့လိုက်တာ၊ လုပ်လက်စ တောင်ယာကုန်းကို ရောက်ခဲ့တယ်၊ ပြီး . . .

ကွမ်းယာတစ်ယာကို လက်နှင့် ကိုင်မြှောက်ပြီး . . .

"ဘုမ္မစိုး၊ ရုက္ခစိုးတို့ကို စားဦးစားဖျား မြှောက်ပါတယ်၊ မြေခင်းလက်ခင်း ကောင်းအောင် စောင့်ရှောက်တော်မူပါ၊ အဘိုးတို့ကိုရော၊ အဆိပ်ရှိ သတ္တဝါတို့ကိုပါ မေတ္တာပို့ပါတယ် – ခင်ဗျာ"

စားဦးစားဖျား ကွမ်းယာတို့ ကျောက်တုံးပေါ်တင်ပြီး နောက်သစ်ပင်တွေကို ခုတ်ရော . . .။

"ထန် . . ."

"ဟာ် . . ."

ဓားခုန်ထွက်လာတယ်၊ အပင်မပြတ်ဘူး၊ ဘယ်နယ့်ပါလိမ့်၊

"ကဲ . . ."

"ထန် . . ."

"ဟင် . . ."

ခုတ်ရင်းက ဓားကျွတ်ပြီး အဝေးကို လွင့်စဉ်သွားလို့ ဓားကိုပြေးကောက်ရော၊

"ရှူး"

"ဟားဟ – မြွေကြီးဟ"



ကြည့်စမ်း – မြွေဟောက်ကြီးရယ်၊ ဓားပြားအနီးမှာ ပါးပျဉ်းထောင်လို့၊ အကောင်မှာ အကြီးကြီးပဲ၊

"ရှေး – ရှေး – ဟဲ့ – ဟဲ့ – သွား – သွား"

"ဖူး – ဖူး"

"ဟ – ဒုက္ခပဲ၊ နင့်ကို ငါ အန္တရာယ်မပြုပါဘူး။ ဓားကောက်မလို့ပါ – အဝေးကို သွားပါ – သွားပါ"

"ဖူး – ဖူး – ဖူး"

"ငါ – ငါရိုးမသား မြွေက မေတ္တာနဲ့ပြောမရရင် ကျစ်စာနဲ့ချတယ်ကွာ၊ တဲဟာ – ခေသဟ၊ ငါရိုးမမြွေရာ – ကဲဟာ – ကဲဟာ"

ဒေါသက ထွက်လာပြီမို့ ကျောက်တုံးကျောက်ခဲတွေကောက်၊ တစ်တစ်ခွခွ ဆဲရေးပြီး ပစ်ပေါက်လိုက်မှ မြွေဟောက်ကြီး သုတ်ခနဲ ထွက်ပြေးသွားပါရော၊

"သောက်မြွေက ငါ့များ ဘာမှတ်နေလဲ မသိဘူး။ ငျက်က ရှိုင်းရင် သုများထက် ရိုင်းတယ်၊ အားလုံး – ဒါပဲဟေ့"

ပုဆိုးပါလှန်ပြီး ဆဲလိုက်တယ်၊ ပြီး – ဓားကို ကောက်လိုက်တုန်းမှာပဲ၊

"ရောက်ကတည်းကဆဲရင် အဲလိုမြွေနဲ့တိုးမှာ မဟုတ်ဘူး"

"ဟင် – အဒေါ်မငွေရှင်၊ အဒေါ်မြင်လားဟင်"

"မနေ့ကတည်းက ငါပြောသားပဲ၊ ဒီနေရာရောက်ရင် မြေကြီးထဲ ဓားစိုက်ပြီး အလျှင်ဆဲလိုက်ပါဆို၊ နင်က မေတ္တာပို့နေတော့ ဒေါသမလိုဖြစ်တာပေါ့"

"မေတ္တာပို့လို့ မရဘူးလား"

"နင်ပဲ ပို့တာလေ၊ အပို့ကောင်းလို့ မြွေဟောက်ကြီး ရောက်လာတာပေါ့၊ ဒါ – အဆိပ်ပြင်းတဲ့ မြွေဟဲ့"

"ဒါဆို – ဆဲရင် မလာဘူးပေါ့"

"ဟဲ့ – ငျက်ရဲ့ ဒီအရပ် ဒီမြေက ဆဲမှကြိုက်တာဟဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ"

"စောစောက နင်မဆဲတော့ ဓားကျွတ်ရော မဟုတ်လား"

"အင်း"

"အခု - ဆဲပြီးပြီ၊ ခုတ်တော့ - အဆင်ပြေသွားပြီဟဲ့"

"အခေါ်တို့အရပ်က တစ်မျိုးကြီးပဲနော်"

"အရပ်အနေကို နားလည်ဟဲ့ ချောက်ရဲ့ မတုံးနဲ့၊ ငါ သွားပြီဟေ့"

"ဟုတ် - ဟုတ်"

"ကောင်လေး"

"ဗျ"

"များများဆဲပေး၊ ဆဲလေ - အကျိုးရှိလေပဲဟေ့"

ကဲ - ကြည့်တော့ဗျာ၊ တောထဲတောင်ထဲ မေတ္တာပို့လိုက်တာ ဓားကျွတ်ပြီး မြွေကိုက်မလို့ဗျာ၊

ဖြစ်ချင်ရာ ဖြစ်ဗျာ၊

ဓားရိုးပြန်ဆောင့်ပြီး မြေကြီးထဲ ဓားဦးစိုက်လို့ . . .

"ဟေ့ - ငါနှာမည် ချောက်ကွ၊ ဘယ်မအေရိုးမှ သောက်ဂရုမစိုက်ဘူး၊ သတ္တိရှိတဲ့ကောင် ထွက်ခဲ့၊ အားလုံး ရိုးပဲဟေ့"

သို့ကလိုဆဲပြီး သစ်ပင်တွေ ခုတ်လိုက်တာ၊

တစ်ပင်ပြီးတစ်ပင် ပြတ်ပဲ၊ ကြည့်စမ်း - ဟန်ကျလိုက်တာနယ်၊ ဘာမြွေ ဘာကင်းမှ မတွေ့ပေါင်ဗျာ၊

အဲဒါ လုပ်ငန်းသိမ်းမယ်ဆိုပြီး ဓားကိုချ၊ နဖူးကချွေးတွေ ပုဆိုးနဲ့ သုတ်နေတုန်း . . .၊

"ဟေ့ - ကလေး"

"ဟင်"

အဘွားကြီးတစ်ဦးမှာ ဆံပင်တွေဖြူပြီး ခါးတ ကိုင်းကိုင်းနဲ့၊ အကျီ သစ်သစ်လွင်လွင် ဝတ်ထားလို့၊



"စောစောက ဆဲပြီးစိန်ခေါ်နေတာ လူလေးလားဟဲ့"

"ဗျာ - ဟုတ် - ဟုတ်ကဲ့ ခင်ဗျ၊ ဘာ - ဘာဖြစ်လို့ပါလဲ ခင်ဗျာ၊ ကျွန်တော် အဘွားကို ဆဲတာမဟုတ်ပါဘူး ခင်ဗျ"

"သိပါတယ် - လူကလေးရဲ့၊ မင်းဆဲနေတဲ့အသံကို ကြိုက်လို့လာတွေ့တာပါ၊ ကောင်းလိုက်တာကွယ်"

"ဗျာ"

"အဘွားတို့အရပ်က အဲဒီလို ဆဲရေးတိုင်းထွားမှ သဘောကျတာကွယ့် လူလေးရဲ့၊ ခုလို ဆဲသံများ မကြားရတာကြာပေါ့ သားရယ်၊ ရော့ - ရော့ - လူလေးကို အဘွား ဆုချရမယ်ဟဲ့"

အဘွားကြီးက ပြောရင်းကနေ သူမရဲ့ ရွှေးစံအကျီအိတ်ထဲကို လက်နှိုက်ပြီး ကျွန်တော့်ကို ပစ္စည်းတစ်ခု လှမ်းပေးတယ်၊

"ရော့ - ယူ၊ ဒါ - ငွေဒင်္ဂါးပဲ"

"ဗျာ"

"မင်းဆဲတာ ကောင်းလို့ဆုချတာ မုန့်ဖိုးပေးတာ ယူ ..."

အံ့ရောဗျာ၊ ဆဲတာကြိုက်လို့ ဆုချတာတဲ့၊ အလိုလေးလေး၊

ဒီအရပ်ကလူတွေ စိတ်မှကောင်းကြရဲ့လား၊

ဆဲလို့ ငွေဒင်္ဂါးတစ်ပြား ဆုချသတဲ့၊

ငွေဒင်္ဂါး တစ်ခါမှမကိုင်ဖူးဘူး၊ ငွေဒင်္ဂါးတစ်ပြားရတော့ ဝမ်းလည်းသာပေါ့၊

"သွားမယ် - လူလေးရေ"

"ဟုတ်ကဲ့ပါ - အဘွား"

"လူလေး"

"ဗျာ"

"နောက်နေ့မှာ များများဆဲ၊ အသံကျယ်ကျယ်ဆဲ၊ ညစ်ညစ်ပတ်ပတ်ဆဲ၊ တစ်နေ့ ငွေဒင်္ဂါးတစ်ပြား ဆုချမယ်၊ သိလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ် - ဟုတ်"

"ဒါပေမဲ့ - အဘွားတို့ မင်းကို ငွေဒင်္ဂါးဆုချတာ သူစိမ်းတွေ လျှောက်မပြောနဲ့"

"ဟုတ် - ဟုတ်"

ပြောပြီး အဘွားကြီး ကုန်းကုန်း - ကုန်းကုန်းနဲ့ ပြန်သွားရောတဲ့။

တိုတိုပြောရရင် ငချက် - ဟုတ် မဟုတ်သိချင်လို့ နောက်ခနေ့ တောင်ယာခုတ်တဲ့နေရာရောက်ရင် မြေကြီးထဲ ဓားဦးစိုက်ပြီး ညစ်ညစ်ပတ်ပတ် ဆဲရေးတိုင်းထွာလိုက်တယ်။

ပြီး - တောင်ယာခုတ်၊

အမှိုက်တွေ မီးသင်း . . .။

အလုပ်သိမ်းပြီး ပြန်ခါနီးကျရင် အမယ်အိုကြီး ပြုံးပြုံးနဲ့ရောက်လာပြီး ငွေဒင်္ဂါးတစ်ပြား ပေးပြန်ရော။

"မင်းက တယ်အဆဲကောင်းပဲကိုးဟဲ့၊ ရော့ - ရော့ -"

အဘွားကြီးက ငွေဒင်္ဂါးတစ်ပြားပေးပြီး ပြန် . . .

အဘွားကြီး ပြန်ပြီးရင် ဒေါ်မငွေရှင် ရောက်လာရော . . .

"ဘယ့်နယ့်လဲဟေ့ - ငချက်၊ ဟန်ကျနေ ဟုတ်လားဟေ့"

"အေးဗျ"

"ငါ ပြောသားပဲ၊ များများ ဆဲပေး၊ ဆဲရင် နင် ချမ်းသာလိမ့်မယ်"

"အဒေါ်မရှင်"

"ဘာတုံး"

"ဒီအရပ်က လူတွေက ဘယ်လိုလူတွေလဲဗျာ၊ ဆဲတာကိုမှ ကြိုက်သတဲ့၊ အံ့ရော . . ."



"သူ့အရပ်နဲ့ သူ့ဓလေ့ ဝချက်ရယ်၊ တချို့က ဘုရား၊ တရား စကားကြားချင်ကြတယ်၊ ငါတို့ အရင်ကတော့ ဆဲရေးတိုင်းထွာသံကြားရမှ ပျော်ရွှင်ဝမ်းသာကြတာ၊ မင်းကို ငါ ကြိုပြောလိုက်မယ်"

"ပြောပါ - ဒေါ်ရှင်"

"ဒီနေရာမှာ ဘုရားစကား၊ တရားစကား မပြောနဲ့"

"ဗျာ"

"ဘုရားကျောင်းဆောင် မထားနဲ့"

"ဟင်"

"အမျှအတန်းမဝေနဲ့၊ ဂုဏ်တော်တွေ၊ ဂါထာတွေ မရွတ်နဲ့"

"ရွတ်ရင်ရော - ဒေါ်ရှင်"

"ရွတ်ရင် ဒုက္ခရောက်လိမ့်မယ်၊ ဒါတော့ - နင့်လူတွေ ပြောပြဟေ့"

"ဗျာ"

"ငါ - သွားမယ်၊ ငါ - ပြောတာ မမေ့နဲ့"

ဒီလိုနဲ့ ငါးရက်မြောက်တော့ တောင်ယာခုတ်တဲ့လုပ်ငန်း ပြီးသွားတယ်၊ ပြီး - တောင်ယာ မီးသင်းတယ်၊

ငချက်ကလည်း ဆဲရုံနဲ့ ငွေဒင်္ဂါးတစ်ပြားရနေတော့ ရောက်တာနဲ့ မအေ-နှမ၊ ဖေ စုံအောင် အရပ်လေးမျက်နှာလှည့်ပြီး ဆဲတော့တာပဲ၊

ဆဲတာနဲ့ ငွေဒင်္ဂါးတစ်ပြား သူ့ရှေ့ကျလာတာပဲ၊

အခု - ငွေဒင်္ဂါး ငါးပြားတိတိရပြီ . . .၊

မိန်းမကိုလည်း ဖွင့်မပြောဘူး၊ တော်ကြာ အာရောင်ပြီး လျှောက်ပြောမှာစိုးလို့၊ လုံလုံခြုံခြုံ ဖွက်ထားတယ်၊

တောင်ယာမြေ ပြုပြင်တော့ အလုပ်သမားသုံးဦး ငှားပြီး မြေပြုပြင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

မြေစိုမြေနုပ်ဆိုတော့ ခရမ်းတို့၊ ရုန်းပတီတို့၊ ပဲတို့ စိုက်လို့ ကောင်းမည့် ဖြစ်ခြင်း၊

ယာရှင် ဦးကွမ်းသီးက သာသာယာယာရှိလှတဲ့ ယာခင်းကိုကြည့်ပြီး ကျေနပ်နေတယ်၊

အဲဒါ - အလုပ်သမားတွေ အလုပ်လုပ်နေတာကို ယာခင်းအလယ်က ကင်းစောင့်တဲပေါ်က ထိုင်ကြည့်ရင်း ဘုရားစာ ရွတ်နေချိန်မှာပဲ . . .၊

လှစောင့်နားနေတဲလေး ဘယ်ညာလှုပ်ခါပြီး ဘုရားစာရွတ်နေတဲ့ ယာခင်းရှင် ဦးကွမ်းသီး တဲအခင်းပေါ်ကနေ တဲပြင်လွင့်စဉ်ကျသွားပါရော၊

"အား - လာကြပါဦးဟေ့"

"ဟဲ့ - ဟဲ့ - ယာရှင် အော်သံဟဲ့"

"အလို - ဦးလေးကွမ်းသီး လဲနေတယ်ဟေ့၊ လုပ်ကြပါဦးဟဲ့"

ပြေးလာကြည့်တော့ ယာရှင်ဦးကွမ်းသီး တဲပေါ်ကပြုတ်ကျပြီး ခါးနာသွားတာ ရက်အတန်ကြာသွားခဲ့တယ်၊

"ဦးလေး ဘယ်လိုဖြစ်တာတုံး"

"တဲပေါ်မှာထိုင်ပြီး ဘုရားစာ ရွတ်မလို့လုပ်တုန်း ရှိသေးတယ်၊ တဲတစ်ခုလုံးလှုပ်ခါပြီး ငါ တဲပေါ်က လွင့်စဉ်ကျသွားတာ၊ အား - ကျွတ် - ကျွတ်"

အဲဒါ - ယာရှင်ကို တိုးတိုးတိတ်တိတ် ပြောရတော့တယ်၊

"ဦးလေး"

"ဘာတုံး - ငချက်"

"ဒီယာခင်းမြေပေါ်မှာ ဘုရားစာမရွတ်နဲ့"

"ဟေ"

"ဘုရားကျောင်းဆောင် မထားနဲ့"

"ဘာ"

"ဂါထာမန္တန်တွေ မရွတ်နဲ့"

"ငချက် - ဘာပြုလို့တုံး"



"မကြိုက်ဘူး"

"ဘယ်သူက မကြိုက်တာတုံးဟ"

"ဒီမြေအရပ်က ပုဂ္ဂိုလ်တွေနဲ့တူတာပဲ၊ မကြိုက်ဘူးတဲ့"

"မင်းကို ဘယ်သူပြောတုံး ငချက်ရ"

"အဲဒီနားက ရွာသူအချို့ပြောတာပဲဗျ"



နင်က ငါတို့နေရာလည်း လာနေသေးတယ်၊
ငါတို့နေလို့ မရအောင် ဘုရားစာရွတ်တယ်၊
နောင်ကို ဘုရားစာမရွတ်ပါနဲ့၊
မရွတ်ရင် ငါတို့နေလို့ ရတယ်၊
ရွတ်ရင် နင်တို့ကို ငါတို့
ဒုက္ခပေးရမှာပဲဟေ့ ...

"ဘုရားစာ မရွတ်ရဆို ဘာရွတ်ရမတုံး"

"ညစ်ညစ်ပတ်ပတ်ပြော"

"ဟာ - ငချက်ရာ၊ မဟုတ်က ဟုတ်ကကွာ"

"မဟုတ်မဟုတ်ပြောတဲ့ မင်း ရွာသူတွေနဲ့ ငါ တွေ့ချင်တယ်ကွာ၊ သူ့ကို လိုက်ပြစမ်း"

www.burmeseclassic.com

ဒါနဲ့ - ယာခင်းဝန်းကျင်မှာ နေကြတယ်ဆိုတဲ့ ဒေါ်မငွေရှင်တို့ကို အိမ်ကို လိုက်ရှာတာ လုံးဝမတွေ့ရဘူး။

တွေ့ရတာ အမဲလိုက်တဲ့ လူတစ်ယောက်ပဲတွေ့တယ်။

ကိုခွေးတဲ့ . . .။

ကိုခွေးကို မေးတော့ မငွေရှင်လည်း မသိဘူး။ ဒီနားမှာ လူနေအိမ်လည်း မရှိဘူးတဲ့။

ဒီတော့ - ယာရှင် ဦးကွမ်းသီးက မယုံဘူးပေါ့။

ဒါနဲ့ - ခါးနာပျောက်တော့ ယာခင်းကွက်ထဲ ချေက်ကိုခေါ်ပြီး သွားခဲ့တယ်။

ပြီး - ဂါထာတစ်ပုဒ်ကို ရွတ်ကြည့်လိုက်ရော . . .

"ဝုန်း - ဝုန်း - ဝုန်း"

"ဝေါ - ဝေါ - ဝေါ"

"ဖတ် - ဖတ် - ဖတ်"

"ဖရောက် - ဖရောက် - ဖရောက်"

"ဟာ - ဟာ - ဟာ - ခဲလုံးတွေ ကျလာ၊ အား - ငါ့ကို ထိပဟ"

"အုန်း"

"အင့် - အား - ကျုပ်လည်း ထိပြီဗျ"

ချေက်လည်း ကျောကုန်းကို ခဲလုံးထိပြီး လဲကျသလို ဦးကွမ်းသီးလည်း မျက်နှာကို ခဲလုံးထိပြီး ပေါက်သွားတယ်။

ဒီမှာပဲ ချေက်က ပုဆိုးကိုလှန်ပြီး ဆဲရော . . .။

ညစ်ညစ်ပတ်ပတ် တစ်တစ်ခွ မျိုးစုံအော်ဆဲတော့မှ ခဲတွေ သဲတွေနဲ့ ဘယ်ကနေ ပက်ဖျန်းပစ်မှန်း မသိတာတွေ ရပ်သွားတော့တယ်။ ပြေးသံ လွှားသံတွေလည်း ရပ်သွားတယ်။

ချေက်ကတော့ သဘောပေါက်သွားပြီ . . .။

မဟုတ်မှလွဲရော . . .။



ဒါ - ပရသားတွေ၊ မကျွတ်မလွတ် တစ္ဆေတွေ၊ ဒါမှမဟုတ် ကျုတ်တွေ နေတဲ့ အရပ်နဲ့တူရဲ့။

ရန်ရှင်းကြမ်းတမ်း ညစ်ညမ်းတာကိုကြိုက်တဲ့ တစ္ဆေတွေဖြစ်မှာ။

"ချေက် - တော်ပါတော့ကွာ၊ ငါ မကြားဝံ့လို့ပါ"

"- - - - - - - - သားတွေ"

"- - - - - - သယ်မတွေ"

"လင်တစ်ရာငါးဆယ် မိန်းမယုတ်တွေ"

"နင်တို့အားလုံးကို ဒါပဲ ထင်တယ်ဟေ့"

"ချေက် ပြန်ကြစို့ကွာ၊ တော်တော့ -"

ယာရှင်ဦးကွမ်းသီးက ချေက်ကို အတင်းဆွဲခေါ်ပြီး ယာခင်းကနေ ထွက်လာခဲ့ကြတော့တယ်။

ညဘက် သန်းခေါင်ယံအချိန်ခန့်မှာ ယာရှင်ဦးကွမ်းသီး ထူးဆန်းတဲ့ အိပ်မက်ကို မက်တယ်တဲ့ စာရေးဆရာရေ၊

အိပ်မက်ထဲမှာ . . .

အဝတ်ဖလာနဲ့ မိန်းမကြီးငယ်တွေရော၊ ကိုယ်လုံးတီးနဲ့ အရုပ်ဆိုးဆိုး၊ အကျည်းတန် ယောက်ျားတွေက ဦးကွမ်းသီးကို အော်ဟစ်ပြောနေကြတာတဲ့။

"ဒီနေရာမှာ ငါတို့နေတာဟဲ့"

"နင်တို့နေရာ မဟုတ်ဘူး အနာကျကြီးရဲ့ဟင်"

"နင်က ငါတို့နေရာလည်း လာနေသေးတယ်။ ငါတို့နေလို့ မရအောင် ဘုရားစာရွတ်တယ်၊ နောင်ကို ဘုရားစာမရွတ်ပါနဲ့၊ မရွတ်ရင် ငါတို့နေလို့ ရတယ်၊ ရွတ်ရင် နင်တို့ကို ငါတို့ ဒုက္ခပေးရမှာပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com

"သူတို့ဟာ ဦးကွမ်းသီးကို ဆဲရေးတိုင်းထွာ အပြစ်ပြောပြီး ပြန်ထွက်သွားကြသတဲ့

ဦးကွမ်းသီး အိပ်မက်ကနိုးတော့ စဉ်းစားတယ်။

"ဒါ - ငါတို့နေတဲ့ နေရာ"

"နင်တို့နေရာ မဟုတ်ဘူး"

"ငါတို့ နေလို့မရအောင် နင်က ဘုရားတရွတ်တာ"

"ဟုတ်ပြီ - ဒါ - ဒါ"

"ဒါကြောင့် ငျေက်က အားရပါးရ ဆဲနေတာကိုး"

သူတို့က ဆဲမှကြိုက်တဲ့ ပရသားတွေကိုး။ ဒီအကြောင်း မိုးလင်းတော့ ငျေက်ကို ပြောပြတိုင်ပင်ရော။ ငျေက်လည်း လန့်သွားခဲ့တယ်။ ဟုတ်နေပြီပေါ့။

စိုးရိမ်စိတ်လည်း ဖြစ်သွားတယ်။

သို့သော် . . .

သူ တောင်ယာစတင်တုန်းက တွေ့ကြုံရတဲ့ အဖြစ်တွေနဲ့ နေ့တိုင်း မြေကြီးဆားစိုက်ပြီး ဆဲရေးတိုင်းထွာလို့ ဆုရိုးမြှင့်တဲ့ ငွေဒင်္ဂါး ငါးပြားအကြောင်းကိုတော့ ဖွင့်ပြောမပြခဲ့ဘူး။

ဒေါ်မငွေရှင်နဲ့ အဘွားကြီးက ဘယ်သူ့မှ ဒီငွေဒင်္ဂါးအကြောင်း မပြောနဲ့ သတိပေးတာကိုး။

"ငျေက်ရ . . ."

"ပြော - ဦးလေး"

"ငါတို့ ယောင်ယာလုပ်တဲ့မြေက အယုတ်ညံ့ဆုံး၊ အရိုင်းစိုင်းဆုံး၊ မကျွတ်မလွတ် ပရသား တစ္ဆေတွေနေတဲ့ ကျက်ကုန်းသဘောမျိုး နေရာပဲကွ"

"ဟုတ်မယ် - ဦးလေးရ"

"သင့်သလို နေကြည့်တာပေါ့ကွာ"



"သူတို့လည်း နင်လို့ရမှာ မဟုတ်ဘူး"

"အေးကွ"

"ဦးလေး - တောင်ယာ ဆက်လုပ်ချင်ရင်တော့ သူတို့မကြိုက်တာ မလုပ်နဲ့ပေါ့ဗျာ"

"အေးလေ - ဒီလိုလုပ်ရတော့မှာပေါ့"

အဲဒါ ဦးကွမ်းသီးက သူတို့ မကြိုက်တာ မရွတ်မဆိုပါဘူးလို့ တောင်ယာထဲမှာ အော်ပြောပြီး တောင်ယာစိုက်ခဲ့တယ်။

တောင်ယာ မဖြစ်ထွန်းဘူး။ ဖြစ်ထွန်းမယ် ကြံခါရှိသေး။ မိုးရွာလို့ ပျက်၊ ကြွက်ကိုက်လို့ပျက်၊ ပိုးကျလို့ ပျက်နဲ့ ရှုံးတာချည်းပဲ။

"ဦးလေးကွမ်းသီး"

"ဘာတုံး . . ."

"ယာစင်းထဲ အော်ဆဲကြည့်ပါလားဗျ"

"ဟာ - ဒီလို ညစ်ညစ်ညမ်းညမ်းဆဲမှ စီးပွားဖြစ်မည့်အလုပ်မျိုး လုံးဝ မလုပ်ဘူးဟေ့၊ ကွမ်းသီးကွ - ဟင်း"

"ဒါဆို - ကျုပ် နေစား ဆဲပေးရမလား"

"မလုပ်နဲ့ - မလုပ်နဲ့ - ငျေက်။ ဒီတစ်ဘဝတော့ အဲဒီအကုသိုလ်ကံ အကျိုးပေးကြောင်း ထမင်းဝ ချမ်းသာချင် ချမ်းသာမယ်။ သေရင်တော့ ငရဲသွားရမှာ တိန်းသေပဲ။ မလုပ်နဲ့ - ငါ့လူ၊ ဆဲတာ ဘုရားရော၊ လူရော၊ နတ်ရော မကြိုက်ဘူး"

ဦးလေးကွမ်းသီးက ဘုရား၊ တရားသမားပါ။

အချို့သော ပြိတ္တာဆိုးတွေဟာ ဘုရား၊ တရားသံပေးလို့ အမျှဝေရင်တောင် နားပိတ်ပြီး သာဓုမခေါ်တဲ့ ပြိတ္တာအယုတ်အညံ့တွေရှိမှန်း ရဟန်းသံဃာတွေ ပြောပြလို့ သိခဲ့ရတယ်။

တောင်ယာက မအောင်မြင်တော့ လုံးဝရပ်ဆိုင်းလိုက်တယ်။

ငျေက်ဆိုတဲ့ကောင်လည်း . . .



www.burmeseclassic.com

www.burmeseclassic.com

ငွေဒင်္ဂါးပြားကို မြို့ပေါ်တက်ရောင်းပြီး လိုအပ်တာတွေ ဝယ်လိုက်တယ်။ ပြီး . . . ဘုရားတစ်ဆူမှာ ရွှေဆိုင်း ငွေတစ်ရာဖိုး ရွှေချပြီး ဒေါ်မငွေရှင်တို့ကို အမျှပေးဝေလိုက်တယ်။

ဒီအဖို့ဘာဂကို သူတို့ယူချင်လည်း ယူပေါ့၊ မယူချင်လည်း နေပေါ့တဲ့။ နောင်ကာလကြာတော့ စွန့်ပစ်တောင်ယာလည်း ဖုန်းဆိုးကြီး ဖြစ်သွားခဲ့တယ်။

နှစ်ငါးဆယ်ကျော်ကြာပြီး ယနေ့ခိုးနိုခါမှာတော့ အဲဒီနေရာမှာ စက်ရုံတွေ ဖြစ်သွားခဲ့ပြီး စာရေးဆရာရေ။

ဟို - ပရဆိုးသားတွေလည်း အစိုးရမင်းမိန့်ကြောင့်ပဲ နေရာပြောင်းသွားရှာလား။

ဒါမှမဟုတ် . . .။

သူတော်ကောင်းတွေ၊ ရဟန်းသံဃာတွေ ပေးဝေတဲ့အမျှကို ရရှိသာဓုခေါ်ဆိုနိုင်ပြီး ကျွတ်လွတ်သွားပြီးလားတော့ မသိဘူး။


ကျုပ်တို့လည်း ရေကြည်ရာ မြက်နုရာပြောင်းရင်း ဒီမြို့သစ်ကို ရောက်ခဲ့တာ အနှစ် (၅၀) ကျော်ပြီ၊ စာရေးဆရာရေတဲ့ ခင်ဗျ၊

အင်း - အကုသိုလ်ကံ အစွဲကြမ်းပုံများနယ် . . .

ပြောရရင် ယုံနိုင်ဖွယ် မရှိပါပဲဗျာ၊

ဆဲရေးတိုင်းထွာသံကြားရင် ပျော်လို့တဲ့။ အံ့ရော . . .။

>>> ဇော်ညီဖြိုး (သန်လျင်)



www.burmeseclassic.com

# ပန်းမြိုင်လယ်

**တက္ကသိုလ်အပန်ငယ်**

၁၉၉၃ ခုနှစ် ကာလကဖြစ်ပါသည်။ ရန်ကုန် -မန္တလေး အဝေးပြေးလမ်းမကြီးကို လှည်းကူးမြို့နယ်အပိုင်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုးချဲ့လမ်းခင်းနေချိန်ဖြစ်၏။ ယခင်က နှစ်လမ်းသွား လမ်းအကျယ်သာရှိ၏။ ယခုမှ ခြောက်လမ်းသွားစနစ်သို့ ကူးပြောင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ လမ်းကို အပိုင်းလိုက်ခွဲ၍ အင်ဂျင်နီယာတစ်ယောက်စီကျ တာဝန်ခွဲဝေကြီးကြပ်ဆောင်ရွက်စေပါသည်။ အဝေးပြေးလမ်းမ စီမံကိန်းကို စတင်အကောင်အထည် ဖော်ကြခြင်းဖြစ်၏။

စီမံကိန်းအကောင်အထည်ဖော်ချိန်တွင် ကျွန်တော်သည် လှည်းကူးမြို့နယ်စာရင်းရုံး၌ တာဝန်ထမ်းဆောင်နေရပါသည်။ တာဝန်ထမ်းဆောင်နေချိန်အတွင်း လှည်းကူးမြို့ပြင်တစ်နေရာတွင် မြေလေးတစ်မြေဝယ်လိုက်၏။ ပင်စင်ယူပြီးပါက သခြေပင်များ စိုက်ပျိုး၍ ဝင်ငွေရှာရန် ရည်ရွယ်ချက်နှင့်ဖြစ်သည်။ မြေသည် လှည်းကူးမြို့အဝင် ကျွန်းကလေးရွာအနီး၊ မန္တလေးလမ်းမကြီးနံဘေးတွင်ရှိသည်။ ညဥ့်အချိန်တွင် ဥဒဟိုပြေးလွှားနေသော အဝေးပြေးကားသံများမှအပ တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။

မြေမှာ ပေ (၄၀ × ၁၀၀) ပေဖြစ်ပြီး အိမ်ငယ်တစ်လုံးပါ၏။ အိမ်သည် အလျား (၃၀) ပေ၊ အနံ (၁၀) ပေသာရှိပြီး ဝါးထရံကာ သွပ်မိုးပျဥ်ခင်းဖြစ်သည်။ မြေရှေ့တွင် ပေ (၂၀) မျှ ကျယ်ပြီး မြေဝတွင် ပိတောက်ပင်ငယ်တစ်ပင်ရှိ၏။ မြေ၏နောက်ဘက်တွင် စိမ်းစိုနေသော လယ်ကွင်းပြင်များကို ရှုမျှော်၍ မဆုံးနိုင်ပါ။

အိမ်နောက်ဖေးတွင် ပေ (၃၀) မျှ ကျန်ရှိနေသေးရာ သခြေပင်များကို အတန်းလိုက် စိုက်ပျိုးထားလိုက်၏။ အိမ်ဘေးနှစ်ဖက်တွင် ဒေစီပန်းများကို စိုက်ပျိုးထားပြီး အိမ်ရှေ့တွင် နှင်းဆီပန်းများကို စိုက်ပျိုးထားသည်။ အိမ်မှာ ပန်းပင်များ၏အလယ်မှာရှိနေသဖြင့် မြေဝင်းပိတောက်ပင်လေးတွင် "ပန်းမြိုင်လယ်" ဟု ဆိုင်းဘုတ်ကလေး ချိတ်ဆွဲထားလိုက်၏။

ကျွန်တော်သည် သောကြာနေ့တိုင်း ပန်းမြိုင်လယ် အိမ်ကလေး၌ ညအိပ်တတ်၏။ စနေနေ့နံနက်ရောက်လျှင် မိသားစုရှိရာ အင်းစိန်မြို့သို့ ပြန်သည်။ နေ့စဥ် အင်းစိန်မှ ရုံးတက်သော်လည်း ထိုအိမ်တွင် နေ့စဥ်မအိပ်ဖြစ်၊ ရုံးကိစ္စ ပေါ်ပေါက်လာလျှင်သာ ထိုအိမ်တွင် ညအိပ်တတ်ပါသည်။ အိမ်တွင် ပရိဘောဂများများ မရှိ၊ ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံး၊ စောင်တစ်ထည်၊ ခြင်ထောင်တစ်လုံးသာ ရှိသည်။ ရေနွေးတည်သောက်ရန် Hot Plate အိုးတစ်လုံးနှင့် အပျင်းပြေသီချင်းနားထောင်ရန် C.D Player တစ်ခုတော့ ဝယ်ထားလိုက်၏။

ထိုအိမ်လေးတွင် အစောင့်မထားဘဲ ရုံးမှရုံးအကူက တာဝန်ယူစောင့်ရှောက်ပေးသည်။ ပန်းပင်များကိုလည်း သူကပင် ရေလောင်းပေး၏။ သောကြာနေ့ညတိုင်း ကျွန်တော်တို့ မိတ်ဆွေတစ်စုသည် ပန်းမြိုင်လယ်တွင် ဆုံကြသည်။ ကျွန်တော်က ဂီတသမားဖြစ်သည့်အားလျော်စွာ လှည်းကူးမြို့မှ မယ်ဒလင်သမားတစ်ဦး၊ တယောသမားတစ်ဦးနှင့် အဆိုသမားနှစ်ဦးတို့ ကျွန်တော့်ထံ ပုံမှန်ရောက်လာတတ်သည်။ တစ်ခါတစ်ရံတွင် Key Board သမားတစ်ဦးပါလာသေးသည်။

www.burmeseclassic.com

ကျွန်တော်တို့အဖွဲ့က သီချင်းကြီးမဟာဂီတကို ဦးစားပေး၍ တီးခတ် သီဆိုကြရသည်။ ပြီးနောက် ခေတ်ဟောင်းကာလပေါ် တေးသီချင်းများကို သီဆိုကြသည်။ အဆိုသမားနှစ်ဦးနှင့် ကျွန်တော်အပါအဝင် သုံးဦး၏ တေးဆို သံမှာ တိတ်ဆိတ်သော ပတ်ဝန်းကျင်တွင် လွင့်ပျံ့နေ၏။ ည (၁၁) နာရီအချိန် တွင် ဝယ်လာသော အစားအစာများကို စားကြသည်။ နံနက်မိုးလင်းသော် လည်း အရှိန်က မသေသေး။ နေဝန်းနီနီထွက်လာပါမှ လူစုခွဲ၍အိမ်သို့ ပြန် လေ့ရှိပါသည်။

ကျွန်တော်က စနေနေ့ အိမ်ကိုပြန်ခဲ့သော်လည်း တနင်္ဂနွေနေ့တွင် အင်းစိန်နေအိမ်၌ ပွဲဆက်ရပါသည်။ တနင်္ဂနွေနေ့တိုင်း အင်းစိန်နေအိမ်တွင် လည်း သီချင်းတိုက်လေ့ကျင့်လေ့ရှိပါ၏။ အင်းစိန်မြို့ရှိ ဂီတအပေါင်းအသင်း များတွင် မဟာဂီတအသံလွှင့်ဝိုင်းသုံးဝိုင်း ကာလပေါ်အသံလွှင့်ဝိုင်းနှစ်ဝိုင်း မြန်မာ့အသံတွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။ ရုံးပိတ်ရက် တနင်္ဂနွေနေ့ ရောက်တိုင်း နံနက် (၀၁း၀၀) နာရီတွင် လူစုခွဲ၍ အိမ်ပြန်တက်ကြသည်။

အဆိုသမားများသည်မြန်မာ့အသံ၌အသံသွင်းပြီးအသံလွှင့်ရန်အတွက် ရက်ပျက်မရှိ သီချင်းတိုက်ကြရသည်။ အတီးသမားလည်း ကူညီတီးခတ် ပေးရသဖြင့် နေအိမ်မှာ အမြဲလူစည်ကားနေပါသည်။

“ပန်းမြိုင်လယ်၊ သာနယ်ဝေ့ဝေ့၊ မျှော်လေတိုင်း၊ ပြာခြေဆိုင်း၊ ဓဝမိုင်းမြူ မှောင်ခြယ်၊ အိုဘယ်ဝယ်၊ တောင်စွယ်မော်ရှုကြော၊ လွန်သာမောဖွယ်၊ တောစုံယံမှာ၊ ရွှေလျှံဝင်းမှည့် × × သုံ့မှုံကြွေ၊ ရီဝေပြာပြာလွှမ်းဖွယ်စေ × × လေပြည်ဆော်ကာဟေမာတွင်း × × ထုံစီမာလာဂန္ဓာသင်းဝှန်၊ ယှဉ်ရေ ခင်းဝယ် ဆင်းကျန်သွင် × × သီလာဓေ့ကွန့်၊ ညာပြေစွန်၊ မြရောင်ဖြာဆင့် ကန်သာလွန် × ×”



အသံကလည်းကောင်း ဆိုဟန်ကလည်း အပြည့်နှင့်ဖြစ်သဖြင့် အားလုံး က ငြိမ်သက်နားထောင်နေရာမှ သီချင်းဆုံးသွားသောအခါ ပတ္တလားအတီး သမားကိုလှမြင့်က -

“မစန္ဒာခင် - ဒီသီချင်းကို အပိုင်ရထားပြီပဲ၊ ချက်ချင်းတောင်အသံသွင်း လို့ ရနေပြီ”

မစန္ဒာခင်က ပြုံး၍ စဉ်းစားတွေဝေပြီးမှ -

“သည်အပတ်တော့ မစန္ဒာအသံသွင်းဖြစ်မယ်မထင်ဘူး။ မစန္ဒာတို့ ရှေ့လဆန်းကစပြီး ဖောင်ကြီးသင်တန်း တက်ရမယ်လေ”

ကျွန်တော်က လည်းကူးမှာ တာဝန်ကျနေဆဲမို့ ဖောင်ကြီးသင်တန်း အကြောင်း ကြားလိုက်သည်နှင့် -

“ကျောင်းဆရာတွေကိုလည်း သင်တန်းတက်ခိုင်းပြီလား”

“ဟုတ်တယ် - ကျောင်းဆရာ၊ ဆရာမတွေ ချည်းတက်ရမယ်။ ပညာရေး ဌာနရဲ့စီမံချက်ပေါ့။ မတက်မနေ တက်ရမယ့်သဘောပဲ၊ အခုမတက်ဖြစ်ရင် လည်း နောက်တော့တက်ရမှာပဲလေ”

မစန္ဒာခင်က စိတ်ပျက်ရင်မောစွာ ပြောလာ၏။ ဝိုင်းခေါင်းဆောင် တိုမြတ်စိုးက -

“ရတနာသီချင်းကြီးဝိုင်းအတွက် ဒီသီချင်းကို တင်ထားပြီးပြီ။ ဆရာမ ဆိုနိုင်ရင်လည်း မဝင်းမှုကို ဆိုခိုင်းလိုက်ရမှာပေါ့”

မစန္ဒာခင်က မခံချင်စိတ် ကလေးဖြင့် -

“ကျွန်မဒီသီချင်းကို အရမ်းကြိုက်လို့ လေ့ကျင့်ထားတာ၊ သူများဆိုသွား မှာတို မနာလိုဘူး။ ဒါပေမဲ့ - ဘယ်တတ်နိုင်မှာလဲလေ၊ ဆိုခွင့်ပြုရမှာပေါ့။ ကျွန်မ သင်တန်းကပြန်လာရင် ဒီသီချင်းပဲ ဆိုချင်တယ်”

ကျွန်တော်က အလိုက်သင့်ပင် -

“အေးပေါ့လေ - အပိုင်ရထားတဲ့ သီချင်းမို့လို့ ဒီသီချင်းကိုပဲ ပြန်ဆိုဘို့ ထားပေါ့။ ဒါပေမဲ့ - နောက်တစ်ဝိုင်းကျမှ ဆိုလို့ရမယ်၊ တစ်ဝိုင်းထဲမှာ သီချင်း တစ်ပုဒ်ကို ဆက်တိုက်သွင်းလို့မရဘူး”

www.burmeseclassic.com

"ဟုတ်ကဲ့ပါ - ကျွန်မ သင်တန်းကပြန်လာရင် အတော်ပဲဖေပါ့။ ဒါနဲ့ ကျွန်မ ပေးထားတဲ့အဆိုတော် တင်တင်မြရဲ့ ပန်းမြိုင်လယ် C.D အခွေ ဆရာဆီမှာ ရှိသေးတယ်မဟုတ်လား။ ကျွန်မ အဆောင်မှာ ပျင်းတဲ့အခါဖွင့်ပြီး နားထောင်ချင်လို့ပါ"

C.D ခွေမှာ အဆိုတော်တင်တင်မြနှင့် မာမာအေးတို့ သီဆိုထားသော ပန်းမြိုင်လယ်သီချင်းကြီး အခွေဖြစ်သည်။ မောင်ကိုကိုက စန္ဒရားတီးထားပြီး တင်တင်မြနှင့် မာမာအေးတို့က ပညာပြ၍ သီဆိုထား၏။ အခွေမှာ အစိမ်းနုရောင် Cover တွင် ထည့်ထားရာ အလွယ်တကူပင် C.D ခွေအပုံထဲမှ ရှာဖွေတွေ့ရှိခဲ့သည်။ လက်စွမ်းပြတီးထားသော စန္ဒရားမောင်ကိုကို၏ လက်သံကို နားထောင်ချင်သဖြင့် ဆရာမထံမှ ခေတ္တငှားထားခြင်းဖြစ်၏။ ရှာတွေ့သော C.D အခွေကို ဆရာမအား ပြန်ပေးပြီးလျှင် -

"အတီးကလည်း ကောင်းတယ်၊ အဆိုတွေကလည်း ပြောစရာမရှိဘူး။ ဒါပေမဲ့ - တင်တင်မြတို့ ဆိုသလိုတော့ လိုက်တုပြီးမဆိုနဲ့။ ကိုယ်ဆိုနေကျ စည်းဝါးရွင်အတိုင်းသာ ပုံမှန်လေ့ကျင့်သီဆိုသွားပါ"

"ဟုတ်ကဲ့ပါ - ဆရာ"

မစန္ဒာခင်၏စကားကိုနောက်ဆုံးကြားလိုက်ရခြင်းဖြစ်သည်ဟုထိုအချိန်တမထင်ခဲ့။ မစန္ဒာခင်တစ်ယောက် "ပန်းမြိုင်လယ်" သီချင်းကို ဆိုဖြစ်အောင်ဆိုလိမ့်မည်ဟုသာ ထင်ခဲ့မိသည်။ ဘဝကြွမှာသည် ဆန်းကြယ်လှပါ၏။

မစန္ဒာခင်မှာ အထက်တန်းပြဆရာမတစ်ဦးဖြစ်သည်။ အသက်(၃၂)နှစ်သာ ရှိသေးသည်။ ဝါသနာပါ၍ ကျွန်တော်တို့ထံ သီချင်းကြီးမဟာဂီတအဆိုကို လာရောက်သင်ကြားနေခြင်းဖြစ်၏။ ပါရမီရှိပြီး အသံကောင်းသည့်အပြင် ဆိုဟန်ကောင်းသဖြင့် မြန်မာ့အသံတွင် ဓာတ်ပြားများ ရရှိခဲ့ဖူးသည်။



မစန္ဒာခင်တွင် မိဘများမရှိတော့ပါ။ မူလတန်းပြဘဝမှာပင် မိဘများ ကွယ်လွန်သွား၏။ အစ်မနှစ်ယောက်နှင့် အတူနေပြီး ဝါသနာပါသည့် အဆိုပညာကို မနားမနေကြိုးစားသင်ကြားလျက် ရှိသည်။ အလုပ်ကိုလည်း ကြိုးစားသူလည်း ဖြစ်၏။ အားလပ်ချိန်တွင် အပိုဝင်ငွေရရန် ပိုင်း "Tution" များတွင် စာပြသည်။

မစန္ဒာခင် ဖောင်ကြီးသင်တန်းသို့ တက်သွားသည်မှာ တစ်ပတ်မျှပင် ရှိမည်ထင်ပါသည်။ ကျွန်တော် တာဝန်ကျသော လှည်းကူးစာရင်းရုံးသို့တစ်ခါမျှမလာပါ။ နေအိမ်ရှိ အပေါင်းအသင်းအားလုံးကို သတိရကြောင်း ဖုန်းဆက်သေး၏။ တစ်ပတ်ပြည့်၍ နေအိမ်သို့ ခေတ္တပြန်ခွင့်ရသည်။ ကျောင်းမှအသွားအပြန် ဘတ်စ်ကားစီစဉ်ပေး၏။ ထိုအချိန်က ဘတ်စ်ကားများမှာ စစ်ပြီးခေတ်ကာလမှ သစ်သားဘော်ဒီဖြင့် ကားများသာဖြစ်သည်။ ယခုလို ဂျပန်နှင့် တရုတ်က ကားများမရောက်သေး။

တနင်္လာနေ့နံနက် သင်တန်းအမီ ပြန်ရမည်ဖြစ်သဖြင့် တနင်္ဂနွေနေ့ညတွင် ကားကလှည့်ပတ်၍ကြိုသည်။ ကားလမ်းကြောင်းသည် ထောက်ကြန့်လမ်းဆုံမှ လှည်းကူး၊ လှည်းကူးမြို့မှ ဖောင်ကြီးသို့သွားရမည်ဖြစ်၏။ ကားပေါ်တွင် ဆရာမ သုံးဆယ်ကျော်မျှ ပါလာသည်။ ဆောင်းကာလ၏ညဖြစ်သဖြင့် အအေးဓာတ်လွန်ကဲလှသည်။ ဆောင်းလေအေးကလည်း မာန်ဟုန်ပြင်း၍ မိုးတွင်းခြင်ဆီကိုအေးစိမ့်စေ၏။ အအေးဒဏ်ကိုမခံနိုင်ကြသဖြင့် ဆရာမတွေ ကားတံခါးအားလုံးကို လုံအောင်ပိတ်ပြီး ကားပေါ်တွင် အိပ်၍ပါလာကြသည်။

ဆောင်းလေကလည်း တဖြူးဖြူး၊ ကားကြီးက အိပက်အိပက်၊ ကားထဲမှ ဟောက်သံအချို့ပင် ကားအပြင်သို့ ပျံ့လွင့်လာသည်။ ကားဆရာပင် အိပ်ချင်မူးတူးဖြစ်နေ၏။ အချိန်မှာ ည (၈း၃၀) နာရီသာ ရှိသေးသည်။ မကြာမီ လှည်းကူးမြို့သို့ဝင်တော့မည်ဖြစ်၏။ ကျွန်တော်ဝယ်ထားသော မြို့နှင့် နှစ်မိုင်အကွာတွင် မိုင်တိုင်တစ်ခုရှိသည်။ ထိုမိုင်တိုင်နားတွင် မကြာခဏ ကားမှောက်တတ်သည်၊ ကားမှောက်တတ်သည်။ ကားမှောက်၍ သေသွားသူများမနည်း



www.burmeseclassic.com

www.burmeseclassic.com

ပါချေ၊ ဒဏ်ရာရသူတွေကတော့ ပြောဖွယ်ရာမရှိ၊ မကောင်းဆိုးဝါးပေါ်သော နေရာဟုပင် တင်စားပြောကြ၏။

မကြာမီ ဘတ်စ်ကားသည် ထိုမိုင်တိုင်သို့ရောက်လာသည်။ ကားကို တစ်စုံတစ်ယောက်က မီးတင်ရှို့လိုက်သည့်အလား ကားစက်ခေါင်းမှ မီးတွေ ထတောက်နေသည်။ ကားမောင်းသမားက အိပ်ချင်မူးတူးနှင့် ဆင်းပြေး၏။ ကားပေါ်တွင် ဓာတ်ဆီပုံးများ အပိုပါလာ၏။ ထိုပုံးများသို့ လျှပ်တစ်ပြက် မီးကူးစက်ပြီး ကားတစ်စီးလုံးကို မီးဟုန်းဟုန်းတောက်လောင်စေတော့သည်။ ကားတံခါးများကိုဖွင့်၍မရ၊ ကားသမားများကလည်း ကူ၍မရ မီးအပူရှိန်မှာ ပူပြင်းလွန်းလှသည်။

ဆရာမများမှာ မီးလောင်တိုက်သွင်းထားသကဲ့သို့ဖြစ်နေ၏။ ကားထဲမှ လုံးဝထွက်မရ။ "ကယ်ပါ - ယူပါ" တစာစာနဲ့ အော်သံများမှာ ဘဝင်ညံသွားသည်။ နှစ်မိုင်မျှဝေးသောကျေးရွာမှ လူများပြေးလာကြပြီး ကားကို မီးသတ်ငြိမ်းလိုက်၏။ ကားမှာ သုံးမရအောင်ပျက်စီးနေပြီး ကားထဲတွင် အသက်ရှင်သူ ငါးဦးမျှသာ ရှိသည်။

အားလုံးမှာ မီးလောင်ကျွမ်း၍ သေဆုံးကြရခြင်းဖြစ်၏။ ကြေကွဲစရာမြင်ကွင်းတစ်ခု ဖြစ်နေပါတော့သည်။ ကားထဲတွင် ဆရာမစန္ဒာခင်တစ်ယောက် "ပန်းမြိုင်လယ်" C.D ခွေကို လက်နှင့် ထိထားလျက် မီးလောင်သေဆုံးသွားပြီဖြစ်သည်။ ကျွန်တော်တို့အားလုံး သူမအတွက် ယူကြုံးမရဖြစ်ကြရသည်။ နှမြောတသဖြစ်၍ မဆုံးတော့ပါ။

ဇန်နဝါရီလ (၃) ရက်နေ့ လွတ်လပ်ရေးနေ့အကြိုည တစ်ညတွင်ဖြစ်ပါသည်။ ကျွန်တော်သည် လွတ်လပ်ရေးနေ့အလံတော်ကို နံနက်စောစောထ၍ အလေးပြုရမည်ဖြစ်သဖြင့် ဝယ်ထားသော "ပန်းမြိုင်လယ်" ခြံတွင် ညအိပ်ရန် ဆုံးဖြတ်လိုက်သည်။ ဂီတအပေါင်းအသင်းများကိုလည်း အကြောင်းကြားလိုက်၏။



ညစာ ထမင်းစားပြီးသောအခါ အပေါင်းအသင်းများအတွက် အကြော်စုံနှင့် လက်ဖက်သုပ်များကို ဝယ်သွားသည်။ ဆုံနေကျ သောကြာနေ့ မဟုတ်သဖြင့် အပေါင်းအသင်းများ တော်တော်နှင့်ပေါ်မလာကြပါ။ ကျွန်တော်သည် ရေနွေးအိုးတည်ရင်း လမ်းဆီသို့မျှော်ကြည့်နေမိသည်။ ည (၇း၀၀) နာရီ ထိုးနေပြီဖြစ်သော်လည်း တစ်ယောက်မျှ ပေါ်မလာသေး။ လမ်းပေါ်တွင် မှန်မှန်များ လွင့်စဉ်နေသည်ကို ကားမီးရောင်ကြောင့် ဝိုးတိုးဝါးတား လူများဖြစ်လေမလား ကြည့်နေချိန်တွင် လူရိပ်သဏ္ဍာန်နှစ်ခုကို တွေ့လိုက်ရသည်။

"ဗျို့ - အာစရိ၊ စောင့်နေတာ ကြာပြီလား"

အဆိုတော် ကိုခင်လှအသံကြားလိုက်မှ အပေါင်းအသင်းများ ရောက်လာသည်ကို သိလိုက်ရသည်။ ကျန်တစ်ဦးဖြစ်သူ မယ်ဒလင် ကိုမြင့်သိန်းက -

"ကျွန်တော်တို့ ဆန်စက်ကို ခဏသွားနေတာပါ။ အပြန်မှာ ကားမရလို့ လမ်းလျှောက်ပြန်ခဲ့ရတယ်လေ"

ကိုခင်လှလက်ထဲတွင် C.D အခွေတစ်ခွေကို ကိုင်ထားသဖြင့် ကျွန်တော်က -

"ခင်ဗျား လက်ထဲက C.D ခွေက ဘာသီချင်းတွေလဲဗျ။ ဘယ်က ငှားလာတာလဲ"

စပ်စုပြီး မေးလိုက်သည်။ ကိုခင်လှက -

"ငှားလာတာမဟုတ်ဘူး အာစရိ၊ ကားလမ်းနံဘေးမြောင်းထဲက တွေ့လို့ ကောက်လာတာ" ဟု ပြောပြီး ကျွန်တော့်ကို လှမ်းပေးပါသည်။ ကျွန်တော် လှမ်းယူပြီး အခွေကို လေ့လာလိုက်သည်။

C.D အခွေမှာ အစိမ်းနုရောင် ပလတ်စတစ်ကာဘာနှင့်ဖြစ်ပြီး ထောင့်စွန်းတွင် မီးအနည်းငယ်လောင်ထားသည်။ ကာဘာပေါ်တွင် "ပန်းမြိုင်လယ်" သီချင်းနာမည်ကို ရေးထား၏။ ဒီအခွေမျိုးကို ကျွန်တော်သည် ဆရာမ စန္ဒာခင်ထံမှ ချေးငှား၍ နားထောင်ဖူးသည်။ ထိုအခွေမှာ ရှားရှားပါးပါး



www.burmeseclassic.com

www.burmeseclassic.com

အခွေဖြစ်သဖြင့် ကျွန်တော်ထံ ရောက်လာသည်မို့ ဝမ်းသာနေမိသည်။ သို့ရာတွင် စိတ်ထဲတွင် မသိုးမသန့်ဖြစ်နေ၏။

ည (၁၁း၀၀) နာရီ ထိုးနေပေပြီ။ ကျွန်သော ဂီတသမားများ မလာသေးသဖြင့် စကားပြောရင်း အကြော်စားနေကြသည်။ ညသည် အလင်းရောင်မရှိ မှောင်မိုက်၍နေသည်။ ကားမီးရောင်များသည် အမှောင်ထုတွင် လင်းလိုက်



ဆွတ်ဆွတ်ဖြူနေသည့် အမျိုးသမီးသည် ခြံဝန်းထဲသို့ ဝင်လာပြီး အိမ်ဝတွင် ရပ်နေ၏။ အမျိုးသမီး၏ မျက်နှာမှာ ဆွတ်ဆွတ်ဖြူနေသော်လည်း ဘယ်ဘက်လက်တစ်ချောင်းမှာ မီးသွေးတုံးကဲ့သို့ မည်းနေ၏။ မျက်လုံးမှာ အရောင်မဲ့တဲတဲဖြစ်၏။ အသက်အားဖြင့် သုံးဆယ်ပတ်ဝန်းကျင်သာ ရှိမည်ထင်ပါသည်။ အမျိုးသမီးက မနစ်မြို့သော အကြည့်ဖြင့် ...

ပျောက်လိုက် ဖြစ်နေ၏။ ရံဖန် ရံခါ ပေါ်လာသော ကားသံများမှအပ လမ်းမှာ တိတ်ဆိတ်၍နေသည်။ အကြော်ကို နှစ်နှစ်ခြိုက်ခြိုက်စားနေရင်းမှ ကိုခင်လတ် ယူလာသော C.D အခွေကို သတိရလာသဖြင့် C.D အခွေကို ထုတ်၍ စက်ထဲသို့ ထိုးထည့်လိုက်သောအခါ မောင်ကိုကို၏ စန္ဒရားလက်သံနှင့်အတူ အဆိုတော် တင်တင်မြ၏ ချိုသာသောတေးသံများ ပျံ့လွင့်လာသည်။



× × ပန်းမြိုင်လယ်၊ သာနယ်ဝွေ၊ မျှော်လေတိုင်း၊ ပြာခြေဆိုင်း၊ ဝေမှိုင်းမှောင်ခြင်း အိုဘယ်ဝယ်၊ တောင်စွယ်မော်ရှုံ့ကြော၊ လွန်သာမောဖွယ် × × တောစုံယံမှာ၊ ရွှေလျှံဝင်းမှည့်၊ ထုံမွှံကြွေ၊ ရီဝေပြာပြာလွမ်းဖွယ်စေ × × လေပြည်ဆော်ကာဟေမာတွင်း၊ ထုံစီမာလာဂန္ဓာသင်းဝှန်၊ ယဉ်ရေခင်းငယ်၊ ဆင်းကျွန်သွန် × ×။

ကျွန်တော်တို့သုံးဦး ပန်းမြိုင်လယ် သီချင်းကို ဖိမ်ခံပြီး နားထောင်နေစဉ် ခြာထိပ်မှ ခွေးအူသံများကို ကြားနေရသည်။ သီချင်းဆုံးသွားသောအခါ အမျိုးသမီးလေးဦးအား အိမ်ရှေ့လမ်းမပေါ်တွင် ရပ်နေသည်ကို တွေ့လိုက်ရသည်။ တွေ့ခါစက အရိပ်သဏ္ဌာန်တို့မှာ လူလုံးမသဲကွဲပါ။ ညမှာ မှောင်မည်းနေသော်လည်း အဝေးပြေးကားများ ဥဒဟိုပြေးလွှားနေသဖြင့် ကားမီးရောင်ကြောင့် အမျိုးသမီးလေးဦး၏ အသွင်သဏ္ဌာန်ကို မထင်မရှားလှမ်းတွေ့လိုက်ရသည်။ သုံးဦးမှာ မီးဖလောင်ထားသော ဒဏ်ရာရသလိုဖြစ်နေပြီး တစ်ဦးမှာ ဆွတ်ဆွတ်ဖြူနေ၏။

ဆွတ်ဆွတ်ဖြူနေသည့် အမျိုးသမီးသည် ခြံဝန်းထဲသို့ ဝင်လာပြီး အိမ်ဝတွင် ရပ်နေ၏။ အမျိုးသမီး၏ မျက်နှာမှာ ဆွတ်ဆွတ်ဖြူနေသော်လည်း ဘယ်ဘက်လက်တစ်ချောင်းမှာ မီးသွေးတုံးကဲ့သို့ မည်းနေ၏။ မျက်လုံးမှာ အရောင်မဲ့တဲတဲဖြစ်၏။ အသက်အားဖြင့် သုံးဆယ်ပတ်ဝန်းကျင်သာ ရှိမည်ထင်ပါသည်။ အမျိုးသမီးက မနစ်မြို့သော အကြည့်ဖြင့်ထိုင်နေသော ကျွန်တော်တို့ သုံးဦးအား -

"ကျွန်မတို့ သီချင်းခွေကို ယူသွားလို့ပြန်လာတောင်းတာ အခွေကို ပြန်ပေးပါ"

ကိုခင်လုက မျက်နှာပျက်သွားပြီး -

"ကျွန်တော်တို့ ကောက်ရတာပါ။ ဘယ်သူ့ဆီမှ ယူမလာပါဘူး"

"အဲဒါ ကျွန်မ သူငယ်ချင်းမစန္ဒာခင်ရဲ့ အခွေပါ။ လမ်းမှာ ကျန်ခဲ့လို့"

"ဗျာ - မစန္ဒာခင် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် အုံ့အားသင့် မှင်တက်မိနေရာမှ ပါးစပ်အဟောင်းသားနှင့် အခွေကို စက်ထဲမှထုတ်ပြီး အမျိုးသမီးကို လှမ်းပေးလိုက်၏။ အမျိုးသမီးသည် အခွေကိုလှမ်းယူပြီး နေအိမ်ဝင်းထဲမှ ထွက်သွားသည်။ ခြံဝသို့ ရောက်သောအခါ အဖော်သုံးဦးကလည်း သူ့နောက်လိုက်သွားပြီး ပျောက်သွားကြသည်။ မကြာမီ ရွာထိပ်မှ ခွေးအူသံများကို ထပ်၍ကြားလိုက်ရသည်။ ထိုအခါ မယ်ဒလင် ကိုမြင့်သိန်းက -

"အာစရိ - မဟုတ်မှလွဲရော မီးလောင်ပြီး သေသွားတဲ့ ဆရာမတွေနဲ့ တူတယ်။ ကျွန်တော်တို့အခွေကိုအဲဒီနားက ကောက်ရခဲ့တာ၊ ဆရာမတွေမှာ အဆိုတော်ပါတယ်နဲ့တူတယ်၊ အဲဒီမိုင်တိုင်မှာ ညညသီချင်းဆိုသံတွေ ကြားနေရတယ်လို့ ပြောနေကြတယ်"

ဒီတော့ - ကျွန်တော်က ...

"ခင်ဗျား - မယ်ဒလင် သွားတီးပေးလိုက်ပါလားဗျာ အဖော်ရတာပေါ့"

ဟု နောက်လိုက်သောအခါ -

"မလုပ်ပါနဲ့ - အာစရိရယ်၊ သူတို့တွေက နာနာဘာဝတွေပါ။ ဟော - ပြောရင်းတောင် ကျောချမ်းလာပြီ"

"ဟား - ဟား - ဟား - ဟား -"

သုံးယောက်သား မပြုံးဘဲ ဝါးလုံးကွဲ ရယ်မောလိုက်ကြသည်။ ညသည် ညဥ့်နက်သည်ထက် ညဥ့်နက်လာ၏။ သုံးဦးသား သီချင်းဆိုလျှင် စိတ်မရှိသဖြင့် ထိုင်၍စကားပြောကြရာ မိုးစင်စင်လင်းသွားသည်။ အလဲတော်တင် အစမ်းအနားပြီးသောအခါ ကိုခင်လှက -

"အာစရိကျွန်တော်တော့မကျေနပ်ဘူးဗျာ။ အခွေကောက်ရတဲ့နေရာကို သွားကြည့်ချင်သေးတယ်"

မကျေနပ် စူးစမ်းလိုသော စိတ်ဖြင့် ပြောလာရာ ကျွန်တော်ကလည်း မစန္ဒာခင် နာမည်ပါလာသဖြင့် စူးစမ်းလိုစိတ်ပေါ်လာပြီး -

"ကဲ - ဗျာ - ဒီလိုဆိုလည်း သွားလေ့လာရတာပေါ့"



ဟု ပြောပြီး သုံးဦးသား လမ်းလျှောက်သွားကြသည်။ ပန်းမြိုင်လယ်အိမ်နှင့် နှစ်မိုင်ကျော်ဝေးသောနေရာသို့ ရောက်သောအခါ မိုင်တိုင်တစ်ခုကို တွေ့ရသည်။ နံပါတ်များ ပျက်နေသည်။ လမ်းတစ်ဖက်စီတွင် ရေမြောင်းများရှိ၏။ မန္တလေးသို့ သွားသောလမ်း၏ ညာဘက်ဘေးမြောင်းတွင် ရေလုံးဝမရှိတော့ဘဲ သက်ကယ်ပင်များ ပေါက်နေသည်။ ရေမြောင်းမှာ ငါးပေမျှကျယ်၏။ ကိုခင်လှက -

"ကျွန်တော်တို့ တွေ့ခဲ့တဲ့အခွေက ဒီနေရာကပဲ၊ ဟော - ဟိုမှာ တွေ့လား အခွေ"

ကိုခင်လှ လက်ညှိုးညွှန်ရာကို ကြည့်လိုက်သောအခါ C.D အခွေကို မြောင်းထဲက သက်ကယ်ပင်များကြားတွင် တွေ့လိုက်ရသည်။ ထောင့်စွန်းတွင် မီးလောင်ထားသည့် အမှတ်အသားအတိုင်းပင် ရှိနေ၏။ ကိုခင်လှက သွားယူမည်အပြုတွင် ကျွန်တော်က -

"ထားလိုက်တော့ - ကိုခင်လှ၊ တော်ကြာ ပြန်လာတောင်းနေဦးမယ်"

"ဟုတ်ပ"

ကျွန်တော် သုံးဦးအတူတကွပြန်လာပြီး ကားဂိတ်အရောက်တွင် လူစုခွဲလိုက်သည်။ အိမ်ပြန်သော လမ်းတစ်လျှောက်တွင် စန္ဒာခင်၏ အခွေမှာ ဝဟင်္ဂပမာ အဖြေညှိမရဘဲ ဖြစ်နေတော့သည်။

နှစ်ပတ်မျှ ကြာသောအခါ အဖော်မပါဘဲ တစ်ယောက်တည်း ပန်းမြိုင်လယ်တွင် ညအိပ်မိသည်။ နံနက်အချိန်တွင် အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် မစန္ဒာခင်တစ်ယောက် ပိတောက်ပင်အောက်တွင် "ပန်းမြိုင်လယ်" သီချင်းကို ဆိုနေ၏။ သီချင်းဆိုပြီးနောက် ခန္ဓာကိုယ်တစ်ခြမ်း မီးလောင်ထားသောဒဏ်ရာဖြင့် ကြောက်စရာအသွင်သဏ္ဌာန် ဖော်ပြပြီး -

"ဆရာ - ကျွန်မကို အမျှအတန်း ပေးဝေပေးပါ"

ဟု ပြောနေချိန်တွင် အိပ်ရာမှလန့်နိုးလာသည်။ ကျွန်တော်သည် စိတ်မကောင်းဖြစ်ပြီး မိသားစုနှင့် တိုင်ပင်လိုက်သည်။ နောက်တစ်ပတ် တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com

နေ့တွင် ပန်းမြိုင်လယ်အိမ်၌ စန္ဒာခင်ကိုရည်စူး၍ ရေစက်ချအမျှပေးဝေရန် ဆုံးဖြတ်ကြသည်။

စနေနေ့ညတွင် အင်းစိန်မှ ဂီတအပေါင်းအသင်းအားလုံးကို ခေါ်သွားသည်။ ညအခါတွင်မစန္ဒာခင်နှစ်မြို့က်သော ပန်းမြိုင်လယ်သီချင်းကိုဆိုသော အခါ ပိတောက်ပင်မှာ လေလုံးဝမတိုက်ဘဲ ယိမ်းထိုး၍လှုပ်နေ၏။

တနင်္ဂနွေနံနက်တွင် သံဃာသုံးပါးအား ပင့်ဖိတ်၍ ရေစက်ချအမျှပေးဝေလိုက်သည်။ အမျှပေးဝေပြီး၍ နံနက်လင်းသောအခါ ပင့်သံဃာတော်များအား ခြံဝသို့လိုက်ပို့ပေး၏။ ခြံဝတွင် မီးအနည်းငယ်လောင်ထားသော ပန်းမြိုင်လယ်အခွေကို ပိတောက်ပင်အောက်တွင် အံ့သြစွာတွေ့လိုက်ရသည်။

အမျှပေးဝေပြီးနောက် မိုင်တိုင်တွင်လည်း သီချင်းဆိုသံ မကြားရတော့ဟု သိလိုက်ရသည်။

သောကြာနေ့ ညတစ်ညတွင်ဖြစ်သည်။ မစန္ဒာခင်အား သတိရသဖြင့် မစန္ဒာခင်ပိတောက်ပင်အောက်တွင် ထားခဲ့သော C.D အခွေကိုထည့်၍ဖွင့်လိုက်၏။

× × ပန်းမြိုင်လယ်၊ သာနယ်မွေ၊ မျှော်လေတိုင်း၊ ပြာခြေဆိုင်း၊ ဝေမှိုင်းမြူမှောင်ခြယ်၊ အိုဘယ်ဝယ်၊ တောင်စွယ်မော်ရုံကြော × ×

အဆိုတော် တင်တင်မြ၏ အသံအစား မစန္ဒာခင်၏ တေးဆိုဟန်များ ထင်မှတ် လွှမ်းမိုးလွှင့်ပျံ့လာပါတော့သည်။

>>> တတ္တသိုလ်အဝန်ငယ်



ဝေယံသိန်း
ငရဲဘုံမှလာသူ

www.burmeseclassic.com

www.burmeseclassic.com

# ရော်ဘိုမလာသည့်

ဝေယံသိန်း

မိဘတိုင်းက သားသမီးကို ချစ်ကြသလို မည်မျှပင် ဆိုးသွမ်းစေကာမူ မေ့တ္တာကတော့ မပျက်ကြစမြဲ၊ ထို့အတူ မမွေးခင် ကိုယ်ဝန်ဆောင်စဉ်ကတည်းကလည်း မိခင်ရော ဖခင်ပါ အချစ်ပို၍ ဂရုတစိုက် ရှိတတ်စမြဲပင်ဖြစ်သည်၊

အစကတော့ ကိုလှိုင်ဘွားလည်း ထို့အတူပင် ချစ်ဇနီးခင်ခင်သွယ်၏ ဗိုက်ထဲမှ ရင်သွေးလေးကို မျှော်မှန်း၍ အပျော်ကြီးပျော်နေခဲ့သည်။ သားသား လေးလား၊ မီးမီးလေးလားဟု ရင်ခုန်ရန် အာထရာဆောင်းပင်မရိုက်ဘဲ မျှော်လင့်ချက်ကြီးစွာ ပျော်နေခဲ့သည်၊ ပြီးတော့ မွေးဖွားလာမည့်ရက်ကို တွက်ရင်းရက်ကောင်းရက်မြတ် ဖြစ်ပါစေဟုလည်း ဆုတောင်းနေခဲ့သည်၊ သို့သော် - ယနေ့ညနေရုံးမှပြန်လာသည်၊ ခင်ခင်သွယ်ကလေးမွေးဖွားလိုက် ပြီဟု သိလိုက်ရသလိုဖြင့် တစ်ပြိုင်နက် မီးနေခန်းတွင်းသို့ ဝင်လိုက်မိသော အခါ၌မူ မိမိအိပ်မက်များ ပြောင်းထဲရောက်သွားလေ၏။ ထို့အတူ မိမိကိုယ်တိုင် လည်းကမ္ဘာတစ်ဖက်သို့ ထွက်ပြေးသွားချင်စိတ်များ ပေါ်လေသည်၊

ခင်ခင်သွယ် မွေးသောကလေး၏ရုပ်သွင်မှာ လူပုံမဟုတ်ပဲ ဘီလူးငယ် တစ်ကောင်နှင့် တူလေ၏၊ မျက်လုံးများနေရာတွင် ဖန်ဂေါ်လီနီရဲရဲနှစ်လုံးပြူး ထွက်နေသကဲ့သို့ရှိပြီး ခေါင်းမှာသာမန်ကလေးများထက် (၂)ဆ ခန့်ကြီးကာ ဖားစပ်မှာ ဝါးတစ်ကောင်ပါးစပ်ကဲ့သို့ဖြစ်၏၊ လျှာသည် ခပ်တိုတိုဖြစ်ကာ နားရွက်နှစ်ဖက်မှာလည်း ကြွက်သားကဲ့သို့ ရှည်မျောမျော ရှိလေသည်၊ အောက်ပိုင်းကိုကြည့်သော် လက်ချောင်းလေးများမှာ ပဇလွှသကဲ့သို့ မဲညစ်ညစ်ရှိပြီး ခြေဖဝါးနှစ်ဖက်သည် သိမ်၍နေကာ လက်များက သစ်မြစ်သဏ္ဌာန် ရှိလေသည်၊ တစ်ကိုယ်လုံးရှိ အရေပြားများမှာတင်းမာ၍ အချို့နေရာများကား ပြာလျက်ရှိ၏၊

ခင်ခင်သွယ်သည် ကလေးကိုကြည့်ရင်း ငိုနေရှာ၏၊ ကလေးမှာ မိခင်နို့ စို့နိုင်သဖြင့် သူ၏ ပြဲကွဲထွက်နေသော ပါးစပ်အတွင်းသို့ နို့ဘူးဖြင့် တိုက်ထည့်ပေးရလေသည်၊ မီးဖွားပေးသော လက်သည်ဒေါ်စိန်အုန်းကို ကိုလှိုင် ဘွားက ငွေပိုပေး၍ နုတ်ပိတ်ကာ ပြန်လွှတ်လိုက်ရ၏၊ သူသည် အိမ်ရှေ့လှေ ကား၌ထိုင်ရင်း အကြီးအကျယ် စိတ်ညစ်နေရှာသည်၊ သူ စိတ်ညစ်နေသည် ကို ခင်ခင်သွယ်က အားပေးစကားဆိုရန် အခန်းထဲမှ ထွက်လာ၍ ...

“ဘာမှ စိတ်ဓာတ်မကျနေပါနဲ့ - အစ်ကိုရယ်၊ ဒီကလေးရဲ့ကံလို့ပဲမှတ် လိုက်ပါ၊ ဘာတတ်နိုင်မှာလဲ”

ဟု ပြောရာ ကိုလှိုင်ဘွားမှာ ဝုန်းခနဲထရပ်ပြီး အသံခပ်အုပ်အုပ်ဖြင့် “တော်စမ်း၊ အဲဒါ - မင်းကြောင့်၊ မင်း အသုံးမကျလို့ ဖြစ်ရတာ၊ မင်းကို ငါ ဒီလို ဆောင်းတဲ့အကုသိုလ်အလုပ်တွေကို ရပ်ပါတော့လို့ပြောခဲ့တာ ဘယ်လောက် ကြာပြီလဲ၊ ငါလည်း ရွာဖွေကျွေးမွေးနေရက်သားနဲ့ မင်း ငါးရောင်းတယ် ငါး တွေကို ခေါင်းထုခဲ့တာတွေ မင်း မှတ်မိလား ...”





www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ပြောလိုက်သည်၊ ခင်ခင်သွယ်မှာ ကိုလှိုင်ဘွားစကားကြောင့် မျက်မှောင်ကို ကြုတ်လိုက်ပြီး ပြန်ရေပလေ၏။

"ဘာမှမဆိုင်ပါဘူး - ကိုလှိုင်ဘွားရယ်၊ ဒီငါးစိမ်းရောင်းတဲ့အလုပ်က ကျွန်မ အမေလည်း လုပ်ခဲ့တာပဲ၊ ဒီအလုပ်ကြောင့်သာဆိုရင် ကျွန်မလည်း ဒီကလေးလိုပဲ ဖြစ်လာပါတော့လား၊ ရှင်က အယူကို သီးလွန်းတယ်"

"ဘာကွ - မင်းက ငါ့ကို စော်ကားတယ် ဟုတ်လား၊ ကဲကွာ -"

"ဖြန်း ..."

ကိုလှိုင်ဘွား၏လက်ဝါးတစ်ချက်က ခင်ခင်သွယ်ပါးပြင်ပေါ်ရောက်သွားသည်တွင် ခင်ခင်သွယ်မှာ ကြမ်းပြင်ပေါ် လဲကျသွားရှာ၏။

"ဟေ့ - မင်းမှတ်ထား ခင်သွယ်၊ ငါက ဗုဒ္ဓဘာသာစစ်စစ်ကွ၊ ကံ, ကံရဲ့ အကျိုးကို ယုံတယ်ကွ၊ မင်း အကုသိုလ်လုပ်လို့ အဲဒီ့အကျိုးတွေကို ပြန်ခံရတာပဲကွ၊ ဒီကလေးဟာ အတိတ်ဘဝက ဘယ်လောက်ပဲ အကုသိုလ် လုပ်ခဲ့ လုပ်ခဲ့ ငါတို့သာ ကုသိုလ်တွေလုပ်ရင် ဘာမျှလာဆုံစရာအကြောင်း မရှိဘူး၊ မင်းက အခုချိန်ထိ ငါးတစ်ကောင်သတ်တာကို အပြစ်သိပ်မရှိဘူး ထင်နေသေးသကိုး ..."

ကိုလှိုင်ဘွား၏အဆက်မပြတ် စကားများကြောင့် ခင်ခင်သွယ်မှာ ပါးစပ်အဟောင်းသားဖြစ်ရင်း မျက်ရည်သုတ်မိတော့၏၊ ဟုတ်တော့လည်း ဟုတ်သည်၊ ခင်ခင်သွယ်သည် ငါးစိမ်းရောင်းသောအလုပ်ကို နှစ်ရှည်လများ ကျွမ်းကျင်စွာ လုပ်ကိုင်ခဲ့သလို ငါးတစ်ကောင်၏ခေါင်းကို ပိသာလေးဖြင့် ထုရမည်ကို ဝန်မလေးခဲ့၊ ငရဲဆိုတာကိုလည်း မသိခဲ့၊ ယခု ဤကလေးသည် အလွန်ပင် ကံကြမ္မာဆိုး၍ မိမိကိုယ်ထဲဝင်စားခဲ့ခြင်းသာ ဖြစ်၏၊ သနားတော့လည်း သနားသည်၊ ဒါက မိဘမေတ္တာပေကိုး၊ ကိုလှိုင်ဘွားကမူ မိမိသိကွာ အရှက်တရားတို့ကို သာတွေးရင်း မှုန်ထူနေပေလိမ့်မည်၊ သူ့ဘက်က ကြည့်တော့လည်း ဟုတ်သည်၊



ဤကလေးကိုယ်ဝန်ဆောင်စဉ်ကတည်းက ကုမ္ပဏီမှ အထက်လူကြီးများကို ဖားယားပြီး ကလေးစရိတ်လေးရအောင် တောင်းရ၊ ကလေးအတွက် တစ်လတစ်ခါ ရွှေတိဂုံရှိသားဆုပန်နတ်မင်းကြီးထံတွင်သွား၍ သားကောင်း ရတနာမွေးရန် ဆုတောင်းရဖြင့် ကြိုးပမ်းခဲ့သည်၊ ထို့ပြင် ခင်ခင်သွယ် ဗိုက်နာ

မျက်လုံးများနေရာတွင် ဖန်ဂေါ်လီ
နီရဲရဲ နှစ်လုံးပြူး ထွက်နေသကဲ့သို့ရှိပြီး
ခေါင်းမှာသာမန်ကလေးများထက်
(၂)ဆ ခန့် ကြီးကာ ပါးစပ်မှာ
ငါးတစ်ကောင်ပါးစပ်ကဲ့သို့ ရှိ၏။
လျှာသည် ခပ်တိုတိုဖြစ်ကာ
နားရွက်နှစ်ဖက်မှာလည်း
ဂြိုဟ်သားကဲ့သို့ ရှည်မျောမျော
ဖြစ်လေသည် ...



ပြီဆိုသည်နှင့် သူ၏ကုမ္ပဏီမှလူကြီးများ မိခင်ဆွေမျိုးများကပိုင်း၍ ငွေကြေး ထောက်ပံ့ကြ၊ ပစ္စည်းများဝယ်ပေးကြခြင်းဖြင့် ကူညီခဲ့ကြသည်၊ ကိုလှိုင်ဘွား၏ နားထဲတွင် အသံပေါင်းစုံ ပြန်ကြားနေရ၏၊

"ကိုလှိုင်ဘွား မိန်းမမွေးပြီလား ဗျ၊ ကိုလှိုင်ဘွားနဲ့တူရင် ခန့်မှာ ... မိန်းမနဲ့ တူရင်တော့ ချောမှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုလှိုင်ဘွားမိန်းမ သားလေးမွေးရင် ကောင်းမယ်နော်၊ သမီးလေးမွေးလည်း ချစ်ဖို့ကောင်းမှာပါ၊ ဖအေနဲ့မအေက ချောပြီးသားပဲ၊ ဟာ - ဟင်း - ဟင်း"

လူတို့၏လောကဝတ်စကားတို့သည်ယခုအခါခါးသီးနေသည်၊ ကလေးမှာ မိန်းကလေးဖြစ်သလို ဗုဒ္ဓဟူးနေ့ ညနေပိုင်းမွေးသဖြင့် ရာဟုသမီးဟု မှတ်ရပေမည်၊ သည်တော့ - ဤကလေးမှာ ဘယ်လိုမျှအကျိုးမပေးနိုင်ရုံမက မသေလျှင်ပင် ကံကောင်းဟု ယူဆမိ၏၊ ကလေးကို မမြင်ဘူးကြသေး၊ ထို့ကြောင့် လင်မယားနှစ်ယောက်စလုံး ဘာဆက်လုပ်ရမည်ကို စဉ်းစားနေကြ၏၊

"ကိုလှိုင်ဘွား - ရှင် ဒီကလေးနဲ့ ပတ်သက်လို့ မကျေနပ်ဘူးလား၊ ကျွန်မ ဘာလုပ်ပေးရမလည်း၊ အဝေးကို ထွက်သွားရမလား"

"မလိုပါဘူး - မင်း ထွက်သွားရင် ငါက တစ်ခုလပ်ဆိုတဲ့နာမည်နဲ့ ကျန်ခဲ့မှာပေါ့၊ အဲဒီ့အပြင် မိန်းမကို ကလေးတစ်ယောက်နဲ့ ပစ်သွားတဲ့ကောင်ဆိုပြီး အရပ်က ကဲ့ရဲ့ကြမှာပေါ့"

"ဒြော် - ရှင်က ရှင့်သိက္ခာကိုထိမှာ ကြောက်တယ်ပေါ့၊ ဒါဆိုရင် - ဘာဖြစ်ချင်တာလဲ"

ခင်ခင်သွယ်၏ မေးခွန်းကြောင့် ကိုလှိုင်ဘွား မရှိပြုံးကလေး ပြုံးလိုက်သည်၊

"အဲဒီ့ကလေးကို မြို့ပြင်မှာ သွားစွန့်ပစ်လိုက်၊ လင်းတထိုးထိုး ခွေးပဲစားစား ငါတို့နဲ့ မဆိုင်တော့ဘူး"

"ရှင်"

ခင်ခင်သွယ်သည် ကြမ်းပြင်ပေါ် ဖင်ထိုင်လျက် လဲကျသွားတော့၏၊ နားထဲတွင် သံရည်ပူနှင့်လောင်းသကဲ့သို့ ခံစားလိုက်ရပြီးမျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျရလေပြီ၊ တကယ်တော့ ဤကလေးနှင့် ပတ်သက်၍ သူမတွင်အပြစ်များစွာရှိသည်ကို သူမ နားလည်နေ၏၊ ဤကလေးကို ကြည့်



လိုက်ရာတွင် လွန်ခဲ့သော တစ်နှစ်ခန့်က အဖြစ်အပျက်တစ်ခုကို ပြန်မြင်ယောင်မိနေ၏၊ ယခုပြဿနာများသည်ထိုဖြစ်ရပ်များကြောင့်ဟုဆိုကလည်း မမှားချေ၊ ဘာသာရေးအရကြည့်လျှင် မှန်နေသည်၊

ထိုနေ့က ဈေးထဲတွင် ငါးရောင်းရင်း ငါးရှမသေတသေများကို တုတ်ဖြင့် ထုနေမိ၏၊ ထိုအခိုက် သူ့ထဲတွင် တစ်ခါတစ်ရံသာ လာဝယ်တတ်သော မမိုးဆိုသည့်မိန်းမ ထိုနေ့မှ ထူးထူးခြားခြား ငါး (၂)ပိဿာ လာဝယ်၏၊ ခင်ခင်သွယ်လည်း ချိုချိုသာသာဖြင့်ပင် ချိန်၍ထည့်ပေး၏၊ သို့သော်ပြဿနာ စလာသည်မှာ အလေးခိုးတယ်ဟု အပြောခံရခြင်းပင်တည်း၊

"ရှင့်အလေးက သိပ်မပြည့်ဘူး၊ သမာဓိချိန်ခွင်နဲ့ ချိန်ရမလား"

"ဘာ - သမာဓိချိန်ခွင်နဲ့ ချိန်ရအောင် ငါက အလေးခိုးနေလို့လား၊ နင် စကားပြောတာကြည့်ပြော၊ ဒါ ဖြောင်ပင်လေးဈေးက ဝယ်တဲ့ အလေးတွေပဲဟဲ့"

"အေး - အဲဒါကြောင့် မယုံတာပေါ့၊ ဝါလည်း အိမ်ရှေ့မှာ ကုန်စုံဆိုင် ဖွင့်တာပါအေ၊ ဖြောင်ပင်လေးဈေးက အလေးတချို့တွေက မပြည့်မှန်းသိလို့ သုံးကို မသုံးဘူး"

"ဟဲ့ - နင် မသုံးချင် မသုံးနဲ့၊ ဒါအခွန်လွတ်ဈေး မဟုတ်ဘူးဟဲ့၊ ဆိုင်ခန်းခနဲ့ သန့်ရှင်းရေးခွန်နဲ့ပေးမှ ရောင်းရတာ၊ မကျေနပ်ရင် သွားတိုင်"

ဤသို့ဖြင့် စကားများပြီး ဝယ်သူမမိုးကစ၍ ပါးရိုက်၏၊ သည်တော့ ခင်ခင်သွယ်က (၅၀)သားအလေးဖြင့် ကောက်ထုရာ ထိုအလေးမှာ မမိုးကို မထိပဲ ဈေးထဲဆွမ်းခံကြွသည့် ကိုရင်လေးတစ်ပါးကို သွားထိလေတော့၏၊

"အား - လာကြပါဦး"

ဈေးသူဈေးသားများဝိုင်း၍ ဖျန်ဖြေကြ ကိုရင်လေးကို ဆေးခန်းပို့ကြဖြင့် အလုပ်ရှုပ်ကုန်၏၊ ခင်ခင်သွယ်တို့လည်း ရုံးရောက်ကုန်ကြ၏၊ နောက်တော့လည်း ငွေဖြင့်ရှင်းလိုက်ရာ ကိစ္စပြီးသွားသလို မပြီးသည်မှာ ဆွမ်းခံကြွသော



www.burmeseclassic.com

www.burmeseclassic.com

ကိုရင်လေးမှာ နဖူးမှ အလေးထုခံရသော ဒဏ်ရာကြောင့် အငယ်တန်း စာမေးပွဲကိုမဖြေနိုင်ဘဲ အပျင်းဖျားသွားခြင်းပင်တည်း။ ထိုကိုရင်လေးမှာလည်း ကျောင်း၌ဆွမ်းကွမ်းမပြည့်စုံသဖြင့် ဈေးထဲသိက္ခမ်းရာဒကာ၊ ဒကာမများထံ၌ ရသမျှလေး အလှူခံနေခြင်း ဖြစ်သည်။ ခင်ခင်သွယ်၏ လုပ်ရပ်ကြောင့် ကိုရင်လေးမှာ စာမေးပွဲတစ်နှစ်အောက်ရပေပြီ။ ကိုလှိုင်ဘွားမှာလည်း ခင်ခင်သွယ်ကို ဆူ၍မဆုံး။ သို့သော် - အချိန်ကြာတော့လည်း မေ့ပျောက်သွားကြသည်။

ယခုမှ ထိုအကျိုးဆက်ကြောင့်ပင် ဆိုရမည်လားမသိ။ လင်မယား နှစ်ယောက်စလုံး သောကများနေကြရပေပြီ။ ဤကလေးကို မည်သူမျှမသိစင် အမိုက်ပုံ၌စွန့်ပစ်ရန် လုံးဝမလွယ်။ ပတ်ဝန်းကျင်က သိလျှင်လည်း မကောင်း။ ထို့ပြင် နောင်ဘဝ၌လည်း မကောင်းပါချေ။ ဤအကြံမျိုးကိုမှ ကိုလှိုင်ဘွား ရွေးရက်ပေသည်။ ထိုည၌ မိုးသည် သဲကြီးမဲကြီး ရွာလျက်ရှိသဖြင့် ခင်ခင်သွယ်မှာ သူမ၏ကလေးကို ရင်ဝယ်ပိုက်ရှော့သိပ်ရင်း မီးနေခန်းအတွင်း၌ မှိန်းနေလေ၏။ ကိုလှိုင်ဘွားမှာ စိတ်ညစ်သည်ဟုဆိုကာ အရက်ဆိုင်သို့ သွားလေ၏။ ခင်ခင်သွယ်သည် ည (၁၁) နာရီ ထိုးသည့်အထိ ကိုလှိုင်ဘွား ပြန်အလာကို စောင့်ရင်း မေးစနဲ ဖြစ်သွားသည်။ ထိုစဉ် -

"ဒေါက် - ဒေါက် - ဒေါက်"

"ဘယ်သူလဲ"

အိမ်ရှေ့မှ တံခါးခေါက်သံကြားသဖြင့် မေးလေရာ ပြန်ထူးသံကို မကြားရချေ။ ထပ်မံ၍ လေးငါးခါ မေးပြန်သော်လည်း မကြားရသဖြင့် ကိုလှိုင်ဘွား အမူးလွန်ပြီး ပြန်လာလေပြီလားဟုတွေးပြီး ကိုယ်တိုင်ထကာ ကလေးကို စောင်ခြုံပေးပြီး တံခါးဖွင့်လိုက်လေ၏။



မိမိအိမ်ပေါက်ဝ၌ လာသူမှာ ကိုလှိုင်ဘွား မဟုတ်ပါချေ။ ထမိန်ရင်လျား အရုပ်ဆိုးဆိုး မိန်းမကြီးတစ်ယောက်နှင့် အလွန်တရာမျှ ထွားကျိုင်းသော ခန္ဓာကိုယ်ဖြင့် ခက်ထန်သောရုပ်ရှိသည့် ယောက်ျားကြီးတစ်ဦးပင်တည်း။ ထိုသူနှစ်ယောက်ကို တစ်ကြိမ်တစ်ခါမျှ မသိသလို ရပ်ကွက်ထဲ၌လည်း မမြင်ဘူးပါချေ။ ထိုသူနှစ်ယောက်က ခင်ခင်သွယ်အား မျက်လုံးစိမ်းကြီးများဖြင့် ကြည့်ရင်း -

"မင်းနာမည် ခင်ခင်သွယ် မဟုတ်လား။ ငါတို့ သမီးကို ငါတို့ပြန်လာခေါ်တာကွ။ မင်းတို့က ဒီကလေးကို စွန့်ပစ်ဖို့ ကြံစည်နေကြတယ်ဆို"

ဟုပြောရာ ခင်ခင်သွယ်မှာ မျက်လုံးများပြူး၍ အံ့အားသင့်ခြင်း ကြောက်ရွံ့ခြင်းများဖြင့် အတွေးတစ်စ ပေါက်သွားလေသည်။

"ရှင် - ရှင်တို့က ဒီကလေးနဲ့ ဘယ်လိုပတ်သက်သလဲ။ ကျွန်မက သူ့အမေ ပဲလေ။ ရှင်တို့ ခေါ်ချင်တိုင်း ခေါ်လို့ရမလား"

"ဘာပြောတယ် - ဟဲ့ကောင်မ၊ နင်သေချင်လို့လား၊ ငါတို့လောကသားကိုလည်း နင်က ခေါ်ထားသေးတယ်၊ ပြီးတော့ - စွန့်ပစ်ဖို့လည်း ကြံသေးတယ်၊ နင့်ယောက်ျား အခု ဘယ်မှာလည်း ခေါ်ပေးစမ်း"

ထဘီရင်လျားမိန်းမကြီးသည် ခင်ခင်သွယ်အား အထက်ပါအတိုင်း ခိုင်းစိုင်းစွာပြောရင်း အိမ်ပေါ်သို့ အတင်းတက်လေ၏။ ခင်ခင်သွယ်က တားဆီးသောအခါ လူသန်ကြီးက သူ၏ ကြီးမားသော လက်ဝါးကြီးဖြင့် ရိုက်ချလိုက် လေတော့သည်။

"ဖျန်း"

"အမယ်လေး"

ခင်ခင်သွယ်သည် ကြမ်းပြင်ပေါ် လဲကျသွားလေ၏။ ပြန်၍ ကုန်းရုန်းထမည်ကြံသော် နားထဲတွင် အသံတစ်သံ ကြားရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

“ခင်ခင်သွယ် - ခင်ခင်သွယ် - မင်းဘာတွေ အော်နေတာလဲ”

ကိုလှိုင်ဘွားၫ အသံကြားရသောအခါ သူမသည် အိပ်မက်ဆိုးများ မက်နေကြောင်း သိရလေ၏။ တစ်ကိုယ်လုံးလည်း ဇောချွေးများပြန်ကာ ကြက်သီးမွေးညင်းများ ထနေလေ၏။ ပြီးတော့ - ငိုယိုပြီး ကိုလှိုင်ဘွားကိုဖက်၍ ...

“ကိုလှိုင်ဘွားရယ် ရှင် ဘယ်တွေ လျှောက်သွားနေတာလဲ၊ ကျွန်မ အိပ်မက်ဆိုးတွေ မက်တယ်ရှင့်”

ဟု ပြောရာ ကိုလှိုင်ဘွားက ဘုရားကျောင်းဆောင်မှ ပရိတ်ရေကို ယူပြီး တိုက်လေသည်။ ပြီးနောက်တွင် ခင်ခင်သွယ်သည် သူ့အိပ်မက်ထဲမှ အကြောင်းအရာများကိုအစအဆုံးပြန်ပြောပြလိုက်လေ၏။ ကိုလှိုင်ဘွားကား လွန်စွာအံ့ဩ၍နေကာ အခြေအနေကို သုံးသပ်ကြည့်လေသည်။

“ဒါဆိုရင် ဒီကလေးဟာ ငရဲဘုံလို့ခေါ်တဲ့ ပြိတ္တာတို့ အသူရကာယ်တို့လို ဟာမျိုးကနေ လာတာဖြစ်မယ်ကွ။ ငါတို့က အမိုက်ပုံမှာ စွန့်ပစ်မယ်ဆိုလို့ သူ့ရဲ့ ဟိုဘဝက အမေနဲ့အဖေက လာပြန်ခေါ်တာပဲ။ အင်း - ကြောက်စရာကြီးပါလား -”

ကိုလှိုင်ဘွားသည် တွေးရင်းတွေးရင်း ကလေးကိုကြည့်မိလေ၏။ ခင်ခင်သွယ်လည်း ကလေးကိုနို့တိုက်ရန် စောင်ကိုဖယ်၍ ကောက်ကိုင်လိုက်သည်။ ထိုအခါ၌မူ ...

“ဟင် - တစ်ကိုယ်လုံး အေးစက်တောင့်နေပါလား။ အသက် - အသက် မရှိတော့ဘူး ထင်တယ်၊ အီး - ဟီး - ဟီး - လုပ်ပါဦးရှင်”

ဟုတ်သည်၊ ကလေးမှာ လုံးဝသွေးခုန်နှုန်းမရှိတော့ပဲ သက်တမ်းမဲ့ သွားချေပြီတည်း။ ကိုလှိုင်ဘွားသည် အံ့ဩခြင်း၊ ကြောက်လန့်ခြင်းများဖြင့် ငေးကြည့်နေမိသည်၊ ခင်ခင်သွယ်မှာ ကလေးကိုပွေ့ရင်း ငိုယိုနေရှာ၏။

“တော်ပြီ - ကလေးကို သူတို့ ပြန်ခေါ်သွားပြီ ထင်ပါတယ်ရှင်၊ ကျွန်မ တို့နဲ့ ပဋ္ဌာန်းဆက်ပါသလောက်ကလေးပဲ နေသွားရရှာတာပါ”



လင်မယားနှစ်ယောက်စလုံး ခေါင်းချင်းဆိုင်၍ စိတ်မကောင်းရုံမှအပ ဘာမှ မတတ်နိုင်ပါချေ။ လူ့လောကတွင် တစ်ရက်သာနေသွားသော သမီး လေးကို မီးသင်္ဂြိုဟ်ရန် စီစဉ်ရဦးပေမည်။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် တစ်လမျှအကြာတွင် ငရဲဘုံမှလာသော ကလေးနှင့်ပတ်သက်၍ မည်သူမျှမသိစေခဲ့သော်လည်း ကာယကံရှင် ခင်ခင်သွယ်မှာ ထူးဆန်းသောအိပ်မက်တစ်ခု မြင်မက်လေ၏။ အိပ်မက်ထဲတွင် ရုပ်ရည်ခပ်သန့်သန့် အသက် (၃၀)အရွယ် မိန်းကလေး တစ်ဦးသည် သူမအား ပြုံး၍ကြည့်နေလေ၏။ ပြီးသော် - စကားပြော၏။

“အမေ - သမီးကို မမှတ်မိဘူးလား။ အမေ့ဗိုက်ထဲမှာ (၉)လ နေခဲ့ပြီး လူ့လောကမှာ တစ်ရက်သာနေသွားတဲ့ သမီးလေ”

“ဟင် - သ - သမီးလေး၊ အခု - ဘယ်မှာနေသလဲ”

သမီးက အခု အရင် မိဘတွေနဲ့ပဲ နေတယ်လေ။ အရင်ကတော့ နေစရာ မရှိပါဘူး။ အခုတော့ အမေတို့သမီးအတွက် အသုဘမှာ အမျှဝေပေးလို့ ကုသိုလ်ကံတိုးပြီး ဘုရားတစ်ဆူမှာ ရောက်နေပြီလေ၊ အဲဒါ အမေတို့ကို ဆင်းရဲတွင်းက လွတ်မြောက်စေချင်လို့ လာကယ်တာပဲ၊ အမေ့ကို သမီး အောင်ဘာလေ ထီဂဏန်းပေးမယ်၊ မင်္ဂလာစုံတွဲထိုးပါ၊ သမီးအတွက်လည်း အလှူလုပ်ပါ - အမေ”

ထိုသို့ပြောပြီးသည်နှင့် ပျောက်ကွယ်သွားတော့သည်၊ ခင်ခင်သွယ် သည် မိမိအိပ်မက်အား ကိုလှိုင်ဘွားကို ပြန်ပြောပြပြီး အိပ်မက်ထဲမှ ပေးခဲ့ သော ထီဂဏန်းကို ရှာ၍ ထိုးစေ၏။ ထူးထူးခြားခြားပင် ထိန်ပါတ်ဂဏန်းအား ဖုင်းတို့နေသော လမ်းထိပ်ထီဆိုင်၌ပင် ထိုး၍ ရလေသည်၊ အချဉ်းအားဖြင့်



www.burmeseclassic.com

ဆိုရပါမူကိုလှိုင်ဘွားတို့လင်မယားသိန်း(၅၀၀)ထီပေါက်လေ၏၊ လင်မယားနှစ်ယောက်ဝမ်းသာလိုက်ကြသည့်ဖြစ်ခြင်း၊ ကတိအတိုင်းပင်သေသွားသောသမီးကလေးမှာ ရောက်ရာဘုံ၌ပင် သာဓုခေါ်နေပေလိမ့်မည်၊ ထိုအချိန်မှစ၍ ခင်ခင်သွယ်လည်း ငါးစိမ်းမရောင်းတော့သလို ကိုလှိုင်ဘွားမှာလည်း သာရေးနာရေးကိစ္စများ၌သာ အေးချမ်းနေတော့၏။

တကယ်တော့အကုသိုလ်ပြုခဲ့သူသည်သူ့အကုသိုလ်ကံကိုသူပြန်ခံရင်းထတ်သိမ်းသွားခဲ့ခြင်းသာတည်း၊ ပဋ္ဌာန်းဆက်ရှိခဲ့သူများကတော့ ကြုံရဆုံရခိုက် လူ့လောကဝယ် မေတ္တာတရားပေးဝေရုံမျှတစ်ပါး အခြားမရှိပါချေ။

>>> ဝေယံသိန်း


အမှာစာ

"ဂျူနီယာလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများအနက် အချို့
စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊
နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ရန်စုံစမ်း၍ မရရှိခြင်း စသည့်
အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊
ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူ
နိုင်ရန် ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂျူနီယာလောကမဂ္ဂဇင်း

# မသိန်းဖြူကို ဘယ်သူ သတ်သလဲ

မောင်ညာကိုလင်း
၊တောင်ကြီး၊



www.burmeseclassic.com

www.burmeseclassic.com

# မသိန်းဖြူကို ဘယ်သူသတ်သလဲ

မောင်ဘုကျော်လင်း (တောင်ကုတ်)

သုံးရက်နေ့ ထွက်ပြူလာတဲ့ နံ့မျက်စ ငွေလမင်းသည်ပင် လောကအား နှုတ်ဆက်ချင်နေလေပြီ။ မခွဲနိုင်မခွာချင်ကြတဲ့ ချစ်သူနှစ်ဦးကား မြူးပျော်၍ မဝဝသေး၊ မြူးပျော်ခါစဟုပင် ထင်မှတ်နေဆဲ။ ဥနဲပင်ကြီးအိပ်ပျော်သွားလေပြီလား မပြောတတ်၊ တဖျပ်ဖျပ် မြည်သံများ ရပ်နားသွားလေပြီ၊ တောင်ကျချောင်းအတိုင်း စုန်လာတဲ့ တဖေါင်းလ လေပြည်ရဲ့ အေးစက်စက် ပွေ့ဖက်မှုကြောင့်မသိန်းဖြူလက်ချင်းယှက်ပြီး တစ်ချက်တွန့်လိမ်သွား၏။

"ဖြူ - အေးနေပြီနဲ့ တူတယ်"

"နည်းနည်းလေးပါ - ရပါတယ်"

"ပြန်ချင်နေရင်လဲ"

"ဟင့်အင်း - မပြန်ချင်သေးပါဘူး"



မောင်သိန်းဆိုင်က အကြင်နာလက်ဖြင့် မသိန်းဖြူပခုံးကို အသာဖက်လိုက်ပြီး "ဖြူရေ" လို့ ခပ်ရှည်ရှည်ဆွဲခေါ်ရင်းပင် ရင်ခွင်တွင်း ဆွဲသွင်းလိုက်ပြီးမှ "ဒါကြောင့်ကို - ဖြူ့ကိုချစ်မဝနိုင်တာ၊ တကယ်ပါဖြူရေ" လို့ချစ်လေပြည် နှောလိုက်၏။ တို့ထိခံရတဲ့ မသိန်းဖြူရဲ့နဖူးပြင်လေး နွေးသွားသည်ထင်ရ၏။ ဖက်ထားတဲ့လက်ကို ခပ်တင်းတင်းညှစ်ဖက်လိုက်ပြီး ပါးပြင်နုနုထွေးထွေး လေးကို ချစ်သူ့ရင်အုပ်နှင့် ဖြည်းဖြည်းချင်းထိတွေ့အောင် ချော့မြှူရင်း အကွရာချမရတဲ့ ရင်ခုန်သံတစ်မျိုး တိုးတိုးလေး ထွက်သွား၏။ ဆတ်ခနဲ ဆွဲမော့ခံလိုက်ရတဲ့ မျက်နှာပြင်အနှံ့မှာ မဝံ့မရဲတဲ့ အနမ်းတွေ ဆက်တိုက်ဝေ သွားတော့၏။ အသံတိတ် ကြိတ်ပြီးပြောနေကြတဲ့ စကားကလွဲလို့ ချစ်သူ နှစ်ဦးကြား ဘာသံမှ မကြားရတော့ပေ။ နှုတ်ဆက်ချင်နေတဲ့ နံ့မျက်စ ငွေ လမင်းလည်းပြုံးလျက်ပင် နှုတ်ဆက်သွားတော့၏။ ဥနဲပင်ကြီးလည်းရွက်ချင်း ခတ်သံများ တချက်ချက်မြည်သံမထွက်အောင် ထိန်းသိမ်းပေးထား၏။ လောကကြီးက ရာသီဥတု သာယာလှပလွန်းနေပေသည်။

"ကိုကို"

ရင်ခွင်ကြားက ထွက်ပေါ်လာတဲ့ ချစ်သူ့ခေါ်သံကြားတော့မှ မေ့မြောသွား သလိုပျော့ဒီသွားတဲ့စိတ်အစဉ်ပြန်လည်အသက်ဝင်လာခဲ့၏၊ တင်းကျပ်စွာ ဖက်ထားမိတဲ့လက်ကို လျှော့လိုက်ပြီးမှ အားမရနိုင်သေးလို့ပြန်ဆွဲဖက်ထား လိုက်ပြန်၏။ ချစ်သူ့ခေါင်းပေါ်မှာ မေးစေ့ကိုဖွဖွတင်ရင်း ချစ်သူ့လက်ကလေး နှစ်ဖက်ကို အသံမထွက်စေဘဲ လက်ရပ်တီးနေတဲ့ မောင်သိန်းဆိုင်ရင်ထဲက ချစ်ခြင်းမေတ္တာကား သွေးသားတော်စပ်တဲ့ ညီမလေးတစ်ယောက်အပေါ် ချစ်မေတ္တာထားသည်နှင့် အလားတူနေတော့၏။ ချစ်သူ့လက်နှစ်ဖက်ကို ဆွဲယူလာပြီး ကိုယ့်ပါးပြင်ပေါ်မှာ ဖွဖွလေးအုပ်ထားသည်က ပြန်လည်ရရှိ သည့်မေတ္တာကို တန်ဖိုးထားကြောင်း အမြတ်တနိုး ပြသခြင်းပေလား၊ အို - ဘာပဲပြောပြော ချစ်ခြင်းတရားဟူသည်ကား သူ နားမိရာ ရင်ခွင်ဟူသမျှကို အေးမြစေနိုင်သည်ပင် မဟုတ်ပါလော၊ နှစ်ကိုယ်တစ်စိတ်၊ နှစ်သွေးတစ်သား ပေါင်းစပ်သွားနိုင်ရေးအတွက် ကမကထပြုပြီး အကျိုးဆောင်ပေးနိုင်စွမ်း သောအရာဟူ၍ အချစ်မှတစ်ပါး အခြားမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို"

"ဘာလဲဟင်"

"စကားလေး ဘာလေး ပြောဦးလေ"

"ကို့ရင်ထဲက အများကြီးပြောနေပြီးပြီ ဖြူရေ၊ ဖြူ မကြားရတာ ကို့ အချစ်က အင်အားကြီးလွန်းလို့ပါ"

"ဘယ်လို – အချစ်က အင်အားကြီးလွန်းရင်အသံပျောက်သွားတယ်ပေါ့ ဟုတ်လား"

"ခစ် – ခစ် – ခစ်"

"အဟုတ်မှတ်လို့ ဒီက လိုက်ပြောနေတာ၊ ကိုကတော့ တခစ်ခစ်ရယ်လို့၊ သွား – ဘာမှန်းလဲ မသိ"

"တကယ်ပါ – ဖြူရေ၊ အချစ်ဆိုတာ အင်အားကြီးလွန်းရင် အသံတိတ်သွားလောက်အောင် နှစ်ကိုယ်တူနိုင်ငံတော်သို့ ဆွဲဆောင်ခေါ်ငင်သွားတော့တာပဲ၊ အခု – ဖြူနဲ့ကို ဒီအုန်းနဲ့ပင်ကြီးအောက်မှာ ရှိနေတယ် မဟုတ်လား"

"အေး – ဟုတ်ပဲ့ ရှိနေတယ်လေ၊ ဒါနဲ့ ..."

"တကယ်တော့ – ရုပ်ခန္ဓာကြီးပဲ ရှိနေခဲ့တာပါ၊ ဖြူ ပြောလိုက်တဲ့ "ဟင့်အင်း – မပြန်ချင်သေးပါဘူး" ဆိုတဲ့ စကားလေးကို ကို့စိတ်ထဲမှာ "အို – သူက ငါနဲ့အတူနေရတာကို ကျေနပ်နေတာပဲ၊ သူ ငါ့ကို တကယ်ချစ်တာပါ"လို့ ဘာသာပြန်လိုက်တယ်လေ၊ အဲဒီနောက်မှာတော့ ကိုတို့နှစ်ယောက် တင့်တင့်တယ်တယ် အတူလက်တွဲနေထိုင်ရေးဆိုတဲ့ အချစ်နဲ့တွဲကပ်နေတဲ့ အနာဂတ်ကမ္ဘာဆီသို့ ခြေဆန့်သွားတော့တာပဲ၊ ဒါ့ကြောင့် – အသံတိတ်သွားတာပါ ဖြူရေ၊ ကို့ စကားကို ဖြူ ခံစားနားလည်မှာပါ"

"နားလည်ပါတယ် – ကိုကိုရေ၊ ကျေးဇူးလည်း တင်ပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ချစ်တတ်သူတိုင်း မမြတ်တတ်၊ မမြတ်နိုးနိုင်လို့ပါပဲ၊ ကိုကို့ စိတ်က ဖြူနဲ့ ဘယ်တော့မှမခွဲဘဲ အမြဲပဲအတူနေခွင့်ရချင်တဲ့ သဘောကို နှုတ်ဖျားက အပြောသက်သက်မဟုတ်ဘဲ နှလုံးသွေးထဲမှာ စီးမျောနေတယ် ဆိုတဲ့ သဘောမဟုတ်လား"

"သိပ်ဟုတ်တာပေါ့ – ဖြူရာ"



"ဖြူတို့ မိန်းမတွေရဲ့သဘောကို ကမ္ဘာဦးကပင်စပြီး အမျိုးမျိုးပြောတတ်ကြပါတယ်၊ အချစ်၊ မေတ္တာ၊ ကတိသစ္စာတွေနဲ့ ပတ်သက်လာရင် ကိုးဆယ်ရာခိုင်နှုန်းလောက်က စိတ်ချယုံကြည်လို့ မရနိုင်တဲ့အကြောင်း ပညာရှိပညာတတ်တွေ သတ်မှတ်ပြောဆိုခဲ့ကြတဲ့ နီတိကျမ်းတွေကလည်း ရှိသားဆိုတော့ ဖြူက ကိုယ့်ကိုယ်ကိုယ် တင်ပြောလည်း ကိုကို ယုံချင်မှယုံမှာ၊ ဒါပေမဲ့ – ဖြူရင်ထဲက တကယ်ပြောချင်နေတယ် ကိုကိုရေ"

"ပြောလေ – ဘာဖြစ်လဲ၊ ဘသူက ဘာပဲပြောပြော ဖြူပြောတဲ့စကားကို လက်ခံနားထောင်မယ့်လူ ကိုကိုရှိပြီးသား၊ ကမ္ဘာကြီး တစ်ခြမ်းပြိုရင် ပြိုသွားပါစေ၊ ကို မလှုပ်မယှက် ဆက်လက်နားထောင်နေမယ်"

"ဖြူက ကိုကိုလောက် ဖွဲ့နွဲ့မပြောတတ်ပါဘူး၊ ဒါပေမဲ့ – ဖြူ ရင်တွင်းဖြစ်စကားကို ကိုကို နားလည်အောင်တော့ ပြောတတ်မှာပါ၊ ဆန္ဒရင်းကို ဆုံးဖြတ်ချက်ချပြောရရင် ဖြူလေ မခွဲချင်တဲ့သူကို ဘယ်တော့မှ ခွာမသွားတတ်ပါဘူး၊ ကိုကိုက ဖြူကို ထာဝရမခွဲချင်ဘူးဆိုတဲ့စကားဟာ ယုံကြည်ထိုက်တဲ့သစ္စာစကားဖြစ်ခဲ့ရင် အခု ဖြူပြောတဲ့ ဖြူ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ ခွာမသွားဘူးဆိုတဲ့စကားလည်း ထာဝရမှန်ကန်နေမှာပါ"

"မခွဲချင်တဲ့သူကို မခွာရက်တဲ့ ဖြူ့စိတ်ရင်းကို ကိုကို ယုံကြည်ပါတယ်၊ ပြီးတော့ – အရမ်းတန်ဖိုးထားပြီး အရမ်းပဲမြတ်နိုးပါတယ် ဖြူရေ၊ ကဲ – ခုတော့ ဆာလေး ခွဲကြခွာကြဦးစို့"

မဖြုတ်ချင်တဲ့တွဲလက်များဖြုတ်ပြီး မဆုတ်ချင်သေးတဲ့ ခြေလှမ်းများ နောက်ဆုတ်သွားကြ၏၊ Neve Say Goodbye ပြိုင်တူဆိုရင်း မျက်လုံးချင်း နှုတ်ဆက်လိုက်ကြ၏၊ ရှေ့တစ်လှမ်းတိုးနေတဲ့ ခြေလှမ်းများ ရပ်တန့်သွားပြီး ပြိုင်တူလိုလိုပင်သမင်လည်ပြန် ကြည့်မိသည်က အချစ်ချင်းတူပြိုင်နိုင်သူ မရှိတဲ့ သဘောရဲ့သက်သေထင်ပါရဲ့၊ မခွဲချင်ဘဲလျက် တွဲလက်ဖြုတ်ကာ ခွဲထွက်သွားရခြင်း၊ မခွာချင်ဘဲလျက်ခွာကာ ဝေးကွာသွားရခြင်းဟာ အချစ်ရဲ့ နိဂုံးပဲလို့များ သူတို့သိထားခဲ့ပါလျှင် ကံကြမ္မာကို ရက်စက်ခြင်း ကောရော် တစ်ပါးလို့ သူတို့ နာကြည်းသွားလေမလား၊



www.burmeseclassic.com

www.burmeseclassic.com

မိဘတွေ ယူကျုံးမရ ရင်ဘတ်စည်တီးနေကြ၏။ သားရေ - သားလေး အမေ့ကို ဘာလို့ခွဲသွားရက်တာလဲ သားရယ်၊ ဟိုတစ်နေ့က သား ပြောတဲ့ စကားအမေနမှုသဘောပေါက်တယ် သားရေ၊ အမေ့အိမ်က ကျဉ်းလွန်းတယ် တဲ့၊ ခုတော့ - သားက အိမ်ကျယ်ကြီးကို သွားပြီပေါ့လေ၊ အမေ့အိမ်က ကျဉ်း ပါတယ် သားရယ်၊ ဒီလိုမှန်းသိရင်အမေ အိမ်ကြီးဆောက်မှာပါ၊ အဟင့် - အင့် ဆိုတဲ့ မောင်သိန်းဆိုင်အမေ ငိုချင်းရှည်ရှည်ရှုလိုက်တော့ မသိန်းဖြူတစ်ယောက် တောက်တောက်ကျတဲ့ မျက်ရည်ကို သိမ်းမနိုင်တော့သလို စိတ်ခံစားမှုကို လည်း ထိန်းမနိုင်တော့ချေ၊ ချစ်သူရည်းစားတစ်ယောက်အနေဖြင့် ကျိတ်ငို ခဲ့ရသည်က လက်ပန်းကျလုမတတ် နလုံးသွေးများပင် ရပ်ချင်သလောက် ပါပဲ၊ ခုတော့ - အဖေ့ညီမရဲ့သား၊ သမီး မျောက်သား (မောင်သားနမသား) လေ့ထုံးစံအရ ပေးစားထိမ်းမြားလို့ရတဲ့ ထိန်းထားတဲ့အသီ၊ အုပ်ထားတဲ့ သတိများအားလုံး နောက်ဆုတ်ပေးကြရ၏၊ နှလုံးသားဝေဒနာကို သတိ သညာ အသိပညာက အရှုံးပေးလိုက်ရသောအခါ မသိန်းဖြူ ထိုင်လျက်က ထပြီး ရေတစ်လှမ်းတိုးကာ ဖက်လိုက်၏၊ အသက်မရှိတော့တဲ့ ခန္ဓာကတဲ့ပြန် ရက် ဘာမှမပြုပေမဲ့ အစုအစံရှိနေတဲ့ ရင်တွင်းဝေဒနာကြောင့် အက်ထွက် လာတဲ့အသံကား ဘဝင်က ကြားလောက်ပါပေသည်၊

"ကိုကို"

အက်ထွက်လာတဲ့အသံ ခဏရပ်သွား၏၊ နောက်ထပ်အသံထွက်မလာ ဘဲ အတော်ကြာနေ၍ ဘေးနားက သူငယ်ချင်း နုနုဝင်း ခပ်တင်းတင်း ဝင်ဖက် ပြီး လက်ဖျားကိုဆုပ်ကိုင်ကာ သတိပေးနေ၏၊ ကျောပွတ်ပြီးတော့လည်း နှစ်သိမ့်ပေးနေ၏၊ လက်ဖျား အေးစက်စက်နိုင်လွန်း၍ နုနုဝင်း သူငယ်ချင်း အပေါ် နားလည်ခံစားရင်း တိုးညင်းစွာ ဆိုလိုက်၏၊

"မိဖြူ - ဟေ့မိဖြူ၊ ငါ ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ - ကိုယ့်ကိုယ်ကိုယ် လည်း သနားဦးမှပေါ့၊ နင် စိတ်မဆိုးနဲ့နော်၊ အချစ်ကြောင့် သောကဖြစ် တယ်တဲ့ ဘုရားပြောတာ၊ မပိုင်ဆိုင်နိုင်တော့တာ သိနေမှတော့ နည်းနည်း လေးလောက် အချစ်စိတ်ကို လျှော့ချလိုက်ပေါ့ဟာ၊ ဒါဆို နင် သက်သာသွား



မှာပါ၊ ငါ နားလည်တာကတော့ အချစ်ကြောင့်ဖြစ်တဲ့ သောကဟာ အချစ် လျှော့ချလို့လျော့သွားရင် သောကလည်းပေါ့ပါးသွားတာပဲ၊ အေး - မလျှော့ချ နိုင်လို့တိုးခဲ့မယ်ဆိုရင်တော့ သောကမလျော့တဲ့အပြင် ဘေးဘယတိုးလာ မှာပဲ၊ ဒုက္ခအမျိုးမျိုး ပက်ပင်းတိုးလာမှာ သေချာတယ်၊ နင် စိတ်မဆိုးဘူး နော်"

မသိန်းဖြူ ငေးကြောင်ကြည့်နေပြီး အတော်ကြာမှ ခေါင်းခါပြ၏၊ ချစ် သောကရဲ့အတိမ်အနက်သဘောကို မစောကြောနိုင်သော်လည်း နုနုဝင်း ပြောတဲ့ "လျှော့ရင် လျော့တယ်၊ လျော့ရင် ပေါ့တယ်" ဆိုတဲ့ ဒဿနကိုမူ အတော်နားလည်သွားဟန်ရှိ၏၊ မသိန်းဖြူတစ်ယောက် လျော့ရဲနေသော လက်နှစ်ဖက်ဖြင့် နုနုဝင်းအား လှမ်းဖက်လိုက်ပြီး "အင့် - ဟင့် - နုနုရေ" လို့ ညည်းတွားလိုက်၏၊ သတိသက်ဝင်သွားတဲ့အကြောင်း ရိပ်စားမိတဲ့ နုနုဝင်း အခွင့်အရေးကို လက်လွှတ်မခံဘဲ မသိန်းဖြူအား တွဲထူကာ မောင်သိန်းဆိုင် အပါးကခွဲခွာကာ သွက်သွက်မဟုတ်တောင် ခပ်သွက်သွက်လေး ထွက်လာ ခဲ့ပေသည်၊ မြင်မနေရတော့ သောကတစ်ဝက်လောက် သက်သာနိုင်သည် ဟု နုနုဝင်း တွေးထင်ထား၏၊ မှန်ပါသည်၊ သို့သော် -

"ကိုကို - ဟိုတစ်နေ့ညက ဥနဲ့ပင်ကြီးအောက်မှာပြောတော့ မခွဲချင် ဘူးဆို၊ ခုတော့ - ကိုကိုက -"

မမြင်ရစဉ်ကာ အချစ်ကစေစားလို့ မနောအာရုံမှာ အတိတ်သံစုတွေ ဝင်ရောက်လာနေ၍ ရောက်ရှားစွာ အားကုန်အော်လိုက်တဲ့ မသိန်းဖြူစကား ကြောင့် ခြေစုံရပ်မိသွားတဲ့ နုနုဝင်း သနားခြင်းများစွာဖြင့် မသိန်းဖြူမျက်နှာကို စိုက်ကြည့်နေမိတော့၏၊ အပူရိပ်ရဲ့ရိုက်ခတ်မှုကြောင့် မသစ်လွင်နိုင်တော့တဲ့ မျက်နှာ ညှိုးနွမ်းသွားရှာ၏၊ ဝေဒနာကို ဝေဒနာနှင့် ကုစားမရနိုင်တော့၍ နှစ်ယောက်သား ဖက်ငိုလိုက်ကြ၏၊ ရှိုက်သံ မရပ်တရပ်မှာ ဖျတ်ခနဲ သတိ ဝင်လာ၏၊ ဆတ်ခနဲ လက်ဆွဲပြီး "ကဲ - လာ သူငယ်ချင်း၊ အိမ်ရောက်တော့ မှပဲ ငိုချင်လည်းငိုတော့၊ လမ်းမကြီးမှာ မကောင်းတတ်လို့ပါ" ပြောရင်း ခပ်သွက်သွက် လျှောက်လာခဲ့၏၊ သင်္ချိုင်းရကို အစဉ်ထာဝရ ထင်မှတ်သူတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ပင် ရှိချေမည်၊ ငါရောသူပါ ချစ်သူ့ထံပါးစေတော့ နှလုံးသားတိုင်း အချစ်ကံရှိင်းတဲ့ခါ လောကစံလှိုင်းပြင်းထန်စမြဲပင်၊

အချစ်၊ ချစ်ခြင်းဆိုတဲ့ သဘောတရားသည် မျက်လုံးတံခါးကချည်း ဝင်ရောက်သည်မဟုတ်၊ အကြင်နာနှလုံးသား ကရုဏာတံခါးပေါက်ကလည်း ဝင်ရောက်နိုင်ပေသည်၊ ခုလည်း အိမ်နီးချင်းကျောင်းနေဘက် သူငယ်ချင်း မောင်သန်းဝင်း နှလုံးသားသို့ ကရုဏာတံခါးပေါက်ကနေ အချစ်တစ်ခု ဝင်ရောက်လာခဲ့၏၊ ဒုတိယလူ ဘယ်တော့မှမဖြစ်စေရဘူးလို့ ခံယူချက်ချမှတ်ထားလာခဲ့တဲ့ မောင်သန်းဝင်း ကရုဏာတရားရဲ့စေစားမှုကြောင့် မသိန်းဖြူရဲ့နှလုံးသားတံခါးကို ညင်သာစွာခေါက်မိသွားတော့၏၊

"မိဖြူ"

"ရှင် – ကိုဝင်း ဘာပြောမလို့လဲဟင်"

"ကိုဝင်း ဘာပြောရမှန်းတောင် အသေအချာမသိသလိုဘဲ မိဖြူရေ၊ တကယ်ပါ"

"ရှင်"

"ကိုဝင်းတို့ ကျောင်းအတူတက်ခဲ့တုန်းကပင် ကိုဝင်း မိဖြူကို ချစ်ခဲ့ပါတယ်၊ ဒါပေမဲ့ – ဖူးစာဆိုမလား၊ ဦးရာ ဆိုမလား၊ ကိုသိန်းဆိုင် အမေနဲ့ မိဖြူအဖေတို့က မောင်နှမဖြစ်နေလေတော့ ငါတို့လူမျိုးရဲ့ဓလေ့ထုံးစံအရ ကိုသိန်းဆိုင်နဲ့ မိဖြူတို့က ညားလို့ရတဲ့ သမီးမောင်သားဖြစ်နေတာကြောင့် စည်းတားခံရတဲ့လူကို ကိုဝင်း နောက်ဆုတ်နေခဲ့တာပါ"

"ဒါနဲ့ ကိုဝင်းက အခု ကိုကိုမရှိတော့လို့ ရှေ့တစ်လှမ်းတိုးချင်တယ်ဆိုတဲ့ သဘောလား"

"အမှန်ကို ဝန်ခံရရင် ဒီသဘောပဲပြောရမှာပေါ့၊ ဒါပေမဲ့ – အခွင့်အရေးသမားလို့တော့ ထင်မသွားစေချင်"



"ထားပါတော့ – ဒါနဲ့ ကျွန်မရင်ထဲမှာ ကိုကို ရှိနေသေးတယ် ဆိုရင်ကော"

"အထင်လွဲမနေပါနဲ့ မိဖြူရေ၊ မတင်မကျတဲ့ စကားမျိုးကို ကိုဝင်းလည်း ယောကျ်ားတစ်ယောက်ဆိုတော့ အမှန်အတိုင်းပြောရင် မပြောချင်ဘူး၊ နားလည်နိုင်တဲ့ စကားလေးတစ်ခွန်းတော့ ပြောပါရစေ၊ မိဖြူ နားထောင်ပေးပါနော်၊ အချစ်ဆိုတဲ့အချစ်ဟာ လက်ခုပ်လိုပဲ တစ်ဖက်တည်းတီးလို့မြည်တဲ့အမျိုး မဟုတ်ပါဘူးလေ၊ အသည်းတစ်မွှာတည်းမှာ တစ်ယောက်တည်း ချစ်နေရတဲ့ အချစ်ဆိုတာ ကြင်နာပြုစုယုယမှု သမုဒယမပါဝင်လို့ ပွဲတင်ရိုက်ခတ်တဲ့ ပီယသံစဉ် မထင်ဟပ်နိုင်ပါဘူးဆိုတာ မိဖြူလည်း သိပြီးသားပါ၊ နောက်တစ်ခုက ဆူးစူးရင် ဆူးနဲ့ထွင်ရသလို အချစ်ဝေဒနာကိုလည်း အချစ်နဲ့ပဲ ကုစားနိုင်တယ်ဆိုတာ ချစ်ဖူးသူတိုင်း လက်ခံထားတဲ့ ဒဿနတစ်ခုပါပဲ၊ အရမ်းအတွေ့ကြီးတဲ့သူ တချို့လောက်ပဲ အချစ်သစ်ကိုအတွေ့နဲ့ ဆို့ပိတ်ထားတတ်ကြပါတယ်၊ အချစ်ဟောင်းကို မနှောင်းသေးတဲ့ ပုံပြင်လို ထင်မြင်ခံစားရင်း ဘဝကိုအလှမဆင်နိုင်ဘဲ အဆုံးသတ်သွားကြတာပါ၊ ဘဝဆိုတာ ဘယ်ဘဝပဲဖြစ်ဖြစ် အချစ်ရှိမှလှတာပါ၊ ဘာပဲဖြစ်ဖြစ် – ကိုဝင်း မိဖြူကို ချစ်တယ်ဗျာ၊ မိဖြူ ယုံကြည်ပေးပါနော်"

"ကိုဝင်း – လွှတ်ဦးဆို၊ လွှတ်နော်"

"မလွှတ်ပါရစေနဲ့တော့ မိဖြူရေ၊ ကိုဝင်း တကယ်ချစ်လို့ပါ"

အသစ်ဆိုပေမယ့် တစ်ရစ်ချည်နှောင်ခဲ့ဖူးတဲ့ သံယောဇဉ် မိဖြူရင်ထဲလည်း ကျောင်းနေစဉ်ကတည်းက မြဲခဲ့လေတော့ နွဲ့ရွဲပေမယ့် မလွှဲသာတော့ချေ၊ မောင်သန်းဝင်း ရင်ခွင်ထဲက မိဖြူ ရုန်းမထွက်ချင်ပါ၊ သို့သော် – တစ်လကျော်ရုံလေးရှိသေးတဲ့ မောင်သိန်းဆိုင်ရဲ့ အချစ်နယ်က မလွတ်သေးဟု ထင်မှတ်နေ၍လား၊ လူများပါးစပ်ကို သတင်းတစ်ရပ် မလှုပ်ခတ်စေချင်လို့လား၊ ကူးလွယ်ပြောင်းလွယ် အညာလွယ်သူစာရင်းထဲ ဝင်သွားမှာစိုး၍လား မောင်သန်းဝင်းရဲ့ ချစ်မေတ္တာ ထုထည်ပမာဏကို အတိအကျသိလို၍လား မပြောတတ်၊ သိကြားမင်းပြောထားတဲ့ "မိန်းမအလိုကိုငါသိကြားမင်းတောင်

www.burmeseclassic.com

မသိနိုင်၊ သင် လူသားဘယ်လိုသိနိုင်မလဲ" ဆိုတဲ့စကားလိုပဲ အသိရခက်၏။ သိနိုင်သည်က ရှန်းထွက်နေခြင်းပင်။ အသင်လူသားလည်း မိန်းမအလိုကို မသိနိုင်ပေမဲ့ ကိုယ့်အလိုကိုတော့ သိဟန်တူ၏။ မောင်သန်းဝင်းကား မသိန်းဖြူတို့ ဘယ်လိုမှလွှတ်မပေးဘဲ အဖြေကိုသာ အတင်းတောင်းနေတော့၏။ အကြောင်းတရားများ ပြည့်စုံသွားရင် အကျိုးတရားဖြစ်ပေါ်လာရသည်မှာလည်း ဓမ္မတာပင် မဟုတ်ပါလော၊

"ရှန်းမနေပါတော့ မိဖြူရေ၊ ကိုဝင်း တကယ်ချစ်လို့ပါ"

လေပြည်အေး၍ထွေးတဲ့ရင်က နွေးလေတော့ ဖြေလျှော့ထားတဲ့လက်၊ ဖက်ထားဆဲရင်ခွင်က မိဖြူ ရှန်းမထွက်ချင်တော့ပါ။ အသော့နှင်လာတဲ့ မြင်း တစ်ကောင်ဟာ ဇက်ကြိုးဆွဲခံရတဲ့ခါ ရပ်တန့်သွားသလို ခေါင်းမော့လာတတ်သည်မှာလည်း သဘာဝပင်၊ မိဖြူ မငုံ့မရဲချင့်တွေးလေးတွေးရင်း မောင်သန်းဝင်း မျက်နှာကို မော်ကြည့်လာ၏။ အချစ် ကုန်စည်ပြပွဲမှာ ဇလာမပါတဲ့ ကံစမ်းမဲဟာ အလွန်ထိရောက်၏။ မို့မောက်နေတဲ့ နဖူးပြင်လေးကို မသွေ့ခြောက်သေးတဲ့ သနပ်ခါးမွှေးမွှေးလေးနှင့်ရောထွေးပြီး မောင်သန်းဝင်း မွှေးမွှေးပေးလိုက်၏။ အတွေးထဲက ချစ်အဖြေကို လေးလေးနက်နက်ပေးချင်တဲ့ မသိန်းဖြူ၊ ယူမယ့်သူရဲ့ရင်ခွင်မှာ လက်ဆယ်ဖြာအတူပူးယှက်ပြီး ရွှေချိုးဖြူ ကူလိုက်သလိုပင် ဖြူစင်တဲ့အသည်းနှင့် အကြင်နာကဲတဲ့ စကား ဆိုလိုက်၏။

"မိဖြူရဲ့အပူကို ကူပေးတဲ့ ကိုဝင်းကို မိဖြူလည်း ချစ်နေမိခဲ့တာကြာပါပြီ၊ ဒါပေမဲ့ -"

စကားပင် မဆုံးလိုက် ဝင်သက်ရှိုက်သွင်းလို့ မရလောက်အောင် တင်းကျပ်စွာဖက်ထားခြင်းကို နှစ်သက်စွာ ခံယူလိုက်ရ၏။ သစ်လွင်နုပျိုနေတဲ့အချစ်စစ်က မိဖြူဘဝကို နှစ်သက်စေခဲ့ပြန်၏။ အချစ်လက်ကျန်တော့ မဟုတ်ခဲ့ပါ၊ အနှစ်ပါတဲ့ အချစ်သစ်သာဖြစ်ခဲ့၏။ ရေတိမ်မနစ်ခဲ့တဲ့ဘဝရဲ့ အချစ်သစ်မို့ လိပ်ပြာမသန့်စရာလည်း မရှိပါဘူး။ ဖွဖွလေး ဖုံးအုပ်ထားလိုက်တဲ့ပါးစပ်လေးကို ဖြည်းဖြည်းလေး ပြန်ဖွင့်ပေးရင်း မေးစေ့ကို အသာ



ဆွဲမော့လိုက်ပြီး အချစ်၏ သက်သေ၊ သံသယမနွယ်တဲ့အချစ်၊ ရင်တွင်းဖြစ်စကားဟူသမျှကို နှုတ်ခမ်းချင်း ထိနမ်းရင်း မောင်သန်းဝင်း ပြောပြလိုက်၏။

"ကိုဝင်းရေ"

မည်သည့်စကားဆက်မှမပါတဲ့ "ကိုဝင်းရေ" ဆိုတဲ့ တမ်းတခေါ်သံနှင့်အတူ စစ်မှန်သော အချစ်သစ်များ ညီလာခံဝင်လာကြ၏။ ဘဝဟူသည် ဖြစ်ခြင်းနှင့်ပျက်ခြင်းကြား ခရီးသွားခြင်းပင် မဟုတ်ပေလော။ အချစ်ဟူသည်လည်း အပြုံးနှင့်အမဲ့ကြား ဖြတ်သွားရတဲ့ ခရီးလေးသာတည်း။ သည် တစ်ခါနင်တဲ့ ချစ်ခရီး၊ မပြီးဆုံးဘဲ မရပ်ချင်၊ နှစ်ယောက်အတူ လမ်းဆုံးရောက်ချင်စိတ်ကြောင့် မိဖြူ အချိန်ဆွဲမနေလိုတော့ပေ၊ မောင်သန်းဝင်း ပြောသလိုအချစ်ဝေဒနာကိုအချစ်နှင့်ကုစားပြီး အချစ်စာကိုယ်ဖွဲ့လိုတော့၏။ နီဒါန်းရှည်မနေချင်တော့ပါ၊ ချစ်သူ့မျက်နှာကို အကဲခတ်ရင်း ရင်သပ်ရှုမောဖွယ်စကားဆိုရန် ဟန်ပြင်လိုက်၏။ အတွင်းစိတ်က သိနေရောသလား။ မောင်သန်းဝင်း မိဖြူခေါင်းလေးကို ကလေးလေးတစ်ယောက်လို ပွတ်သပ်ရင်း အသာလေးရင်ခွင်ထဲ ဆွဲထားလိုက်၏။ နည်းကျနေတဲ့ ကျောပြင်တို့ အောက်ထက်ပြောင်းပြန် အဖန်ဖန်ပွတ်သပ်ရင်း ဆုံးဖြတ်ချက်ပါတဲ့ချစ်စကား ဆိုလိုက်၏။

"မိဖြူ - ခွင့်ပြုမယ်ဆိုရင် မိဖြူကြည်ဖြူနိုင်တဲ့နေ့ ဘယ်နေ့မဆို ကိုတို့လက်ထပ်ချင်တယ်၊ ကိုဝင်း စိတ်ထဲမှာ နောက်ကျသွားမှာကို အရမ်းစိုးရိမ်နေတယ် မိဖြူရေ၊ မိဖြူ - သဘောကကော"

"ကိုဝင်းလိုပဲ မိဖြူလည်း အချိန်မဆွဲချင်တော့ဘူး ကိုဝင်းရေ၊ တစ်ခုခုကို စိုးရိမ်နေသလို ခံစားမိတယ်"

"ဒါဆိုရင် ချက်ချင်း ကိုဝင်း စီစဉ်လိုက်တော့မယ်နော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

လောကဝေါဟာရ လူတို့ပြောထုံးအရမူ မင်္ဂလာဦးညသည် ဘဝတွင် အပျော်ဆုံးနေ့တစ်နေ့ပင် ဖြစ်ပါသည်။ သို့သော် - မောင်သန်းဝင်းအတွက် ကြောက်မက်ထိတ်လန့်ဖွယ်ရာ နေ့တစ်နေ့ဖြစ်ခဲ့ပါသည်။ အိမ်ရှေ့မှ အိမ်နောက် မချမ်းသာနိုင်သည်ကလည်း ဓမ္မတာပေမို့ မသိန်းဖြူတွက်လည်း သည်းထိတ်ရင်ဖို အတော်ထိတ်လန့်ရသော နေ့ပင်ဖြစ်ခဲ့ပါသည်။ ပဒါရွာတလေးသည် တစ်ညဦးတာကာလ၏ ချော့သိပ်ပေးမှုကြောင့် အပြစ်ကင်းသည့်ကလေးလေးပမာ ဘာဆိုဘာမှမသိဘဲ အိပ်မောကျနေတော့၏။ ရွာသူရွာသားများလည်း တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုကို အိပ်စက်ခြင်းဖြင့် အနားယူနေကြလေပြီ။ တိတ်ဆိတ်ခြင်း၊ မှောင်မိုက်ခြင်းက မိစ္ဆာတို့ကို အားကောင်းစေ၏။ အိပ်စက်မရ ခဏခဏနိုးထနေသူ၏ ညတာသည် ရှည်လျားလွန်း၏။ မီးခွက်ထွန်းပြီး နှစ်ယောက်ထထိုင်ရတဲ့ သူတို့ဇနီးမောင်နှံဒုက္ခကို ကူနိုင်တယ်နိုင်မည့်သူ ရှိလေမလား။ မည်သူ့ကို လှမ်းပြီးအကူအညီတောင်းရမည်နည်း။ ညဉ့်နက်သန်းခေါင် အချိန်မတော်ကာလမတော် အိပ်ပျော်နေသူအား နှိုးဖို့ရာ ဝန်လေးမိ၍ လက်နှိပ်ဓာတ်မီးဘေးနားချပြီး ခြင်ထောင်ထဲ ဝင်တော့မည့်ဟန် ပြင်လိုက်သည်နှင့် ခြင်ထောင်ကြီးလေထီးလွင့်သလို အပေါ်သို့လွင့် တက်သွား၏။

"ဝုန်း - ဒိုင်း - ဘုန်း"

အသံသုံးမျိုး ဆက်တိုက်ကြားလိုက်ရသည်ကလွဲလို့ မသိန်းဖြူ ဘာမှမသိလိုက်တော့။ မှိတ်ထားတဲ့မျက်လုံး ပွင့်လာချိန်မှာတော့ မောင်သန်းဝင်း တစ်ယောက် မောပန်းလျက် လဲပြိုနေသည်ကို တွေ့ရ၏။ ကမျာကယာဆွဲထူပြီး အစီအစဉ်တစ်ရပ်ကို ပြောပြလိုက်၏။

"သည်အတိုင်းနှစ်ယောက်တည်းဒုက္ခခံနေလို့မဖြစ်တော့ဘူးထင်တယ် ကိုဝင်းရေ၊ အဖေ့ကို သွားခေါ်ရအောင်၊ ဒါမှမဟုတ် -"

"နေပါစေ - မိဖြူရေ၊ လူမဟုတ်တဲ့မိစ္ဆာပဲဥစ္စာ၊ အဖေခေါ်လည်း အဖေပါ အိပ်ရေးပျက်ရုံကလွဲလို့ အကျိုးထူးမယ် မထင်ဘူး။ မနက်လင်းမှ ပြောပြကြတာပေါ့"



"ကိုဝင်းကိုပဲ ဒုက္ခပေးနေတာဆိုတော့ ကိုဝင်း သူ့ကို တွေ့လား။ မျက်စိထဲ တစ်ခုခု မြင်လားလို့ပါ"

"မြင်တယ်၊ ဒါပေမဲ့ - ကိုဝင်း မိဖြူကို ပြောမပြချင်ဘူး။ ကြောက်လန့်သွားရင် မကောင်းလို့ပါ"

"အကောင်အထည် အသေအချာ မြင်ရလို့လား ကိုဝင်း"

သံသယကင်းကင်းနှင့် မေးလိုက်ခြင်းမို့ မောင်သန်းဝင်းအနေဖြင့် မိဖြူဆိုလိုရင်းကို သဘောပေါက်သင့်သလောက် ပေါက်၏။ သို့သော် - နောက်ကြောင်းမကောင်းသည်က သူမိဘကြားလျှင် "ငါ့သားကိုဒီလိုပြောရလား" ဆိုပြီး ပြဿနာရှာရင် ဒုက္ခ၊ လက်ဆုပ်လက်ကိုင်ပြစရာ ဘာမှမရှိ၊ ဓာတ်ပုံရိုက်ထားလို့ ရနိုင်သည် မဟုတ်။ မိစ္ဆာတို့ရဲ့သဘာဝမျက်နှာကို အသေအချာမပြမမြင်ရ၊ ပိုးတိုးဝါးတားမျှသာ တွေ့ရ၏။ သူမှ သူပင်၊ သူပဲလို့ ပြောလိုက်ပြန်လည်း ချစ်သူတစ်ယောက်အနေနှင့် သံယောဇဉ်အမျှင်မပြတ်သေးလျှင် တမလွန်ရောက်နေတဲ့ ချစ်သူကိုပင် အပြစ်မြင်နေရှင်သေးရဲ့လို့ တွေးထင်သွားပါက အိမ်ထောင်ရေး ကသိကအောက် ဖြစ်သွားနိုင်၏။

ပြီးတော့ - သူတို့နှစ်ယောက်က ချစ်သူဖြစ်ကြရုံသက်သက် မဟုတ်။ နှစ်ဖက်မိဘများက မောင်နှမတော်စပ်တဲ့ ဆွေမျိုးရင်းချာတွေ။ ပြောရကောင်းနိုး၊ မပြောရကောင်းနိုး တွေးတောရင့်ရှိန်နေတဲ့ မောင်သန်းဝင်း ဇနီးသစ်ချောချောလေးမျက်နှာကို လှမ်းကြည့်လိုက်ရုံ ရှိသေး၏။

"ဝုန်း - ဒိုင်း"

"အမလေး"

သံစဉ်နှစ်မျိုး ဆက်တိုက်ပေါ်လာ၏။ ဝုန်းဒိုင်းဆို ထွန်းထားတဲ့ မီးခွက် ကြမ်းပြင်ပေါ် မှောက်လဲသွားတော့၏။ အမလေးဆိုအော်ပြီး မသိန်းဖြူလည်း ကြမ်းပြင်ပေါ် လဲကျသွား၏။ မီးခွက်တွင်းက ရေနံဆီများ မီးကူးသွားပြီး ကြမ်းပြင်တစ်ခုလုံးထိန်လင်းနေအောင်လက်လက်ပြောင်တောက်နေတော့၏။ မှောက်လဲသွားတဲ့ ဇနီးသည်ကို ဆွဲထူပွေ့ပွေ့ဖက်ထားပြီး "မိဖြူ - မိဖြူ" တတစာစာခေါ်ရင်း မီးလောင်နေသည်ကိုပင် မငြိမ်းနိုင်အား။ ရေနံဆီခန်းလျှင်



www.burmeseclassic.com

www.burmeseclassic.com

အလိုလိုငြိမ်းသွားမှာပဲလို့ သိထားနှင့်၍ စိုးရိမ်ခြင်းကင်းစွာနှင့် ဇနီးကို ပွေ့ဖက်ရင်း ကျောကိုပွတ်ပေးလိုက်၊ ပါးကို ပုတ်ကြည့်လိုက်ဖြစ်နေ၏။ ခဏနေမှ လူးလွန့်လာပြီး "သူ - သူ" လို့ ယောင်ယမ်းပြောဆိုလာ၏။

"သူ - ဘယ်သူလဲ၊ မိဖြူ သိလိုက်လို့လား"

"ကိုကို - ကိုသိန်းဆိုင်လေ"

"ဟယ်"

အာမေဍိတ်ဟန်ဆောင်ထားပေမယ့် တကယ်တော့ မောင်သန်းဝင်း စကတည်းက မှတ်ချက်ချနေပြီသား။ သူမှသူ အစစ်၊ အချစ်စိတ် ကြီးမား၍လား၊ ဝန်တိုစိတ်ကြောင့်လား အသွားမဖြောင့်သူရဲ့အနှောင့်အယှက်က မိဖြူနှင့် မင်္ဂလာရှိရှိ အိပ်စက်ခွင့်ရဖို့နေနေသာသာ မိဖြူမျက်နှာကိုပင် အကြင်နာမျက်လုံးနှင့်စိုက်ကြည့်ခွင့် မပေးချင်တဲ့သဘော၊ မီးခွက်ကို မှောက်လှဲ့ပစ်ခြင်းက ထင်ရှားပေါ်လွင်နေတော့၏။ သို့သော် - အဆိုးထဲက အကောင်းဆိုရလေမလား၊ မီးခွက်မှောက်၍ မီးတောက်သည်ကာစပြီး သူ့ပါဝါလျှော့ပါးသွားသည်ကို မောင်သန်းဝင်း သတိထားမိသွား၏။ သို့တွက်ကြောင့် မီးခွက်ရော ဖယောင်းတိုင်ပါ လင်းထိန်နေအောင် ထွန်းထားလိုက်၏။ အရိပ်အယောင်မျှ မတွေ့ရတော့မှ သမ္မဒွေကို သတိရလာတော့၏။ မောင်သန်းဝင်း ဘုရားရှေ့ ဒူးထောက်ပြီး သမ္မဒွေကိုးခေါက်ရွတ်လိုက်၏။ တစ်ယောက်တည်းနောက်မှာ မနေရဲတဲ့ မိဖြူလည်း မောင်သန်းဝင်းနှင့်အတူတူ ဘေးချင်းကပ်ထိုင်လိုက်ပြီး ပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသကို စာအုပ်ကြည့် ရွတ်နေတော့၏။ ရွတ်ဖတ်လည်းပြီးရော အရုဏ်စို့စို့လည်း လင်းတက်လာခဲ့ပေသည်။ မင်္ဂလာဦးညကားသာယာမှု မဖြစ်ခဲ့ပေ။

နှစ်ဖက်မိဘတို့ ထိန်းထိန်းသိမ်းသိမ်း ပြောဆိုဆွေးနွေးပြီး ဘာသာရေးနည်းလမ်းဖြင့် ပရိတ်ပဋ္ဌာန်းရွတ်ဖတ်သရဇ္ဈာယ်ပေးကာ အိမ်စောင့်နတ်အား



အသိပေးပြောကြားပြီး စည်းတားထားလိုက်၍ နောက်နောင်ညများကား မင်္ဂလာဦးညပီသစွာ သာယာလှပပါ၏။ တစ်နှစ်တာကာလသည် ခဏဟု ထင်ရလောက်အောင် ပျော်ရွှင်ခဲ့ကြ၏။ နှစ်သွေးတစ်သား ပေါင်းစပ်ထားခြင်း၏ သက်သေသန္ဓေသားသည်ပင် ကိုးလကျော်ဆယ်လနီး၍ မီးဖွားလုနီးလေပြီ။ နောက်အပတ်တောင် ကုန်မည်မထင်တော့၍ မောင်သန်းဝင်း တစ်ယောက် ဖခင်လောင်းပီပီ မီးနေအိမ်နှင့် စပ်သမျှ လုပ်သင့်သည်များကို လူကြီးသူမများပြောသည့်အတိုင်းလုပ်ပေး၏။ လိုလေသေးမရှိပေ။ ဇနီးသည် အပေါ်မှာရော သန္ဓေသားအပေါ်မှာပါ ကရုဏာသက်သော မေတ္တာသိတာရေ တသွင်သွင်စီးနေ၏။

"ကိုဝင်း - ဗိုက်ထဲက အရမ်းနာလာပြီ၊ အမေ့ကို သွားခေါ်ပေးပါ"

"အေး - ကောင်းပြီ၊ ခဏနော် - ကိုဝင်း သွားခေါ်လိုက်မယ်"

ယောက်ျား၊ ဓားစီး၊ မိန်းမ မီးနေ မသေသေးခင်ကပင် သေစာရင်းသွင်းလောက်တဲ့ ဒုက္ခ။ ခက်သည်က အနားမှာထိုင်ပြီး ယောက်ျားတစ်ယောက် အနေနှင့် အားပေးနေချင်လို့ မရ၊ ခုလည်း မောင်သန်းဝင်း ထွက်ပေးရပြီ။ အခန်းထဲမှာ မသိန်းဖြူအမေ ဒေါ်လှယဉ်ဖြူနှင့် အရပ်လက်သည် ဒေါ်အေးမွှင်း အဖွားမသာဖြူ သုံးယောက်ပဲ ရှိနေ၏။ ဇနီးသည်ရဲ့ အော်ဟစ်ညည်းညူသံဖြင့် တက်လာလေလေ၊ မောင်သန်းဝင်း နေမထိထိုင်မသာတော့ဘဲ ထထပြီး လမ်းလျှောက်လေလေပင်။

"အူဝဲ - အူဝဲ"

အသံနှင့်ထပ်တူ တွန့်လူးကျောက်ကန်နေမည့် ရင်သွေးနီတာရဲလေးတို့ ပြေးမြင်ယောင်နေသလို ပျော့ခွေကျသွားမည့် ဇနီးမျက်နှာကိုလည်းတွေးမြင်နေတော့၏။ မိဖြူရော သားလေးပါ ကျန်းမာချမ်းသာပါစေလို့ စိတ်ထဲက ကြိတ်ပြီးဆုတောင်းနေ၏။ သားသားလေးဆိုလျှင် -

"သမီးလေးဟေ့၊ အမေတူ သမီးလေးပဲ၊ လှလိုက်တာမှ တကတဲ - ရွှန်း ကျနေတာပဲ"



www.burmeseclassic.com

ဒေါ်အေးပွင့်စကားကြောင့် မောင်သန်းဝင်း ပီတိဖြစ်သွား၏။ သမီးအား ချစ်သောစိတ်သည် ရိုးတွင်းခြင်ဆီထိ စိမ့်ဝင်သွား၏။ သွားကြီး ပြဲပြဲပေါ်နေ အောင်ဖြဲပြီး လက်သီးဆုပ်နှစ်ခုနှင့် ဒူးခေါင်းနှစ်လုံးကို စည်တီးနေသည်က ဤသည်ပင်လျှင် မိဘမေတ္တာဟု ညွှန်ပြထိုက်လောက်ပါပေ၏။ ရေမိုးချိုး သန့်စင်ပြီး ခဏလာပြလို့ မြင်လိုက်ရတဲ့အခါမှ မုဒိတာသက်သော မေတ္တာ ရေများ ဒလဟောစီးသွားလေတော့၏။ သည်ဇနီး၊ သည်သမီးနှင့် ဆိုသည်ခရီးက ဘာမှမလိုတော့ပေ။ မိဖြူရေ – ကိုဝင်း မိဖြူကို အရမ်းကျေးဇူး တင်တယ်သိလား။ ကြားလား မကြားလားတော့ မသိ၊ ရင်ထဲရှိသမျှကို လှမ်း ပြောနေတော့၏။ ရတနာဆိုတာ စိတ်ကို နှစ်သက်စေတတ်သောအရာ မဟုတ်ပေလော၊

"ဟော့ – လှယဉ်ဖြူ၊ လှယဉ်ဖြူ ထထ၊ ထဦးဟော့"

"ဟယ် – ဘာလဲ မအေးပွင့်"

"အဖွားရော ထဦး၊ ဒီမှာ ပြဿနာ တက်နေပြီ၊ မသိန်းဖြူ မရှိတော့ဘူး။ သူ့သမီးလေးပဲ ရှိတော့တယ်၊ မီးနေသည်မက သွေးနုသွားနနဲ့ ဘယ်ထသွား နိုင်မလဲ၊ ပြဿနာတော့ တက်ပြီနဲ့ထင်တယ်၊ တစ်ခုခုများ မှားယွင်းလေ သလား။ အဖွား စဉ်းစားပါဦး"

"အေးဟေ – ငါလည်း ခဏပဲမှေးသွားတာပါ၊ တစ်ညလုံး စောင့်နေတာ ပဲ"

"ဘာထူးလဲ – ကျွန်မတို့လည်း အတူတူပဲပေါ့၊ (၁၂)နာရီကျော်မှ ခဏ လေးပဲ မှေးမိတာပါ"

"သူ့ယောကျ်ားဆီများ သွားနေသလား"

"ဟာ – မဖြစ်နိုင်တဲ့ဥစ္စာ၊ မလှယဉ်ဖြူကလည်း တက်တဲ – ကလေးမမွေး ဘူးတဲ့ လူကျနေတာပဲ၊ ဘယ့်နှယ့် ဒီနေ့ပဲ မွေးတဲ့ဥစ္စာ၊ ဒီညကြီး ချက်ချင်း လင်သားဆီကို ဘယ်မိန်းမသွားလို့လဲ"



"အေးပါ – ကျွန်မ စိုးရိမ်စိတ်မွှန်ပြီး လျှောက်ပြောလိုက်မိတာပါ။ ဒါနဲ့ – ဘယ်လို လုပ်ကြမလဲ သမီးရေ"

ပြောပြောဆိုဆိုပင် ဒေါ်လှယဉ်ဖြူ အရူးမတစ်ယောက်လို သမီးပျောက် မီးဝင်သည်မကို ဒေါင်းတောက်နေအောင် ရှာနေတော့၏။ သားမက်အနား မလုံမလဲနှင့် သွားကြည့်၏။ မတွေ့တော့မှ သားမက်ကို ထထဆိုပြီး နှိုးနေ တော့၏။ အားလုံး အံ့အားသင့်သွားကြ၏။ စိုးရိမ်စိတ်က အထွတ်အထိပ်သို့

အလွယ်တကူ ဝင်လို့ရတာမှမဟုတ်ဘဲ အိမ်စောင့်နတ်၊ ခြံစောင့်နတ်တွေနဲ့ ပေါင်းရတယ်။ ပေါင်းလို့မရရင် အလစ်ချောင်းရတယ်။ ပြီးတော့–စည်းအတန်တန် ကျော်ဖြတ်ရတယ်။ ဒီက ခေါင်းဆောင်တွေ မသိအောင်လည်း လျှို့ဝှက်စွန့်စား ရတယ်။ ဘာပဲဖြစ်ဖြစ် ခုတော့ တို့နှစ်ယောက်က ချစ်ဗိမာန် တည်ဆောက်လို့ရပြီလေ ...



ရောက်နေကြတော့၏။ ရှာရိုးလျှောက်ပြီးအသိပေးသော်လည်း တစ်ယောက် မှ တွေ့မြင်သူမရှိ။ အားလုံး ထိတ်လန့်အံ့သြနေကြ၏။ တစ်သက်နှင့် တစ်ကိုယ်မှာ တစ်ခါမှ မကြုံဘူးတဲ့အဖြစ်။ အရပ်သတင်းသည် တောမီးထက် အလျင်အမြန်ပြန့်၏၊ မသိန်းဖြူ မီးတွင်းက ပျောက်သွားသတဲ့၊ ဟုတ်မှ ဟုတ်ရဲ့လားဟေ့ – လို့ သံသယစကားဆိုသူက ဆိုကြ၏။

www.burmeseclassic.com

ငယ်ထိပ်ကို မြွေပေါက်သည်ထက် အဆရာထောင်ပိုကာ ပူလောင်နေသူကား မောင်သန်းဝင်းပင်၊ ကျန်ခဲ့သည့် သမီးရွှေစင်ကိုပင် မမြင်နိုင်တော့လောက်အောင် အရာရာသည် မှုန်ဝါးသွား၏။ လောကကြီး ဘာဖြစ်သွားပြီလည်းလို့ တွေးရင်း မူးမေ့လဲမသွားအောင် ထိန်းထားရ၏။ စည်းခြားလေပြီလား၊ မနက် (၄) နာရီလောက် စသိကတည်းကပင် တစ်ရွာလုံး ကူရှာခဲ့သော်လည်း မသိန်းဖြူ ခြေရာမျှကိုပင် မတွေ့ရ၊ တစ်ညပင် အိပ်ရပေတော့မည်၊ မဖြစ်နိုင်၊ သည်သို့ မဖြစ်နိုင်၊ မဖြစ်သင့် လုံးဝမဖြစ်သင့်ပါ၊ ကံကြမ္မာလားမိစ္ဆာလား၊ သဲသဲယပွားရုံကလွဲလို့ ညက်တွေးညက်စ မပွားနိုင်၊ ညက်လက်မှိုင်ချကာ ငိုရုံသာရှိတော့၏။ ဘဝဆိုတဲ့ အကွရာရှစ်လုံးကို ခဏမေ့ထားနိုင်လျှင်ကောင်းလေစွဟု တွေးရလောက်ပင်၊ အတွေးထဲတွင် သတိတစ်ခုဝင်လာ၏။ ဗိုက်နာလွန်းလို့ အမေ့ကိုသွားခေါ်ပါဆိုတုန်းက အိမ်မှာ သူတစ်ယောက်တည်းကျန်ခဲ့၏၊ ထိုစဉ်များငနဲသားမိစ္ဆာကောင်အခွင့်ကောင်းရပြီးဝင်ရောက်နေလေသလား၊ သွေးအားလေအား အလွန်နည်းပါးနေတဲ့ အချိန်မှာ လိပ်ပြာစဉ်သွားအောင် ချောက်လှန့်ပြီးခေါ်ယူသွားသလား။ သို့ခေါ်သည့်တိုင် ရုပ်ခန္ဓာကြီးကာ ထမ်းသွားလို့မှ မရတာ၊ ဒီမှာပဲ ကျန်နေရမှာပဲ၊ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ မောင်သန်းဝင်း သူရူးတစ်ယောက်လို အော်လိုက်၏။ မဖြစ်နိုင်ဘူး မိဖြူ နင်ဘယ်မှာလဲ၊ ဝိညာဉ်လေးတော့ ငါ့လာပြလှည့်ပါ မိဖြူရေ၊

"ကိုကို - မိဖြူကို တကယ်ချစ်တယ်နော်"

"ချစ်လို့ပေါ့ - မိဖြူရေ၊ ကိုကိုလေ မိဖြူကလေးမွေးနေတဲ့အချိန်ကိုမမွေးခင်ကပင် ဝင်စောင့်နေခဲ့တာပေါ့၊ အလွယ်တကူ ဝင်လို့ရတာမှ မဟုတ်ဘဲ အိမ်စောင့်နတ်၊ ခြံစောင့်နတ်တွေနဲ့ ပေါင်းရတယ်၊ ပေါင်းလို့မရရင် အလစ်ချောင်းရတယ်၊ ပြီးတော့ - စည်းအတန်တန် ကျော်ဖြတ်ရတယ်၊ ဒီက ခေါင်းဆောင်တွေ မသိအောင်လည်း လျှို့ဝှက်စွန့်စားရတယ်၊ ဘာပဲဖြစ်ဖြစ် နှတော့



တို့နှစ်ယောက်က ချစ်ဗိမာန်တည်ဆောက်လို့ရပြီလေ၊ ဘာလဲ - မိဖြူက လူ့ပြည်ကို ပြန်တမ်းတနေလို့လား၊ ဟိုကောင့်ကို သတိရနေသေးလို့လား"

"ဟင် - ကိုကိုကလည်း သတိရဖို့ နေနေသာသာ စုနေခါများ သူ့လည်ချောင်းသွေးနဲ့ ကိုကို့ခြေထောက်ကို ဆေးပေးလို့ရမယ်ဆိုရင် ဆေးပေးချင်ပါရဲ့၊ မယုံဘူးလား"

"ဒါကြောင့် - ကိုကိုကလည်း မိဖြူကို ဘဝခြားလည်းပဲ ချစ်မြဲချစ်နေတာ"

"သုံးမရတဲ့ ခန္ဓာကိုယ်ကြီး ချောင်းရေစပ်မှာ ရေမျောကမ်းတင် မျောနေတာ တွေ့လား"

"တွေ့သားပဲ"

"မိဖြူဆိုတဲ့ ဝိညာဉ်မလေးက ကိုကို့ အနားရောက်နေပြီ၊ ပျော်စရာမကောင်းဘူးလား"

"ကောင်းတာပေါ့ - ကိုကိုရေ၊ အံတိုင်းထက်အလွန်ပဲ သိလား"

"ကဲ - ကိုကိုနဲ့ မိဖြူတို့ရဲ့ မင်္ဂလာဦးညကို ဥနဲ့ပင်ကြီးရွှေပေါ်က ထာဝရဗိမာန်လေးမှာ နှစ်ယောက်သား ပျော်ရွှင်စွာ ကျင်းပကြစို့"

"ဟော့ - ဟော့ - နင်တို့က မီးမဖွားခင် ကိုယ်ဝန်သည်ကို တစ်ယောက်တည်း ထားခဲ့တာ မဟုတ်လား"

"ဟော့ - မောင်သန်းဝင်း ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီနေ့က ဗိုက်နာလွန်းလို့ အမေ့ကို လာခေါ်တဲ့ကာ သူတစ်ယောက်တည်း ကျန်ခဲ့ရပါတယ်"

"ဟယ်"

"နေဦး - နေဦး၊ နင်တို့က အိမ်အောက်မှာ ဆီးခက်မချထားဘူး မဟုတ်လား"

www.burmeseclassic.com

"ဟယ် - ဟုတ်လားဟေ့၊ နတ်ဆရာမ ပြောတာ တကယ်လား"

"ဆီးခက် - ဆီးခက် ကျွန်တော် သတိကို မရလိုက်ဘူး"

"ဓအား - ဓအား - အဲဒါကြောင့် နာနာဘာဝတစ်ကောင် အိမ်ထဲဝင်ပြီး မြှောင်နေတာ။ သွေးနသားနအချိန်မှာ အသာလေးပုးဝင်ပြီး ဖြားယောင်းခေါ်ဆောင်သွားတာဟေ့၊ ဒီမှာ ငါပြောမယ်၊ ရွာမြောက်ဘက် လယ်ကွင်းနားက ချောင်းစပ်လေးမှာ သူ့ဝိညာဉ်ကို နတ်ယူသွားတာပဲ၊ မယုံရင် ရှာကြည့်ကြဟေ့"


နတ်ဝင်သည်မ တုန်တုန်ယင်ယင် ပြောလာတဲ့စကားကို မယုံတစ်ဝက် ယုံတစ်ဝက် ယုံရခက်ကြီးပါဆိုပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း အဖြေရှာနေကြဆဲ၊ အချို့က ဟုတ်ဟုတ် မဟုတ်ဟုတ် ယုံကြည်လို့ပဲ လုပ်ထားပြီးမှ သွားတော့ကြည့်ရမှာပေါ့ဟု ဆိုလာ၏။ တော်သလင်းလ ရာသီမှာ မျိုး (စပါး) ပင်ကြီးတွေ လူကြီးတစ်ရပ်လောက်ရှိနေတာကြီး ရှိုးရှိုး လူကောင်းတောင် သွားလို့မလွယ်တဲ့ဥစ္စာ၊ မီးဖွားသည် မသွားနိုင်ပါ့မလားလို့စဉ်းစားသူက စဉ်းစားနေကြ၏။ အပူမီးတောက်နေတဲ့ လင်ယောကျ်ား မောင်သန်းဝင်းတစ်ယောက်ကား စဉ်းစားနေဖို့ အချိန်မရတော့ပေ၊ အရှင်တွေ့တွေ့၊ အသေတွေ့တွေ့ တွေ့ဖို့သာ အဓိကဆိုပြီး သွားရန်ပြင်လိုက်တော့၏။

"ဟေ့ - လုယဉ်ဖြူ၊ နှင့်သမီး မသိန်းဖြူအလောင်းကို ရွာမြောက်ဘက် လယ်ကွင်းနားက ချောင်းစပ်ရေမှာ ပက်လက်ကြီးမျောနေတာ တွေ့ခဲ့ပါ လား"

အမောတကောနှင့် စိတ်မကောင်းစွာပြောလာသော ဒေါ်စိန်သာမ စကားကြောင့် အားလုံး မောသွားကြ၏။ သတ်သူမရှိ၊ တရားခံမပေါ်၊ သေသူ အလောင်း၊ ထုထောင်းထားတဲ့ ဒဏ်ရာ အနာတရ လုံးဝမရှိ၊ ရဲအရာရှိ မှတ်ချက် မချနိုင်၊ သက်ဆိုင်သူ လင်သားနှင့် မိဘမောင်ဖွားတို့အလိုလို သဘော တူရလောက်အောင် ပိရိလွန်းတဲ့ လူသတ်မှု၊ နတ်ဆရာမ ဟောကိန်းအရ မိစ္ဆာကောင်ကို တရားခံချရသော်လည်း နာနာဘာဝကို လက်ထိတ်ခတ်လို့ ရ၊ ယနေ့တိုင်တရားခံမပေါ်သေး၊ မသိန်းဖြူကို ဘယ်သူသတ်သလဲ၊ အဖြေ မရှိတဲ့ ပဟေဠိပုစ္ဆာတစ်ခုလို မောင်သန်းဝင်းရင်ထဲ ယနေ့တိုင် လိပ်ခဲတည်း လည်း ဖြစ်နေဆဲ၊ အကယ်၍များ ဥနဲ့ပင်ကြီး ခွကြားက နာနာဘာဝတို့ရဲ့ မင်္ဂလာဦးညစကားကို မောင်သန်းဝင်း ကြားနိုင်ခဲ့လျှင် -

>>> တောင်ညာဏ်လင်း (ထောင်ကုတ်)

[illegible]



www.burmeseclassic.com




# တစ်ခါတုန်းက တို့ရွာမှာ

အေသင်ဇာသက်ဝေ

စာရေးသူသည် အတိတ်၊ နိမိတ်များကို ဂရုမစိုက် သတိမမူ အမှတ်တမဲ့ နေထိုင်တတ်သူဖြစ်သည်။ ကျွန်မ မိခင်မှာ ကျွန်မကဲ့သို့ မဟုတ်ဘဲ ဂရုတစိုက် တလေးတစားဖြင့် အမိပ္ပာယ်ကောက်တတ်လေသည်။

ဥပမာ – အပြင်သွားခါနီး လက်ထဲမှ ကိုင်ထားသော ထီးအမှတ်တမဲ့ အောက်သို့ လွတ်ကျသွားခဲ့လျှင် ကျွန်မ၏ မိခင်သည် မျက်စိမျက်နှာပျက်၍ "ဒီနေ့ အပြင်မသွားရင် ကောင်းမယ်ထင်တယ် သမီးရယ်" တဲ့။ ကျွန်မက "ထီးပဲ မေမေရယ် မတော်တဆ လွတ်ကျသွားတာပဲ ဘာဖြစ်တာမှတ်လို့ တိုယ် သွားစရာရှိတာ သွားပေါ့" ဟု ဆင်ခြေပေးလိုက်မိလျှင် ကျွန်မအား "ညည်းတို့ခေတ်ကိုက ဘာမှအယုံအကြည်မရှိတော့ ပြောရတာခက်တယ် တွယ်၊ အသေအချာလက်ထဲမှာ ဆုပ်ကိုင်ထားတဲ့ထီးက လွတ်ကျစရာလား" ဟု ပြောတတ်လေသည်။

ကျွန်မက အတိုက်အခံပြောသောအခါ ကျွန်မ၏ မိခင်သည် ကျွန်မအား ဆက်ပြီးမပြောတော့ဘဲ မျက်နှာမသာမယာဖြင့် "ဒါဆိုလည်းပြီးတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com

ကဲ - သွားကြစို့”ဟုပြောပြီး သားအမိနှစ်ယောက် အပြင်သို့ ထွက်ခဲ့ကြလေတော့သည်။ ကိစ္စကတော့ သိပ်ပြီးအရေးကြီးလှသည်တော့မဟုတ်၊ ပိုက်ဆံအကြွေး အနည်းငယ်သွားတောင်းရန် ဖြစ်သည်။

သို့သော် - ထိုနေ့က အဆင်မပြေ အကြွေးလည်းမရသည့်အပြင် အိမ်အပြန် ဘတ်(စ်)ကားပေါ်မှအဆင်း ကျွန်မ၏မိခင်မှာ ခြေခေါက်၍ လဲသွားသဖြင့် ခြေဖမိုးနှင့် ခြေထောက်မှာ ရောင်ကိုင်းနေလေတော့သည်၊ အသွားမတော် တစ်လှမ်းပင် ဖြစ်ပေတော့သည်။

တစ်ခါကလည်း ကျွန်မ၏ မိခင်သည် သူ၏ သူငယ်ချင်းအမျိုးသမီးနှစ်ယောက်နှင့် ရွှေတိဂုံဘုရားဖူးရန် ညနေ (၃)နာရီ ချိန်းထားကြလေသည်။ (၁၀)နာရီမထိုးခင် ကျွန်မတို့၏ တိုက်ခန်းတွင် လူစုကြရန် ဖြစ်သည်၊

သို့သော် - မိခင်၏ မိတ်ဆွေနှစ်ယောက်မှာ တစ်ယောက်က မအားလို့မလာနိုင်ကြောင်း ဖုန်းဆက်ပြီး နောက်တစ်ယောက်ကလည်း လိုက်ချင်သလိုလို မလိုက်ချင်သလိုလို အမူအရာ၊ စိတ်မပါသည့် အမူအရာကိုကြည့်ပြီး မိခင်သည် ...

သမီးရေ - ဒီနေ့က ဘယ်လိုဖြစ်တယ် မသိဘူး၊ မနေ့ကတော့ အားလုံးထက် တက်တက်ကြွကြွနဲ့ အခုတော့ မလိုက်တဲ့သူနဲ့၊ လိုက်တဲ့လူကလည်း စိတ်မပါပြန်ဘူးဟု ကျွန်မအနားအား တိုးတိုးကပ်ကပ်ပြောလေသည်၊ ဘာပဲဖြစ်ဖြစ် ဘုရားဖူးဖို့သွားတာ သွားဖြစ်အောင်တော့ သွားရမှာပဲဟု ပြောလေသည်၊

ကျွန်မကလည်း “အစကတည်းက သားအမိနှစ်ယောက်တည်းသွားရင်ဖြစ်တာကို အဖော်စပ်နေတာကိုး၊ ဘုရားဖူးတာ စိတ်အနှောင့်အယှက်ဖြစ်တယ်၊ တကတဲ”ဟု ညည်းညူလိုက်လေသည်၊ သို့ဖြင့် - ညနေအတော်စောင်းနေပြီက တစ်ကြောင်း၊ အပြန်တွင် ကားအခက်အခဲအတွက်က တစ်ကြောင်းကြောင့် အိမ်ရှိမီးခလုတ်များကို အသေအချာမစစ်ဆေးမိဘဲ ကမန်းကတန်း တိုက်ခန်းသော့ခတ်၍ ကားငှားပြီး ဘုရားသို့ထွက်လာကြလေသည်၊

ဘုရားဖူးပြီး အပြန်လမ်းတွင် မှောင်နေပြီး မှောင်ဆို ည(၈)နာရီပင်ထိုးလုပင်၊ အိမ်သို့ ပြန်ရောက်ပြီး တိုက်ခန်းတံခါးဖွင့်ဝင်လိုက်ရာ ပြင်းထန်စွာရသည့် ညှော်နံ့အား သားအမိနှစ်ယောက် ရှူရှိုက်မိလိုက်သဖြင့် ကျွန်မမှာအသည်းအသန် လျှပ်စစ်မီးခလုတ်ရှိရာသို့ အပြေးအလွှားသွားရင်း မီးဖွင့်ကြည့်လိုက်လေရာ ကျွန်မတို့၏ ဘက်ထရီအိုးကြီးအား မီးသွင်းထားသည့်အင်ဗာတာမှ ညှော်နံ့ထွက်နေခြင်းဖြစ်သည်၊

မေမေက ...

“ဟာ - သွားပြီ သမီးရေ၊ ဘက်ထရီအိုး အားသွင်းထားတာ ပလပ်မဖြုတ်ခဲ့မိဘူး၊ ထင်တော့ ထင်သား၊ ခရီးသွားရတာ အထစ်အငေါ့ဖြစ်နေမှတော့ ဘယ်ကောင်းတော့မလဲ၊ ဒါတောင် ဘုရားတန်ခိုးပဲ သမီးရေ၊ အင်ဗာတာကြီး ဝုန်းဆိုပြီး ထ,မပေါက်တာကိုက တော်လှပါပြီ - ဟူး -”

သက်ပြင်းချရင်း ပြောလေသည်၊

စာရှည်မှာစိုး၍ အခြားသော အတိတ်နိမိတ်များကို ရေးမပြလိုတော့ပါ၊ အခုရေးမည့် အကြောင်းအရာ အဖြစ်အပျက်များမှာ စာရေးသူမိခင်၏ အတိတ်နိမိတ် အစွဲအလမ်းကြီးမှုများသည် တိုက်ဆိုင်မှုလား (သို့မဟုတ်) မိခင်ကြီး ပြောပြောနေကြစကားအတိုင်း ကိုယ်စောင့်နတ်ခေါ် နတ်ကောင်းနတ်မြတ်များက သတိပေးနှိုးဆော်လေသလော တွေးစရာရှိပေသည်၊

မိုးအေးသောတစ်နေ့တွင် စာရေးသူမှာ မိခင်အား နွေးထွေးစွာ အသာအယာ ဖက်လိုက်ရင်း ...

“မေမေရေ - အတိတ်နမိတ်၊ စည်း၊ တဘောင်စတဲ့စကားလုံးတွေကြောင့် စိတ်ထဲအရိုးစွဲပြီး ဒါကတော့ တကယ်ဖြစ်တော့မယ်၊ ဒီလိုကတော့ မကောင်းဘူး၊ မဟုတ်တာတွေကိုခေါင်းထဲဝင်ပြီး အတိတ်နိမိတ်တွေလျှောက်ကောက်နေတာတော့ မဟုတ်သေးပါဘူးနော်”

ဟု ပြောလိုက်လေရာ မေမေက ...

“ဒီကမ္ဘာလောကကြီးထဲမှာ သမီးမသိသေးတဲ့အရာတွေ အများကြီးပဲတဲ့၊

ကျွန်မ၏ မိခင်သည် ဘုရားရှိခိုးပူဇော် ကန်တော့ပြီးတိုင်း ဝေနေယျသတ္တဝါအနန္တများနဲ့တကွ ကိုယ်စောင့်နတ် တစ်ကျိပ်တစ်ပါးကိုအမြဲမေတ္တာ




www.burmeseclassic.com

www.burmeseclassic.com

ပို့တတ်သူပင်၊ ထို့ကြောင့် - မိခင်၏ ကိုယ်စောင့်နတ်က အမြဲပဲမဖြစ်သင့်တာကိုမဖြစ်အောင် သတိပေးနှိုးဆော်တတ်ပြီး တစ်ဦးရဲ့မေတ္တာ တစ်ဦးမှာ ဆိုသလို ဖြစ်မည်ထင်ပါသည်၊

စာရေးသူသည် နတ်၊ ပြိတ္တာများနှင့် ပတ်သက်၍ ရေးသားထားသော စာပေ၊ ကျမ်းဂန်များကို (၁၊၄) ကြိမ်ထက်မနည်း လေ့လာမှတ်သားကြည့်ရာ နတ်ဟူသော စကားရပ်တွင် ပိဋကတ်တော်ကျမ်းရင်းများ၌ပါသော နတ်များ၊ နတ်ပြည်ခြောက်ထပ်ရှိ နတ်များ၊ ပြိတ္တာဘုံနှစ်ဆယ်ရှိ ပြိတ္တာများ ပရိတ်ကြီး (၁၁) သုတ်၌ပါရှိသော နတ်များဟူ၍ တွေ့ရှိရလေသည်၊

လူ့ဘောင်လူ့လောက၊ လူ့ပတ်ဝန်းကျင်တွင် ကျင်လည်ကျက်စားနေသော နတ်ကြီးများနှင့်တကွ နတ်သေးနတ်မွှားများနှင့် တချို့လူသားများ ပတ်သက်ဆက်ဆံတွေ့ကြုံဖူးသူများ ရှိကောင်းရှိကြလိမ့်မည်၊

ငယ်စဥ်ကလေးအရွယ်ကတည်းကပင် စာဖတ်ဝါသနာထုံသူ စာရေးသူအား စာရေးသူ၏မိဘများသည် ဟိုစာအုပ်မဖတ်ရ၊ ဒီစာအုပ်မဖတ်ရစသည်ဖြင့် ပိတ်ပင်တားဆီးခြင်းမရှိ၊ ကျွန်မ၏မိဘများသည် စာများများ ဖတ်သောသူသည် မိမိ၏ ကိုယ်စိတ်နှလုံး (၃)ပါးကို ကောင်းမွန်လာအောင် မိမိကိုယ်မိမိ ထိန်းသိမ်းစောင့်ရှောက်လာနိုင်ပေသည်ဟု မကြာခဏ ပြောဆိုဆုံးမတတ်လေသည်၊

"စာအုပ်စာပေ၊ လူ့မိတ်ဆွေ"

"အလိမ္မာ စာရှိ" ဆိုရိုးစကားနှင့်အညီ စာပေ၊ ကျမ်းဂန်များကို ဗဟုသုတရစေရန်အလို့ငှာ ဖတ်ရှုလေ့လာမှတ်သားနာယူပါက ရှောင်သင့်သည့်အရာ ဆောင်သင့်သည့်အရာများကို ကွဲကွဲပြားပြား သိရှိနားလည်နိုင်ပေမည်၊

လူ့ပတ်ဝန်းကျင်တွင်ရှိသော လူများကို စောင့်ရှောက်ကူညီပေးတတ်သော ကိုယ်စောင့်နတ် တစ်ကျိပ်တစ်ပါးတို့မှာ ...

(၁) နဖူးစာကို ရေးမှတ်တတ်သော သဏ္ဍာဘာဂနတ်
(၂) ပညာကို ပွားများစေတတ်သော သူရဿတီမယ်တော်
(၃) စည်းစိမ်ဥစ္စာကို ပေးတတ်သော သကျနတ်
(၄) အိပ်မက်ကောင်းကို ပေးတတ်သော မဟီရာဇာနတ်
(၅) နိမိတ်ကို ပြတတ်သော ဝါမသူရနတ်



(၆) အလှူပေးသည်ကို မှတ်သားတတ်သော ဖနသူရနတ်
(၇) ကာမေသုခကို ပေးစေတတ်သော ကရဝါနတ်
(၈) သွားလေရာ လိုက်၍စောင့်မတတ်သော ယောတိကနတ်
(၉) ကောင်းသောစကားကို မှတ်သားတတ်သော ကလျာဏမိတ္တနတ်
(၁၀)အိပ်သောအခါ ဦးခေါင်းရင်းက စောင့်ရှောက်တတ်သော နရိန္ဒာဒေဝီနတ် (သမန္တစက္ခုဒီပနီကျမ်း)

လူနှင့် လူ့ပတ်ဝန်းကျင်အား စောင့်ရှောက်နေထိုင်တတ်သော ကိုယ်စောင့်နတ် ရှိ၊ မရှိပြဿနာကို ဆရာတော်နှစ်ပါး အခြေအတင် အမေးအဖြေများ ပြုလုပ်ခဲ့ဖူးပါသည်၊ မုံရွာမြို့ရှိ ကျောင်းထိုင်ဆရာတော်ကြီး အရှင်သီရိမာလာကမေး၍ ဇေတဝန်ဆရာတော်ကြီးက လောက၌ ကိုယ်စောင့်နတ်အမှန်တကယ်ရှိကြောင်း သက်သေသာဓက ကျမ်းဂန်အထောက်အထားများပြ၍ ဖြေဆိုခဲ့ဖူးပါသည်၊

ရှေးအခါက ကလိင်္ဂမင်းနှင့် အဿကမင်းနှစ်ပါး စစ်ပြိုင်ကြသောအခါ ကလိင်္ဂမင်း၏ ကိုယ်စောင့်နတ်သည် အဖြူရောင်နွားလားဥဿဘအသွင်ဆောင်ပြီး အဿကမင်း၏ နွားလားဥဿဘသည် အနက်ရောင်ဖြစ်သည်၊

ထိုအဖြူနှင့် အမည်းနှစ်ကောင်သည် အချင်းချင်းဝှေ့ပြီး တိုက်ခိုက်ကြရာ အမည်းရောင် နွားလားဥဿဘ ရှုံးသွားသဖြင့် အဿကမင်းလည်း စစ်ရှုံးသွားလေတော့သည်၊ (စတုက္ကနိပါတ်တော် စူဠကလိင်္ဂဇာတ်တော်)

ကမ္ဘာသူ ကမ္ဘာသားတို့ ကိုးကွယ်အားထားရာ နတ်မျိုးသုံးပါး ရှိလေသည်၊

(စူဠနိဒ္ဒေသပါဠိတော်)

(၁) ဝိသုဒ္ဓိနတ် - ကိလေသာတို့မှ စင်ကြယ်ပြီးသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် သံဃာတို့ကို ခေါ်သည်၊
(၂) ဥပပတ္တိနတ် - နတ်ပြည်၊ ပြဟ္မာပြည်တို့၌ ကိုယ်ထင်ရှားဖြစ်သော နတ်များကို ခေါ်သည်၊
(၃) သမ္မုတိနတ် - လူ့အပေါင်းတို့အား အုပ်ချုပ်မင်းလုပ်သော ဘုရင်ကောရာဇ်ကို ခေါ်သည်၊

www.burmeseclassic.com

www.burmeseclassic.com

မိမိတို့ပတ်ဝန်းကျင်ရှိ ကိုယ်စောင့်နတ်များက မိမိတို့ကို ကောင်းစွာစောင့်ရှောက်ကူညီရန်အတွက်ကိုယ်၊ နှုတ်၊ စိတ်ဟူသော နလုံးသုံးပါးတို့အား သတိနှင့် ထိန်းသိမ်းပြီးနေထိုင်ပါက ကိုယ်စောင့်နတ်များကလည်း လူသားများအတွက် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံစွာနေထိုင်ရစေရန် အတတ်နိုင်ဆုံး အကာအကွယ်ပေးနိုင်သည့် ကြိုတင်အတိတ်နိမိတ်များဖြင့် သတိပေးနှိုးဆော်ပေးလိမ့်မည်ဟု စာရေးသူယုံကြည်မိပါသည်။

အတိတ်ဘဝက ဝဋ်နာကံနာများပါရှိပါက မလွဲမရှောင်သာ အထိုက်အလျောက် မိမိပြုထားသည့်ကံအတိုင်း ခံရပေမည်။ လောကဓံတရား (၈) ပါးဆိုသည့်အတိုင်း ကြံ့ကြံ့ခံနိုင်ဖို့ လိုအပ်ပေသည်။

ယခုစာရေးသူရေးသားလိုသော အကြောင်းအရာ အဖြစ်အပျက်များမှာ နှစ်ပေါင်းအတော်ပင် ကြာခဲ့ပေပြီ။ အမှတ်တမဲ့ သတိမထားသူများအတွက်မူကား ဘာမှသိရှိနားလည်မည်မဟုတ်သော်လည်း ကျွန်မ မိခင်ကဲ့သို့ နိမိတ်တို ယုံကြည်သတိမူသောသူအတွက်မူကား ကျွန်မအတွက် စာတစ်စောင်ပေတစ်ဖွဲ့ ဖြစ်စေရန် ကုန်ကြမ်းဖြစ်လာရပေတော့သည်။ နေရာသည်ကား ရန်ကုန် - အင်းစိန် လမ်းမကြီး၏ နံဘေးတွင်ရှိသော ရွာလေးတစ်ရွာတွင် (ယခုအလွန်စည်ကားလှသော မြို့နယ်ရပ်ကွက်ကြီး ဖြစ်နေပေပြီ) ဖြစ်သည်။

တစ်ရက်သော လသာညတစ်ညတွင် ဦးစိန်မောင်တို့၏ခြံနောက်ဖေးအိမ်သာထဲမှ လူလိုလို၊ သရဲလိုလို မပီပိုးတဝါး အရိပ်ကြီးတစ်ခုကြောင့် အိမ်သာတက်ရန် လာသော ဦးစိန်မောင်၏ သားသည် ထိုအရိပ်ကြီးအားတွေ့ရသေချာစွာ စိုက်ကြည့်နေစဉ် မျက်စိရှေ့တွင် ပျောက်ကွယ်သွားလေတော့သည်။

နောက်နေ့ညများတွင်လည်း ဟိုအိမ်နောက်ဖေး၊ ဒီခြံထဲဆို သလို မကောင်းဆိုးဝါး၏ အရိပ်အယောင်များကို ဟိုတစ်စ ဒီတစ်စ ရွာထဲရှိ လူတချို့ တွေ့ကြရလေသည်။ အဆိုးဆုံးမှာ (၁၀) နှစ်သာသာ အရွယ်သရဲတလေး သောင်းကျန်းနေခြင်းဖြစ်သည်။



ထိုကလေးအရွယ်သာရှိသော မကောင်းဆိုးဝါးသရဲကလေးကို ကံနိမ့်နေသူ ရွာသား တချို့မကြာခဏ တွေ့ကြရပြီး အိမ်နောက်ဖေးတံခါး ဖွင့်ထားသောအိမ်၌ အိုးခွက်ပန်းကန်များ လှန်လှောစားသောက်သည်အထိ သောင်းကျန်းသည့်အထိပင်။

ထိုသတင်းများကို ရွာထဲတွင်နေထိုင်ကြသော လူကြီးတချို့ကြားလျှင် ဒီလို မကောင်းဆိုးဝါးတွေကို လူတွေ တွေ့တွေ့နေကြတာဟာ မကောင်းတဲ့ နိမိတ်ပဲဟု ရှေးမီနောက်မီ အသက်ဝါကြီးသူတချို့က ဝေဖန်ပြောဆိုနေကြပြီး ငါတို့ရွာကြီး တစ်ခုခုကပ်ဆိုက်တော့မည့် အတိတ်နိမိတ်တွေပဲလား။ ညဘက် လသာညများတွင် ဟိုတစ်စု ဒီတစ်စု တီးတိုးတီးတိုးဖြင့် လူကြီးများ ပြောဆိုနေကြလေသည်။

တစ်နေ့သောအခါ ထိုရွာထဲရှိ ဦးကြည်ခင်ထံသို့ တခြားရွာတွင် နေထိုင်သော ဦးသာမောင်မှာ အချိန်မတော်ကြီး ရောက်ရှိလာလေသည်။ အချိန်မှာ ည (၁၀) နာရီ ရှိပေပြီ။

"ဗျို့ - ဦးကြည်ခင်"

"ဟာ - လာ - လာ - ဦးသာမောင်၊ ဘယ်လိုတုံး ခင်ဗျားဟာက အချိန်မတော်ကြီးဗျာ၊ ဝင် - ဝင်"

"ဟုတ်တယ်ဗျို့ ကျုပ်ထွက်လာတုန်းကတော့ စောသားဗျ။ ကျုပ်စီးလာတဲ့စက်ဘီးက တာယာကွဲသွားလို့ ဝင်ပြင်နေလို့ အချိန်လင့်သွားတယ်ဗျာ။ ကျွန်တော် ခင်ဗျားဆီဝင်ဖို့ အစီအစဉ်တော့မရှိဘူးဗျ။ ကျွန်တော် ကြောက်လန့်လာလို့ ခင်ဗျားဆီ အရင်ဝင်လာတာ"

ဦးသာမောင်မှာ ကြောက်တတ်သူတော့ မဟုတ်မှန်း ငယ်ပေါင်းကြီးဖော် ဦးကြည်ခင်က သတိထားမိလေသည်။ ထို့ကြောင့် ...

"ခင်ဗျား မလန့်တတ်မကြောက်တတ်မှန်း ကျုပ်သိသား၊ ဘာကို လန့်လာတုံး ပြောပြစမ်းပါဦး"

"ဒီလို - ကိုကြည်ခင်ရေ၊ စက်ဘီးဖာလို့ပြီးတော့ ကမာရွတ်ဈေးထိပ်က ဈေးဆိုင်မှာ ဈေးဝယ်ပြီးထွက်လာတော့ (၁၀) နာရီထိုးတော့မယ်၊ တစ်ဝန်းလုံးလည်း မှောင်လိုက်တာဗျာ။ ခင်ဗျားတို့ လမ်းထဲကဖြတ်ရင် ပိုနီးမယ်ဆိုပြီး ဖြတ်ပြန်လာတုန်း စပယ်ခြံဘက်ကို သွားတဲ့လမ်းချိုးကွေ့လေးတစ်ခုရောက်



www.burmeseclassic.com

www.burmeseclassic.com

တော့ လမ်းဘေးမှာ ကုန်းကုန်း – ကုန်းကုန်းနဲ့ လူတစ်ယောက်ထိုင်ပြီး ဘာလုပ်နေတယ် မသိပါဘူးဗျာ"

ဒါနဲ့ – ကျုပ်လည်းစပ်စုချင်တာနဲ့အဲဒီလူနဲ့မလှမ်းမကမ်းမှာစက်ဘီးလေး ရပ်ရင်းနဲ့ –

"ဟေ့လူ – ညဘက်ကြီး ဘာလုပ်နေတာလဲလို့ လှမ်းအော်ပြီး မေးလိုက်တော့ ဒီလူက ကျုပ်ကို အရေးမလုပ်ဘူးဗျာ၊ ကျုပ်လည်း စိတ်တိုသွားတာနဲ့ အနားသွားပြီး သူ့ရဲ့ကျောကို နောက်ကပုတ်လိုက်ပြီး "ဟေ့လူ – ကျုပ်မေးနေတာ ဘာလို့ဂရုမစိုက်တာလဲ" ဆိုပြီး မေးလိုက်တယ်လေ၊ အဲဒါကွာ" ဟုပြောပြရင်း ဦးသာမောင်မှာ တံတွေးတစ်ချက် မျိုချရင်း စကားကို ခဏရပ်ထားလေသည်၊

ဦးသာမောင်မှာ ပြောပြရင်း အနည်းငယ်လန့်နေသည်ဟု ဦးကြည်ခင် တွေးလိုက်မိလေသည်၊ ထိုအချိန်တွင် ဦးကြည်ခင်၏ဇနီး ဒေါ်ဝေမာ အိပ်ရာမှ နိုးလာပြီး ဦးကြည်ခင်အနားလာထိုင်ရင်း ဦးသာမောင် ဆက်ပြောပြမည့် စကားကို နားစွင့်နေလေသည်၊

ထိုအခါ ဦးကြည်ခင်က –

"ဝေရေ – ဒီကောင်ကြီးက မကြောက်တတ်ဘူးသာဆိုတယ် ဒီတစ်ခါတော့ သရဲနဲ့ နဖူးတွေ့ဒူးတွေ့တွေ့လာတော့ နည်းနည်းဖြုံသွားပုံရတယ်၊ တို့ရဲ့ဘုရားကျောင်းဆောင်ပေါ်က ပရိတ်ရေကို ဖန်ခွက်နဲ့ထည့်ယူလာခဲ့"

"ခဏနေဦး – သာမောင်၊ ပရိတ်ရေသောက်ပြီးမှ ဆက်ပြော"

ဦးသာမောင်သည် ဒေါ်ဝေဝေမာ လက်ထဲမှပရိတ်ရေအား မော့သောက်ချလိုက်ပြီးလျှင် ...

"ကဲ – ကြည်ခင်နဲ့ မဝေ ဆက်နားထောင်တော့၊ အဲ – အဲ – ကျုပ် စကားဘယ်ရောက်သွားပြီလဲ"

ဒေါ်ဝေဝေမာက ဦးသာမောင် ဆက်ပြောမည့်စကားကို မိန်းမပီပီ စိတ်ဝင်တစား ရှိလှသူဖြစ်သောကြောင့် ...

"အဲဒီလူရဲ့နောက်ကျောကို ကိုကြီးသာမောင် သွားပုတ်လိုက်တယ်လေ"



"ဗြော် – အေးအေး အဲဒီလူက ငါ့ဘက်ကို လှည့်ကြည့်တယ် မဝေရေ ဒါပေမဲ့ – သူ့ရဲ့မျက်လုံးကြီးတွေက ရဲရဲတောက်နေလိုက်တာ ခရမ်းချဉ်သီးကို မီးထွန်းထားသလားတောင် ထင်ရတယ်၊ မျက်နှာကြီးကလည်း ပြောမပြတတ်လောက်အောင် ကြောက်စရာကြီးဟာ၊ အဲဒါနဲ့ ငါလည်း အတော်လန့်

အေး–အေး–ငါ စဉ်းစားမိတာ တစ်ခုတော့ ရှိတယ် ကြည်ခင်။ မကြာခင်သေတော့မယ့် လူတစ်ယောက်က သူ့ရဲ့ဘဝကူးမယ့် နေရာကို ကြိုပြီးအတိတ်နိမိတ် ထင်တတ်တယ်ကွ။ ဥပမာ–မကောင်းတဲ့ သရဲဘဝကို ရောက်မယ့်သူက မကောင်းဆိုးဝါးကို ဟိုနေရာ ဒီနေရာမှာ ပုပ္ပနိမိတ် ထင်တတ်တယ်။ အခု မင်းတို့ရွာမှာများ တစ်ခုခုဖြစ်တော့မှာမို့ ရွာထဲ မကောင်းဆိုးဝါးတွေ သောင်းကျန်းနေတာများလားကွာ



သွားပြီး သူ့ကို စိုက်ကြည့်နေတုန်း အပုပ်နံ့တထောင်းထောင်းထနေတဲ့ သူ့ထဲဝပ်ပြဲကြီးနဲ့ ငါ့ကို စားပါဦးလားတဲ့၊ ငါလည်း ကြောက်ကြောက်နဲ့ပဲ သူ့ရှေ့ဘာလဲဆိုပြီး ခေါင်းစောင်းပြီးကြည့်လိုက်တာ ရွှေးသေကောင်ကြီးဗျာ၊ ငါလည်း အမလေး ဘုရားကယ်တော်မူပါဆိုပြီး စက်ဘီးကို အသည်းအသန်နင်းပြီး နင်တို့ဆီအရင်ဝင်လာခဲ့တာပဲဟေ့၊ ငါ့ရဲ့ရင်တစ်ခုလုံး ကြောက်လွန်းလို့ခုန်နိုင်ကြဲနေတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်ခင်နှင့် ဒေါ်ဝေဝေမာတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း ပြုံးလိုက်ကြလေသည်။

"အောင်မယ် - ငါက ဒီလောက်လန့်နေတာတောင် နင်တို့က ရီနိုင်၊ ပြုံးနိုင်နေသေးတယ်။ ဘာလဲ - ငါပြောတာကို နင်တို့လင်မယားနှစ်ယောက်က မယုံလို့လား"

"မဟုတ်ပါဘူး - ကိုကြီးသာမောင်ရာ၊ ယုံပါတယ် - ကျွန်မတို့ ရွာထဲမှာလည်း ဟိုနေရာ ဒီနေရာမှာ သရဲတွေလိုလို၊ ဘာလိုလို လူတွေ တွေ့တွေ့နေတတ်လို့ပါ"

ထိုအခါ ဦးသာမောင်ထံမှ "ဘာ" ဆိုသော အလန့်တကြား အသံကြီး ထွက်လာလေသည်။ ဦးသာမောင်က -

"ဟဲ့ - ဟဲ့ - ငါ့လည်း ပြောပြကြစမ်းပါဦးဟ"

"မသိပါဘူးဗျာ၊ ကျုပ်တို့ရွာ ဘာဖြစ်မလဲဆိုတာ ဟိုတစ်နေ့က ကျုပ်အိမ်တ သမီးကြီး အိပ်မက် မက်တယ်၊ အိပ်မက်ထဲမှာ ကျုပ်တို့ရွာ မီးလောင်လို့တဲ့လေ၊ အိပ်မက်ထဲမှာ လူတွေ ဇရုန်းသုန်းကားပဲတဲ့၊ အိပ်ရာက နိုးလည်း နိုးလာရော အဖေနဲ့အမေ အရေးကြီးတဲ့ပစ္စည်းတွေ အသေအချာထုပ်ပိုး သိမ်းဆည်းထားတော့တဲ့လေ၊ ကျုပ်ကလည်း သမီးရယ် အိပ်မက်ထဲမှာ လောင်တာပဲ အပြင်မှာလောင်တာမှ မဟုတ်တာ" လို့ ပြောလိုက်ရတယ် - ကိုသာမောင်ရေ၊ သမီးကတော့ အိပ်မက်ကြီးက ကြောက်စရာကောင်းလိုက်တာ၊ မီးလောင်နေတဲ့အထဲမှာ ကလေးတချို့ပါတယ်တဲ့ သာမောင်ရေ"

"နည်းနည်းတော့ သတိထားပြီးနေသင့်တယ်နော် - ကြည်ခင်၊ မင်းစဉ်းစားကြည့်ကွာ၊ ငါ့တစ်သက်မှာ ဒီလိုသရဲကို အကောင်လိုက်ကြီး မပြောနဲ့ ဟိုအရိပ် ဒီအရိပ်တောင်မှ ငါ မမြင်ရဘူးကွာ၊ အခု အရွယ်ကြီးမှ မင်းတို့ရွာလမ်းအချိုးမှာမှ ဒီလိုမဟုတ်တရုတ် တွေ့ရတယ်ဆိုတော့ကွာ၊ သူငယ်ချင်းရေ - ဟုတ်သော်ရှိ မဟုတ်သော်ရှိ (သံဗုဒ္ဓေဂါထာ၊ ၂၄ ပစ္စည်းပဌာန်း) များ စီးချထားတော့ကွာ၊ မဝေလည်း ကလေးတွေကို ဂရုစိုက်နော်"

"ကဲ - ကိုကြီးသာမောင်၊ ဒီည ဒီမှာပဲ အိမ်သွားတော့ မနက်မိုးလင်းခါနီးမှပဲပြန်ဟုတ်လား၊ အခု ညပြန်လို့ သိပ်မကောင်းတော့ဘူး၊ အခုလည်းကြားတယ် မဟုတ်လား၊ တစ်လမ်းလုံး ခွေးတွေအူနေတာ အဲဒါပဲကြည့် - ကိုကြီးသာမောင်ရေ၊ မကြာမကြာ အခုလို ခွေးတွေ ရွာထဲမှာဝုန်းဒိုင်းကြပြီး နေတော့တာပဲတော်"

"အေး - အေး - ငါ စဉ်းစားမိတာ တစ်ခုတော့ရှိတယ် ကြည်ခင်၊ မကြာခင် သေတော့မယ့် လူတစ်ယောက်က သူ့ရဲ့ဘဝကူးမယ့်နေရာကို ကြိုပြီး အတိတ်နိမိတ် ထင်တတ်တယ်ကွ၊ ဥပမာ - မကောင်းတဲ့ သရဲဘဝကိုရောက်မယ့်သူက မကောင်းဆိုးဝါးကို ဟိုနေရာ ဒီနေရာမှာ ပုဗ္ဗနိမိတ် ထင်တတ်တယ်၊ အခု မင်းတို့ရွာမှာများ တစ်ခုခုဖြစ်တော့မှာမို့ ရွာထဲ မကောင်းဆိုးဝါးတွေ သောင်းကျန်းနေတာများလားကွာ"

ထိုအခါ မဝေက -

"ကိုကြီးသာမောင်ကလည်း ဖွဟဲ့လွဲပါစေဖယ်ပါစေ၊ သူ့ရွာမဟုတ်တိုင်း ဘာတွေပြောနေမှန်းလည်း မသိပါဘူး၊ တကယ်ပါပဲ - ကျွန်မတို့ တစ်ရွာလုံး ဘုရား တရားမြဲတယ် အစ်ကိုကြီးရဲ့၊ အရမ်းအဆိုးကြီးဖြစ်မှာ မဟုတ်ဘူး၊ တကယ်တမ်း ဝဋ်ကြွေးတစ်ခုကြောင့် ကျွန်မတို့တစ်ရွာလုံး ကြုံတွေ့ရတော့မယ်ဆိုရင်တောင်မှ ကျွန်မတို့ရွာကို စောင့်ရှောက်တဲ့ ရွာစောင့်နတ်တို့၊ လမ်းစောင့်နတ်တို့က ကျွန်မတို့ ရွာသားတွေကို ကြိုတင်ပြီး ပြင်ဆင်နိုင်အောင် သတိပေးနိုးဆော်မှာပဲလေ၊ ကျွန်မကတော့ ကျွန်မရဲ့သမီး အိပ်မက်ထဲမှာ ရွာမီးလောင်မယ်လို့မက်ကတည်းက အရေးကြီးတဲ့ပစ္စည်းမှန်သမျှ အင်းစိန်မှာရှိတဲ့ အစ်ကိုဝမ်းကွဲအိမ်မှာ သွားပို့ထားပြီးပြီ၊ အိမ်မှာ ဗီရိုတချို့နဲ့ အဝတ်အစားလောက်ပဲရှိတော့တယ် ကိုကြီးသာမောင်ရေ၊ သတိဆိုတာ ပိုတယ်လို့ မရှိဘူး၊ ကလေးစကား အရှုးစကားဆိုတာ မှန်တတ်တယ်လေ၊ အိမ်တစ်ယောက်လုံးက ကလေးအိပ်မက်ကို သိပ်မယုံချင်ဘူး၊ တကယ် ဟုတ်သော်ရှိ မဟုတ်သော်ရှိပေါ့လေ - မဟုတ်ဘူးလား"

ထိုနေ့ညက သုံးယောက်သား၏စကားဝိုင်းမှာ ကောင်းလှပေရာ မနက်မိုးလင်းကြက်တွန်သံကြားမှပင် စကားဝိုင်းကို အဆုံးသတ်ပြီး ဦးသာမောင်သူနေထိုင်သည့်ရွာသို့ ပြန်သွားလေတော့သည်။

(၁)ပတ်ကျော်ကျော်ကြာသောအခါ တစ်ရွာလုံး မမေ့နိုင်သည့်နေ့ တစ်နေ့ရောက်ရှိလာပေသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ကောင်းကင်တစ်ခွင်၌ မလင်းတလင်း၊ မမှောင် တမှောင်နှင့် နေမထွက်ဘဲ မိုးလေအုံ့ပျပျဖြစ်နေသော နေ့လယ်ခင်းအခါသမယ၌ စိုးကျော်၊ ဝင်းဝင်းလှိုင်၊ မျိုးမင်းနှင့် လုံးလုံးတို့ သူငယ်ချင်းလေးယောက် ကစားရန် စုဝေးတာစုနေကြလေသည်။ တစ်ယောက်က ထုပ်ဆီးထိုးတမ်း၊ တစ်ယောက်က စိန်ပြေးတမ်းနဲ့ တစ်ယောက်တစ်ပေါက် ငြင်းခုန်နေကြ သည်။ နောက်ထပ် ကလေးများလည်း ဟိုတစ်ယောက် ဒီတစ်ယောက် ကစားဝိုင်းထဲ ပြေးဝင်လာကြလေသည်။ (၁၀)နှစ်ကျော် (၁၂)ဝန်းကျင် အရွယ်များမို့ အငြင်းသန်ပြီး ဗိုလ်ကျအနိုင်မခံ အရှုံးမပေးဘဲ ဆူညံစွာဆော့ကစားနေကြစဉ် ...

"ဝုန်း" ဆိုသော ကျယ်လောင်စွာ ပေါက်ကွဲသံကြီးကြောင့် ဆော့ကစားနေကြသော ကလေးများ ထိတ်လန့်သွားကြပြီးလျှင် ...

"အား - အမလေး၊ အမေရေ - ကယ်ကြပါဦး၊ ဘာသံကြီးလဲ"

ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့ခြင်းကြီးစွာ အော်ဟစ်ပြီး ကိုယ့်အိမ်ရှိရာ အသီးသီး အပြေးအလွှားပြန် ပြေးကြသလို မိဘမောင်ဖွားများကလည်း အသည်းအသန် စိုးရိမ်ကြီးစွာဖြင့် သူ့သားသမီး၊ ငါ့သားသမီး ထွက်အော်ခေါ်နေကြလေသည်။

ထိုရွာအတွင်းရှိ နေထိုင်သူများမှာ မိနစ်ပိုင်းအတွင်း ကမ္ဘာပျက်သွားသလားဟု ထင်ရလေသည်။ ဖြစ်ပျက်နေသောအချိန်မှာ နေ့လယ် (၂)နာရီလောက်ရှိပေမည်။ အိမ်အသီးသီးတွင်ရှိကြသော အိမ်ရှင်မများ အသီးသီးသည်လည်း စိုးရိမ်ကြောင့်ကျမှုကြီးစွာ ပစ္စည်းများ သိမ်းဆည်းထုပ်ပိုးထားကြလေသည်။ တအောင့်အကြာ ရွာရှိလူကြီးတချို့စုံစမ်းကြည့်ကြသောအခါ ရွာထိပ်ရှိ ရေခဲတုံးလုပ်သည့် စက်ရုံအသေးလေးဆီမှ ဂက်စ်ဘွိုင်လာအိုး ပေါက်ကွဲသွားခြင်း ဖြစ်သည်တဲ့။

ထိုဂက်စ်ဘွိုင်လာအိုးကြီး၏ ပြင်းထန်သော ကျယ်လောင်စူးရှ၍ ကြောက်မက်ဖွယ်အသံကြောင့် ရွာထဲရှိ အိမ်အသီးသီးသည် စိုးရိမ်စိတ်ကြီးစွာ ပစ္စည်း များ ကြိုတင်သိမ်းဆည်းထားကြပြီး ခဏအကြာတွင် ရွာလယ်၌ နေသော အိမ်တစ်အိမ်မှ စတင်၍ မီးလောင်မှုဖြစ်ပွားရာ တစ်ရွာလုံး ပစ္စည်းများထုပ်ပိုးပြင်ဆင်ပြီးဖြစ်ကြသဖြင့် ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ထွက်ပြေးရုံသာ ဖြစ်ပေတော့သည်။



ရွာထိပ်ရှိ ကြောက်မက်ဖွယ်အသံဆိုးကြီးကြောင့် ပစ္စည်းများ ထုပ်ပိုးသိမ်းဆည်းပြီး မရှည်မနှောင်းပင် မတော်တဆမီးကြောင့် တစ်ရွာလုံး ပြုတ်ပြုတ်ပြုန်းလုလောင်ကျွမ်းတော့မည်ဟု တစ်ရွာလုံးကို သတိပေးတပ်လှန့်လိုက်ခြင်းပေလော၊ မလောင်ခင်ရက်များမှာလည်း ကြိုတင်ပြီးကြောက်လန့်စရာများကို တစ်ရွာလုံးကို သိသိသာသာကြီး နိမိတ်ပြနေခြင်းပင်လောဟု တွေးတောစရာပင်။

ထိုအဖြစ်အပျက်များဖြစ်ပြီး အေးချမ်းသွားသောအခါ ကိုယ့်အိမ်ကိုယ့်ရာ အသီးသီးပြန်လည်နေရာရ၍ အိမ်ဆောက်ရန်ပြင်ဆင်နေစဉ် စိတ်မကောင်းစရာသတင်းတစ်ခုကို ဦးကြည်ခင်နှင့် ဒေါ်ဝေဝေမာတို့ ကြားသိလိုက်ရလေသည်။

ထိုသတင်းမှာ ကလေး (၄၊ ၅)ယောက် မီးထဲပါသွားတယ်ဆိုသည့် သတင်းပင်၊ ရေခဲစက်ဝင်းနှင့်ကပ်ပြီး နေထိုင်ကြသော မိသားစုများထဲမှ ကလေးတချို့မီးလွတ်ရာသို့ အပြေးတွင် ရေခဲစက်ဝင်းအား ကာရံထားသော အုတ်နံရံနှင့် ပိတ်မိနေပြီး မီးလောင်ခံရခြင်း ဖြစ်ပေသည်။

ရေခဲစက်မှကျက်သရေကင်းမဲ့သည့်ကြောက်မက်ဖွယ်အသံဆိုးကြီးဖြင့် သတိပေးသော်လည်း သတိမမူ ဂရုမမြင်သည့် မိသားစုများ၏ ပေါ့ဆမှုကြောင့် ထိုသို့ ကလေးများ ကံဆိုးကြခြင်းပင် ဖြစ်သည်။

ဒေါ်ဝေဝေမာသည် ဟာလာဟင်းလင်းဖြစ်နေသောအကွက်ရိုက်ထားပြီး ဖြစ်သည့် မီးလောင်ခံထားရသည့် မြေကွက်များကို မျက်စိတဆုံး လိုက်ငေးကြည့်ရင်း သမီးဖြစ်သူ၏ အိပ်မက်နှင့်တကွ ကြိုတင်နိမိတ်များကို မြင်ယောင်တွေးတောမိပြီး အိပ်မက်အတိတ်နှင့်တကွ နိမိတ်ဆိုသည့် အကြောင်းအရာများသည် ထူးဆန်းအံ့ဩလွန်းလှသဖြင့် ကြိုတင်၍ ကာကွယ်နိုင်စေရန် အိပ်မက်ပေးခဲ့သော (မဟိရာဇာ) နတ်ကို မေတ္တာပို့သလိုက်လေတော့သည်။

>>> အောင်ဇေယျာထက်ဆေ

www.burmeseclassic.com

"အေးအေးဆေးဆေး ကြွန်းမိုးမရှိဘဲနေနဲ့နော်။ အရက်တွေကိုလည်း
မူးအောင်သောက်မလာနဲ့။ အကြွက်ကလေးပေါ်လာပြီး
ဆိပ်ချုပ်အဝဝသောက်ချင်သေသောက်"
ဒေါ်သန်းမြင့်က ရှုံ့သားသောင်ရှုး အကြွက်ရွှေ့ထွက်သို့ရှိနေမှာ
နှုတ်ခွံ့မှာနေချစ်စကားနဲ့ မှာနေပေတော့ပါ။
ဒေါ်သန်းမြင့်အတွက် မိတတ်သားပေးသော ရှုံ့ခွံ့ကြောရုပ်နှိ
ဆိပ်ကြောင်းပေးစပ်နေပြီ။
"ခင်းပါ - အဝမေရာ"





# ရွှေတာဓာန်

ရှင်းမဖယ်သာ

www.burmeseclassic.com

# ရှုံးမဖပါသော

နွေတမာန်

**အောင်ထူး**ကလည်း နေ့စဉ် ပြန်ပြောနေကျအတိုင်း စိတ်မပူပါတပါလေသံနဲ့ ပြန်ပြောရင်းက အိမ်က ထွက်သွားတယ်။

ဒေါ်သန်းမြင့် အောင်ထူး ကျောပြင်ကို နောက်ကနေကြည့်ရင်းက ကျန်ခဲ့တယ်။

အောင်ထူး သူ့မြင်ကွင်းထဲက ပျောက်သွားတဲ့အထိ ငေးကြည့်နေမိတာပါ။ ဒါလည်း ဒေါ်သန်းမြင့်အတွက် နေ့စဉ်လုပ်မိနေကျအလုပ်တစ်ခုလို့ပါပဲ။

အမေတစ်ခု သားတစ်ခုဘဝမှာ ဒေါ်သန်းမြင့်ဟာ အောင်ထူးအတွက် အမြဲတမ်း စိတ်ပူပန်နေရတယ်။

အောင်ထူးအလုပ်တလည်း ကားမောင်းတဲ့အလုပ်ဆိုတော့ စိတ်မြန်လက်မြန်ရှိတတ်တဲ့ သူ့သားအကျင့်ကို သိထားလို့ ဒေါ်သန်းမြင့်ပူပန်မယ်ဆိုလည်း ပူပန်စရာပါ။



တစ်နေ့တစ်နေ့ ဒေါ်သန်းမြင့်မှာ အောင်ထူးမောင်းတဲ့ကား ဘေးအန္တရာယ်ကင်းရှင်းပါစေလို့ ဆုတောင်းရတာအမော။

အောင်ထူးက မြို့သစ်နဲ့မြို့တွင်းကိုပြေးတဲ့ "စစ်သည်မောင်" ဘတ်စ်ကားယဉ်လိုင်းမှာ ကားမောင်းတဲ့ ဒရိုင်ဘာပါ။

သူမောင်းတဲ့ကားက ဒိုင်နာကား။ ကားအုံနာက ဒီမြို့သစ်မှာပဲနေတယ်၊ အောင်ထူးတို့အိမ်နဲ့ တစ်ပြလောက်ပဲဝေးတယ်။ မနက်ဆိုရင် အောင်ထူး အစောကြီးထပြီး ခြောက်နာရီအရောက် ကားအုံနာအိမ်ကို သွားရတယ်၊ ကားကို စပယ်ယာမောင်နီနဲ့အတူ စစ်ဆေးယူပြီး မြို့သစ်ဂိတ်မှာ ဂိတ်သွားထိုးရတယ်။ တစ်နေ့လုံး မြို့သစ်နဲ့မြို့ထဲက မြို့မဈေးကို အခေါက်ခေါက် ကူးသန်းမောင်းနှင်နေရတာပါ။

ယာဉ်လိုင်းက ည (၈)နာရီလောက်မှ သိမ်းလို့ အပြန်မိုးချုပ်တတ်ပါတယ်။ တစ်နေ့လုံး သားအတွက် စိတ်ပူပန်နေရတတ်တဲ့ ဒေါ်သန်းမြင့်ဟာ ကားသိမ်းပြီးတာနဲ့ အိမ်ကို အရောက်ပြန်လာစေချင်တယ်။

အောင်ထူးက ဒီလိုမဟုတ်ဘူး။ ကားသိမ်းပြီးမှ လမ်းထိပ်ကအရက်ဆိုင်မှာ အရက်သောက်နေတတ်တယ်၊ မူးမှ အိမ်ပြန်လာတယ်၊ မူးနေတော့ ညစာထမင်းကို ကောင်းကောင်းစားမဝင်တော့ဘူး။ ဒေါ်သန်းမြင့်က အမြဲ သတိထားနေရတဲ့ကားမောင်းတဲ့အလုပ်ကို လုပ်နေရလို့ အစားကို ကောင်းကောင်းစားစေချင်တယ်၊ ဝဝလင်လင် အားပြည့်အောင် စားစေချင်တယ်၊ ဒါပေမဲ့ - အောင်ထူးက ညတိုင်း အရက်မသောက်ရရင် မနေနိုင်ဘူး။ ညစဉ်သောက်လာတာပဲ။

မြို့သစ်ဂိတ်ကို ပြန်ရောက်ပြီးမှ ကားကို အုံနာအိမ်မှာပြန်အပ်ပြီးမှ လမ်းထိပ်ဆိုင်မှာ သောက်တာမျိုးဆိုရင် တော်ပါသေးတယ်၊ တစ်ခါတလေကျ မြို့ထဲမှာ ခရီးသည်စောင့်ရင်း ကားအကြာကြီးရပ်ထားရရင် ကားဂိတ်နဲ့ နီးရာဆိုင်မှာ ဝင်သောက်လာတတ်တယ်၊ ညပိုင်းဆိုရင် ခရီးသည်နည်းတော့ တစ်ခါတလေကျ လူပြည့်အောင် စောင့်ရတာမျိုး ရှိတာကိုး၊



www.burmeseclassic.com

တာတို့သုံးနာထိပြန်အစ်ခင် လမ်းမှာ သောက်လာတာမျိုးကို ဒေါ်သန်းမြင့်က ဖိုကြီးစိုးရိမ်မိပါသေးတယ်။ အဲဒါကြောင့်လည်း အိမ်ကထွက်တိုင်း အောင်ထူးကို မှာနေရတာပါ။

ယောကျ်ားလေးမို့ အရက်သောက်တာကို ဒေါ်သန်းမြင့်က အပြစ်မပြောချင်ပါဘူး။ အများကြီး တရားလွန်သောက်မှာကိုသာ စိုးရိမ်မိတာပါ။ အဲဒါကြောင့် သောက်ချင်ရင် အိမ်ကိုဝယ်လာပါ။ ထမင်းမစားခင် အိမ်မှာပဲ သောက်ပါ။ တန်ရုံသင့်ရုံသောက်ပြီး ထမင်းကိုဝင်အောင်စားပါလို့ ဒေါ်သန်းမြင့်က အောင်ထူးကို အမြဲပြောတယ်။

အောင်ထူးက အိမ်မှာ တစ်ယောက်တည်းသောက်ရတာ ပျင်းစရာကောင်းတယ်တဲ့။ ဆိုင်မှာမှ အပေါင်းအသင်းအစုံနဲ့ ရယ်စရာမောစရာပြောရင်း သောက်ရတာ ဇီလင်လာတယ်တဲ့။ မှတ်ကောဘူးလား။ ဒေါ်သန်းမြင့်က အမေဆိုတော့ ပွပန်တာပါပဲ။

အဲဒါကြောင့်လည်း . . .

"သား - အပြန်မိုးမချုပ်စေနဲ့နော်။ အရက်တွေကိုလည်း မူးအောင်သောက်မလာနဲ့။ အပြင်ကဝယ်လာပြီး အိမ်ကျမှ အဝသောက်ချင်သောက်"

ဆိုတဲ့စကားစုက အောင်ထူး အပြင်ထွက်ခါနီးတိုင်း ဒေါ်သန်းမြင့် မှာနေကျ စကားစုတစ်ခု ဖြစ်နေတော့တာလေ။

ဒါပေမဲ့ - မှာတာက မှာတာပါပဲ။ အောင်ထူးကတော့ အိမ်ပြန်ရောက်ရင် မူးနေပြီ။ ထမင်းကို စားတယ်ဆိုရုံစားပြီး အိပ်တော့တာပဲ။

အောင်ထူးအတွက် အန္တရာယ်ကင်းရှင်းအောင် ဒေါ်သန်းမြင့်မှာ တစ်နေလုံး ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့နဲ့ လုပ်နေရတော့တယ်။

အမေနဲ့သား နှစ်ယောက်တည်းရှိတဲ့ သူတို့အိမ်ကလေးမှာ ဒီလိုပဲ တစ်နေ့ တစ်နေ့ လည်ပတ်နေတော့တာပါပဲ။

အောင်ထူးထွက်သွားတာနဲ့ ဒေါ်သန်းမြင့် အိမ်တံခါးကိုသော့ခတ်ပြီး ဈေးကိုထွက်ခဲ့တယ်။ သားအတွက် ညစာ ဖွယ်ဖွယ်ရာရာလေး ချက်ဖို့ပါ။

အောင်ထူးကို ထမင်းချိုင့်ထည့်ပေးစရာမလိုဘူး။ နေ့လယ်စာကိုတော့ ဂိတ်မှာပဲ ဝယ်စားတတ်တယ်။

အဲဒါကြောင့် အိမ်မှာတစ်နပ်တည်း စားတဲ့ညစာကို ဒေါ်သန်းမြင့်က ကောင်းကောင်းစားစေချင်တာလေ။ သူက ဖွယ်ဖွယ်ရာရာချက်ထားပေမယ့် မူးလာတဲ့အောင်ထူးက ဖိတ်တစ်ဝက် စဉ်တစ်ဝက်နဲ့ စားတယ်ဆိုရုံစားတာကိုမြင်ရရင် ဒေါ်သန်းမြင့် စိတ်မကောင်းဘူး။

ဒါပေမဲ့ - အမေဆိုတော့ကာ အမှတ်မရှိပါဘူး။ ဒီညတော့ ငါ့သားလေး စောစောပြန်လာကောင်းရဲ့၊ အမေချက်ထားတဲ့ ဟင်းကလေး စားကောင်းပါရဲ့လို့တွေးပြီး နေ့တိုင်း ဈေးသွား၊ ကောင်းကောင်းမွန်မွန် ချက်ပြုတ်ထားတတ်တာချည်းပဲ။

ဒီနေ့တော့ - အောင်ထူး ကြိုက်တတ်တဲ့ ရေတိုသီးများများနဲ့ ခပ်စပ်စပ်လေး ချက်မယ်လေ။

ဒေါ်သန်းမြင့် အိမ်လည်းပြန်ရောက်ရော အိမ်ရှေ့မှာ ရပ်နေတဲ့ ရွာက ညီမဝမ်းကွဲ မအေးမာကို တွေ့လိုက်ရတယ်။

"ဟဲ့ - အေးမာ၊ အကြောင်းမကြား ဘာမကြားနဲ့ပါလားအေ"

"မကြီးဆို ချက်ချင်းကြီး ထွက်လာတာ မမသန်းမြင့်ရေ၊ ရွာထိပ်က တိုရင်ညီနဲ့ မဖြူတုတ်တို့လင်မယားက မမသန်းမြင့်ကိုလည်း အလှူလာဖို့ ဖိတ်လိုက်တယ်"

"လာနိုင်ပေါင်အေ၊ ငါလာရင် အောင်ထူးတစ်ယောက်တည်း ဘယ့်နှယ်ဖြစ်မလဲအေ့"

"မမသန်းမြင့်တို့ကတော့ လုပ်ပြီ၊ သူ့မှာ ဒီသားအတွက်ပဲ အချိန်ပေးနေရတယ်၊ တကတဲ ..."

www.burmeseclassic.com

"အောင်ထူးကို ဝါမကြည့်လို့ ဘယ်သူကြည့်မလဲအေ၊ ညီးကလဲ -"

ညီအစ်မနှစ်ယောက်သား အိမ်တံခါးဖွင့်ဝင်ပြီး မနက်စာ ချက်ကြပြုတ်ကြတယ်။

"ထမင်းစားပြီးရင် မြို့မဈေးထဲသွားပြီး သင်္ကန်းဝယ်မယ်နော် - မသန်းမြင့်၊ အလှူအတွက် တခြားဝယ်စရာလေးတွေလည်း ရှိသေးတယ်၊ အိမ်ကကလေးတွေ အလှူမှာဝတ်ဖို့လည်း အဝတ်အစားဝယ်ရမယ်၊ မမသန်းမြင့်လိုက်ခဲ့ဦး"

"မနက်မှ သွားပါလားအေ့၊ မြို့ထဲအသွား အောင်ထူးကားနဲ့ လိုက်သွားရုံပဲ"

"အချိန်မရဘူး၊ ကျုန်မ နတ်ဖြန်နေ့စင်းပြန်မှာ"

"ညည်းတို့ကလည်း လာလိုက်ရင် ဖုတ်ပူမီးတိုက် ချည်းပဲ၊ ငါ့တို့အဖော်ရအောင် သုံးလေးညအိပ်မယ်တော့ မရှိဘူး၊ တကတဲ - ငါ့မှာ တစ်ယောက်တည်း ပျင်းနေရတာအေ့"

"လယ်သိမ်းပြီးရင် တစ်လကိုးသီတင်း လာနေပေးပါ့မယ် မမသန်းမြင့်ရယ်"

* * *

ဒီလိုနဲ့ - ထမင်းစားသောက်အပြီးမှာ ညီအစ်မနှစ်ယောက်သား မြို့ထဲကို ထွက်ခဲ့ကြတယ်၊ ဈေးထဲမှာ ဈေးဝယ်ရုံဆိုပေမယ့် ဝယ်တာချမ်းတာ တော်တော်နဲ့မပြီးပါဘူး၊ သင်္ကန်းဝယ်တာ၊ အဝတ်အစားဝယ်တာ၊ တခြားတိုလီမိုလီတွေ ဝယ်တာနဲ့ချည်း နေ့လယ်နှစ်နာရီထိုးသွားတယ်၊ ရွာက လူကြုံလို့ ပေးလိုက်တဲ့စာကိုလည်း သွားပေးရသေးတယ်၊ ဟိုရောက်တော့ ကိုယ့်ရွာသားအချင်းချင်းဆိုတော့ မပြန်ပါနဲ့ဦး၊ ညစာ စားသောက်ပြီးမှ ပြန်ပါဆိုလို့ နေနေရသေးတယ်၊ ဒေါ်သန်းမြင့်နဲ့ သူတို့နဲ့ကလည်း တစ်မြို့တည်းနေ



တယ်ဆိုပေမယ့် မြို့သစ်နဲ့မြို့ထဲဆိုတော့ တွေ့ရခဲတယ်လေ၊ ရွာကလူလာတုန်း ဆုံရတာဆိုတော့ စကားတွေက ပြောမကုန်ဘူး၊ ရှေးဟောင်းနှောင်းဖြစ်တွေရော၊ လက်ငင်းစီးပွားရေးအခြေအနေတွေရော ပြောလိုက်ကြတာ ညနေစောင်းရော၊

ညစာပါ စားပြီးမှ အဲဒီအိမ်က ပြန်ထွက်ဖြစ်ပါတော့တယ်၊ မအေးမာဝယ်ထားတဲ့ ပစ္စည်းခြင်းကြီးကိုလည်း အဲဒီအိမ်မှာပဲ ထားပစ်ခဲ့လိုက်တယ်၊ ရွာပြန်ရင် ကားကို မြို့ထဲ လာစီးရမှာကိုး၊

မနက်ဖြန်မှ ကားဂိတ်ဆင်းရင် ဝင်ယူတော့မယ်၊ အလေးခံ မသယ်တော့ဘူးဆိုပြီး ထားခဲ့လိုက်တာပါ၊

"သွားကြစို့ - အေးမာရေ၊ ငါတို့ အောင်ထူးကားကို မီနိုင်သေးတယ်တဲ့၊ ဒီအချိန်ဆို နောက်ဆုံးအခေါက်သိမ်းပြီ"

"မသန်းမြင့်မလဲနော် - ဒီသားပဲ သူ့စိတ်ထဲရှိနေတယ်၊ အသက်ကြီးပြီ သံယောဇဉ်တွေကို လျှော့ဦး"

အိမ်ရှင်သူငယ်ချင်းက ပြောတယ်၊

"အို - မတင်မိရယ်၊ ငါ့မှာ ညည်းတို့လို သားသမီးသုံးလေးယောက် ရှိတာမဟုတ်ဘူးအေ့၊ အောင်ထူးအတွက် ပူရပန်ရတယ်တော်"

"အေးဟေ့ - ညည်းသားက ပူလည်းပူစရာပဲ၊ ကြုံတုန်းမို့ ပြောရဦးမယ်၊ တစ်လောက အောင်ထူးနဲ့တွေ့တော့ နေ့လယ်ခင်းကြီး သူ့ဆီက အရက်နံ့ရတယ်အေ့၊ ငါလည်း ဆုံးမလိုက်ပါတယ်၊ ညည်းလည်း ကိုယ့်သားကိုယ် ဆုံးမဦး"

ဒေါ်တင်မိစကားကြောင့် ဒေါ်သန်းမြင့် မျက်နှာကလေးငယ်သွားရှာပါတယ်၊

"ငါ့မလဲ ဒါအတွက်ပဲ တစ်နေ့တစ်နေ့ ပူနေရတာပါ မတင်မိရယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ည အောင်ထူး ကားကို စောစောသိမ်းခဲ့တယ်။

နောက်ဆုံးအခေါက်အနေနဲ့ မြို့သစ်ကိုပြန်မယ့်ကားတာ ဂိတ်မှာထိုးထားတာ လေးစီးရှိတယ်။ လေးစီးထဲမှာ သူ့ကားက နောက်ဆုံးမှ အလှည့်ကျမှာ ညပိုင်းဆိုတော့ ခရီးသည်ဆယ်ယောက်ပြည့်အောင်တောင် တော်တော်စောင့်ရဦးမှာလေ၊ အောင်ထူး စိတ်မရှည်ဘူး။ အရက်ကလည်း သောက်ချင်နေပြီ၊ ဒါနဲ့ စပယ်ယာမောင်နီက –

“ဝါတို့ပြန်ကြစို့ကွာ၊ အလှည့်ကျအောင် စောင့်နေရင် မိုးချုပ်လိမ့်မယ်”

လို့ ပြောလိုက်တယ်။

ဂိတ်မှူးကိုလည်း သူ့ကား သိမ်းတော့မယ့်အကြောင်း၊ ပြောခဲ့ပြီး ဂိတ်ကနေ ကားကို မောင်းထွက်လာခဲ့တယ်။ ကားပေါ်မှာ ခရီးသည် တစ်ယောက်မှမပါဘူး။ ဒီတော့လည်း လွတ်လွတ်လပ်လပ် မြို့ထဲမှာအရက်သောက်ပြီးမှ ပြန်ဖို့ ဆုံးဖြတ်လိုက်တာပေါ့။

အောင်ထူးက ကားကို အရက်ဆိုင်တန်းမောင်းလိုက်တယ်။

မောင်နီက “ကိုကြီးအောင်ထူး၊ မြို့သစ်ပြန်ရောက်မှ သောက်မှာ မဟုတ်ဘူးလား” လို့ မေးသေးတယ်။ သူက မသောက်တတ်တော့ အောင်ထူးဘေးမှာ ထိုင်စောင့်နေရမှာမို့ မေးတာပါ။

“မင်းဟာမင်း အအေးသောက်ရင်း စောင့်နေပါကွာ။ တစ်ခါတလေ မြို့ထဲမှာ သောက်ပါရစေ” လို့ အောင်ထူးက ပြန်ပြောတယ်။

ဒီလိုနဲ့ အရက်ဆိုင်အရောက်မှာ မောင်နီအတွက် အအေးတစ်လုံး မှာပေးပြီး သူ့အတွက်တော့ ဝီစကီတစ်ပိုင်း မှာလိုက်ပါတယ်။



ဒေါ်သန်းမြင့်နဲ့ မအေးမာ ကားဂိတ်ကိုရောက်တော့ အောင်ထူး ကားကို မတွေ့ရဘူး။ ဂိတ်မှူးကို မေးကြည့်တော့ . . .

“အဒေါ်သား အလှည့်ကျမှာကို မစောင့်နိုင်လို့ ကားသိမ်းသွားပြီ”

လို့ ပြောတယ်။

ဂိတ်မှူးက ဒေါ်သန်းမြင့်ကို အောင်ထူးအမေမှန်း သိနေပြီးသားပါ။

ဆိုင်ကယ်ကို အောင်ထူး ကားခေါင်းက ဘေးစောင်းတိုက်ဝင် တိုက်မိတယ်။ ဆိုင်ကယ်ရဲ့ အလယ်တည့်တည့်ကို တိုက်လိုက်မိတာမို့ ယာဉ်ငယ်ဖြစ်တဲ့ဆိုင်ကယ်ဟာ လွင့်စဉ်ထွက်သွားပါတယ်။ ဆိုင်ကယ်က သူ ထွက်လာတဲ့ဘက်ကို ပြန်လည်ပြီး လွင့်စဉ်ထွက်သွားတာမှာ လူပါ ပါသွားတယ်။ ပလက်ဖောင်း ရောက်တော့ လူတခြား ဆိုင်ကယ်တခြား ဖြစ်သွားပြီး ဆိုင်ကယ်ပေါ်က လူရဲ့ခေါင်းက ပလက်ဖောင်းနဲ့ ပြင်းပြင်းထန်ထန် ထိခိုက်မိပါတော့တယ်။



ဒေါ်သန်းမြင့်နဲ့ မအေးမာလည်း မြို့သစ်ပြန်ဖို့ တန်းစီထားတဲ့ကားတွေထဲက ရှေ့ဆုံးကားပေါ် တက်ထိုင်လိုက်တယ်။

ကားကတော့ တော်တော်နဲ့ထွက်ဦးမှာ မဟုတ်ဘူး၊ ကားပေါ်မှာ သူတို့နဲ့မှ ခရီးသည်ငါးယောက်ပဲ ရှိသေးတာလေ။



www.burmeseclassic.com

www.burmeseclassic.com

အောင်ထူး အရက်သောက်ပြီးတော့ မှောင်ရီပျိုးနေပြီ။

ထုံးစံအတိုင်း အောင်ထူးက အရက်မူးရင် သွေးကြွကြွနဲ့ အမြန်မောင်းတယ်။

မောင်နီကတော့ ...

"ဖြည်းဖြည်းလုပ်ပါ - ကိုကြီးအောင်ထူးရ"

လို့ ပြောယူရတယ်။

"ကားပေါ်မှာ လူပါတာမှ မဟုတ်ပါကွာ။ လမ်းမှာလည်း လူစောင့်တင်စရာမလိုဘူး။ လွတ်လွတ်လပ်လပ်ရှိတုန်း အမြန်မောင်းပါရစေ။ ဒါမှ ဖီလင်လာတာကွ"

အောင်ထူးက ကားအရှိန်ကို ပိုတောင်မြှင့်လိုက်သေးတယ်။

ဒီလိုနဲ့ "ဂတ်တဲကွေ့" ဆိုတဲ့ နေရာကိုရောက်လာတယ်။ ဂတ်တဲကွေ့ဆိုတာ အနီးမှာ ရဲစခန်းရှိတဲ့အကွေ့မို့ ခေါ်တာပါ။ ရဲစခန်းကို အရင်က "ဂတ်တဲ" လို့ပဲ သုံးကြနှုန်းကြတာကိုး။ ရှေးကအခေါ်အဝေါ်အတိုင်းပဲ ဂတ်တဲကွေ့လို့ ခေါ်နေကြတုန်းပါပဲ။ ကွေ့အလွန်က ကားဂိတ်ကိုလည်း "ဂတ်တဲဂိတ်" လို့ပဲ ခေါ်ကြတယ်။

ဂတ်တဲကွေ့နေရာက ယာဉ်မောင်းသူတိုင်း သတိထားရတဲ့နေရာပါ။ လမ်းကွေ့က လေးဆယ့်ငါး ဒီဂရီစွေပြီး ကွေ့သွားတယ်။ ကွေ့နားမှာ ကန့်လန့်ဖြတ်လမ်းတွေ ရှိသေးတယ်။

အဲဒီလမ်းတွေထဲကလည်း ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ ထွက်လာတတ်တယ်။ ဒါကြောင့် ကွေ့နားရောက်ရင် ဟွန်းကို သံရှည်ဆွဲပြီး တီးရမြဲပါ။

အောင်ထူးကတော့ မှောင်ကလည်း မှောင်နေပြီ၊ ကားလမ်းတစ်လျှောက်လည်း အသွားအလာရှင်းလင်းနေတယ်။ မျက်နှာချင်းဆိုင်ကလာတဲ့ ကားလည်းမတွေ့တာနဲ့ ဟွန်းလည်းမတီးဖြစ်ဘူး။ အရှိန်လည်း မလျှော့ဖြစ်



ဘူး။ ဒီနှုန်းအတိုင်းပဲ ဆက်မောင်းလာခဲ့တယ်။ ကွေ့မလွန်မီ လမ်းဖြတ်တစ်ခုနဲ့ တည့်တည့်အရောက် ညာဘက်လမ်းဖြတ်ထဲက အရှိန်နဲ့မောင်းချလာတဲ့ မော်တော်ဆိုင်ကယ်တစ်စင်းကိုလည်း အနားရောက်မှ မြင်မိတော့တယ်။

အောင်ထူးကားရော မော်တော်ဆိုင်ကယ်ရော အရှိန်ကို မထိန်းနိုင်ကြတော့ပါဘူး။ ဆိုင်ကယ်ကို အောင်ထူး ကားခေါင်းက ဘေးစောင်းတိုက်ဝင်တိုက်မိတယ်။ ဆိုင်ကယ်ရဲ့အလယ်တည့်တည့်ကို တိုက်လိုက်မိတာမို့ ယာဉ်ငယ်ဖြစ်တဲ့ဆိုင်ကယ်ဟာ လွင့်စဉ်ထွက်သွားပါတယ်။ ဆိုင်ကယ်က သူထွက်လာတဲ့ဘက်ကို ပြန်လည်ပြီး လွင့်စဉ်ထွက်သွားတာမှာ လူပါ ပါသွားတယ်။ ပလက်ဖောင်းရောက်တော့ လူတခြား ဆိုင်ကယ်တခြားဖြစ်သွားပြီး ဆိုင်ကယ်ပေါ်က လူရဲ့ခေါင်းက ပလက်ဖောင်းနဲ့ ပြင်းပြင်းထန်ထန် ထိခိုက်မိပါတော့တယ်။

"ဟင်"

"ဟာ - ကိုကြီးအောင်ထူး"

အောင်ထူးဟာ ကားဘရိတ်ကိုဖေ့နင်းရင်း ရပ်မလို လုပ်လိုက်ပါသေးတယ်။ စဉ်းစားကြည့်တော့ ဒီနားမှာ လူတစ်ယောက်မျှမရှိဘူးလေ။ ကားတိုက်မှုကို ဘယ်သူမျှ မမြင်လိုက်ကြဘူး။ တိုက်မိတဲ့လူကို ဆင်းကြည့်ရင် မတော်တဆ သေကြေနေရင် ပြဿနာက ရှည်မယ်။ ထောင်တန်းကျတဲ့အထိ ဖြစ်မယ်ဆိုတာတွေ တွေးမိပြီး မရပ်တော့ဘူး။

ရပ်မလိုလုပ်ပြီးမှ အရှိန်မြှင့်ပြီး ဆက်မောင်းလာမိတော့တယ်။

"ကိုကြီးအောင်ထူး၊ ကိုကြီးအောင်ထူး၊ ဟိုလူ သေသွားပြီလား မသိဘူး"

"မတတ်နိုင်ဘူးကွာ၊ ဆင်းရှင်းနေရင် ပြဿနာရှုပ်လိမ့်မယ်၊ ဘယ်သူမှ မြင်တာမှ မဟုတ်ဘဲ"

"ဒါပေမဲ့"

www.burmeseclassic.com

"မောင်နီ – မင်း နှုတ်လုံ့ပစေနော်၊ ပြဿနာတက်လာရင် မင်းပါ ပါမှာ"

နဂိုကတည်းက အောင်ထူးကို ကြောက်ရတဲ့မောင်နီလည်း ငြိမ်သွားပါတယ်။

အောင်ထူးကျေးဇူးတွေကလည်း သူ့အပေါ်မှာ ရှိထားတာမဟုတ်လား။ ဒီစပယ်ယာအလုပ်ကို အောင်ထူးခေါ်လို့ သူ လုပ်နေရတာလေ၊

မောင်နီလည်း ရေငုံနှုတ်ပိတ် နေလိုက်ပါတော့တယ်၊

ည (၇)နာရီကျော်မှ ဒေါ်သန်းမြင့်တို့ တက်ထိုင်နေတဲ့ကားက ဂိတ်က ထွက်လာတယ်၊ ဆောင်းတွင်းမို့ ည(၇)နာရီဆိုတာ အတော်မှောင်နေပါပြီ။

"အောင်ထူးများ အိမ်ပြန်ရောက်နေပြီလား မသိဘူး၊ အိမ်တံခါး သော့ခတ်ခဲ့တာ ဝင်ရခက်နေရင် ဒုက္ခ"

ဒေါ်သန်းမြင့်က သူ့သားကို သတိရပြီး တစ်ချက်ပြုံးပြုံးလိုက်ပါသေးတယ်၊

ဒီလိုနဲ့ သူတို့စီးလာတဲ့ဘတ်စ်ကားဟာ ဂတ်တဲကွေ့နားကို ရောက်လာတယ်၊ ဂတ်တဲဂိတ်မရောက်ခင်မှာ လမ်းပေါ်မှာ လူစုလူဝေးနဲ့ ရှုန်းစရုန်းစဖြစ်နေလို့ ကားက နေးသွားတယ်၊ လူအုပ်စုကို တိမ်းဖယ်ပြီး ဘေးက ပတ်မောင်းခဲ့ရတယ်၊ လူအုပ်စုထဲမှာ ရဲတွေလည်းတွေ့ရလို့ ကားပေါ်ကလူတွေက ဘာပါလိမ့်ဆိုပြီး စိတ်ဝင်တစား ငုံ့စောင်းကြည့်ကြတယ်၊

အဲဒီနေရာကလွန်လာတော့ ကားစပယ်ယာက ...

"လူကို ကားတိုက်သွားလို့တဲ့ဗျာ၊ အတိုက်ခံရတဲ့လူကတော့ ပွဲချင်းပြီးပဲတဲ့၊ ကားကိုတော့ မမိလိုက်ဘူးပြောတယ်"



စပယ်ယာက သူ အပြေးအလွှားစုံစမ်းရင်းသိလာတဲ့သတင်းကို တစ်ကားလုံးကြားအောင် အော်ပြောလိုက်တာပါ။

ကားတိုက်မှုဖြစ်တဲ့ ဂတ်တဲကွေ့ကိုအလွန်မှာ ဂတ်တဲဂိတ်မှတ်တိုင်ရှိတယ်၊ လူတစ်ယောက်ဆင်းမယ်ဆိုလို့ ကားရပ်ပေးတယ်။ တက်တဲ့လူ မရှိပါဘူး။

စပယ်ယာက "မောင်းဆရာရေ့" လို့ အော်လိုက်လို့ ကားက ဂိတ်ကနေ စထွက်နေပါပြီ။ မအေးမာဟာ သူ့ဘေးမှာထိုင်နေတဲ့ ဒေါ်သန်းမြင့်အမူအရာ ထူးခြားတာကြောင့် လှည့်ကြည့်လိုက်တယ်၊

ဒေါ်သန်းမြင့်အသားတွေက အဖျားတက်တဲ့လူလို တဆတ်ဆတ်တုန်နေတယ်၊

"မမသန်းမြင့် – ဘာဖြစ်လို့လဲ"

မအေးမာ မေးလိုက်တာကို ပြန်ကြည့်လိုက်တဲ့ ဒေါ်သန်းမြင့်မျက်လုံးတွေက တစ်မျိုးပဲ၊ နီရဲလို့ ကြောက်စရာကြီး။ မအေးမာကိုလည်း သူမသိတဲ့ သူစိမ်းတစ်ယောက်လို ခပ်စောင်စောင်ကြည့်နေတယ်၊

"မမသန်းမြင့် – နေမကောင်းဘူးလား"

"ကားရပ်ပေး – ကားရပ်ပေးပါ"

ဒေါ်သန်းမြင့်က မအေးမာအမေးကို ပြန်မဖြေဘဲ ကားခေါင်းခန်းဘက်ဆီကို လှမ်းအော်လိုက်တယ်၊

"ကားရပ်ပေး၊ ကျွန်တော်ဆင်းမယ်၊ ကျွန်တော့်ကို တိုက်သတ်သွားတဲ့ကားနံပါတ်ကို ကျွန်တော် မှတ်မိတယ်၊ ရဲစခန်းမှာ ဆင်းတိုင်မယ်။ ကားရပ်ပေးပါ"

"မမသန်းမြင့် – ဘာတွေပြောနေတာလဲ၊ သတိထားပါ"

"ကားရပ်ပေးပါ – ကားရပ်ပါ"

ဒေါ်သန်းမြင့်အပြုအမူကို တစ်ကားလုံးကလည်း တအံ့တသြနဲ့ ဝိုင်းကြည့်နေကြပြီ၊



www.burmeseclassic.com

www.burmeseclassic.com

"မမသန်းမြင့်၊ မရောက်သေးဘူးလေ၊ ကျွန်မတို့က ဂိတ်ဆုံးအထိ စီးရမှာလေ"

"ကားရပ်ပေးပါ"

ဒေါ်သန်းမြင့် အော်သံကျယ်လွန်းလို့ ရှေ့ခန်းက ဒရိုင်ဘာကြားသွားပြီး ကားကိုရပ်လိုက်တယ်၊ ဒေါ်သန်းမြင့်က ဆတ်ခနဲထရပ်ရင်း ကားနောက်ပေါက်ကနေ ဆင်းဖို့ပြင်တယ်၊

"ဒီအဘွားကြီး ကားရပ်တုန်းကတော့ မဆင်းဘဲ ဘယ်လိုဖြစ်တာလဲ"

ဒရိုင်ဘာက အော်မေးလိုက်တယ်၊

"ကျွန်တော့်ကို တိုက်သွားတဲ့ကားနံပါတ်ကို ကျွန်တော် သိတယ်၊ ရဲစခန်းကို ဝင်တိုင်မလို့"

ဒေါ်သန်းမြင့်က နှုတ်ကပြောရင်း ကားပေါ်က လှသွားခနဲ ခုန်ချလိုက်ပါတယ်၊

မအေးမာလည်း မနေသာတော့ဘဲ ကားပေါ်က လိုက်ဆင်းရတော့တယ်၊

"မမသန်းမြင့် - နေရင်းထိုင်ရင်းက ဘာဖြစ်သွားတာလဲ"

ရှေ့က မြန်မြန်လျှောက်သွားနေတဲ့ ဒေါ်သန်းမြင့်နောက်ကို အပြေးလိုက်ရင်းက မအေးမာမေးပေမယ့် ဒေါ်သန်းမြင့်က လှည့်တောင်မကြည့်ပါဘူး၊ မအေးမာ ဒေါ်သန်းမြင့်ကို မီအောင် မနည်းလိုက်ခဲ့ရတယ်၊

ဒီလိုနဲ့ မလှမ်းမကမ်းက ရဲစခန်းကို ရောက်သွားတယ်၊ ဒေါ်သန်းမြင့်က ရဲစခန်းထဲကို မကြောက်မရွံ့ ဝင်ချသွားတာမို့ မအေးမာလည်း လိုက်ဝင်ရပါတယ်၊ စခန်းထဲရောက်တော့ တာဝန်ကျရဲတစ်ယောက်က ...

"ဘာကိစ္စရှိလို့ပါလဲ"

လို့ မေးတယ်၊

"တိုင်ချက်ဖွင့်ချင်လို့ပါ"

"ပြော"



"ကျွန်တော်က စောစောက ဟောဟိုနားမှာ ကားတိုက်ခံရလို့ သေသွားတဲ့လူပါ၊ ကျွန်တော့်နာမည် ကျော်နိုင်ဝင်းလို့ ခေါ်ပါတယ်၊ ကျွန်တော့်ကို လိုက်သွားတဲ့ကားနံပါတ်ကို ကျွန်တော် မှတ်မိတယ်၊ အဲဒါ တိုင်ချက်ဖွင့်မလို့"

အဘွားကြီး နှုတ်က ထွက်လာတဲ့စကားတွေက အထူးအဆန်းမို့ ရဲလည်း ကြောင်သွားပါတယ်၊ မအေးမာကတော့ တောသူပီပီ ရဲစခန်းထဲအထိ ဝင်လာရတာကို လန့်နေပြီ၊ ပြီးတော့ ...

ဒေါ်သန်းမြင့်ပါးစပ်ကပြောလိုက်တဲ့စကားကြောင့် တုန်လှုပ်သွားမိတယ်၊ အလို - မမသန်းမြင့်ကို ကားတိုက်သေတဲ့လူရဲ့ဝိညာဉ်က ဝင်ပူးနေတာပါလား၊

ရဲစခန်းတစ်ခုလုံးလည်း အလုပ်များသွားရပါတော့တယ်၊ စခန်းမှူးကိုယ်တိုင် ထွက်လာတယ်၊ စခန်းမှူးမေးတော့လည်း ဒေါ်သန်းမြင့် ပြန်ဖြေတဲ့အဖြေက ဒါပဲ၊ သူ့ကိုယ်သူ ကားတိုက်သေတဲ့ ကျော်နိုင်ဝင်းဆိုတဲ့ကောင်လေးတဲ့၊ သူ့ကို တိုက်သွားတဲ့ကားနံပါတ်ကိုလည်း ရွတ်ပြတယ်၊ သူ ကားတိုက်ခံရလို့ သေတဲ့နေရာကိုလည်း ရဲစခန်းထဲကနေ လှမ်းပြီး လက်ညှိုးထိုးပြတယ်၊

"အရေးယူပေးပါ၊ အဲဒီကားဒရိုင်ဘာကို အရေးယူပေးပါ၊ သူ့ကြောင့် ကျွန်တော် သေရပြီ၊ ကျွန်တော် သေရပြီ၊ ကားနံပါတ် - ၃၁၆၆ နော်၊ စိမ်းသည်မောင်ဘတ်စ်ကားပါ၊ အရေးယူပေးပါဗျာ၊ ကျွန်တော့်ကိုသေအောင် တိုက်သတ်သွားတဲ့လူကို ရအောင်ဖမ်းပြီးအပြစ်ပေးပေးပါ၊ ကျွန်တော်ကတော့ ကျွန် တော်ကတော့ သူ့ကြောင့် သေပြီ အဟီး - ဟီး - ဟီး"

ဒေါ်သန်းမြင့်က ပြောရင်း ငိုချလိုက်ပါတယ်၊

ပြီးတော့ - ဒေါ်သန်းမြင့်ကိုယ်ဟာ တဆတ်ဆတ်တုန်လာပြီး တစ်ချက်ဝါးခနဲ သမ်းလိုက်တယ်၊ ယိုင်လဲတော့မလို ဖြစ်သွားလို့ မအေးမာက ဖက်ထားလိုက်ရပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

အိမ်းမှာရှိတဲ့ ရဲတစ်ယောက်ကလည်း ဒေါ်သန်းမြင့်လက်မောင်းကို ကိုင်ပြီး ဖမ်းထိန်းပေးလိုက်တယ်။ ဒေါ်သန်းမြင့်ကို ဝင်ပူးနေတဲ့ဝိညာဉ်ဟာ ထွက်ခွာသွားပါပြီ။ ပုံမှန်ပြန်ဖြစ်သွားတဲ့ ဒေါ်သန်းမြင့်က သူ ရောက်နေတဲ့ ပတ်ဝန်းကျင်ကို ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေပုံမျိုးပါပဲ။ သူ့ကို ဖက်ထားတဲ့ မအေးမာကို မေးလိုက်တယ်။

"အေးမာ - ငါတို့ ဘယ်ရောက်နေတာလဲ။ ဒီနေရာကို ဘာလို့ ရောက်နေတာလဲ၊ ငါ ဘာဖြစ်သွားတာလဲဟင်"

"ပြန်ကြစို့ - မမသန်းမြင့်၊ ပြန်ကြရအောင်၊ အပြင်ရောက်မှ ကျွန်မ ပြောပြမယ်"

မအေးမာက ဒေါ်သန်းမြင့်ကို ဆွဲခေါ်လာခဲ့ပါတော့တယ်၊

စခန်းထဲမှာ ကျန်ရစ်ခဲ့တဲ့ ရဲအမှုထမ်းတွေလည်း အဖြစ်အပျက်ကို တအံ့တသြပြောဆိုရင်း ကျန်ခဲ့ကြတယ်။

"အဘွားကြီးပြောသွားတာကို ဘယ်လိုသဘောရသလဲဆရာ"

ရဲတစ်ယောက်က စခန်းမှူးကို မေးတယ်။

"သရဲက ပူးပြောတဲ့စကားဟာ တရားဥပဒေအရ ဘောင်မဝင်ဘူးကွ"

"ဒါပေမဲ့ - ဆရာ"

နောက်ရဲတစ်ယောက်က မဝံ့မရဲဝင်ပြောလိုက်ပါတယ်။ သူက ယဉ်တိုက်မှုဖြစ်တဲ့နေရာမှာ စစ်ဆေးပြီး အခုပဲ ပြန်ရောက်လာတဲ့သူပါ။

"အဘွားကြီး ပြောသွားတဲ့စကားထဲက ကားတိုက်သေတဲ့ကောင်လေး နာမည်ကတော့ အမှန်ပဲဆရာ၊ သေသွားတဲ့ကောင်လေးက ကျော်နိုင်ဝင်းတဲ့"

အဖြစ်အပျက်အပေါ်မှာ စဉ်းစားတွေးတောရင်း စခန်းမှူးရဲ့ မျက်ခုံးနှစ်ဖက်ဟာ တွန့်ကွေးနေပါတယ်။



မအေးမာ ပြန်ပြောလို့ ဒေါ်သန်းမြင့်ဟာ သူ့ကို ကားတိုက်သေတဲ့ ကောင်လေးရဲ့ဝိညာဉ်ဝင်ပူးတယ်ဆိုတာကို သိလိုက်ရပါတယ်။

သရဲဝင်ပူးနေတုန်းက သူ ဘာတွေပြောခဲ့တယ်ဆိုတာတော့ မမှတ်မိတော့ဘူး။ ဒေါ်သန်းမြင့်ရဲ့နဂိုအသိစိတ်ပျောက်နေတဲ့အချိန်ကိုး။

အဲဒီအဖြစ်ကြောင့် ဒေါ်သန်းမြင့်တို့ နာရီဝက်လောက် အိမ်အပြန်နောက်ကျသွားရပါတယ်။ ဂတ်တဲဂိတ်မှာ ကားပြန်စောင့်၊ နောက်ဆုံးကားလာမှ တက်စီးလာလိုက်တာ ညရှစ်နာရီခွဲမှပဲ အိမ်ပြန်ရောက်ပါတော့တယ်။

သရဲပူးခဲ့တဲ့အဖြစ်ကိုတော့ ဒေါ်သန်းမြင့်ရော မအေးမာပါ သိပ်အရေးမထားမိတော့ဘူး။ ဒေါ်သန်းမြင့်နှုတ်က အောင်ထူး မောင်းတဲ့ကား နံပါတ်ကို ထုတ်ဖော်ပြောခဲ့ပေမယ့် သူ့အသိစိတ်နဲ့ပြောတာ မဟုတ်လို့ အဲဒီကားနံပါတ်ကို သူ မမှတ်မိဘူး။ မအေးမာကလည်း တစ်ခါတလေမှ မြို့ကို တက်လာတဲ့ သူဆိုတော့ ဒေါ်သန်းမြင့် သရဲပူးရင်း ရွတ်ပြခဲ့တဲ့ကားနံပါတ်ဟာ သူ့တူ အောင်ထူးမောင်းတဲ့ ကားဖြစ်နေမှန်း မသိဘူး။

အိမ်ပြန်နောက်ကျတာနဲ့ပဲ အဲဒီအဖြစ်ကို မေ့မေ့ပျောက်ပျောက်ဖြစ်သွားပါတယ်။ ဒေါ်သန်းမြင့်က ကားဂိတ်ဆုံးကနေ အိမ်ကို လမ်းလျှောက် အပြန်မှာ ကားအုံနာအိမ်ကို လှမ်းကြည့်လိုက်တော့ အောင်ထူးမောင်းတဲ့ ဒိုင်နာကား အိမ်ဝင်းထဲမှာ ရပ်ထားတာတွေ့လိုက်တယ်။ အောင်ထူး ပြန်ရောက်နေပြီမို့ စိတ်အေးသွားရပါတယ်။ အရက်များဝင်သောက်နေသလား၊ အိမ်ပြန်ရောက်နေရင်တော့ အဝမှာထိုင်စောင့်နေရတော့မှာပဲတွေးပြီး အိမ်ကိုရောက်အောင် မြန်မြန်လျှောက်လာကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်တော့ ထင်တဲ့အတိုင်းပါပဲ။ အောင်ထူးက ရောက်နှင့်နေပြီ။ တံခါးသော့ခတ်ထားလို့ အိမ်ရှေ့က လေကားခုံမှာ ဆောင့်ကြောင့်ထိုင်ရင်း စောင့်နေတယ်။

"အမေ - ဘယ်သွားနေတာလဲ။ ဟင် - ဒေါ်လေး မအေးမာ ရောက်နေတယ်"

"ဟုတ်တယ် - သား၊ အေးမာ - အလှူအတွက် ဈေးလာဝယ်တာ၊ အမေ လိုက်ပို့နေလို့ မိုးချုပ်သွားတာ၊ သား ရောက်နေတာ ကြာပြီလား"

"ကြာပြီ - အမေ"

"ကဲ - လာလာ၊ အထဲဝင်၊ ပြီးရင် - ထမင်းစား၊ ရေတော့ မချိုးနဲ့တော့၊ အေးတယ်"

"ထမင်းမစားတော့ဘူး အမေ၊ အိပ်တော့မယ်"

"ဟဲ့ - ဘယ်လိုဖြစ်တာလဲ"

အောင်ထူးကတော့ သူ ကျူးလွန်ခဲ့တဲ့ ဖြစ်မှုအတွက် စိတ်မလုံလို့ စားချင်စိတ်မရှိတော့တာပါ၊

"နေကောင်းရဲ့လား - ငါ့သား၊ မှန်း -"

ဒေါ်သန်းမြင့်က အမူအရာ ထူးခြားနေတဲ့အောင်ထူးကိုကြည့်ပြီး စိုးရိမ်စိတ်နဲ့ နဖူးကို စမ်းကြည့်တယ်၊

"နေကောင်းပါတယ် - အမေရာ"

"ဒါဖြင့် - ထမင်းစားလေ၊ တစ်နေ့လုံး ပင်ပန်းလာတာကို ဘယ့်နယ် အိပ်ရမှာတုံး၊ အမေတို့တော့ မတင်မိတို့အိမ်မှာစားခဲ့လို့ မစားတော့ဘူး၊ မင်းကြိုက်တဲ့တဲ့ ပုစွန်စိတ်ကလေးကို ခပ်စပ်စပ်ချက်ထားတယ် ငါ့သား၊ စားလိုက် - စားလိုက်"

ဒေါ်သန်းမြင့်က ပြောပြောဆိုဆို မီးဖိုခန်းထဲ ဝင်သွားတယ်၊ အောင်ထူးက ကိုယ့်အပူနဲ့ကိုယ်မို့ အိမ်ရှေ့ခန်းမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်၊



ထမင်းဟင်းရှုးခပ်ပြီးတာနဲ့ ဒေါ်သန်းမြင့်က မီးဖိုခန်းထဲကနေ လှမ်းခေါ်လိုက်တယ်၊

"ဟဲ့ - အောင်ထူး၊ ငါ့သား - လာလေ ထမင်းစားလှည့်၊ ဒီမယ် - အမေက မင်းကြိုက်တတ်လို့ ပုစွန်ဆိတ်ကလေးရအောင်ဝယ်ချက်ထားတာ၊ ငရုတ်သီးစပ်စပ်နဲ့၊ လာ - စားလိုက်ဦး"



ရဲတွေလည်း ...သူကျော်နိုင်ဝင်း ဝင်မူးပြီး ...အစစ်ကို ဖော်ထုတ်ပေးခဲ့တဲ့ မိန်းမကြီးဟာ တရားခံရဲ့ အမေဖြစ်နေတာတွေ့ရလို့ အံ့သြမဆုံး ဖြစ်နေကြပါတော့တယ်။ ရဲတွေကတာဝန်အရ အောင်ထူးကို လက်ထိတ်ခတ်ပြီး ခေါ်သွားပါပြီ။

"မစားချင်ဘူး - အမေရာ"

အောင်ထူးက အိမ်ရှေ့ခန်းကနေ ပြန်အော်ပြောတယ်၊

"သွားစားလိုက်စမ်းပါ - အောင်ထူးရယ်၊ မအေလုပ်တဲ့လူက စားစေချင်လို့ ချက်ထားတဲ့ဟာကို၊ သွား - တစ်လုပ်နှစ်လုပ်ဝင်ဝင် စားလိုက်"

မအေးမာကလည်း ဝင်တိုက်တွန်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ထမင်းမစားချင်ရအောင် နင်ဘာတွေ စားလာလို့လဲဟဲ့"

ဒေါ်သန်းမြင့်အသံက မီးဖိုခန်းထဲကနေ ထပ်ထွက်လာတယ်၊ အဲဒီတုန်းမှာပဲ အိမ်ရှေ့ကနေ အော်ခေါ်လိုက်တဲ့အသံတစ်သံ ကြားလိုက်ရပါတယ်။

"ဒေါ်သန်းမြင့် - ဒေါ်သန်းမြင့် ရှိသလား။ အောင်ထူးရော ရှိသလား"

အော်မေးလိုက်တဲ့အသံက ရပ်ကွက်ကောင်စီရုံးက ရာအိမ်မှူး ဦးကျော်အောင်ရဲ့အသံပါ။ ဦးကျော်အောင် ခေါ်သံကြောင့် ဒေါ်သန်းမြင့် မီးဖိုခန်းထဲက ထွက်ခဲ့ပြီး အိမ်ရှေ့ကို လျှောက်လာတယ်၊ ပထမတော့ မအေးမာရောက်နေတာ ခြေသံစာရင်းတိုင်ဖို့ သတိလာပေးတယ်လို့ ထင်လိုက်မိသေးတယ်၊ အိမ်ရှေ့ရောက်လို့ ကြည့်လိုက်တော့ ဦးကျော်အောင်တစ်ယောက်တည်း မဟုတ်ဘူး။

အောင်ထူးရဲ့ ကားအုံနာ ဦးစံပိုင်ပါ ပါလာတယ်။ ပြီးတော့ - အောင်ထူး တားက စပယ်ယာမောင်နီ၊ အောင်ထူးကလည်း အိမ်ကိုရောက်လာတဲ့ လူတွေကို ကြည့်လိုက်တာနဲ့ အခြေအနေကို နားလည်လိုက်ပါပြီ၊

ဒေါ်သန်းမြင့်က အိမ်ရှေ့မှာရပ်ထားတဲ့ ရဲကားကိုလည်း တွေ့လိုက်ပါတယ်၊ ရဲတချို့ ဦးကျော်အောင်နဲ့ ဦးစံပိုင်နောက်ကနေ အိမ်ထဲဝင်လာကြတယ်၊

"အို - ဘာဖြစ်လို့လဲ၊ ဘာကိစ္စရှိလို့လဲ - ဦးကျော်အောင်"

ဒေါ်သန်းမြင့် မေးခွန်းအဆုံးမှာပဲ အိမ်ထဲကနေ အောင်ထူးရဲ့ ငိုသံ ထွက်ပေါ်လာပါတယ်၊

"အဟီး - ဟီး - အမေ - အမေ - အဲဒါ ကျွန်တော့်ကို လာဖမ်းတာဗျ၊ ကျွန်တော့်ကို လာဖမ်းတာ၊ အဟီး - အဟီး ဟီး"

"ဘာတဲ့"

"ကဲ - ဒေါ်သန်းမြင့် အောင်ထူးကိုယ်တိုင် လွယ်လွယ်ကူကူဝန်ခံနေတော့လည်း ပွင့်ပွင့်လင်းလင်းပဲ ပြောရတော့မှာပေါ့၊ ခင်ဗျားသား အောင်ထူး



လူတစ်ယောက်ကို ကားနဲ့တိုက်ခဲ့တာ ပွဲချင်းပြီး သေသွားတယ်ဗျ၊ အဲဒါကြောင့် အောင်ထူးကို ဖမ်းဖို့ ရဲတွေလိုက်လာတာပဲ"

"ဟုတ်တယ် - ဒေါ်သန်းမြင့်၊ ကားကိုလည်း စစ်ဆေးပြီးပါပြီ၊ မောင်နီကို စစ်ဆေးတော့လည်း မောင်နီက ဝန်ခံတယ်၊ အဲဒါကြောင့် -"

"မောင်နီ - မောင်နီ - မင်းဖော်ပြလိုက်တာပေါ့လေ၊ မင်းကွာ -"

"မဟုတ်ဘူး၊ ကျွန်တော့်ကို အထင်မမှားပါနဲ့ ကိုကြီးအောင်ထူးရယ်၊ ရဲတွေ အိမ်အထိလိုက်လာပြီး စစ်ဆေးလို့ အမှန်အတိုင်းပြောလိုက်ရတာပါ၊ ကျွန်တော်ဖော်ကောင်လုပ်တာ မဟုတ်ပါဘူး"

မအေးမာက အိမ်ကိုလိုက်လာတဲ့ရဲတွေကိုကြည့်ပြီး မျက်နှာပျက်သွားတယ်၊

"မမသန်းမြင့်၊ ဒီရဲတွေက မမသန်းမြင့် ဟိုဟာဖြစ်ပြီး ဝင်ခဲ့တဲ့ ရဲစခန်းက ရဲတွေလေ"

ရဲတစ်ယောက်ကလည်း ဒေါ်သန်းမြင့်နဲ့ မအေးမာကိုအမြင်မှာ လှတ်ခနဲ ပြောလိုက်တယ်၊

"ဟာ - သရဲပူးပြီး စခန်းမှာ တိုက်ချက်ဖွင့်တဲ့ အဒေါ်ကြီးပါလား"

အဲဒီရဲက ဒေါ်သန်းမြင့် လဲကျမလိုဖြစ်တော့ ဖမ်းထိန်းပေးခဲ့တဲ့ ရဲပါ၊

ဒေါ်သန်းမြင့် ဖြစ်ရပ်တစ်ခုလုံးကို ခြုံငုံသဘောပေါက်လိုက်ပါပြီ၊

"အောင်မယ်လေး - ကိုယ်ကျိုး နည်းပါပေါ့လား"

ဒေါ်သန်းမြင့်က ရင်ဘတ်ကိုပုတ်ပြီး အော်ငိုလိုက်တယ်၊

ရဲတွေက သရဲပူးပြီးတိုင်ချက်ဖွင့်တာဟာ တရားမဝင်ပေမဲ့ ဒေါ်သန်းမြင့် ပြောသွားတဲ့စကားထဲမှာ သေသူနာမည်က အမှန်ဖြစ်နေတဲ့အတွက် လိုအပ်တဲ့စုံစမ်းမှုတွေ လုပ်ခဲ့ပါတယ်၊

စစ်သည်မောင်ဂိတ်ကို လှမ်းမေးတော့ ဒေါ်သန်းမြင့်ပြောသွားတဲ့ တားနံပါတ်ဟာ စစ်သည်မောင်ကားဂိတ်မှာ အမှန်တကယ်ရှိနေတယ်၊ ဂိတ်မှူး



www.burmeseclassic.com

www.burmeseclassic.com

က – ၃၁၆၆ကားဟာ လူမတင်ဘဲ ခြောက်နာရီလောက်မှာ ကားသိမ်းသွားကြောင်း၊ ကားမောင်းသူက အောင်ထူးဖြစ်ကြောင်း အစစ်ခံတယ်၊

ရဲတွေဟာ ကားအုံနာလိပ်စာအတိုင်း လိုက်လာ၊ ကားကို စစ်ဆေးတော့ ကားနံပါတ် မှန်နေတာတွေ့တယ်၊ ကားရှေ့ဖုံးမှာ တိုက်မိတဲ့အပွန်းအပဲ့တွေလည်း တွေ့တယ်၊ စပယ်ယာမောင်နီကို ခေါ်စစ်ကြည့်တော့ မောင်နီတကြောက်ကြောက်နဲ့ ဝန်ခံလိုက်လို့ ကျော်နိုင်ဝင်းဆိုသူကို တိုက်သွားတဲ့ နံပါတ်မသိလိုက်တဲ့ကားဟာ အောင်ထူးမောင်းတဲ့ကားဆိုတာ သေချာသွားပါတော့တယ်၊

ရဲတွေလည်း သေသူကျော်နိုင်ဝင်း၊ ဝင်ပူးပြီး တရားခံအစစ်ကို ဖော်ထုတ်ပေးခဲ့တဲ့ မိန်းမကြီးဟာ တရားခံရဲ့အမေဖြစ်နေတာတွေ့ရလို့ အံ့ဩမဆုံး ဖြစ်နေကြပါတော့တယ်၊ ရဲတွေက တာဝန်အရ အောင်ထူးကို လက်ထိပ်ခတ်ပြီး ခေါ်သွားပါပြီ၊

"အောင်မယ်လေး – သား – သား၊ မင်းကို ထောင်ထဲရောက်အောင်လုပ်တဲ့သူက မင်းအမေ ငါကိုယ်တိုင်ဖြစ်နေပါပေါ့လား၊ ရင်နာလှချည်ရဲ့သားရယ်"

ဒေါ်သန်းမြင့် အော်ငိုရင်း ကျန်ခဲ့တယ်၊

ဒေါ်သန်းမြင့် ဆိုလိုရင်းကို အောင်ထူး မသိသေးပါဘူး၊

အောင်ထူးလိုပဲ ဦးကျော်အောင်တို့ ဦးစံပိုင်တို့ မောင်နီတို့လည်း မသိကြပါဘူး၊ ရဲတွေပဲ သိကြပါတယ်၊

"အို – အဖြစ်ဆိုးလှချည်လား၊ ငါ့သားလေး သူကြိုက်တဲ့ ပုစွန်ဆိတ်ဟင်းလေးနဲ့တောင် ထမင်းစားမသွားရရှာပါလား၊ သားရေ – သားရဲ့ ကိုယ့်သားကို အချုပ်ထဲရောက်အောင် လုပ်မိတဲ့ မင်းအမေကို ခွင့်လွှတ်ပါတော့ ငါ့သားရယ်၊ အမယ်လေး – ငါ့အဖြစ်က ဆိုးလှချည်လား၊ အမေ ဘယ်လိုဖြေရတော့မှာလဲသားရေ"

"မမသန်းမြင့် – မမသန်းမြင့် – သတိထားပါ၊ တရားနဲ့ဖြေပါ မမသန်းမြင့်ရယ်"

"အေးမာ – ငါ တရားမရှိလို့ မဟုတ်ဘူး၊ လူတစ်ယောက်ဟာ ကိုယ်ပြုခဲ့တဲ့ မကောင်းမှုဒဏ်ကို တန်ပြန်ခံစားရမယ်ဆိုတာ ငါ လက်ခံတယ်၊ အောင်ထူး မိုက်မှားခဲ့တဲ့အတွက် သူ အပြစ်ဒဏ်ခံရတော့မယ်၊ ဒါကို ငါ လက်ခံတယ် အေးမာ၊ ငါ ယူကြုံးမရဖြစ်တာက ငါ့သားလေးရဲ့ပြစ်မှုကို ငါကိုယ်တိုင် ဖော်ထုတ်ပေးသလို ဖြစ်သွားတာကိုပါအေး၊ သားကို ထောင်ထဲရောက်အောင် တွန်းပို့တဲ့အမေဖြစ်ရပြီဟဲ့၊ ငါ ဘယ်လိုဖြေရမလဲ၊ ငါ ဘယ်လို ဖြေရပါတော့မလဲ၊ အောင်မယ်လေး – အမေတို့အဖြစ်က ဆိုးလှချည်လား ငါ့သားရေ"

ဒေါ်သန်းမြင့်ရဲ့အော်ငိုသံဟာ ပတ်ဝန်းကျင်တစ်ခုလုံးကို ပျံ့လွှင့်သွားပါတော့တယ်၊

>>> ငွေထာန်

ဝန်ခံချက်

၂၀၀၉ – ခုနှစ်၊ စက်တင်ဘာလအတွင်းက မန္တလေးမြို့တွင် ဖြစ်ခဲ့သော ယာဉ်တိုက်မှုဖြစ်ရပ်မှန်မှုခင်းတစ်ခုအား မှီငြမ်း ရေးသားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဟင်ကောင်အော်တဲ့ လမိုက်ည

မင်းတိုင်ပင် (မြရောင်မြေ)

သကြံ့န် ကျပြီးလို့ လေးငါးရက်သာ ရှိသေးသည်။

ပူလိုက်၊ အိုက်လိုက်တာ။ ယပ်တောင် တဖျတ်ဖျတ်ခတ်တဲ့သူ၊ ပုဆိုးရေဆွတ်အိပ်တဲ့သူ၊ ရေ တဗုန်းဗုန်းချိုးတဲ့သူ၊ အိပ်ကို မအိပ်နိုင်ကြတာ။ လကလည်း မိုက်၊ လေက မတိုက်၊ မိုးသားတိမ်လိုက်တွေက ညိုလိုက်၊ လင်းလိုက်နဲ့ ဒီညမျိုး မအိပ်နိုင်တဲ့အတူတူ ရေနွေးကြမ်းတစ်အိုးနဲ့ ပက်လက်ကုလားထိုင်ပေါ်မှာ မှေးနေတဲ့သူက ကိုမောင်ကြွေကြီး။ တစ်ယောက်တည်းဟိုတွေးဒီတွေးနဲ့ သူ့ဇနီး ခင်ဝိုင်းကြည်က သမီးနှစ်ယောက်နဲ့ အိမ်ပေါ်မှာတခေါခေါ အိပ်နေပြီ။

အင်းလျားကုန်းဘက်ကမ်းမှ ခွေးအူသံ စူးစူးဝါးဝါးကြီး ကြားလိုက်ရ၏။

"ဝူ-ဝူ-ဝုတ်-ဝုတ်-အူ-အူ-ဝေါင်း-ဝေါင်း"

"ဟာ-ဒီခွေးတွေက တော်သလင်းမဟုတ်၊ ဘာမဟုတ် အချိန်မတော်ကြီးကွာ"

www.burmeseclassic.com

ကိုမောင်ကွေကြီး ခွေးအူသံကို နားစွင့်နေရင်း ဆင်ကူးဘက်က ခွေးတွေက ပိုင်းအူကြပြန်တော့ ညတိတ်ဆိတ်နေသည်ကို အကျည်းတန် အရုပ်ဆိုးစေတဲ့ နာနာဘာဝတွေအော်သံလို အထိတ်တလန့် ရှိနေပါ၏။ လျှပ်စစ်မီးကလည်း ပျက်တဲ့အချိန်ဆိုတော့ မှောင်နဲ့မည်းမည်း သဘာဝအလင်းရောင်ကလည်း ကြယ်အလင်းတောင် မရှိ၊ မဟူရာပျောက်တဲ့လမိုက်ညလို ဘာကိုမှမမြင်ရ၊ ဒီကြားထဲ ခွေးအူသံဟောင်သံတွေက ဆင်ကူးတံတားဘက် ရောက်လာတော့၏။ ဆင်ကူးတံတားနားမှာ ဘုန်းကြီးကျောင်း ရှိ၏။ ထိုအနားမှာ ဆင်ကူးသုသာန်ရှိတော့ ဒီသုသာန်ကလည်း ဟိုတစ်လောက လူသေအလောင်းလာရင်း အိမ်ရှေ့မှာ ကြိုးပြတ်ကျလို့ အမင်္ဂလာဆို အိမ်ရှင်က တရားစွဲ သည်တဲ့၊ နောက်တော့ ဆွမ်းကန်တော့၊ ရွာသမီးကျွေး ဆရာကြီး ကျွေးလိုက်ရတယ်တဲ့၊ ခုလည်း ဘာကြောင့်ရယ်မသိ၊ တဖြည်းဖြည်းနဲ့ သစ်တောဝန်း၊ နေဝင်း (၁၀)လမ်း,(၉)လမ်းတစ်ခါ၊ ဆေးရုံရှေ့သန်းဝေတို့လမ်းထဲရောက်လာတော့ ခွေးအုပ်ကြီးက အကောင် ၂၅၊ ၃၀ လောက်ကိုရှိတော့ ခွေးတွေသွားတဲ့အသံက တဝုန်းဝုန်း တဖြောင်းဖြောင်းနဲ့ ဆူညံနေတာလား။

ဒါနဲ့ - ဆေးရုံအနား နေဝင်းရပ်ကွက်(၄)လမ်းထဲ ရောက်သွားရော။ နောက်ကြောင်းပြန်လှည့်သွားသလို ခေမာသီဝံကျောင်းရှေ့လောက် အသံတဖြည်းဖြည်းတိုးသွားပြီး အင်းလျားကုန်း၊ ဆင်ကူးဘက် ကူးသွားတော့၏။ ညဥ့်နက်ပိုင်းရောက်တော့ ကိုမောင်ကွေကြီး ငိုက်စပြုလာပြီး ပက်လက်ပါး ကုလားထိုင်မှာပင် တခေါခေါနှင့် အိပ်ပျော်သွားပါတော့၏။ မနက်မိုးလင်းတော့ သူသွားနေကျ လက်ဖက်ရည်ဆိုင်ဖြစ်တဲ့ ကြူမွှေးသို့ သွားရောက်ခဲ့ပါ၏။

ဆိုင်ထဲရောက်တော့ လက်ဖက်ရည်ဝိုင်းတွေမှာ သူတစ်ပေါက် ငါတစ်ပေါက် ပြောနေသံကို ကြားရပါ၏။ နောင် ရပ်ကွက်သီတာရဲ့ဘက်အခြမ်းလမ်းတွေထဲမှာ ကြက်တွေ၊ ဘဲတွေ၊ ဝက်ကလေးတွေ အတုံးအရုံး သေကြလို့တဲ့။ နောက်ပြီး ဝမ်းဗိုက်ပေါက်၊ ဝမ်းတွင်းကလီစာတွေ ဘာမှမကျန်၊ ဝမ်းနဲ့ဟောင်းလောင်း။ ဘာကောင်စားသွားမှန်းလည်း ရေရေရာရာ မသိလိုက်ရတော့၊ မကောင်းဆိုးဝါးတစ်ကောင်ကောင် စားတယ်ဆိုတာတော့ ခန့်မှန်းကြပါတော့သည်။ ယခုသတင်း ရေပန်းစားနေတာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နှစ်လုံးသုံးလုံး မဟုတ်၊ ပညာရေးလည်း မဟုတ်၊ ကျွန်ုပ်မြို့က ကြိမ်မြို့တော်ဆိုတော့ ခြင်းထိုးတဲ့ကိစ္စ အသာထား၊ ညကဖြစ်တဲ့အဖြစ်ကို ရေပန်းစား ပြောနေကြ၏။

ကျွန်ုပ်တို့ ရုံးဝန်ထမ်းတွေ ရုံးမှာရောက်တော့ လူတော်တော်စုံနေကြပါပြီ။ လျှောက်လွှာစာရေးဦးထွန်းစိန်လည်းရောက်နေ၏။ နောက်တော့ဦးသန်းရဲ့လက်ဖက်ရည်ဆိုင်မှာထိုင်ကြရင်း ဦးချစ်ဦးက စကားစ,မေးလိုက်၏။

"ကိုထွန်းစိန် - ခင်ဗျားတို့ရပ်ကွက်က ညက ခွေးတွေ တယ်ဆူနေပါလား။ ဘာဖြစ်တာလဲဗျ"

"ဟုတ်တယ် - ကိုချစ်ဦးရေ၊ ခွေးအုပ်ကြီး ရွာထဲလျှောက်အူတာဗျ၊ မောင်းလို့လည်း မရပါဘူးဗျာ။ ကျွန်တော် လောက်လေးခွနဲ့တောင် ပစ်ပေးတယ်"

"ဦးထွန်းစိန်ရေ - ညက ကျွန်တော် (၁၂)နာရီကျော်မှ အိပ်တာ ဆူညံနေတာပဲ၊ နောက်တော့ - သန်းဝင်းတို့လမ်းထိပ်လောက်က ပြန်လှည့်သွားတယ်လို့ထင်တယ်"

"ကိုမောင်ကွေရေ - ညက ကျွန်တော့်ကြက်တွေ ဘာကောင်စားမှန်းမသိဘူး၊ မနက်ကျတော့ လေးငါးကောင်ပဲ၊ အူတွေ၊ အသည်းတွေ မရှိဘူး၊ သမ်းဘေးမှာ သေနေတာ၊ အဲဒါ - အခုတော့ - တစ်ရပ်ကွက်လုံးလို့ကောင် ပြောတယ်"

www.burmeseclassic.com

"ဒီလိုရှိတယ်ဗျ။ ခုလက နှစ်ကူးတဲ့အချိန်၊ ကျွန်တော်တို့ ဆင်ကူး သုသာန်မှာ နှစ်တိုင်း ရှာသမီးကျွေး၊ ဆွမ်းကန်တော့၊ ဆရာကြီးဆိုလား ကျွေးရတယ်။ အဲဒါ - ဟိုတစ်လောက် အလောင်းပြုတ်ကျတဲ့ကိစ္စနဲ့ပတ်သက်နေသလားတောင်ထင်တယ်"

"ဦးထွန်းစိန်ရေ - ဒီရပ်ကွက်က ဆရာကြီးကလည်း ပဂေးကြီးနော်။ သူ့အကောင်တွေများ နှောင့်ယှက်တာလား မသိဘူးဗျ"

"ဘာလဲကွ - မောင်ကွေရ၊ မင်းဟာက လုပ်ပါဦး"

"ဆရာကြီးဆိုတာ တခြားဟာမဟုတ်ဘူး။ အောက်လမ်းပဂေးကြီး။ သူကနိုင်းရင် လုပ်ရတယ်၊ နောက်ပြီး - ဖနှောင့်ဆောင့်၊ အံကြိတ်တဲ့ဗျာ၊ ကြောက်စရာကြီးဗျ"

"ဟုတ်တယ် - ကိုထွန်းစိန်ရဲ့၊ ကျွန်တော် ခုလာရင်းကြားလာတာ၊ ခင်ဗျားတို့ရပ်ကွက် မကောင်းဆိုးဝါးကောင် ဝင်သတဲ့ဗျာ၊ ဒီတော့ - ဘုရားတရားမြဲဖို့လိုတာလို့ သတိပေးနေသလားပဲဗျ"

"ကိုအုန်းမောင်ရေ - ဟိုတစ်လောက ကျွန်တော်တို့ ဆင်ကူးချောင်းထဲမှာ ကလေးတွေ ရေဆင်းချိုးရင်း ဆံပင်ဖားလျားနဲ့ မိန်းမကြီးပေါ်လာလို့ တက်ပြေးလိုက်ကြတာ၊ အော်လိုက်ကြတာ၊ ယယ်သံယယ်ရင်းပါရောဗျ"

"အင်း - မိစ္ဆာကောင်တွေက ကျုပ်တို့ကို အစွမ်းပြတော့ ကျုပ်တို့အားကိုးစရာ ဘုရား၊တရား၊သံဃာ ရတနာမြတ်သုံးပါး အနန္တော အနန္တငါးပါး ရှိပါတယ်ဗျာ"

"ဟုတ်ကဲ့ ခင်ဗျား၊ ဘုန်းကြီးတွေပင့်၊ ပရိတ်ပဌာန်းတွေရွတ်၊ ဘုရားနဂ္ဂပါတ်တော်နဲ့ ဆောင်ရွက်မှ"

"ဟုတ်တယ်။ ကျွန်တော်လည်း ဒီသတင်းကို ကြားလာတယ်။ ဟိုအစက ကြိမ်ချောင်းဘက်က ခွေးတွေ စ,အူတာတဲ့ဗျ"



"ကိုတင်ဦးရဲ့ - အဲဒါဆို - ကြို့ကုန်းဘက်ကလည်း ဆရာကြီး၊ သမားကြီး ပညာသည်တွေ ပေါ်မှပေါ့"

"မှန်တယ်ဗျို့။ စုန်းတွေ၊ ကဝေတွေက ပေါ်တော့ - အတိုက်အခိုက်တွေ လားမှမသိ"

"ကဲ - နောက်တစ်ည ဆက်ကြည့်ကြသေးတာပေါ့"

ဒီသတင်းက တစ်မြို့လုံးမက သက်န်းဒေါင့်၊ သရက်ပင်လှ၊ စစ်ကုန်း၊ အုန်းပင်စု၊ ပီတောက်ချောင်၊ စလင်းကုန်း၊ ဝါးတောဘက်မှာလည်း ဒီသတင်း။ ဟိုးဟိုးကျော်နေတော့၏၊ လက်ဖက်ရည်ဆိုင်တွေမှာလည်း ဒီသတင်း၊ ထမင်းဆိုင်၊ အရက်ဆိုင်မှာလည်း ဒီသတင်းတွေ ကြားနေရသည်၊ ဘီဘီစီ၊ ဘီအိုအေတောင် မမီဘူး။

ဒီနေ့ည မိုးချုပ်တော့ ကိုမောင်ကွေကြီး လောက်လေးခွဖြင့် လောက်စာလုံးသီး၊ စက်ဘီးကုန်းသီးတွေစု၊ ဓာတ်မီးတွေ ပြင်ဆင်ပြီး ခုညတော့ ဘာကောင်လည်းသိရအောင် ခွေးစစ်ဆင်ရေးလုပ်တော့မည်၊ သူ့မှာလည်း အိမ်စရိတ်ကျေ၊ ကြက်ကလေး၊ ဝက်ကလေးတွေ မွေးထားတာရှိတော့ စောင့်ရှောက်ရဦးမည်၊ ဒါလေးတွေက ဟင်းစား၊ ကျွေးစား၊ ထမင်းကျန်၊ ဟင်းကျန်နဲ့ မွေးထားရတာ၊ တစ်နှစ်ကို သမီးလေးတွေ ကျောင်းစရိတ်လောက်တော့ ရတာ၊ ဒီတော့ - ဘာပဲဖြစ်ဖြစ် မွေးထားရတယ်လေ၊ ဟင်းဝတ်လည်း ပြေတာပေါ့၊ ဘူးသီးနဲ့ ကြက်သားကာလသားချက်လို့ကတော့ နတ်သုဒ္ဓါပဲ၊

မိုးချုပ်စပြုပြီ၊ ယခုညတော့ ညဦးပိုင်းထဲက လျှပ်စစ်မီးက မလာ၊ မှောင်ကျနေသည့်ကြားထဲ အိုက်လို့.စပ်လို့၊ ထုံးစံအတိုင်း ပက်လက်ကုလားထိုင် ပေါ်ထိုင်ပြီး ရေခန္ဓာကြမ်းခါးခါး တစ်ကျိုက်ပြီးတစ်ကျိုက် သောက်၊ ဆေးလိပ်တစ်ဖွာနှစ်ဖွာရှိုက်လို့၊ လက်သုံးတော် လောက်လေးခွနဲ့ ဓာတ်မီး နံပေါ်မှာတင်၊ ခွေးအုပ်အလာကို မျှော်တလင့်လင့် နားစွင့်စောင့်နေတော့၏၊ ညကလည်း ခါတိုင်းညထက်တောင် ပိုမှောင်နေသလား မသိရ၊ တီဗွီမှ (၈)နာရီ



www.burmeseclassic.com

www.burmeseclassic.com

သတင်း ကြားရပြီ၊ တစ်မြို့လုံး ဘယ်သူမှတော့ မအိပ်ကြသေး၊ ဗွီဒီယိုကြည့်ကြသူ၊ ရုပ်ရှင်ကြည့်ကြသူတွေ၊ ဈေးသည်တွေ၊ ပြန်ကြသွားကြအသံတွေကို ကြားနေရ၏။ (၉) နာရီ၊ (၁၀) နာရီ၊ အင်းလျားကုန်းဘက်မှ လင်ကောင်



နွားတွေ လန့်ပြီး တရှူးရှူးနာမှုတ်တော့ ကောင်မလေးက တင်းကုတ်အပေါ်ဆင့်မှာအိပ်တာဆိုတော့ နွားမီးပိုထားရတာလား၊ ကလေးကငယ်ငယ်။ တင်းကုတ်ထဲဝင်လာတဲ့ မည်းမည်းကောင်ကြီးက အမဲသားရေပက်တဲ့ ကြမ်းပြင်မှာ သူ့လျှာနဲ့ လျက်နေတာ။ ဗျန်း–ဗျန်းနဲ့ဆိုတော့ မလှုပ်ရဲဘူးတဲ့။ ဒါတောင်– တင်းကုတ်ပေါ်တက်ဖို့ မျှော်ကြည့်နေသေးတယ်။ ဘာကောင်ကြီးမှန်းလည်း မသိ မျက်လုံးက ဝင်းလက်နေတာပဲတဲ့ကွ

ပိုးငှက်တစ်ကောင် ရင်ကွဲလုမတတ် တဂီးဂီး တဂစ်ဂစ်နှင့် အော်ပျံလာတဲ့ အချိန်ဈေးထိပ်က ကုက္ကိုပင်ကြီးက လင်ကောင်ပိုးကလည်း အပြိုင်အော်ကာ မြို့ပေါ်ဖြတ်ပျံသွားကြလေတော့၏။

"ဟာ – ငှက်ဆိုးကလည်းကွာ၊ အတိတ်မရှိ၊ နိမိတ်မရှိနဲ့အော်တာ – ဖတ် ဖတ် – ဖတ်"



"ကိုမောင်ကေ့ – ရှင် မအိပ်သေးဘူးလား။ မဟုတ်က ဟုတ်က သားရေခွနဲ့ လမ်းသွားတဲ့လူ ပစ်မိဦးမယ်တော်"

"အေးပါဟယ် – နှင်ကလည်း ငါပစ်တတ်ပါတယ်။ ဒီညတော့ – ဒီကောင် အသေပဲ"

"ကိုယ့်ဟာကိုယ်လည်း ပြန်မှန်နေဦးမယ်"

"မိန်းမရာ – မင်းအိပ်မှာအိပ်၊ ငါ – ဒီည ကင်းစောင့်မယ်ဟဲ့"

"အေးပါတော် – အိပ်ပြီ။ ရုပ်မလာလည်းနေ – အိပ်ပြီ၊ နောက်မှဝင်မလာနဲ့"

"လာမယ် – ငါ – ဒီကိစ္စပြီးမှ လာမယ် – ဟဲ – ဟဲ – ဟဲ – ဟဲ"

"သေနာကြီး – အိပ်ပြီ"

"ဖေါင် – ဖေါင် – ဖေါင်"

ရဲစခန်းမှ သံချောင်းခေါက်သံကြားလိုက်ပြီ၊ (၁၁) နာရီတောင်ထိုးပြီ၊ ညဥ့်နက်ပိုင်း ရောက်လာ၏။ အိပ်တန်းတက်ငှက်တွေလည်း ဘာသံမှမပြည်၊ ပုရစ်တွေက ညံစီစီနဲ့ အော်၏။ ဓမ္မာသီဝံကျောင်းထိပ်က ညောင်ပင်ကြီးပေါ်မှ ငှက်ကောင်က "ငူ – ငူ – ငူ" နှင့် အော်၏၊ ထိုအချိန် "တောက်တဲ့ – တောက်တဲ့ တောက်တဲ့" ဆိုသော သစ်ခေါင်းသံပါအောင် အော်ပြန်၏၊ "ဖီးကွက် – ဖီးကွက် ဖီးကွက်"၊ "ဂျက် – ဂျက် – ဂျက်"။

"အူ – ဝူ – ဝူ – ဝူး – အူ – ဝူ – ဝူ – ဝူး – ဝုတ် – ဝုတ် – ဝေါင်း – ဝေါင်း"

"ဟာ – အင်းလျားကုန်းဘက်က ခွေးအူသံတွေပါလား"

ကိုမောင်ကေ့ ဇာတ်လိုက်မင်းသားကြီး ခုညတော့ ခွေးစစ်ဆင်ရေး တိုက်ပွဲဝင်ရတော့မည်။ သူ့စိတ်တွေတက်ကြွနေ၏။ ခွေးတစ်ကောင်လောက် မိလို့ကတော့ သူသတ္တိရှိကြောင်း နာနာဘာဝလိုကောင်ကို မိအောင်ဖမ်းနိုင်ကြောင်း မနက်ဖြန် ရုံးရောက်ရင် ကြွားလုံးထုတ်မယ်လို့ သူ့စိတ်ကူးထား၏။ သူ့အနီးရှိတဲ့ လောက်လေးခွ၊ မိန်း၊ ဓားတွေ၊ တုတ်တွေကို စုပုံထားလားထိုင်

www.burmeseclassic.com

ပေါ်မှာ ထိုင်မနေတော့၊ အိမ်ရှေ့ဘက် လမ်းပေါ်ထွက်ကာ ဟိုလျှောက် သည်လျှောက်လုပ်နေရင်း။

"အူ - ဝူ - ဝူ - ဝူး - အူ - ဝူ - ဝူ - ဝူး - ဝုတ် - ဝုတ် - ကိန် - ကိန် - ဝေါင်း ဝေါင်း"

ခွေးအုပ်ကြီးက ဆင်ကူးဘက်သို့ နီးလာပြီ၊ တံတားအနီး ရောက်လာပြီ၊ ဆူသထက်ဆူ၊ ညံသထက်ညံလာ၏။ အော်သံ၊ ဟိန်းသံ၊ အူသံ၊ ဟောင်သံတွေက နားကွဲမတတ် ကြားလာရ၏။ အဆက်မပြတ် အူသံတွေ ခွေးရှိတဲ့ အိမ်တိုင်း မဟောင်မနေနိုင် ထွက်အူကြ၊ အိမ်ထဲက သံကြိုးချည်ထားတဲ့ခွေးကအစ ခွေးပိန်၊ ခွေးညှက်၊ ခွေးဝဲစား၊ ခွေးဝင်စား၊ သူဌေးသူကြွယ် မွေးသမျှ ခွေးအားလုံးမအူဘဲ.မဟောင်ဘဲ တစ်ကောင်မှမနေတော့။ "ဟဲ့ - ဒီခွေး - သေတော့မှာပဲ၊ တယ် - ဝါရိုက်လိုက်ရ"၊ "ဂိန် - ဂိန် - ဂိန် - အူ - အူ" ဆိုတဲ့ငယ်သံပါတဲ့ ခွေးအော်သံလည်း ကြားရ၏။ ခွေးတွေဆူတဲ့ည၊ လမိုက်ည ဒီညတော့ ကိုမောင်ကွေ ဘာကြောင့်ခွေးအူတာလဲကို သေသေချာချာ စောင့်ကြည့်နေမိပါတော့၏။ သို့သော် ခွေးအုပ်ကြီးသည် နေဝင်းရပ်ကွက်မှ နောက်ကြောင်းပြန်သွားသံကိုသာ ကြားလိုက်ရတော့သည်၊ ဒီတစ်ညလည်း သူတို့လမ်းဘက် မရောက်၊

မိုးလင်းတော့ ရုံးကို စောစောသွားတော့၏။

ဒီသတင်းက သူပြောငါပြော မပြောပဲ မနေနိုင်၊ ဈေးထဲက ငါးစိမ်းတန်းက အမျိုးသမီးတွေက ပိုလို့ ဆိုးသေးသည်၊ အောက်လမ်းတိုက်တာ၊ ရွာထဲက ကြက်တွေ.ဘဲတွေ.ဝက်တွေ ကလီစာကို စားရတာဟာ မတင်မမြောက်လို့တဲ့ နောက် လူကိုစားတော့မည်၊ ဘီလူးဝင်သတဲ့၊ ဦးရှင်ကြီးနဲ့ မယ်ကုဝက်



ညားတုန်းက ဝက်သားတစ်ပိဿာ၊ ဆန်တစ်ပြည် မြှောက်ရတာ၊ ခုလည်း ကလေးတွေ စားဖို့တဲ့၊ ဒီတော့ - တင်ကြ၊ မြှောက်ကြပါလို့အော်ပြီး ဟစ်ကျယ်ပြင်းကြ.ခုံကြနဲ့ ဆူညံနေတာ၊ ငါးစိမ်းတန်းရော၊ ဟင်းရွက်တန်းပါ ဆူနေကြသည်၊ ဈေးခေါင်းကြီးက - "တော်တော့ နင်တို့အသံကြီးပဲ၊ သေနာမတွေ - ငါနဲ့တွေ့မယ်" လို့ မာန်တော့မှ တိတ်သွားကြသည်၊

ထိုနေ့နံနက်က ကျွန်ုပ်ယောက်ဖ "ကိုထွန်းရီ - အိမ်သို့ ရောက်လာ၏။ ဂေါ်ဖီထုပ်နှင့် မုန်လာဥတွေ လာပို့တာ၊ ရေနွေးသောက်ရင်း စကားပြောကြတော့၏၊ ကိုထွန်းရီက အင်းလျားကုန်း၊ လှော်တော်ရုံရွာမှ မြေစိုက်စားတာ၊ သူက အားလုံးနှံ့စပ်သည်၊ သိသည်။ ဟုတ်တာ၊ မဟုတ်တာ အားလုံး သူပြောတတ်သည်၊

"အစ်ကို ထွန်းရီ - အကယ်ကြီးဘက်က ခွေးတွေ အူပြီးတော့ မြို့ထဲ.ရပ်ကွက်တွေ ဝင်တာ၊ အဲဒါ - ဘာဖြစ်လို့လဲ"

"တို့ရွာမှာလည်း ညက ကြက်တွေ ကိုက်သွားတယ်၊ ကလီစာတွေ ထုတ်စားတာကွ"

"ဟုတ်လား - နေဝင်းရပ်ကွက်မှာလည်း ဒီလိုပဲတဲ့၊ အဲဒါ - ဘာကောင်မှန်းလည်း မသိလို့"

"အေး - ကြို့ကုန်းဘက်ကလူတွေပြောတာတော့ ဟဲကောင်တဲ့ကွ"

"ဘာ ဟဲကောင်ရမလဲ - ဘာကောင်"

"ဟဲကောင် - ဟဲကောင်ကွ၊ ခွေးလို လျှာပြွတ်တန်းလန်းနဲ့ ကောင်တဲ့"

"တစ္ဆေလား - သရဲလား"

"အေး - မကောင်းတဲ့မိစ္ဆာကောင်တဲ့၊ တို့ရပ်ကွက်က ဟိုစိန်ဝင်းတို့ လင်မယားကွင်းထဲမှာ လယ်သွားလုပ်တာ၊ ခုတော့ - မနေရဲလို့ပြန်ပြေးလာရတယ်ကွ၊ ဘာကြာသေးလို့လဲ"

"ဘာလို့ပြန်ပြေးတာလဲ - အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com

"တို့ - အကယ်ကြီးကြားနဲ့ လှေတော်ရုံကြားကွင်းထဲမှာ တင်းကုတ်ဆောက်ပြီးတော့ နေကြတာ၊ စိန်ဝင်း မရှိတဲ့ည၊ ကောင်မလေးက အမဲသားချက်စားတယ်တဲ့၊ ညရောက်တော့ သူတို့တင်းကုတ်ကို ခွေးတွေ အုပြီးဝင်လာတယ်၊ နွားတွေ လန့်ပြီး တရှူးရှူးနှာမှုတ်တော့ ကောင်မလေးက တင်းကုတ်အပေါ်ဆင့်မှာအိပ်တာဆိုတော့ နွားမီးဖိုထားရတာလား၊ ကလေးက ငယ်ငယ်၊ တင်းကုတ်ထဲဝင်လာတဲ့ မည်းမည်းကောင်ကြီးက အမဲသားရေပက်တဲ့ ကြမ်းပြင်မှာ သူ့လျှာနဲ့ လျက်နေတာ၊ ဖျန်း - ဖျန်းနဲ့ဆိုတော့ မလှုပ်ရဲဘူးတဲ့၊ ဒါတောင် - တင်းကုတ်ပေါ်တက်ဖို့ မျှော်ကြည့်နေသေးတယ်၊ ဘာကောင်ကြီးမှန်းလည်း မသိ၊ မျက်လုံးက ဝင်းလက်နေတာပဲတဲ့ကွ"

"ဒါဆိုတော့ - သူတို့ မနေရဲဘူးပေါ့နော်"

"အဲဒါက - အကယ်ကြီးကြို့ကုန်းပိုင်လေ၊ သိပ်ကြမ်းတာ - အမှားမခံဘူးကွ"

"ဟုတ်ကဲ့ - အစ်ကို"

ကျွန်ုပ် ရုံးရောက်တော့ လက်ဖက်ရည်ဆိုင်မှာ ဆုံကြ၏၊ ကိုမောင်ကွေ၊ ကိုသန်းဝင်း၊ အောင်တင်ဆန်း၊ ဦးချစ်ဦး၊ ဦးအုန်းမောင်၊ ဦးတင်ဦး၊ ကိုမောင်ကြီးတို့အပြင် ဦးထွန်းစိန်လည်း ဦးနက်ကြီးပင်စင်ကိစ္စရေး မေးနေရင်း ဒီခွေးအုတဲ့ကိစ္စကို ပြောနေ၏။

"ကိုမောင်ကွေ - ခင်ဗျား ညက လက်ဖြောင့် မဖြောင့် စမ်းသေးလား"

"ဟော့ကောင် - ငါတို့ဘက် မလာဘူး၊ လာလို့ကတော့ အသေပဲ"

"ဟုတ်မှ လုပ်ပါကွာ - မောင်ကွေရယ်"

ထိုနေ့ကပင် ကျွန်ုပ် ရုံးမှ ဆိုင်သို့ပြန်၍ ထမင်းစား၏၊ ဆိုင်တွင် ဈေးဝယ်သူများနှင့် အတူထိုင်နေသူက မိနိုင်၊ မိနိုင်ဆိုတာက နတ်ကတော်တစ်ယောက်၊ သူက နတ်နဲ့ပတ်သက်ရင် သိမှာပဲဆိုကာ ထိုသတင်းကို မေးမိ၏၊

"နိုင် - နှင် - ခုရက် ပွဲတာ မထွက်ဘူးလား"



"ဟို - နားတာ၊ ခု - သကြန်ရက်ဆိုတော့ နှစ်တိုင်းနားရတယ်ဟဲ့၊ တော်ကြာ - ပွဲဆက်တွေကများလွန်းလို့ မနားရဘူး"

"နင် - ခုလာတာ - နေဝင်းရပ်ကွက်ရောက်ခဲ့သေးလား"

"အေး - အဲဒီမှာ တိရစ္ဆာန်တွေသေလို့ ဆူညံနေတာလေ၊ အဲဒါ - တချို့ကလည်း ဆရာကြီးဖမ်းတာ၊ တချို့က ရွာသပီးဖမ်းတာတဲ့တော်၊ ခု - လမ်းထဲ ပိုက်ဆံစုပြီးတော့ တင်ဖို့၊ မြှောက်ဖို့ လုပ်နေကြတယ်"

"အဲဒါက နတ်နဲ့ဆိုင်သလား"

"တို့ကနားစီးတွေမှာ အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း၊ (၇၄)မင်းရှိတယ်၊ ရွာသမီးက စလို့ပေါ့၊ တစ္ဆေ၊ သရဲ၊ မှင်စာ၊ အစိမ်း၊ သဘက်၊ ဖုတ်၊ ကျွတ်၊ မြေဘုတ် အဲဒါတွေက တို့နတ်ထိန်းက ကိုင်ထားတယ်၊ ကွင်းပိုင်, အင်းပိုင်ဆိုတာရှိသလို၊ မြို့စောင့်ရှင်,ရွာစောင့်ရှင်,နယ်စောင့်ရှင်တွေလည်းရှိတာပေါ့၊ သူ့အပိုင်နဲ့သူ အပိုင်စားရကြတာ၊ တစ်နှစ်တစ်ကြိမ်တော့ ကျွေးရတာဟဲ့၊ မကောင်းဆိုးဝါး၊ နာနာဘာဝတွေက ခွေးစီးပြီး ရွာထဲမှာ လျှောက်စားတာ၊ အဲဒါ - (၃၇)မင်းပွဲ စုံကျင်းလိုက်ရင် ပျောက်ပါတယ်"

"အေး - နင်ပြောတော့လည်း ဟုတ်တုတ်တုတ်ပဲဟ"

"ဟုတ်တယ် - နင်မယုံရင် စောင့်ကြည့်၊ နောက်ရက်တွေ တို့ဘက် ကူးလာလိမ့်မယ်"

"အေး - သတိထားနေကြပေါ့နော်"

မိနိုင်မေးတော့ (၃၇)မင်းက နိုင်းစေလို့ ပြောပြန်သည်၊ ဒီလိုနဲ့ ရွာထဲအုတဲ့ခွေးကိစ္စ သူ့မေးတစ်မျိုး၊ ငါ့မေးတစ်မျိုးနဲ့ အဖြေမှန်မရတော့၊ တချို့ကလည်း စစ်ကုန်းနားမှာ ရထားတိုက်လို့ ခေါင်းပြတ်ပြီး သေသွားတဲ့လူက လာပြီး ခွေးကို စီးဝင်းလာလို့လည်း ပြောကြသည်၊ ဒါတင် ဘယ်ဟုတ်မလဲ၊ ဟိုဈေးထဲက ရှမ်းဘောင်းဘီအနီနဲ့ ဆရာကြီးကလည်း သူ့အကောင်တွေလွှတ်တာတဲ့၊ အမျိုးမျိုးပြောကြပြန်သည်၊ အင်းလျားကုန်းပိုင်းက လူတွေကျတော့



www.burmeseclassic.com

www.burmeseclassic.com

လေ့တော်ရုံဘုရားနားက ဘီလူးမကြီးနိုင်းစေတာလို့ပြောကြသည်၊ အမျိုးမျိုး ပြောကြတော့ ဘာကိုယုံရမှန်းမသိတော့။

နေဝင်ရီတရောဆိုကတည်းက လူကြီးတွေက ကလေးတွေကို အပြင်မထွက်ဖို့ တားထားကြသည်၊ ဒီလိုဖြစ်တဲ့ညတွေမှာ အားလုံးကြောက်နေကြရတယ်၊ ဒီနေ့ညဆိုရင် တတိယမြောက်ည၊ ဘာထူးခြားမယ်ဆိုတာတော့ မသိရသေးဘူး။ မနက်ဆို သတင်းထူးကြားရမှာ၊

ဒီနေ့ညတော့ ခါတိုင်းလိုမဟုတ်၊ သန်းခေါင်ကျော်မှ ခွေးအူသံတွေကြားရတယ်၊ တဖြည်းဖြည်း နီးသထက် နီးလာတော့ ကိုမောင်ကွေ့ သူ့လက်နက်တွေ ပြင်ထားတော့၏၊ ခွေးအုပ်ကြီးက အူလိုက်,ဟောင်လိုက်နှင့် ဆူညံနေတော့၏၊ ဒီညတော့ – မီးက မမှောင်သေး။ လမ်းထဲဘက် ခွေးအုပ်အူသံ မြေထောက်နင်းသံတွေ ဆူညံအုန်းထနေတော့ပြီ၊ သေသေချာချာနိမ့်ပစ်မှ ဖြစ်မည်၊ ရှေ့ဆုံးမှ ခွေးနက်ကလေးတစ်ကောင် မျက်လုံးကရဲလို့ လျှာကို ထွက်ကျအောင်လုပ်လျက် "ဟဲ – ဟဲ – ဟဲ – ဟဲ" နှင့်မြည်၏၊ နောက်ကခွေးတွေက သူ့နောက်ယောင်ခံလိုက်၍ ထိုခွေးနက်ကို ခ,စားနေရသည့်အလား။ တော်တော်ကြောက်နေပုံရသည်၊ မကြာမီ – ကိုမောင်ကွေ့ သူ့အိမ်ရှေ့သို့ ရောက်လာ၏၊ သစ်ပင်ပေါ်မှာ အိပ်နေတဲ့ ကြက်မကြီး ဖုတ်ခနဲနေပြီး ဗျန်း – ဗျန်းနှင့် မြေကြီးပေါ် လူးကာ အသက်ပျောက်ခဲ့၏၊ ခွေးအုပ်ကြီးက အူလိုက်,အော်လိုက်နှင့် ထိုကြက်မကြီးကို ဆွဲသွားတော့သည်၊

"ကဲဟာ – ဗျန်း – ဝရုန်း – ဖုတ်"

"ကဲဟာ – သေပြီးတော့ – ဖုတ် – ဗျန်း – ဝရုန်း"

"ဟာ – ဒီခွေးတွေ ဘာမှမဖြစ်သလိုပဲ၊ ကြက်သီးတောင် ထလာတယ်"

"ဘုရား – ဘုရား – ငါ့ကြက်မတွေ ကုန်ပါပြီ – ကုန်ပါပြီ"

ကိုမောင်ကွေ့ကြီး ခွေးအုပ်ကြီးကို လောက်လေးခွနှင့် မောင်းလွှတ်လိုက်သလိုဖြစ်နေ၏၊ ဘာမှမထူးခြား၊ ထိုအုပ်ကြီးက ရဲစခန်းနောက်ဘက်မှ



နေ၍အညာတန်းသို့ဝင်ကာ အင်းလျားကုန်းတံတားမှ တစ်ဖက်ကမ်းသို့ကူး၍ ကွင်းထဲ ဖြတ်သွားကြပါတော့၏၊ ထိုနေ့ညက မောမောနှင့် အိပ်ပျော်ခဲ့လေတော့သည်၊

ထို့နောက် ဟဲကောင် – ဟဲကောင်လို့ လူတွေက ပြောလာကြ၏၊ ကျွန်ုပ်က စကားစပ်မိလို့ ကြို့ကုန်းက ကိုမြစံကို မေးကြည့်ဖူးသည်၊ သူတို့ရွာက ဆရာတစ်ပိုင်းတွေများတော့ လက်တည့်စမ်းကြတယ်တဲ့၊ ဒါကြောင့် – သူလည်း လယ်မြေတွေ အများကြီးလုပ်ခဲ့ပေမယ့် စပါးတွေ အောင်အောင်မြင်မြင် မဖြစ်ထွန်းလို့ စီးပွားရေးကျနေသည်၊ သူ့မိသားစုကလည်း ကျန်းမာရေး ချို့ယွင်းတော့ သူမှာ ဒုက္ခတွေနှင့် ရင်ဆိုင်နေရသည်၊ ဒီတော့ – သရက်ပင်လှမှာ စကားတတ်နန်းဖွင့်တဲ့ အဘကျော်ကို ပင့်ပြီးတော့ အနှောင့်အယှက်အတိုက်အခိုက်ရှိရင် ဖယ်ရှားပေးဖို့ ပင့်သွားသည်၊ အဘကျော်က စက်ဘီးနဲ့လာရင်း ကျွန်ုပ်ကိုပါ လိုက်ခဲ့ဖို့ ခေါ်သည်၊ အဘနှင့်အတူ ကိုတင်စိုးရယ်၊ ကိုဘိုးသန့်ရယ်၊ ကျွန်ုပ်တို့ လိုက်သွားသည်၊

အဘက ပွဲပြင်ပြီး ဘုရားကျောင်းရှေ့မှာ မေတ္တာပို့ အမျှဝေပါတော့သည်၊

"မင်းတို့လယ်တဲမှာ အတိုက်အခိုက်ရှိတယ်၊ အဲဒါ – မင်းတို့လယ်တောင်မှာ တူးကြည့်"

ကျွန်ုပ်နှင့် ကိုလှအုန်းတို့ လယ်ထဲသွားကာ အဘပြောတဲ့အတိုင်း တူးကြည့်ကြသည်၊ သပိတ်ကွဲနှင့် ချထားတဲ့ အင်းတစ်ချပ် ပေါ်လာသည်၊ နောက် လယ်ထောင့်မှာ တူးကြည့်တိုင်း အင်းတွေရသည်၊ အောက်လမ်းအတတ်နဲ့ စီးပွားပျက်အောင် လုပ်ထားတာတဲ့၊ တော်တော်တော့ ကြောက်စရာကောင်းပါသည်၊

"ကိုလှအုန်း – ခင်ဗျားတို့ရွာက အတိုက်အခိုက် တော်တော်များတာပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်ဗျ - ဒီမှာက ဆရာပေါင်းစုံ၊ သိုက်ပေါင်းစုံ၊ နတ်ပေါင်းစုံပဲဗျ"

"ကျွန်တော်မသိလို့ မေးပါရစေ"

"မေးဗျာ - ခင်ဗျား ဘာသိချင်တာလဲ"

"ကိုလှအုန်း - ဟဲကောင်ဆိုတာ ခင်ဗျားတို့ရွာဘက်က ထွက်တာဆို"

"ဒီလို - ဟိုညောင်ပင်ကြီး ခင်ဗျားမြင်တယ်နော်၊ အဲဒါ - အထိကရအပင်ကြီး၊ နှစ်စဉ်ပူဇော်ပသရတယ်၊ ဒီနှစ် - မိုးဦးကျတော့ ဒီကောင်က ညဆိုထွက်လာ၊ ခွေးတွေကအူဆိုတော့ တို့ရွာက ကလေးတွေ လှုစုပြီးတော့လေ၊ ဒီကောင်ကို သတ်ဖို့ လုပ်ကြသေးတယ်၊ အဲ - အဲဒါ - မြစ်တို့က ခေါင်းဆောင်ပေါ့၊ ကျွန်တော်လည်း ကင်းစောင့်ပေးရသေးတယ်၊ ည(၉)နာရီလောက်ဆို - ငှက်ဆိုးက အော်ရော သူက ရှေ့ကနေ ပျံသွား သိပ်မကြာဘူး၊ ညောင်ပင်အောက် ဂလိုင်ထဲက ခွေးလိုမည်းမည်းအကောင် ထွက်လာရော၊ ရွာထဲ စုန်ပြေးတော့တာပဲ၊ သူ့လျှာကို ထုတ်ပြီး တဟဲဟဲ မြည်လာရင် ဘယ်ခွေးမှ မနေနိုင်တော့ဘူး၊ သူ့နောက်လိုက်၊ တစ်ကောင်ပြီးတစ်ကောင် အူတော့,ပေါင်တော့တာပဲဗျ"

"ကိုလှအုန်းရေ - နောင်းရပ်ကွက်တစ်ကွက်လုံး ကြက်တွေ၊ ဘဲတွေ၊ ဝက်ကလေးတွေ အူတွေ,အသည်းတွေ ဖောက်စားသွားတယ်လို့ပြောတယ်"

"ဟုတ်တယ် - ကျွန်တော်တို့ ဟိုလယ်တီတို့၊ အင်းလျားကုန်းဘက်မှာလည်း ဒီလိုပဲ ဖြစ်တယ်၊ အမှန်ကတော့ - မကောင်းမိစ္ဆာ၊ နာနာဘာဝကောင်တွေပဲပေါ့ဗျာ၊ သူတို့က လူတွေကို နှောင့်ယှက်လို့မရတော့ စိတ်ချောက်ချားအောင်လုပ်တာ၊ ဒါမှ - သူတို့ကိုကျွေးရင် စားရမှာ၊ ဒီကောင်တွေက တစ်နှစ်တစ်ခါ ဝဝလင်လင်စားရအောင် ဖန်တီးကြတာပါ"

"ဟုတ်ကဲ့ - ကိုလှအုန်း၊ ဟဲကောင်ဆိုတာ နာနာဘာဝတစ်မျိုးပေါ့နော်"

"ဟုတ်တာပေါ့ဗျာ - ဟုတ်တာပေါ့"



"ကဲ - ခု - အင်းသုံးချပ်ရပြီ၊ အဘကျော်ဆီ ပြန်သွားကြမယ်"

"ဒီလိုကွင်းထဲမှာ အင်းတိုက်တာတော့ တစ်ခါမှ မမြင်ဖူးဘူး၊ သိပ်အံ့သြစရာ ကောင်းလွန်းလို့ ကျွန်တော်တော့ မယုံနိုင်အောင်ပါပဲဗျာ"

"အင်းတိုက်၊ စုန်းတိုက်၊ နတ်တိုက်၊ ကဝေတိုက်၊ သရဲတိုက် ဆိုတာတော့ ကြားဖူးပါတယ်၊ ခုလိုတော့ - လက်တွေ့မမြင်ဖူးပါဘူး"

"မြစ်လယ်က ဟိုတုန်းက သိပ်စပါးထွက်ကောင်းတာ၊ ခု - စပါးပင်တွေက တိုနီတွေ ဖြစ်ပြီးတော့ သေကုန်တာ၊ သုံးနှစ်လောက်ရှိပြီ၊ သူလည်း ဟိုတုန်းက လူတော်တစ်ယောက်ပဲ၊ ခုလိုဖြစ်တော့ စိတ်ဆင်းရဲ,ကိုယ်ဆင်းရဲဖြစ်တာပေါ့ဗျာ - သနားစရာပါ"

"ဟုတ်တယ် - အဘကျော်ရေ၊ တွေ့ပြီ - ဒီမှာ အင်းသုံးချပ်"

"အေး - အဲဒါ - အင်းတိုက်လို့ခေါ်တယ်၊ အောက်လမ်းတိုက်တာ၊ အဘဖယ်ပေးပါ့မယ်၊ ကဲ - လှအုန်း - မင်း - အဲဒီအင်းကို မှုန့်မှုန့်ညက်ညက်ကျေအောင် ထုခွဲလိုက်"

"ဟုတ်ကဲ့ - အဘ - ဟုတ်ကဲ့"

"မင်းတို့ရွာက ဟိုညောင်ငှလိုပဲ အင်းတစ်ထပ် အရက်တစ်ထပ်လူတွေကွ၊ ဒီတော့ - ဆရာပေါက်စကလည်း များမှများ၊ လက်တည့်စမ်းချင်တဲ့သူတွေ ပေါမှပေါ၊ အကုသိုလ်တွေပဲကွ၊ သူ့ထံသူပြန်သွားမှာပါကွာ"

"ဟုတ်ကဲ့ - အဘ၊ ကျွန်တော်တို့ကို ကူညီစောင့်ရှောက်ပါ"

"မင်း - ဘုရား,တရား အလုပ် များများအလုပ်၊ မေတ္တာပို့၊ မေတ္တာပွား၊ အဘက မင်းကို ကိုယ့်သားသမီးလိုမှတ်လို့ပြောတာ၊ မင်း - ယခု အိမ်ပေါ်မှာ ဘုရားနှစ်ဆူရှိတယ်၊ တစ်ဆူက သက်ရှိထင်ရှားအရှင်ဘုရား၊ အဲဒါ - ဂေါတမမြတ်စွာဘုရားနဲ့ မိအဖကြီးကိုပြောတာ၊ ကိုယ့်မိဘကို ဘုရားနှင့် တစ်ဂိုက်တည်းထား၊ နေ့တိုင်း ဆွမ်းကပ်၊ မင်း အားလုံးအကျိုးပေးလိမ့်မယ်၊ ကဲ - လုပ်စရာရှိတာ လုပ်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပတ်လောက်အကြာ ကိုမြစံ ကျွန်ုပ်အိမ် ရောက်လာ၏။ ကျွန်ုပ်သိချင်သော ဟဲကောင်အကြောင်း သူ့ကို မေးဖို့ အချိန်ရောက်လာပြီ။ ဆန္ဒလည်း ပြည့်ပြီ။ ဒါကြောင့် – သီလိုသမျှ မေးပါတော့၏။

"ကိုမြစံ – ခု – ကျန်းမာရေး ကောင်းသွားပြီလား"

"ထူးထူးခြားခြားကောင်းပါတယ်။ စိတ်ထဲလည်း နောက်သမျှ ကြည်သွားတယ်ဗျ"

"ခင်ဗျားတို့ရွာက အင်းစုံ၊ အတိုက်အခိုက်စုံပဲ၊ တော်တော်လန့်စရာကောင်းတယ်"

"ဟုတ်တယ်ဗျ – အဘကျော် ကောင်းလို့၊ နောက်မို့ – ကျွန်တော်တို့ ရှေ့ဆက် မတွေးရဲဘူး"

"ဒါနဲ့ – ခင်ဗျားကို မေးရဦးမယ်၊ ဟို – ဟဲကောင်ဆိုတာ ခင်ဗျားတို့ ဝိုင်းလိုက်တယ်ဆို"

"ဟဲကောင်လား – ဟုတ်တယ်၊ ကျွန်ုပ်တို့ရွာက နှစ်တိုင်း ရွာထဲ ခွေးအူလို့၊ ဘယ်လိုကောင်၊ ဘာလဲ သိရအောင် လူငယ်တွေကော,လူကြီးတွေပါ ၇ ပြီးတော့ ချောင်းတာ။ မိလို့ကတော့ အသေပဲဗျ၊ ဒါနဲ့ – ကြံ့ကုန်း၊ အကယ်ကြီး ကြိမ်ချောင်း၊ ရွာသာကုန်း၊ လေ့တော်ရုံတောက်လျှောက် ကင်းချသလို ၈ ထားပြီး စောင့်ကြတာ၊ ည(၉)နာရီကျော်တော့ ဟိုကွင်းထဲက ညောင်ပင်ကြီး ခင်ဗျားတို့၊ ကျွန်တော့်လယ်ထဲရောက်တော့ ကွင်းစောင့်ဘက်က အပင်ကြီးဗျာ၊ အဲဒီက ညောင်ခေါင်းထဲကလိုလို၊ ညောင်ပင်မြစ်တွေထဲကလိုလို မည်းမည်းအကောင်လေး၊ ခွေးလိုပဲ နက်မှောင်နေတာ၊ မျက်လုံးကလည်း နီရဲလို့၊ လျှာက တွဲလောင်းကြီး၊ ဟဲ – ဟဲ – ဟဲ – ဟဲ ဆိုတဲ့အသံဟာ လယ်တစ်ကွက်ကျော်လောက်က ကြားနေရတယ်"

"ဘယ်လိုကောင်မို့လို့လဲ၊ ခွေးပါပဲလို့ ခင်ဗျား ပြောနိုင်မလား"

"ခွေးလိုပဲ – သူက နည်းနည်းပိုသေးတယ်"



"ဒါဆို – ကမ္ဘာ့ဇာဒ္ဒီများရတဲ့ကောင်လား"

"ခင်ဗျားကလဲ – တဆွေ သရဲ၊ နာနာဘာဝတွေက ရပြီးသားပဲဟာကို"

"ပြောပါဦး – ခင်ဗျားတို့အဖြစ်အပျက်ကိုလေ"

"ရွာထဲဝင်ရင် ခွေးတွေအူပြီး သူ့နောက်က လိုက်တယ်၊ ကျွန်တော်တို့ မာတ်မီးနဲ့ ထိုးလိုက်တော့ ဖျတ်ခနဲ မာတ်မီးကျွမ်းသွားတယ်၊ ဒီကောင်က တဲ – ဟဲ – ဟဲ – ဟဲ ဆို ခွေးတွေက အူလိုက်,ဟောင်လိုက်၊ သားရေစွန့် ပစ်တဲ့သူ၊ တုတ်နဲ့ ရိုက်တဲ့သူ၊ မိန်းနဲ့ထိုး၊ ဓားနဲ့ခုတ်၊ အိုဗျာ – ခွေးအုပ်ကြီးနောက် လူတွေ လိုက်ရိုက်ကြပေမယ့် အူမြဲ,ဟောင်မြဲ၊ သူတို့ မထိ,မနာသလိုပဲ၊ အံ့သြရောဗျာ၊ အဲဒါ – ခင်ဗျား သူတို့ဝင်တဲ့လမ်းကြောင်းတစ်လျှောက် မိုးလင်းရင် ကြက်တွေ၊ ဘဲတွေ၊ ဝက်တွေ ဗိုက်ဟောင်းလောင်းပဲ၊ ကလီစာတွေ၊ အူတွေ၊ အသည်းတွေ ဘာတစ်ခုမှ မရှိတော့ဘူး"

"ဒါဆို – ခင်ဗျားတို့ပစ်တဲ့ကောင်က ဘာမှဒဏ်ရာတွေ မရဘူးလား"

"ခွေးရူးကို ရိုက်ရသလိုပဲ၊ နာတယ်၊ ကျင်တယ်ဆိုတာ မရှိဘူး၊ ကျွန်တော်တို့ စိတ်ထင်တော့ ဒီဇရာမညောင်ပင်ကြီးက ဟောဒီအကယ်ကြီးအင်း၊ ခယ်ဇလီ၊ မယင်းကူးဘက်ကကို ကွမ်း ပသကြတာ၊ အစောင့်ကြီးတယ်လို့ ရှေးထဲက ပြောတယ်၊ ဟိုနတ်စင်က အထိကရကြီးလေဗျာ၊ အကယ်ကြီးဘိုးဆိုတာ ဒီနယ်တစ်ဝိုက် ဦးထိပ်ထားရတာ၊ မှားလို့ကတော့ လေ့မှောက်၊ မြွေကိုက်၊ ရေနစ်သေကုန်ရော၊ ဟဲ့ – ဒါလည်း မယုံလို့မရဘူးဗျ"

"အေးဗျာ – စိတ်ဝင်စားစရာ ကောင်းလွန်းပါတယ်"

"ဒီတော့ – ကွင်းပိုင်ကြီးလား၊ ညောင်ပင်ကြီးက ရက္ခစိုးကြီးလား၊ အင်းတွေ၊ ကွင်းတွေ၊ သိုက်တွေက အစောင့်အရှောက်တွေလား၊ ခင်ဗျားတို့၊ ကျွန်တော်တို့ မပြောနိုင်ဘူး၊ ဒီတော့ – နာနာဘာဝကောင်တွေကို နိုင်းစေပြီးတော့ ပူးကပ်စားကြတာ၊ ရွာထဲ လျှောက်အူကြ,ဟောင်ကြနဲ့ တိရစ္ဆာန်တွေရဲ့ အူတွေ၊ အသည်းတွေ စားတာတော့ မကောင်းဆိုးဝါး မိစ္ဆာကောင်တွေပဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှာပေါ့၊ အဲဒီ - ဟဲကောင်လို့ ကျွန်တော်တို့က အမြင်နဲ့ သမုတ်ခေါ်တာ မဟုတ်လား"

"ဟုတ်တယ် - ကိုမြစ်ရေ၊ ဟဲကောင် - ဟဲကောင် - ခင်ဗျားပြောမှ ရှင်းတော့တယ်"

"ဟုတ်တယ်ဗျာ - ဟဲကောင်က ကျွန်တော်တို့ဒေသဘက်မှာတော့ အလွန်ကြောက်စရာကောင်းတဲ့ နာနာဘာဝမိစ္ဆာတစ်ကောင်ပေါ့ဗျာ"

ဟဲကောင် - ဟဲကောင် - ကိုမောင်ကွေကြီးပြောတဲ့ ဟဲကောင်ဆိုတာ ခုတော့ - ကေန်မိစ္ဆာကောင် ဖြစ်နေပါတော့၏။

>>> ဝင်းထိုင်ဝင် (မြငရာင်မြေ)

"ဂမ္ဘီရလောကမဂ္ဂဇင်း" တွင် ရေးသားဖော်ပြခဲ့သော စာမူများ၌ အချို့
စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊
နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ရန်လမ်း မရရှိခြင်း စသည့်
အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊
ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူ
နိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂမ္ဘီရလောကမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# ဆွေး မျက် ညှ

စောစုထိုက်

**ကောင်းကင်**မှာ တိမ်မည်းများ ရွေ့လျားနေသည်၊ မိုးတွေ ပြေးလွှားနေသလိုပါပဲ၊ ရာသီဥတုကလည်း ချမ်းစိမ့်စိမ့်၊ ညငှက်တွေကလည်း သစ်ပင် တစ်ပင်နှင့်တစ်ပင် ကူးလူးပျံသန်းလျက်၊

မြူလွှလွှဝတ်ရုံရှင်တွေရဲ့အရိပ်တွေကလည်း လေထဲမှာ လွင့်ပါးမြူးထူး၍ လေတစ်ချက်ဝှေ့လိုက်တိုင်းမှာ အေးစက်ဖြစ်သွားတာ ကြက်သီးထစရာ၊ နက်မှောင်နေသော ညကတ္တီပါထဲမှာ လှုပ်ရှားလာတာ အရိပ်မည်းတစ်ခု၊

သချိုင်းရှေ့မှာရပ်လျက်ရှိနေတာ လူလား၊ တစ္ဆေလား ခွဲခြားမရ၊ တွေပြားစေတဲ့ ညနက်နက်ထဲကို သက်ဝင်လှုပ်ရှားလာတာက ကားတစ်စီး၊ လူငယ်တစ်ယောက် သီချင်းအသံကုန်ဖွင့်၍ သံစဉ်မှာမျောပါရင်း ကားကိုအရှိန်ဖြင့်မောင်းလာသည်၊ တစ်နေရာအရောက် လူတစ်ယောက် လက်တားသဖြင့် ကားရပ်ပေးလိုက်၏၊ ဒီအချိန် လူပြတ်သည့်လမ်းမကြီးပေါ်မှာ ကိုယ်ချင်းစာ၍ ကားကြုံခေါ်လာခဲ့သည်၊ လူငယ်က သီချင်းစည်းချက်လိုက်၍ကားမောင်းရင်း စကားပြောဖြစ်ကြသည်၊



"ဦးလေးက ဘယ်သွားမလို့လဲ"

"ကြံတော"

"ဟင်"

လူငယ်က မျက်မှောင်ကျုံ့၍ နောက်မှပြုံးပြီး . . .

"ဦးလေးက တော်တော်နောက်တာပဲ"

"ဒါနဲ့ - ဘယ်မှာနေတာလဲ"

"လယ်ရှာ"

"ဟာ - ဦးလေးကြီးကလည်း သချိုင်းနာမည်တွေပဲ ပြောနေတယ်"

"ကျွန်တော်က ကြောက်တတ်တယ်နော်၊ ညအချိန်မတော်ကြီး မပြောစမ်းပါနဲ့ဗျာ"

ဦးလေးကြီးက အရှေ့တည့်တည့်ကြည့်၍ စူးရှသောမျက်လုံးအစုံဖြင့် မကောင်းဆိုးဝါးတစ်ကောင်အလား ပုံပေါက်နေပါသည်၊ အနက်ရောင် ကုတ်အင်္ကျီအရှည်ကြီးကို ဝတ်ဆင်ထားပြီး မဲ့ပြုံး ပြုံး၍ ထိုင်နေသည်မှာ တစ္ဆေတစ်ကောင်ဟု ထင်ရလောက်သည်၊ ဦးလေးကြီး၏ ရုပ်ရည်ကလည်း စက်ထန်၍ကြမ်းသယောင်ယောင်ရှိသည်၊ လူငယ်ကလည်း အနက်ရောင်ဂျာကင်နှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပြီး အနက်ရောင်ဝတ်ရုံကိုလည်း မြှုထား ပြန်သည်၊ ဝတ်စားထားပုံကလည်း တစ်မျိုးကြီးပါလား၊ လူငယ်၏ ရုပ်ရည် ရူပါကတော့ ရှက်ကြမ်းရေကျိုပါပဲ၊ လူငယ်က ပီကေဝါးနေပြီး တစ်လောကလုံးကို ဂရုမစိုက်သောပုံစံဖြင့် သံစဉ်များ၌ စီးမျောလျက်ရှိသည်၊ ခဏအကြာ . . .

"ဦးလေးက တစ်ယောက်တည်း သမားလား"

"အခုပဲ ဇနီးဆီက ပြန်လာတာ လက်ဆောင်လာပေးတာလေ"

"ဩော် - ဟုတ်လား၊ ဇနီးကို တော်တော်ချစ်ပုံရတယ်၊ အတူတူ မနေကြဘူးလား"

"သူမက ပြီးခဲ့တဲ့အပတ်ကပဲ ဆုံးသွားတာလေ၊ သူမအတွက် ပန်းစည်းနဲ့ ထမင်းထုပ် လာပို့တာ"



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးကြီးက မချိုပြုံး ပြုံးလျက် အရှေ့တည့်တည့်ကြည့်ပြီး ပြောနေပါသည်။

လှငယ်က သက်ပြင်းတစ်ချက်ချရင်း ကားကိုအရှိန်မြင့်စွာ မောင်းနေသည်။

"ဟင်း"

နှစ်ယောက်သား စကားမပြောဘဲ ခဏတာငြိမ်သက်လျက်ရှိသည်။ လှငယ်၏မျက်လုံးတွေက တစ္ဆေတစ်ကောင်ကဲ့သို့ စူးရှတောက်ပနေသည်။ ဦးလေးကြီးက တည်တည်ငြိမ်ငြိမ်ပင်။ လှငယ်ကတော့ စိတ်လှုပ်ရှားပြီး ဒေါသထွက်လျက် ရှိပါသည်။ ကားကို အရှိန်မြင့်စွာ မောင်းနေရင်းမှ ရုတ်တရက် ရပ်လိုက်သည်။

"ကဲ - ဒီမှာပဲ ဆင်းလိုက်တော့။ ခင်ဗျားကို ဆက်ပြီးခေါ်သွားချင်စိတ် မရှိတော့ဘူး"

"ဟာ - မလုပ်ပါနဲ့ကွာ၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ပါကွာ"

"ခင်ဗျားက ဝိဇ္ဇာဥ်ဆို၊ ဝိဇ္ဇာဥ်က သူ့ဘာသာ သွားနိုင်တာပဲ"

"ငါက မင်းနဲ့ သွားချင်လို့ပါကွာ"

"ကျွန်တော်က ခင်ဗျားနဲ့သွားရတာ စိတ်ရှုပ်တယ်"

"ငါ့ရင်ဘတ်က ဒဏ်ရာကြီးနဲ့ သွားဖို့ အဆင်မပြေလို့ပါကွာ"

"ခင်ဗျား - ကျွန်တော့်ကို ညာမနေပါနဲ့။ ဝိဇ္ဇာဥ်တွေအကြောင်း ခင်ဗျား ဘယ်လောက်သိလို့လဲ။ ဝိဇ္ဇာဥ်တွေ အမျိုးမျိုးရှိကြတယ်။ လူတွေကို ကူညီတဲ့ဝိဇ္ဇာဥ်နဲ့ ခြောက်လှန့်တဲ့ဝိဇ္ဇာဥ်ဆိုပြီးရှိတယ်။ ခင်ဗျားက ဝိဇ္ဇာဥ်ဆိုရင် ဘာဝိဇ္ဇာဥ်လဲ။ ပြောလေ - ဝိဇ္ဇာဥ်ရဲ့ အစွမ်းပြလေ။ ပြလေ - မပြနိုင်ရင် ကားပေါ်က ဆင်း၊ အခု ဆင်း -"

"မင်းကလည်း စိတ်လျှော့ပါကွာ"

"ကြဲတောသုသာန်ကို ကျွန်တော်သွားမှာ၊ ခင်ဗျား တကယ်လိုက်မှာ လား"



"ဟား - ဟား - မင်း အရမ်းလန့်သွားပြီ မဟုတ်လား"

"ကျွန်တော် မလန့်ပါဘူး။ ခင်ဗျားသာ တကယ်မလန့်အောင် စိတ်ထိန်းထား။ ကျွန်တော်က ဝိဇ္ဇာဥ်ပဲ။ ဒီမှာကြည့် -"

ရုတ်တရက် ကားထဲမှ လှငယ်ပျောက်သွားသည်။ ဦးလေးကြီး ပျာယာခတ်၍ ယခုမှ နှလုံးခုန်နှုန်းတွေ မြန်ဆန်လာသည်။ ဘေးဘီဝဲယာကြည့်မိတော့လည်း ညနက်နက်မှာ တစ်လောကလုံး တိတ်ဆိတ်လျက်ရှိသည်။ ချမ်းအေးသော ဆောင်းညဖြစ်သဖြင့် လေအဝေ့မှာ အေးခနဲ၊ စိမ့်ခနဲ ဖြစ်သွားသည်။ ထိုစဉ် ကားမှန်ဘေးမှာ ဘွားခနဲ မျက်နှာတစ်ခု ဒေါသကြီးစွာဖြင့် သားရိုင်းတစ်ကောင်အလား၊ စူးရှတဲ့ မျက်လုံးတစ်စုံ၊ ရှည်လျားတဲ့ အစွယ် ဖွေးဖွေးသွားများ၊ ချွန်မြနေတဲ့ လက်သည်းရှည်တို့နှင့် လက်များက ဦးလေးကြီး၏ မျက်နှာပေါ်သို့ အုပ်မိုးနေသယောင်ယောင်။ ဦးလေးကြီး ထိုင်နေရာမှ နောက်လန်လဲကျမတတ် ဖြစ်သွားသည်။

သူ့ကို အုပ်မိုးထားသော ကြောက်မက်ဖွယ် မျက်နှာကို မော့ကြည့်ရင်း အံ့ဩလျက် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ မလှုပ်နိုင်ဘဲ သတိလစ်သွားတော့သည်။

အရက်တက်ချိန် နံနက်ဝေလီဝေလင်းတွင် အစအနောက်သန်သူ ဦးသာခေါင်တစ်ယောက် မြို့ပြင်ကားလမ်းဘေးမှာ လဲကျနေသည်။ အမြင်မတော်သူများက သူ့အား အိမ်သို့ လာရောက်ပို့ပေးကြသည်။

"ကြီးမြရေဒီမှာ ကြီးမြရဲ့သား ကိုသာခေါင်ကြီး မြို့ပြင် ကားလမ်းဘေးမှာ လဲနေတာ တွေ့လို့ ခေါ်လာတာ။ အကျီမှာလည်း အနီရောင်ဆေးရည်တွေ ပေလို့ပဲ"

"အို - ဒုက္ခပါပဲ၊ မကြီးမငယ်နဲ့ ဘယ်လိုဖြစ်ရတာလဲ သာခေါင်ရယ်"

www.burmeseclassic.com

လူငယ် လန့်ဖျပ်သွားသည်။

"ခင်ဗျာ၊ ဒါဆို ဦးလေး စုနကရပ်နေတာ သချိုင်းရှေ့မှာပေါ့"

"အေးပေါ့ကွ"

"ဒီအချိန်မှ သချိုင်းထဲ လာရတယ်လို့ မကြောက်ဘူးလား"

"ဒီအချိန်က ငါတို့ အချိန်ပဲလေ"

ဦးလေးကြီး၏ စကားကြောင့် လူငယ်က မျက်ခုံးပင့်၍ ပခုံးတွန့်လိုက်ပါသည်။

"ဦးလေးက ပျော်တတ်ပုံရတယ်၊ နောက်တဲ့စကားတွေပဲ ပြောနေတယ်၊ ကျွန်တော်လည်း ပျော်တတ်ပါတယ်၊ ညဘက်ကြီး သချိုင်းအကြောင်းတွေ မပြောစမ်းပါနဲ့၊ အဲဒီအသံတွေနဲ့ ဝေးဝေးနေချင်လို့ပါဗျာ"

"မင်းကလည်း ယောက်ျားဖြစ်ပြီး ကြောက်တတ်သလားကွ"

"သချိုင်းဆိုတဲ့အသံတွေ မကြားချင်တာပါ၊ ဦးလေးဇနီး ဆုံးသွားတာတော့ စိတ်မကောင်းပါဘူးဗျာ"

"အေးပါကွာ - ခုလို ကားကြုံစေါ်လာတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ကွာ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော်က ကူညီနေကျပါ"

"ဦးလေးဇနီးက ဘာလို့ ဆုံးသွားတာလဲ"

"ကလေးမွေးရင်း မီးတွင်းထဲမှာ ဆုံးသွားတာ၊ နှစ်ယောက်လုံး အဖတ်မတင်ပါဘူးကွာ"

"ဩော် - သနားစရာပဲ၊ ဦးလေးတော့ တော်တော်ခံစားရမှာပဲ"

"ဘယ်တတ်နိုင်ပါ့မလဲကွာ၊ သေခြင်းတရားဆိုတာ ရှောင်လွှဲလို့မှ မရတာ၊ ငါ ကိုယ်တိုင်လည်း မရှောင်နိုင်ခဲ့ဘူးလေ"

"ဟင်"

ဦးလေးကြီး စကားကိုကြား၍ လူငယ်မှာ အံ့အားသင့်စွာ ရှိနေသည်။

"ဦးလေးကလည်း မနောက်ပါနဲ့ဆို နောက်ပြန်ပြီ၊ သေခြင်းတရားကို ဦးလေးတောင် မရှောင်နိုင်ခဲ့ဘူးဆိုတဲ့စကားက ဘာအဓိပ္ပာယ်လဲ"



ဦးလေးကြီးက သဘောကျစွာဖြင့်ရယ်လျက် လူငယ်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ဟား - ဟား - ဟား - ဟား၊ မင်းကြောက်နေတာလား"

"မကြောက်ပါဘူးဗျာ၊ ဒါဆို - ဦးလေးက ဘာလဲ"

"မသိချင်ပါနဲ့ကွာ"

"ကဲ - ကဲ - ထားပါလေ၊ ဘယ်မှာ ကားရပ်ပေးရမလဲ"

"ကြံ့တောသုသာန်ရှေ့"

"လာပြန်ပြီ၊ မနောက်ပါနဲ့ဗျာ၊ လိုက်ပို့ရမယ့်နေရာသာ ပြောပါ"

"ကြံ့တော သုသာန်ရှေ့"

ဦးလေးကြီးက ဒီစကားပဲ ထပ်ခါတလဲလဲ ပြောနေ၍ လူငယ်မှာ စိတ်တိုလာသည်။

"တော်ပါတော့ - ကျွန်တော် စကားအကောင်းပြောနေတာ၊ လူတစ်ယောက်ကို အဆင်ပြေအောင် ကူညီတတ်တာ ကျွန်တော့်အကျင့်ပဲ၊ သွားမယ့်နေရာသာ ကောင်းကောင်းပြောစမ်းပါ"

ဦးလေးကြီးက မျက်တောင်တစ်ချက်မခတ်ဘဲ ရှေ့တည့်တည့်သာကြည့်ပြီး သွေးအေးစွာဖြင့် ပြောနေသည်။

"ကြံ့တောသုသာန်ရှေ့ရောက်ရင်ရပြီ"

လူငယ်ကတော့ ဆံပင်တွေထောင်လာပြီး နက်မှောင်သော မျက်လုံးတွေက စူးရှတောက်ပ၍ ရှည်လျားသော သွားဖွေးဖွေးများကို အံကြိတ်ထားသည်။ ထို့နောက် - သက်ပြင်းတစ်ချက်ချရင်း စိတ်ကို လျှော့ချလိုက်ပါသည်။

"ဟင်း ..."

လူငယ်က ကားထဲမှ သီချင်းကို ပိတ်လိုက်ပြီး စက်အရှိန်မြှင့်လိုက်ပါသည်။

"ဖြည်းဖြည်းမောင်းပါကွာ၊ မင်းတို့ လူငယ်တွေ ကားမောင်းတော်တော်ကြမ်းတယ်၊ ကိုယ့်အသက်ကိုယ် တန်ဖိုးထားကြကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါက - ဘာလည်း ပါရဂူကြီး"

"အမှန်က ကျွန်တော့်အမှားပါ ဦးမြင့်မောင်၊ ဒေါ်မြင့်မြင့်မှာ ဘာကင်ဆာမှ မရှိပါဘူး၊ တခြားလူနာအမျိုးသမီးကြီးတစ်ယောက်ရဲ့ ဆေးစစ်ချက်မှတ်တမ်းနဲ့ မှားယွင်းပြီး ဆုံးဖြတ်မိတာပါ ဦးမြင့်မောင်၊ ဒါကြောင့် - ဒေါ်ဒေါ်ကို သက်သက်စိတ်ဆင်းရဲအောင်လုပ်မိလို့ ကျွန်တော်ကိုယ်တိုင်လာတောင်းပန်ရတာပါ"

"ဟုတ်လား - ဝမ်းသာလိုက်တာ"

ဘုရားခန်းထဲ ရောက်နေသူအားလုံးက ဝမ်းသာအားရ သံပြိုင်ပြောလိုက်ကြ၏၊ ငယ်သူငယ်ချင်းမောင်ကျော်က ...

"ဟ - မြင့်မောင်၊ ဒါဆို - မင်းဟာက ဒီနေ့ရှာပုန်အခမ်းအနားဘယ်ဟုတ်တော့မလဲကွ"

ကျွန်ုပ်က ဖနီးသည်လက်ကိုဆွဲကာ နေရာမှထရပ်လိုက်ပြီး ...

"ဟုတ်တယ် - သူငယ်ချင်း၊ မြေးအရင်းလည်း၊ မြန်တွေ့ရ ဖို့ မိန်းမလည်း မသေတော့ဘူးဆိုတော့ ဒီနေ့တော့ (၄၁) နှစ်မြောက် မင်္ဂလာအထိမ်းအမှတ်ကြိုလုပ်ရမယ့်နေ့ပဲဟေ့ - ဟား - ဟား - ဟား"

"ဟား - ဟား - ဟား - ဟား"

>>> ပြီးပါပြီ



www.burmeseclassic.com

လူငယ်က ဦးလေးကြီးကို ဘုကြည့်ကြည့်၍ . . .

"ဦးလေးက ကြံတော ဘာသွားလုပ်မှာလဲ"

"အစည်းအဝေး သွားမှာလေ"

"ဟား - ဟား။ သဘာရာဇာ အစည်းအဝေးလား။ ဦးလေးပုံက သဘာရာဇာနဲ့တူတယ်၊ ဟား - ဟား"



ခင်ဗျား–ကျွန်တော့်ကို ညာမနေပါနဲ့။ ဝိညာဉ်တွေ အကြောင်း ခင်ဗျား ဘယ်လောက် သိလို့လဲ။ ဝိညာဉ်တွေ အမျိုးမျိုးရှိကြတယ်။ လူတွေကို ကူညီတဲ့ဝိညာဉ်နဲ့ ခြောက်လှန့်တဲ့ ဝိညာဉ်ဆိုပြီးရှိတယ်။ ခင်ဗျားက ဝိညာဉ်ဆိုရင် ဘာဝိညာဉ်လဲ။ ပြောလေ– ဝိညာဉ်ရဲ့ အစွမ်းပြလေ။ ပြလေ–မပြနိုင်ရင် ကားပေါ်က ဆင်း။ အခု ဆင်း ...

ဦးလေးကြီး ခပ်တည်တည်ဖြင့် အသက်မပါစွာပြုံး၍ . . .

"ဝိညာဉ်အစည်းအဝေး"

လူငယ်က မယုံကြည်သောပုံစံဖြင့် လှောင်ရယ် ရယ်ပြီး . . .

"ဝိညာဉ်က တကယ်ရှိလို့လား"



"ရှိတာပေါ့ကွ"

"မြင်ဖူးလို့လား"

"ငါကိုယ်တိုင်က ဝိညာဉ်ပဲလေ"

"ဟား - ဟား - ဟား - ဟား - ဦးလေးကြီးက နောက်နေပြန်ပြီ။ ဒါဆို လူတွေသေပြီးရင် ဘာဖြစ်လဲ"

"ဝိညာဉ် ဖြစ်တာပေါ့"

"ဒါဆို ဝိညာဉ်တွေ ဘယ်သွားရလဲ"

"ဘယ်သွားရလဲဆိုတာ ပြောလို့မရဘူး"

"ဦးလေးကြီး မသိလို့နေမှာပါ။ ဟား - ဟား - ဟား - ဟား"

"ဒါနဲ့ ဦးလေးကြီးက ဘယ်လိုသေခဲ့တာလဲ"

"ငါ့မိန်းမ ဆုံးသွားလို့ သူ့နောက် လိုက်မယ်ဆိုပြီး ငါ့ကိုယ်ငါ ဓားနဲ့ထိုးခဲ့တာပဲကွ။ ဒီမှာ ငါ့နှလုံးသားမှာ သွေးတွေကျနေတာ မမြင်ဘူးလား"

လူငယ်က ဦးလေးကြီးကို လှမ်းကြည့်လိုက်ပြီး ဖြေသွေ့က်သော အမှုအရာဖြစ်သွားသည်။ လေပူတစ်ချက်ကို စိတ်ပျက်စွာ မှုတ်ထုတ်လိုက်သည်။

"ဝူး"

ကဲ - ကဲ - နောက်တာတွေလည်းလျှော့၊ ဘယ်မှာ ချပေးရမလဲ"

"ကြံတော"

"ဟာ - ဒုက္ခပါပဲဗျာ၊ မနောက်ပါနဲ့တော့ ကျွန်တော် စိတ်တိုလာပြီ"

ဦးလေးကြီးက တည်ငြိမ်စွာဖြင့် . . .

"မင်း ကြောက်နေတာ မဟုတ်လား။ ငါက ဒုက္ခပေးမယ့် ဝိညာဉ် မဟုတ်ပါဘူးကွာ"

"မကြောက်ပါဘူးဗျာ။ ခင်ဗျားက တကယ့်ဝိညာဉ်မှ မဟုတ်ဘဲ။ ဝိညာဉ်အစစ်ဆိုရင် ကိုယ်ပျောက်လို့ရမှာပေါ့။ ခင်ဗျားက ကိုယ်မှမပျောက်နိုင်ဘဲ။ ဝိညာဉ်အစစ်ဆိုရင် ဝိညာဉ်ရဲ့အစွမ်းတွေပြလေ"

"ပြခွင့် မရှိဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com

ကြောင်တောင်တောင်ပုံစံဖြင့် စကားမေးမရတော့သော သာခေါင်ကြီး ဖြစ်လို့နေပါပြီ။ သရဲ၊ တစ္ဆေ၊ ဝိညာဉ်များက လူယောင်ဆောင်ပြီး ခြောက်လှန့်သောပုံစံများနှင့် သူ၏အသိမိတ်ဆွေများကို စနောက်တတ်သူ သာခေါင်ကြီးပါ။ စနောက်ခံရသူများ ကြောက်နေသည်ကို မြင်လျှင် အလွန်ပျော်ရွှင်တတ်သူလည်း ဖြစ်သည်။

သရဲခြောက်နောက်တတ်သော သာခေါင်ကြီးတစ်ယောက် လွန်ခဲ့သောညက ဘာတွေများဖြစ်ခဲ့သလဲဆိုတာ မေးမရတော့ပါ။

သာခေါင်ကြီး မျက်ဖြူလန်ပြီး ငူငူငိုင်ငိုင်ကြီး ထိုင်နေသည်မှာ ကြောက်စရာအသွင်ဆောင်နေသည်။ တစ်ခါတစ်ခါ (ငူး - ငူး - ဝါး - ဝါး) ဖြင့် ထအော်နေတတ်သည်။ ပါးစပ်မှလည်း ဗလုံးဗထွေးဖြင့် စကားများဆိုနေသည်မှာ ဘာပြောမှန်းမသိ။

သားဖြစ်သူကိုကြည့်ပြီး စိတ်ပျက်နေသူမှာ ကြီးမြပစ် ဖြစ်သည်။ အနောက်သန်သော သားအဖြစ်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေရသည်။ ဘာဖြစ်ခဲ့သည်ဆိုတာလည်း မေးမရတော့ စိတ်ညစ်နေရသည်။ စိတ်မသက်သာစွာဖြင့် သက်ပြင်းချရုံမှတစ်ပါး မတတ်နိုင်တော့ပါ။

ညအချိန်မတော်တွင် အသံနက်ကြီးဖြင့် အော်နေတတ်သော ဦးသာခေါင်ကြီး ဘာတွေမြင်နေရလဲ မသိပါ။

"အား - မလာနဲ့ - မလာနဲ့"

နေ့ဘက်ဆို အဝေးကို ငိုင်ပြီးစိုက်ကြည့်နေတတ်ပါရဲ့။ သူ့ကို မြင်သူအားလုံး စိတ်မချမ်းသာကြပါ။ သူ၏စနောက်တတ်ပုံများကိုပင် သတိတရဖြင့် ပြန်ပြောနေကြသေးသည်။



သည်းခြေပျက်၍ အရူးတစ်ယောက်ကဲ့သို့ ဖြစ်နေပြီး ငြိမ်သက်ခြင်းမြင့်သော အဝေးကိုပဲ ကြည့်နေတတ်တော့သည်။

ဦးသာခေါင်ကြီး၏ အာရုံထဲတွင် လွန်ခဲ့သောညက အဖြစ်အပျက်များကို တစ်ခုချင်းမြင်ယောင်၍ ထိတ်လန့်မှုတို့က နေရာယူနေကြသည်။ သည်လိုနှင့် ဦးသာခေါင်၏ စနောက်တတ်သော အကျင့်လေးကတော့ ရပ်တန့်ကာ ရပ်သွားခဲ့ပြီပေါ့ . . .။

>>> စာရေးသူ

## စာမူရှင်များသို့

မရွေးချယ်ခဲ့သော စာမူများကို ပြန်လည်ပေးပို့ခြင်း
မပြုတော့ပါ၍ မိတ္တူကူးထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




# ရွှေရတုမင်္ဂလာ

ပိတာမြဦး

ကျွန်ုပ်၏အိမ်ထောင်သက် နှစ်ပေါင်း (၅၀) ပြည့်သည့်နေ့တွင် တစ်သက်တာ လက်တွဲလာခဲ့သော ချစ်ဇနီးနှင့်အတူ မင်္ဂလာအထိမ်းအမှတ် အခမ်းအနားတစ်ခု ကျင်းပဖြစ်ခဲ့သည်။ အခမ်းအနားဆိုသော်လည်း သိပ်ကြီးကြီးကျယ်ကျယ်တော့ မဟုတ်၊ တတိယအရွယ် ရောက်နေပြီဖြစ်သော ကျွန်ုပ်၏ ငယ်ပေါင်းကြီးဖော် မိတ်သင်္ဂဟတစ်စုမျှသာ ဖြစ်၏။

ကျင်းပသည့်နေရာကလည်း မြို့နယ်ခန်းမလို သီးသီးသန့်သန့် နေရာမျိုးမဟုတ်ဘဲ တိရစ္ဆာန်ရန့်များဖြင့် သင်းထုံနေသည့် မွေးမြူရေးခြံများ ဝန်းရံလျက်ရှိသော ကျွန်ုပ်တို့ဇနီးမောင်နှံ၏ မင်္ဂလာအိမ်ဂေဟာခန်းမတွင်သာ ဖြစ်လေသည်။

နယ်မြို့ဖြစ်သည့်အပြင် မွေးမြူရေးလုပ်ရန် မြို့အစွန်အဖျားကို ရွေးချယ်ထားရှိလည်း ခြံဝင်းကျယ်ကျယ်တွင် နှစ်ထပ်တိုက်ကြီးတစ်လုံးကို သပ်ရပ်ထည်ဝါစွာ ဆောက်ထားနိုင်ခဲ့၏။ အမှန်တကယ်ဆိုလျှင် သည်မွေးမြူရေး



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းကို ကျွန်ုပ် ဝါသနာလည်းမပါ၊ စိတ်လည်းဝင်စားသည်တော့မဟုတ်၊ ကျွန်ုပ်တို့၏ တစ်ဦးတည်းသောသား တိမွေးကုဆရာဝန် ဒေါက်တာကျော်ထွဋ်တင်၏ ဆန္ဒအရ သည်မြို့သည်ရွာ သည်နေရာ၌ သည်မွေးမြူရေးခြံကြီးကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသာ ဖြစ်၏။

သားတော်မောင် အဓိကမွေးမြူသည်က နွားကောင်းမျိုးသန့်များဖြစ်ပြီး ဝက်၊ ကြက်၊ ဘဲနှင့် ငါးကန်ကိုပါ တွဲဖက်ထားသည်။ လုပ်ငန်းထောက်အကူအဖြစ် တပည့်နှစ်ယောက်ကို တာဝန်ပေးထားကာ အောက်ခြေသိမ်းအလုပ်ကြမ်းသမားတချို့ကိုတော့ ဒေသခံများထဲမှ ရံဖန်ရံခါဆိုသလို ငှားရမ်းသုံးစွဲရ၏။

တစ်လတစ်ခါဆိုသလို သူမြို့ပေါ်တက်ပြီး မွေးမြူရေးဆေးနှင့် အစာများတက်ဝယ်ရသည့်အခါတိုင်း အချိန်သုံးလေးရက် ကြာတတ်သည်။ ထိုအခါမျိုးတွင် တစ်ဖက်ရွာတွင် တိရစ္ဆာန်ဆေးကုခန်း ဖွင့်လှစ်ထားသော သူ့ကျောင်းနေဖက်သူငယ်ချင်းဒေါက်တာမျိုးဝင်းကို အရေးပေါ်ကိစ္စရှိလျှင် လှမ်းအကူအညီ တောင်းရတတ်သည်။

မွေးမြူရေးလုပ်ငန်းစတင်၍ တစ်နှစ်သာသာ အကြာတွင် သူမြို့ပေါ်တက်ဝယ်နေကျ မွေးမြူရေးဆေးဆိုင်ပိုင်ရှင်သမီး မစန္ဒာဆိုသူနှင့် လူငယ်ချင်း မေတ္တာမျှနေသော သတင်းသဲ့သဲ့ ကြားလာရသည်။ မစန္ဒာကိုယ်တိုင် တစ်ဦးတည်းသော သမီးတက္ကသိုလ်ဘွဲ့ရဖြစ်ကာ မိဘနှစ်ပါးမှာလည်း အငြိမ်းစား ကျောင်းဆရာ၊ ဆရာမများဖြစ်သည့်အပြင် မျိုးရိုးဂုဏ်သတင်းကောင်းမွန်သူများ ဖြစ်ကြ၏။

သို့ဖြစ်ရာ သားတော်မောင်၏ဆန္ဒအရ မိဘတို့ဝတ္တရားရှိသည့်အတိုင်း တောင်းရမ်းထိမ်းမြားပေးခဲ့ရ၏။ အားရစရာကောင်းသည်မှာ ချွေးမဖြစ်သူ မစန္ဒာကိုယ်တိုင် မွေးမြူရေးလုပ်ငန်းအပေါ် အထူးစိတ်ဝင်စားပြီး နေ့မအား ညမနား ကြိုးစားဆောင်ရွက်တတ်သူ ဖြစ်နေခြင်းပင်။



သို့ပေသည့် ကျွန်ုပ်တို့ မိဘများအလိုချင်ဆုံး အတောင့်တဆုံး အရာတစ်ခုမှာကား မြေးပြည်တော်မျှော်တိုင်း ဝေးနေပါတော့၏။ အခြားတော့ မဟုတ်၊ အဘိုးအဘွားတို့၏ လည်ဆွဲရတနာ မြေးလေးတစ်ယောက်ကတော့ တစ်နှစ်နေလည်း ပေါ်မလာ၊ နှစ်နှစ်ကြာလည်း မမြင်ရ။

ကဲ- ဒါဆို မင်းကို ငါ တည့်တည့်ပဲ ပြောတော့မယ်-မြင့်မောင်။ လူဆိုတာ သေမျိုးဖြစ်သလို ဘယ်လောက်ချစ်တဲ့ လင်မယားဖြစ်ဖြစ် တစ်နေ့နေ့ သေကွဲ ကွဲရမှာ မြေကြီးလက်ခတ် မလွဲပဲကွ။ တခြားလူမကြည့်နဲ့ ငါကိုပဲ ကြည့်လေ။



လင်မယားနှစ်ယောက် သူ့အပြစ်လိုလို ကိုယ့်အပြစ်လိုလို သံသယမွှားစပြုချိန် မမျှော်လင့်သော ကြမ္မာဂြိုဟ်ဆိုးတစ်ခုလား ဗုံမဆင့်ဆိုင်းမဆင့် ရုတ်တရက်ကြီး ဝင်ချလာပါတော့၏။ ဖြစ်ရပ်က မယုံနိုင်စရာ၊ သူတို့နှစ်ယောက် မြို့ပေါ် မွေးမြူရေးဆေးဝယ်ထွက်ပြီး အပြန်လမ်းတွင်ကားအက်ဆီးဒင့်ဖြစ်ခဲ့သည်တဲ့။

www.burmeseclassic.com

ထိုအက်ဆီးဒင့်ကြောင့် ကျွန်ုပ်တို့၏ တစ်ဦးတည်းသော သားကြီး လူ့လောကမှ စောစီးစွာထွက်သွားရရှာသည်။ ထို့နောက်မှာတော့ ချွေးမဖြစ်သူ သူ့မိဘအိမ်သို့ ကြေကွဲဝမ်းနည်းစွာ ပြန်သွားရလေတော့၏။ ဇမ္ဗူမြေရေးခြံကြီးမှာလည်း ပိုင်ရှင်မဲ့ဘဝ ရောက်သွားသည်။ သားသူငယ်ချင်းဆရာဝန် ဒေါက်တာမျိုးဝင်း ကိုယ်တိုင်ဝင်ရောက်ကြီးကြပ် ကျားကန်ပေးနေ၍သာ ယနေ့အထိ ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်၏။

"အေးကွာ - သူငယ်ချင်း ဒီလို အိမ်ထောင်သက်နှစ်လေးဆယ်ပြည့်တဲ့အထိ ကျန်းကျန်းမာမာနဲ့ ချစ်ချစ်ခင်ခင်နေနိုင်တဲ့ လင်မယားမျိုးက ခုခေတ်မှာ အရှားသားလားကွာ။ ဒါ့ကြောင့် - မင်းတို့လင်မယားကို ငါ အလေးအနက် ဂုဏ်ပြုတယ် သူငယ်ချင်း။ အေး - ဒါပေမဲ့ အနိစ္စအမြဲမရှိခြင်းတရားသဘောကိုတော့ မင်းလည်း သိသားပဲဟာ။ အဲ့ဒီ့အတွက်တော့ မင်း အဆင်သင့် ပြင်ဆင်ထားရလိမ့်မကွဲ့နော်"

ကျွန်ုပ်တို့မင်္ဂလာအထိမ်းအမှတ်ပွဲတက် ပရိသတ်များကို တစ်စားပွဲချင်း လိုက်လံနှုတ်ဆက်နေစိုက် ငယ်သူငယ်ချင်းမှဆိုးဖိုဦးကျော်၏ ချီးမွမ်းဂုဏ်ပြုသယောင်ယောင်နှင့် ခြိမ်းခြောက်လှောင်ပြောင်လေသံပါနေသောစကားက ကျွန်ုပ် ရင်ဝသို့ တိုက်ရိုက်ထိမှန်သလို တထိတ်တလန့် ခံစားလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော ကာယကံရှင်ဇနီး ကိုယ်တိုင်မသိသေးသော သတင်းဆိုးတစ်ခုကို ကျွန်ုပ်တစ်ယောက်ထဲ တိတ်တခိုးသိနေသောကြောင့် ဖြစ်လေ၏။

ထိုသတင်းဆိုးမှာကား အခြားမဟုတ်၊ ကျွန်ုပ်၏ ချစ်ဇနီးမြင့်တွင် အစာအိမ်ကင်ဆာ ရှိနေခြင်းပင်၊ သက်ဆိုင်ရာပါရဂူ ညွှန်ကြားသော ဆေးများကို သာမန်ရောဂါတစ်ခု ဖြစ်နေဘိသကဲ့သို့ ဇနီးသည်မြင့်အား အသိမပေးရဲဘဲ ခပ်ပေါ့ပေါ့တိုက်ကျွေးကာသ နေရခြင်းပါပေ။



ကျွန်ုပ်က ဇနီးသည်မြင့်ကို ဟန်ဆောင်အပြုံးမျက်လုံးများဖြင့် တစ်ချက်စောင်းငဲ့ အကဲခတ်လိုက်ပြီးမှ ငယ်သူငယ်ချင်းဦးကျော်၏ မျက်လုံးများကို စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။

"ဒီမှာ - မောင်ကျော်၊ အနိစ္စအမြဲမရှိခြင်းတရားဆိုတာ တို့လင်မယားနဲ့တော့ မသက်ဆိုင်ဘူး ထင်ပါရဲ့"

ဦးကျော်၏ မျက်လုံးများ ပြူးပိုင်းသွားကာ ...

"ဟ - မြင့်မောင်၊ ဘယ့်နှယ် - မသက်ဆိုင်ရမှာလဲကွ။ ဒါ - ဘုရားဟောတရားနော်၊ မင်းတို့တင် မဟုတ်ဘူး။ တစ်လောကလုံးမှာရှိတဲ့ ဝေနေယျသတ္တဝါအားလုံးနဲ့ သက်ဆိုင်တာကိုကွ"

ဦးကျော်၏ အသံပင် အနည်းငယ်ကျယ်လာသည်၊ ကျွန်ုပ်ကလည်း လုံးဝမလျှော့။

"ဘာပဲပြောပြော အဲဒီတစ်လောကလုံးက သတ္တဝါတွေထဲမှာ တို့ လင်မယား မပါတာတော့ အမှန်ပဲသူငယ်ချင်း"

ဦးကျော်၏ မျက်နှာ ရဲခနဲဖြစ်သွားကာ မကျေနပ်သောလေသံဖြင့် ...

"ကဲ - ဒါဆို မင်းကို ငါ တည့်တည့်ပဲ ပြောတော့မယ်မြင့်မောင်။ လူဆိုတာ သေမျိုးဖြစ်သလို ဘယ်လောက်ချစ်တဲ့ လင်မယားဖြစ်ဖြစ် တစ်နေ့နေ့ သေကွဲကွဲရမှာ မြေကြီးလက်ခတ် မလွဲပဲကွ။ တခြားလူမကြည့်နဲ့ ငါ့ကိုပဲ ကြည့်လေ၊ တစ်မြန်နှစ်ကတည်းက မိန်းမ တီဘီရောဂါနဲ့ ဆုံးပါးသွားလို့ မုဆိုးဖိုဘဝ ရောက်ခဲ့ရတာ မဟုတ်လား။ အဲဒါကြောင့် - ဘယ်လင်မယားမဆို သေခြင်းတရားက ခွဲပစ်ရင် မုဆိုးဖို၊ မုဆိုးမဖြစ်ပြီး ကျန်ရစ်ခဲ့ရမှာ မွေတာပဲကွ"

ကျွန်ုပ်က ခေါင်းကို တွင်တွင်ယမ်းခါပြလိုက်သည်။

"ဒါပေမဲ့ - တို့ကိုတော့ ဘယ်သေခြင်းတရားကမှ မုဆိုးဖို၊ မုဆိုးမ ဖြစ်အောင် ခွဲနိုင်မှာမဟုတ်ဘူး မောင်ကျော်"

ဦးကျော်က ကျွန်ုပ်အား ထူးဆန်းသော သတ္တဝါတစ်ကောင်အသွင် မျက်လုံးပိုင်းကြီးဖြင့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com

"မြင့်မောင် – မင်း အိမ်ထောင်သက်လေးဆယ်ပြည့်လို့ ဦးနှောက်ပျက်သွားတာတော့ မဟုတ်လောက်ပါဘူးနော်။ ဟော့ကောင်မြင့်မောင် – သေခြင်းတရားဆိုတာ မင်းတို့ ငါတို့လို သာမန်ပုထုဇဉ်တွေကို မဆိုထားနဲ့ သုံးလူ့ထွတ်ထား သဗ္ဗညုတဘုရားရှင်ကိုတောင် မသက်ညှာဘဲ ခွဲပစ်ခဲ့တာမျိုးကွ သိလား"

ကျွန်ုပ်က မရိုပြုံးပြုံးလိုက်ကာ ...

"အေး – သေခြင်းတရားက ဘုရားရှင်ကို ခွဲပစ်နိုင်ပေမယ့် တို့လင်မယားကိုတော့ မခွဲနိုင်လောက်ဘူး မောင်ကျော်"

ဦးကျော်မျက်ထောင့်ကြီး နီရဲသွားကာ ဒေါသသံဖြင့် ...

"ဟာ – ဟော့ – ဒီကောင် မင်း တကယ်ရေဲမကြောက်တာလား။ ဘုရားနဲ့ နှိုင်းပြီးတော့များကွာ၊ နေပါဦး – ပြောစမ်းပါဦးကွ၊ သေခြင်းတရားက မင်းတို့ကို ဘာလို့မခွဲနိုင်ရမှာလဲဟေ့"

"မခွဲနိုင်ဆို ငါတို့လင်မယားက သေရင်တောင်မခွဲဘဲ အတူတူတစ်ပြိုင်တည်း သေကြမှာလို့ပဲ"

"ဘာ – အတူတူတစ်ပြိုင်တည်းသေမယ် ဟုတ်လား၊ အံ့ရော – မင်းနှယ် ဒီမှာဘုရားဟော ရှိတယ်လေ။ လူဆိုတာ ဘယ်အသက်အရွယ်၊ ဘယ်ဒေသမှာ၊ ဘယ်အချိန်မှာ ဘယ်လိုအဖြစ်မျိုးနဲ့ သေမယ်ဆိုတာ ကြိုတင်မသိနိုင်ဘူးတဲ့ကွ။ အဲဒါကို ဆန့်ကျင်ပြီး မင်းတို့က အတူတူတစ်ပြိုင်တည်း သေမယ်ဆိုတာ ဖြစ်နိုင်မှလည်း ပြောစမ်းပါ မြင့်မောင်ရာ"

"အေးလေ – ငါပြောတာ မှန် မမှန်ဆိုတာ မင်းတို့ စောင့်ကြည့်ရင် သိမှာပေါ့"

ကျွန်ုပ်တို့လင်မယား၏ မင်္ဂလာအထိမ်းအမှတ်ညစာစားပွဲမှာ ထိုနေ့က ထိုမျှဖြင့် နိဂုံးချုပ်သွားခဲ့သည်။ သို့သော် – ညအိပ်ရာဝင်ချိန်မှာတော့ ဇနီးသည်၏ပြန်လှန်မေးခွန်းများနှင့် ရင်ဆိုင်ရပါတော့၏။



"မြင့် – စဉ်းစားလို့မရတာက ရှင်ဒီနေ့ကျမှ ဘာလို့သေစကားတွေချည်းပြောနေရာလဲရှင့်"

"ဒါကတော့ – ဟိုကောင် မောင်ကျော် လာစ,လာပြောဖို့ ပြန်ပြောရတာပါကွယ်"

ကျွန်ုပ်က ခပ်ပေါ့ပေါ့ ဖြေလိုက်မိသည်။

"အင်း – ဒါဆို ရှင်နဲ့၊ မြင့်နဲ့အတူတူ တစ်ပြိုင်တည်း သေမယ်၊ ဆိုတာက ဘာစကားလည်း မြင့်တို့ တကယ်ပဲ သေရက်နီးနေလို့များလားရှင် ဟင်"

ဇနီးသည်က ဒီလိုမေးလာမှာတော့ ကျွန်ုပ် ဆိုင်းငံ့ဖင်နွဲ့မနေသင့်တော့။ ပွင့်ပွင့်လင်းလင်း အသိပေးပြောပြလိုက်ချင်တော့သည်။ သို့သော် – ယနေ့တော့ တစ်နေကုန်ပင်ပန်းခဲ့ရသမျှ အိပ်စက်အနားယူရမည့်အချိန် ရောက်နေလေပြီဖြစ်ရာ ...

"အင်း – ခုတော့ကိုယ်လည်း အိပ်ချင်နေပြီ။ မြင့်မေးခွန်းကို မနက် ဘုရားရှိခိုးပြီးမှပဲ ဖြေပါရစေတော့ကွယ်"

နောက်တစ်နေ့ နံနက် အာရုံတက်ချိန်ဝယ် ဘုရားရှင်အား ဆီမီးရေချမ်း ကပ်လှူပူဇော်၍ ငါးပါးသီလခံယူခြင်း၊ ဂုဏ်တော်ကိုးပါး ပုတီးစိပ်ခြင်း၊ ပရိတ်ကြီး(၁၁)သုတ် ရွတ်ဖတ်ပူဇော်ခြင်းစသည့် နေ့စဉ်ကိုးကွယ်ဆည်းကပ်မှုများ ပြုကြ၏။ အလုံးစုံပြီးစီးမှ ဇနီးသည် ခံစားနေရသော အစာအိမ်ကင်ဆာ၏ အခြေအနေကို မချွင်းမချန် ရှင်းပြလိုက်မိတော့၏။

"အို – ရှင် ပြောသလိုသာဆို လူ့လောကမှာနေရဖို့ ဘာမှမကျန်တော့ပါလားဟင်။ အလွန်ဆုံးနေရလှ သုံးလလောက်ပါလားရှင့်"

ဇနီးသည်မှာ တရားသမားပီပီ အရမ်းကြီးအံ့ဩသွားဟန် မတွေ့ရသော်လည်း ရှင် သေမင်းနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ရတော့မည်မို့ လူ့သဘာဝ အလျောက် အသံများတိုးကာ တုန်တုန်ရင်ရင် ဖြစ်နေရှာသည်။

"ဒါကိုတော့ – ကိုယ့်ကို ခွင့်လွှတ်ပါကွယ်၊ လွန်ခဲ့တဲ့ ခြောက်လကတည်းက ဆရာဝန်ပြောပြလို့ ကိုယ်သိနေခဲ့ပေမယ့် မြင့် စိတ်ဓာတ်ကျသွားမှာ ကြောက်တာနဲ့ ကိုယ့်နှုတ်က မထွက်ရဲခဲ့ဘူး မြင့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် - ဒါဆို ရှင်တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားရင်း မြင့်ကို တစ်နေ့တစ်နေ့ လူသေလို ကြည့်နေခဲ့မှာပေါ့နော်"

"အဲလိုတော့ မဟုတ်ပါဘူး။ ကိုယ်ကတော့ မြင့်ကို အမြဲတမ်းရှင်သန်နေစေချင်တာပေါ့ကွယ်"

"ဒါနဲ့ - နေပါဦး၊ ကျွန်မ မရှိတော့တဲ့နောက် ရှင် တစ်ယောက်တည်း ဘယ်လိုနေထိုင်ဖို့ စိတ်ကူးထားလဲဟင်"

ဇနီးသည်က ကျွန်ုပ် လက်မောင်းကိုလှုပ်၍ အားမလို အားမရ မေးသည်။

"အာ - မြင့် မရှိမှတော့ လောကကြီးမှာ ကိုယ်တစ်ယောက်တည်း ဘာလုပ်ဖို့ နေတော့မလဲ"

"ဟင် - ဒါဖြင့် ရှင်က ဘယ်လိုလုပ်မှာတုံး"

"ဘယ်လို လုပ်ရမလဲ - မြင့်နဲ့အတူတူ လိုက်သေပစ်လိုက်မှာပေါ့"

"ရှင်"

ဇနီးသည်က ကျွန်ုပ်ရှေ့တည့်တည့်တွင်ရပ်ကာ ကျွန်ုပ်၏ မျက်လုံးများကို မျက်တောင်မခတ် စူးစူးရဲရဲ စိုက်ကြည့်ကာ ...

"ရှင်ကြည့်ရတာ မြင့်တို့နှစ်ယောက်စလုံး အဖန်ငါးရာငါးကမ္ဘာ ခံရမယ့် အဖြစ်မျိုး ကြံစည်နေတာတော့ မဟုတ်တန်ကောင်းပါဘူးနော်"

ကျွန်ုပ်က မြင့်၏ မျက်လုံးအကြည့်ကိုရှောင်လွှဲကာ ခပ်လှမ်းလှမ်းရှိ မွေးမြူရေးခြံဆီသို့ ငေးမျှော်ကြည့်နေလိုက်သည်။ အတန်ငယ်ကြာမှ ...

"ဘဝအဆက်ဆက် မြင့်နဲ့သာ မခွဲမခွာဘဲနေရမယ်ဆိုရင် ဘယ်လိုနည်းလမ်းမျိုးမဆို အသုံးပြုမိမှာပဲ"

"ရှင် - တကယ်"

"ပြီးတော့ - အဖန်ငါးရာငါးကမ္ဘာ ခံရမယ်ဘာညာဆိုတာ ဘုရားဟော မဟုတ်ဘူး။ အဓိကက ကိုယ်လူ့ဘဝမှာ ပြုခဲ့တဲ့ကုသိုလ်၊ အကုသိုလ်အတိုင်း တမလွန်မှာ ခံရမှာဘဲ"

"ဒါဆို - မြင့်တို့ အခုလုပ်နေတဲ့ မွေးမြူရေးအလုပ်ကရော ဘယ်ထဲမှာပါလဲ၊ ကုသိုလ်လား၊ အကုသိုလ်လားဟင်"



"အမှန်တော့ - မွေးမြူရေးလုပ်တယ်ဆိုတာ သတ္တဝါတွေကိုသေဘေးက ကယ်တင်ခြင်းတစ်မျိုးပဲကွယ့်။ ပြီးတော့ - ကိုယ်တို့ မွေးထားတဲ့ ကြက်၊ ဝက်၊ နွား စတာတွေကို အသားပေါ်ဖို့ ဈေးထဲမှာရောင်းမစားဘူး။ သူတို့ကို မျိုးပွား ပေးပြီး ကိုယ်တို့လို ဆက်မွေးမြူချင်တဲ့ ခြံငယ်လေးတွေဆီပဲ တစ်ဆင့်ဖြန့်ဖြူး ပေးတယ်။ ရောဂါဖြစ်လို့သေဆုံးရင်လည်း သူတို့ကိုမျိုးပွားပေးပြီး ကိုယ်တို့လို ဆက်မွေးမြူချင်တဲ့ ခြံငယ်လေးတွေဆီပဲ တစ်ဆင့်ဖြန့်ဖြူးပေးတယ်။ ရောဂါ ဖြစ်လို့သေဆုံးရင်လည်း သူတို့အသားကို မစားဘဲ ဒီအတိုင်း မြေမြှုပ်သင်္ဂြိုဟ် ပေးတဲ့အပြင် ဘဝကူးကောင်းဖို့ပါ ကောင်းမှုကုသိုလ် လုပ်ပေးတယ် မဟုတ် လား - မြင့်"

"အင်း - ရှင် ပြောသလိုဆိုတော့လည်း မြင့်တို့က တကယ်မွန်မြတ်တဲ့ ကုသိုလ်ကြီး လုပ်နေသလို ခံစားရတယ်။ ဘာပဲဖြစ်ဖြစ် မြင့်ကလည်း သံသရာ မဆုံးသရွေ့ ရှင်နဲ့အတူတူ နေချင်သေးတယ်။ ဒါနဲ့ - ရှင် ဘယ်လိုဆက်လုပ်ဖို့ စိတ်ကူးထားလဲဟင်"

"ဒါကိုတော့ - မြင့် စိတ်ပူမနေပါနဲ့ ကိုယ်ပြောတဲ့အတိုင်းသာ တိတိကျကျ လိုက်လုပ်၊ အရေးကြီးတာက ကိုယ်တို့နှစ်ယောက် နောင်ဘဝမှာ မလွဲမသွေ ပြန်တွေ့ကြဖို့ပဲ မဟုတ်လားကွယ်"

"အင်း - အင်း"

မြင့်ထံမှ နောက်ထပ် မည်သည့်မေးခွန်းမှ ထပ်ပေါ်မလာတော့၊ ထူးခြား သည်မှာ မြင့်၏ရောဂါမှာ ထိုနေ့မှစ၍ တစ်နေ့တခြား ခံစားမှုပြင်းထန်လာနေ ခြင်းပင်၊ သက်ဆိုင်ရာပါရဂူနှင့်ပြသ၍ ဆေးအမျိုးမျိုး ပြောင်းလဲကုသပါသော် လည်း အခြေအနေမှာ တိုးတက်မလာဘဲ အနုတ်လက္ခဏာများသာ ပြလာ သည်။

"အင်း - ကျွန်တော်တို့ ကြိုတင်မှန်းဆထားတာထက်စောပြီး ကင်ဆာ ဆဲလ်တွေပျံ့နှံ့တာ အရမ်းမြန်နေတယ်ဗျ။ စိတ်ကို ပြင်ဆင်ထားသင့်ပြီထင် တယ်"

www.burmeseclassic.com

ပါရဂူကမြင့်အားသေချာစမ်းသပ်စစ်ဆေးပြီး ကျွန်ုပ်အား နှစ်ကိုယ်ကြား အသိပေးသည်။ ထိုစကား၌ ကျွန်ုပ် ဦးနှောက်တွင်းမှ လျှပ်စစ်လှိုင်းများ ဝင်းခနဲ လက်ခနဲ တောက်ပလင်းထိန်သွားသည်။ ကျွန်ုပ်ရည်မှန်းချက်ကိုပြင်ဆင်ရန် အချိန်ရောက်လာပါလေပြီ။

"ကျုပ်ကို ပိုးသတ်ဆေးတစ်ပုလင်းလောက် ရောင်းစမ်းပါ ဒေါက်တာ"

နောက်တစ်နေ့ နံနက်စောစော တစ်ဖက်ရွာရှိ ဒေါက်တာမျိုးဝင်း၏ တိမွေးကုဆေးခန်းသို့သွားကာ တောင်းဆိုလိုက်သည်။

"ဗျာ - ပိုးသတ်ဆေးလား၊ ဘာလုပ်ဖို့လည်း - ဦး"

ဒေါက်တာမျိုးဝင်းက အံ့အားတသင့်မေးသည်။

"ခုတစ်လောကြက်တွေရော၊ ဝက်တွေရော နည်းနည်းနာနာချင်သလိုဖြစ်နေတယ် ဒေါက်တာ၊ အဲဒါ - ရောဂါပိုးတွေ ပျံ့နှံ့နေတဲ့သဘောပဲ မဟုတ်လား"

"အာ - စိတ်မပူပါနဲ့ ဦး၊ ဒါ - ရာသီပူပြင်းလို့ တိရစ္ဆာန်သဘာဝ ငိုက်မျည်းတတ်တဲ့သဘောပါဗျာ၊ ပြီးတော့ ပြီးခဲ့တဲ့အပတ်ကပဲ ကျွန်တော်ခြံတွင်းခြံပြင် ပိုးသတ်ဆေးဖြန်းပြီး သန့်ရှင်းရေးလုပ်ထားပြီးသားပါ ဦးရယ်၊ ကျွန်တော်လည်း မကြာခင် လာစစ်ပါဦးမယ်"

ဒေါက်တာမျိုးဝင်းက စိတ်ချနေရန် ခပ်အေးအေး ပြောသည်။ ကျွန်ုပ်ကမူ သူ့စကားကို နားမဝင်နိုင်၊ ကျွန်ုပ်လက်ထဲ ပိုးသတ်ဆေးရောက်ဖို့ကသာ စိတ်စောနေမိသည်။

ကျွန်ုပ်က အသံကျယ်ကျယ်ဖြင့် ...

"မောင်ရင် မလာခင် ကျုပ် တစ်ခြံလုံးမျိုးပြုတ်သွားရင် ဘယ်လိုလုပ်မလဲ"

"ခင်ဗျာ"

ဒေါက်တာမျိုးဝင်း၏ မျက်လုံးများ အဆမတန် ပြူးကျယ်သွားကြသည်။ ကျွန်ုပ်ကိုလည်း ထူးဆန်းသော သတ္တဝါတစ်ကောင်သဖွယ် စူးစိုက်ကြည့်နေသေးသည်။ အတန်ငယ်ကြာမှ စိတ်လျှော့လိုက်ဟန်ဖြင့် ...



"အေးလေ - ဦး ဒီလောက် စိတ်လောနေမှတော့ ကျွန်တော် မတားနေတော့ပါဘူး။ တစ်ပုလင်းတော့ ပေးလိုက်ပါ့မယ်။ သုံးစွဲနည်းကိုတော့ ဦး သိပါတယ်နော်"

"သိတာပေါ့ - ကျုပ် သုံးနေကျပဲဟာ"

ကျွန်ုပ်က စိတ်မရှည်ဟန်ပြောရင်း ပိုးသတ်ဆေးပုလင်းကိုယူကာ လှည့်ထွက်မည်အပြုတွင် ...

"အော် - ဒါနဲ့ ပြောရဦးမယ်"

"ဘာများလဲကွယ့်"

"ကျွန်တော် တစ်နေ့က ဦးချွေးမ မစန္ဒာကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်၊ (၄)၊(၅)နှစ်အရွယ် ကောင်လေးတစ်ယောက်လည်းပါတယ်၊ သူ့ကြည့်ရတာ နောက်အိမ်ထောင်တွေ ဘာတွေပြုလိုက်သလိုပဲ ဦး"

"မဆိုင်တာတွေ ပြောမနေပါနဲ့၊ ကျုပ် - ပြန်မယ်"

ကျွန်ုပ်က ခပ်မာမာပြောရင်း ဆတ်ခနဲ လှည့်ထွက်လာသည်။ ကျွန်ုပ် အိမ်ပြန်ရောက်တာနဲ့ ပြက္ခဒိန်ရှေ့ရှုပြီး နေ့ကောင်းရက်သာ ရွေးရတော့သည်။ အင်းလေ - ရယ်စရာတော့ အကောင်းသားဗျ၊ သေမှတော့ နေ့ကောင်းရက်သာ လိုသေးလို့လား။ ကျွန်ုပ်ကတော့ လိုသည်ဟု ယူဆသည်။ နေ့ကောင်းမှာ သေမှ ကျွန်ုပ်တို့ လင်မယားကောင်းရာမွန်ရာ ရောက်နိုင်မယ် မဟုတ်လား။

လာမယ့် သီတင်းကျွတ်လဆန်း (၁)ရက်နေ့က ရက်ရာအကျသည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်ုပ်တို့ လင်မယားနှစ်ယောက်စလုံးရဲ့ မွေးနံ ကြာသပတေးနေ့လည်း ဖြစ်နေသည်။ ဒါကြောင့် - အဲဒီနေ့ည (၉)နာရီမှာ သေကြဖို့ ဆုံးဖြတ်လိုက်သည်။

"အဟွတ် - အဟွတ် - ဟွတ် - ဟွတ်"

ကျွန်ုပ်ဇနီး မြင့်ကတော့ ချောင်းတဟွတ်ဟွတ် သလိပ်တကပ်ကပ်၊ ချွဲတထွေးထွေးနဲ့ အိပ်ရာထဲက မထနိုင်တော့တာ လေးငါးရက်ရှိနေပြီ။ ဆေးကို

www.burmeseclassic.com

အချိန်မှန်တိုက်နေပေမယ့် အာနိသင်က သိပ်အစွမ်းမထက်တော့ပြီ၊ ရေ တစ်ငုံ၊ ဆန်ပြုတ်တစ်ဇွန်း ဝင်အောင်တောင် မနည်းကြိုးစားတိုက်နေရတဲ့ အခြေအနေလေ၊

ကျွန်ုပ်စာကြည့်စားပွဲမှာထိုင်ပြီး စာသုံးစောင်ရေးဖို့ပြင်ဆင်လိုက်သည်၊ ပထမဆုံး ရေးမိတဲ့စာကတော့ ကျွန်ုပ်ရွှေးမ မစန္ဒာဆီကိုပါပဲ၊ တကယ် စဉ်း စားကြည့်တော့ မစန္ဒာဆိုတာ ကျွန်ုပ်နဲ့ သွေးတစ်စက်မှမစပ်တဲ့ သူစိမ်းတွေ ဆိုပေမယ့်သွားလေသူသားကြီးရဲ့အရင်းနီးဆုံး သွေးသားစပ်ယှက်ဖော်လင် မယားဖြစ်ခဲ့တာ မဟုတ်လား၊ သည်တော့ ဘာတွေမျိုးသားချင်းမှ မရှိသည့် ကျွန်ုပ်တို့ဇနီးမောင်နှံဘက်ကကြည့်လျှင် မစန္ဒာဟာ သမီးတစ်ယောက်ပဲ လေ၊ ဒါ့ကြောင့် - ဘယ်လောက်မှတန်ဖိုးမရှိလှတဲ့ကျွန်ုပ်တို့အိမ်နဲ့ မွေးမြူရေး ခြံကို မစန္ဒာကို အမွေအဖြစ်ပေးခဲ့ကြောင်း ထည့်ရေးလိုက်သည်၊

ဒုတိယစာကတော့ ဒေါက်တာမျိုးဝင်း အသက် (၆၆)နှစ် ဦးမြင့်မောင်နဲ့ အသက် (၆၁)နှစ် ဒေါ်မြင့်မြင့်တို့ရဲ့နာရေးကြော်ငြာပါ၊ ဒီ ကြော်ငြာတွေကို လာမယ့်သီတင်းကျွတ်လဆန်း (၀)ရက်နေ့ည (၁၀)နာရီအရောက် သတင်း တိုက်ကို ပို့ပေးဖို့ပါပဲ၊

တတိယနောက်ဆုံးစာက ငယ်သူငယ်ချင်းမောင်ကျော်အတွက် ဖြစ်ပါ သည်၊ ကျွန်ုပ်တို့လင်မယား၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်များကို မြန် မာ့ဓလေ့ထုံးတမ်းနှင့်အညီ သူကိုယ်တိုင် ဦးဆောင်သင်္ဂြိုဟ်ပေးပါရန်နှင့် ရက်လည်ဆွမ်းသွတ်သည့် ကိစ္စအဝဝကိုပါ ကူညီဆောင်ရွက်ပေးပါမည့် အကြောင်း မေတ္တာရပ်ခံစာပေတည်း၊

ထိုစာအားလုံးကို စိတ်ချရသော တပည့်တစ်ဦးအား သီတင်းကျွတ် လဆန်း (၁)ရက်နေ့ည (၉)နာရီနောက်ပိုင်း အချိန် သက်ဆိုင်သူ အသီးသီးထံ အရောက်ပေးပို့ရန် စီစဉ်စေလွှတ်ထား၏၊

"ကဲ - လာမြင့်ရေ၊ ကိုယ်တို့ ဘဝကူးကောင်းအောင် ဘုရားရှိခိုးပြီး ငါးပါး သီလ ခံကြရအောင်"



ထိုနေ့ ည (၈း၄၅) နာရီတွင် ဇနီးသည်နှင့်အတူ အိမ်ဘုရားကျောင်း ဆောင်ရှေ့၌ ဩကာသခံကာ ငါးပါးသီလယူကြ၏၊ ပြီးမှ မေတ္တသုတ်ကို သံပြိုင်ရွတ်ဆိုကြ၏၊ ထို့နောက် အသင့်ပြင်ထားသော ပိုးသတ်ဆေးခွက် များကိုဘုရားရှင်ထံကပ်လှူပြီးသည်နှင့်ပြန်စွန့်ကာ ကိုယ်စီကိုယ်ငသောက်ချ လိုက်ကြပါတော့၏၊

အလွန်ပုပြင်း၍ရှတတ ရှည်ပြီးပြီး အရသာကိုလည်းချောင်းတစ်လျှောက် ခံစားလိုက်ရပြီးနောက် ခေါင်းထဲဝယ် မူးနောက်နောက် ရီဝေဝေဖြစ်လာကာ တဖြည်းဖြည်း အိပ်ပျော်သွားသလို ထင်မိသည်၊

ကျွန်ုပ်တို့စိတ်ထဲ၌မူ ဘဝသစ်တစ်ခုသို့ ကူးပြောင်းကာ တမလွန်ဘဝ၌ နှစ်ယောက်သား အသွင်သစ် အမြင်သစ်ဖြင့် ပြန်ပေါ်လာကြမည်ဟု မျှော်လင့် နေမိကြလေသည်၊

"အမလေး - ဖြစ်ရလေ - အဖေနဲ့အမေတို့ရယ် အဖေတို့မရှိတော့ သမီး တို့က ဘယ်သူနဲ့ နေရတော့လည်း၊ လို့ အီး - ဟီး - ဟီး - ဟီး"

အချိန်မည်မျှကြာသွားသည်မသိ၊ အနီးကပ်၍ရှူးရှူးရဲရဲအော်ဟစ်ငိုကြွေး လိုက်သောအသံကြောင့် ကျွန်ုပ် လန့်ဖျပ်ကာ မျက်လုံးဖွင့်ကြည့်လိုက်မိ သည်၊

အလို - မစန္ဒာ ပြီးတော့လေ - ပြီးတော့ - လူတွေ တစ်ယောက်ပြီး တစ် ယောက် ကျွန်ုပ်တို့ဆီသို့ တစ်လုံးချင်း တရွေ့ရွေ့ စုဝေးလာနေကြသည်ကို တအံ့တဩ မြင်နေရပါလေသည်၊

ကျွန်ုပ်က ညာဘက်သို့ ငဲ့စောင်းကြည့်လိုက်ရာ ကျွန်ုပ်နံဘေးတွင် ခွေ ခွေလေး အိပ်ပျော်နေသော ဇနီးသည်မြင့်ကို တွေ့လိုက်ရသည်၊

"ဟင် - မြင့်ရေ၊ ထ - ထစမ်းပါဦး၊ ခု ကိုယ်တို့ ဘယ်ရောက်နေကြလဲ၊ ဒီလူတွေကကော ဘာလုပ်ဖို့ လာနေကျတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင် - ဘာ - ဘယ်လို - ဇန - ဇနပါဦး - မြင့်တို့ အခု ဘယ်တာမလွန်ကို ရောက်နေကြပြီလဲဟင်"

ကျွန်ုပ်က ဘေးဘီသို့ လှည့်ကြည့်ကာ ...

"ကြည့်ရတာ ကိုယ်တို့ အိပ်ခန်းထဲ ပြန်ရောက်နေသလိုပဲ"

"အို - ဒါ - ဒါက - ဘယ်လိုဖြစ်ရတာလည်းရှင့်"

မြင့်လာပါ လှည့်ကြည့်ရင်း မေးသည်။

"ဦးတို့နှစ်ယောက်ကို ကျွန်တော် ပြန်ရွှေ့ပေးထားခဲ့တာပါ ခင်ဗျား"

ရင်းနှီးပြီးသား အသံကြားလိုက်ရ၍ ကျွန်ုပ်ကို မော့ကြည့်မိလိုက်ကြသည်။

"ဟင် - ဒေါက်တာမျိုးဝင်း"

ကျွန်ုပ်တို့အား ပြုံးပြုံးကြီးကြည့်နေသော တိမွေးကုဆရာဝန်ဒေါက်တာမျိုးဝင်းအား တွေ့လိုက်ရ၏။

"ဟုတ်ပါတယ် - မနွေညပိုင်းက ဦး ပေးလိုက်တဲ့စာကိုရရချင်း ကျွန်တော် အိမ်က ထွက်လာခဲ့တာပါ။ ဒီရောက်တော့ ညသန်းခေါင်နေပြီလေ။ ဦးနဲ့ ဒေါ်ဒေါ်တို့နှစ်ယောက်ကို ဘုရားခန်းထဲမှာ စောင်မပါတာ ဘာမပါနဲ့ အိပ်မောကျနေကြတာ တွေ့လိုက်ရတယ်။ အဲဒါကြောင့် - အအေးပတ်မှာစိုးလို့ ကျွန်တော်ကိုယ်တိုင် အိပ်ခန်းထဲ ရွှေ့ပေးခဲ့တာပါ"

"ဟုတ်လား၊ ဒါနဲ့ - ကျုပ် ရေးပေးလိုက်တဲ့ နာရေးကြော်ငြာတွေ သတင်းစာတိုက်ကို ပို့ဖြစ်ခဲ့သေးလား"

"ပို့စရာမှ မလိုတော့တာပဲ။ ဦး စာရရချင်း ဒီကိုပဲ တန်းလာခဲ့တာပါ။

"အော် - ဒါဆို မောင်ရင် ကျုပ်ကို ပေးလိုက်တဲ့ပိုးသတ်ဆေးဆိုတာက"

"ဟုတ်ပါတယ် - အဲဒီနေ့က အလောတကြီး ပိုးသတ်ဆေး အာတင်းတောင်းနေတာကို မသင်္ကာတာနဲ့ ပိုးသတ်ဆေးအစား ပျားရည်ထဲ အရက်နဲ့ အိပ်ဆေးစပ်ပြီး ထည့်ပေးလိုက်တာပါ ခင်ဗျား"

ကျွန်ုပ်က ဒေါက်တာမျိုးဝင်းကို တအံ့တသြကြည့်နေစဉ် မစန္ဒာက ငိုကြီးချက်မဖြင့် -



"ဒါ - ဒါက ကျွန်မသား ဖေဖေ့ မြေးလေးပါရှင်"

"ဟော့ - ဒီကလေးလာ ငါ့မြေး ဟုတ်လား"

"ဟုတ်ကဲ့ - သမီးလည်း မောင် ရုတ်တရက်ဆုံးပြီးမှ ကိုယ်ဝန်ရှိနေတာ သိရတာပါ"

မြင့်က တအံ့တသြဖြင့် ...

"ဒါဆို တို့ကို ဘာလို့ မပြောခဲ့လဲဟင်"

"ဟိုလေ ... အဖေနဲ့ အမေတို့ သမီးဆီက လုယူသွားမှာစိုးလို့ပါရှင်။ အခု အဖေတို့သေတော့မယ့် စာရမှ အီး - ဟီး - ဟီး - ဟီး"

မစန္ဒာမှ အခုမှကြေကွဲဝမ်းနည်းနေရှာ၏။ မြင့်ကမူ မြေးလေးကို တယုတယ လှမ်းဖက်ရင်းက သက်ပြင်းမောတစ်လုံး ရှည်လျားစွာရှိုက်ထုတ်လိုက်ကာ ...

"အင်း - ကျွန်မအတွက်တော့ သေခါနီးဆဲဆဲမှ မြေးလေးကို တွေ့ရတာဆိုတော့ သိပ်လည်းအကြောင်းမထူးတော့ပါဘူးရှင်"

ထိုအခိုက် ဘုရားခန်းထဲသို့ သူစိမ်းတစ်ဦး ဝင်ရောက်လာကာ ...

"ဒေါ်ဒေါ် - မသေနိုင်သေးပါဘူးဗျာ"

ကျွန်ုပ်က အသံရှင်ကို မော့ကြည့်လိုက်သည်။

"ဟင် - ပါ - ပါရဂူကြီးက ဘယ်လိုလုပ်ပြီး ...

ဇနီးသည်မြင့်၏ အစာအိမ်ကင်ဆာကို တာဝန်ယူကုသပေးနေသော ပါရဂူကြီးကိုယ်တိုင် ဖြစ်နေပါလေသည်။

"ကျွန်တော်လည်း သိသိချင်း ထွက်လာခဲ့ချင်တာပါ။ အရေးထဲ ကျွန်တော့်ကားပျက်နေတာနဲ့ ကြုံရာကားနဲ့ လိုက်လာရလို့ ခုလို မိုးလင်းမှ ရောက်လာရတာကိုတော့ ခွင့်လွှတ်ပါဗျာ"

ကျွန်ုပ်က နားမလည်ဟန်ဖြင့် ...

"ဒါနဲ့ - ပါရဂူကြီးက ဘာကိစ္စနဲ့ ...

ပါရဂူနဲ့ အညိုရောင်စာအိတ်ကြီးတစ်လုံးကို ကျွန်ုပ်အား လှမ်းပေးသည်။ ကျွန်ုပ်က အတွင်းက စာရွက်ခေါက်ကို ထုတ်ဖတ်ကြည့်ရာ အင်္ဂလိပ်လိုဖြစ်နေသဖြင့် ...



www.burmeseclassic.com

# မရဏာမင်း ရဲ့
## စေတမန်နှင့် တွေ့ဆုံခြင်း

မြန်နန်းရှင်

**ရာသီ** ဥတုသာယာသော နံနက်ခင်း ကျန်းမာရေးအတွက် လမ်းလျှောက်ရာမှအပြန် စန္ဒာအိမ်အာဟာရ ဖြည့်ဆည်းရန် "မွှင့်ကောင်း" စားဖွယ်နဲ့ လက်ဖက်ရည်ဆိုင်သို့ ဝင်လိုက်သည်၊ စားပွဲခုံအလွတ်တွင် ထိုင်သည်နှင့် စားပွဲထိုးကလေး အနီးလာရပ်ကာ စားဖွယ်စာရင်း လာယူသည်။ စားစရာ ထိုင်စောင့် ရင်း ဟိုဟိုဒီဒီ မျက်လုံးဝေ့ကြည့်မိသည်၊

ယခု နေထိုင်သည့်ရပ်ကွက်မှာ ကျွန်မ ပြောင်းရွှေ့လာတာ မကြာသေး၍ အားလုံးလိုလိုမှာ မျက်နှာစိမ်းများသာ ဖြစ်ကြသည်၊ သို့သော် - ခပ်လှမ်းလှမ်း စားပွဲတစ်ခုဆီမှ လူသုံးဦး ကျွန်မအား မကြာခဏ လှည့်ကြည့်နေတာ သတိထားမိသည်၊ သူတို့ကို ကျွန်မ မြင်ဖူးသလိုလို စိတ်အတွင်းမှာ ဖဝေဖဝါပင်၊ စဉ်းစားတွေးဆနေဆဲမှာပင် သူတို့ သုံးဦးထလာပြီး ကျွန်မရှိရာ စားပွဲဆီသို့ ဦးတည်ချဉ်းကပ်လာကြသည်၊



ခုခေတ်ကာလမှာ သိသလိုလိုနှင့် ပုံများရိုက်စားရှိကြတာမို့ ကျွန်မ သတိနှင့်ထိုင်နေရင်း ထိုသူတို့ကို အကဲခတ်လိုက်သည်၊ ရုပ်ရည်ကြမ်းပေမယ့် သူတို့ မျက်လုံးများက ဖြူစင်ရိုးသားမှုနှင့် ခင်မင်မှုကို ပြသနေသည်၊ ကြည့်ရင်း - ကြည့်ရင်း ကျွန်မစိတ်မှာ တစ်နေရာရာမှာ တွေ့ဖူးသည်ဟု စဉ်းစားနေဆဲမှာပင် အနည်းငယ်မှတ်မိကာ ပြုံးပြလိုက်သည်၊

"အစ်မကြီး - ကျွန်တော်တို့က (          )ဆေးရုံက ဂျွန်ဒူးနဲ့ ဟာရွှန်လေ"

ဟုနှုတ်ဆက်လေမှ...

သူတို့အစဖော်ပေးမှပဲ ကျွန်မ၏ မှတ်ဉာဏ်များ လင်းခနဲ လက်ခနဲ ဖြစ်သွားရသည်၊ သူတို့အား အသိအမှတ်ပြုပြန်ပြုံးပြစဉ်...။

"ကျွန်တော်တို့က အစ်မကြီးကို သေသွားပြီ၊ လူ့လောကမှာမရှိတော့ဘူး ထင်နေတာ ဟုတ်မှဟုတ်ပါ့မလားလို့"

သူတို့ထင်မှတ်တာလည်း မမှားပေ၊ လွန်ခဲ့သော ဆယ့်ငါးနှစ်ကာလဆီက (          )ဆေးရုံ အထူးကြပ်မတ်ဆောင်ရဲ့အထူးခန်းထဲမှာ တစ်လနီးပါး ကျွန်မအား ဆေးရုံ၊ ဆရာဝန်၊ ဆရာမများ၊ အလုပ်သမားကအစ သေမင်းတံခါးဝမှ ကျွန်မကို လုယူခဲ့ရသည်ကိုး...။

"အခု အစ်မကြီးကို အပြင်မှာပြန်တွေ့ရတော့ တကယ် - တကယ်အံ့သြနေတာပါ၊ ဝမ်းလည်းသာတယ်"

ဂျန်ဒူးနှင့် ဟာရွှန်သည် ဆေးရုံသန့်ရှင်းရေးနှင့် လူနာများ၏ လိုအပ်တာတို့ "နာပ်စ်" များခိုင်းလျှင် ကူညီဆောင်ရွက်ပေးကြရသည်၊ သူတို့နှင့်အတူပါလာသော "ဖက်တီး" မှာ ဗမာဖြစ်သည်၊ ကျွန်မ ဆေးကုသသည့်အဆောင်၏ အဝင်၊ အထွက် တံခါးပေါက်စောင့်ရသူ ဖြစ်သည်။ သူတို့သုံးဦးသည် လူနာနှင့် လူနာရှင်များအကြား ဆက်သွယ်ရေးမှူးများ ဖြစ်ကြ၏။

တစ်ထောင်မှာတစ်ယောက် ဝေဒနာရှင်မျိုး ကျွန်မ၏ ခွဲစိတ်ခံရသည့်လည်ချောင်းရောဂါသည် ဆေးရုံမှာမခွဲစိတ်မီ၊ မှန်းဆတာထက်အချိန်လည်း ပိုကြာခဲ့သည်၊ အကြိတ်လုံးက နှစ်ဆယ့်ငါးကျပ်သားမျှ ခိုအောင်းနေခြင်း

www.burmeseclassic.com

အစပေါ်အပြင်းအထန် ဆရာဝန်ကြီးများ ကြိုးစားခဲ့ရသလို ကျွန်မ၏ အသက်မဆုံးပါးရန် မိမိကိုယ်တိုင်လည်းအသက်ကိုဉာဏ်နှင့်စောင့်ရှောက်ခဲ့ရသည်။ ခုနေအခါမှာ ပြောရတာလွယ်ကူပေမယ့် ထိုအချိန်ဆီက ကျွန်မ၏ လူနာခုတင်ထက်က ရုပ်ခန္ဓာအား အီးစီဂျီစက်၊ အောက်ဆီဂျင်ပိုက်၊ ဆေးပုလင်း



ကျွန်တော် မှတ်မိတာက ဆေးရုံနဲ့
ရင်ခွဲရုံကြားမှာ သစ်ပင်ကြီးတစ်ပင်ရှိတယ်။
ညဆိုရင် ခေါင်းကနေ ခြေဖျားထိ
အဖြူရောင်ဝတ်ရုံကြီးလိုလို ဝတ်ထားတဲ့
ဝိညာဉ်ကောင်တစ်ကောင် လှွားခနဲ
လှွားခနဲ သွားလာနေတာကို ...

များကို တီဆက်ပြုကာ၊ နှစ်မျိုးလောက် တစ်ပြိုင်တည်းသွင်းနေရပါသည်။ သွေးပေါင်ချိန်မှာ လေးဆယ်၊ ငါးဆယ်မျှ ကျသွားတတ်သည်။

သို့သော် ...

ဝေဒနာအတွက်သုံးစွဲသည့် ဆေးဝါးများ၏ဒဏ်ကို ဉာဏ်နှင့်စောင့်ရှောက်၍ ကျော်လွှားခဲ့ပြီးနောက် ထုနိုင်ထနိုင်သောအခါမှာ အရေးပေါ်



အသက်ကယ်ခန်းမှ ဝှီးချဲဖြင့် အထွေထွေကုသဆောင်သို့ ပြောင်းရွှေ့ရန်ထွက်လာချိန်မှာ "ဖက်တီး" က မတ်တတ်ထရပ်ကာ "ဆလု" ရိုက်ကာ နှုတ်ဆက်လေ၏။ ပြီးတော့ ...

"အစ်မကြီးကို ဂုဏ်ပြုပါတယ် ခင်ဗျာ။ ဒီ Ward ထဲကို ဝင်လာသမျှလူနာအယောက်တစ်ရာမှာ တစ်ယောက်ပြန်ထွက်လာဖို့ မလွယ်ကူပါဘူး ခင်ဗျာ။ ဒါကြောင့် ဝမ်းသာဂုဏ်ပြုတာပါ။ နောက် ပြန်မလာနဲ့တော့နော်"

ဟူ၍ မှတ်မှတ်ရရ ဝမ်းသာစကားဆိုကာ နှုတ်ဆက်ခဲ့သူ ဖြစ်သည်။

အတိတ်ကို လျှပ်တစ်ပြက် ပြန်အမှတ်ရရင်း ...

"ထိုင်ကြပါဦး၊ စားစရာမှာကြလေ၊ လက်ဖက်ရည်လည်း သောက်ကြနော်"

"ကျွန်တော်တို့က စားပြီး၊ သောက်ပြီးပြီ ခင်ဗျ။ အရင်က အစ်မကြီးကို ဒီရပ်ကွက်မှာ မတွေ့ပါဘူး"

"ပြောင်းလာတာ မကြာသေးဘူးကွယ့်၊ မင်းတို့ကရော"

"ဟိုဘက်ရပ်ကွက်မှာဖက်တီးကနေတာလေ၊ ကျွန်တော်တို့နှစ်ယောက်က အထွေထွေလုပ်သားတွေဆိုတော့ အတွေ့အကြုံတော့ စုံမှာပဲနော်"

ကျွန်မ၏အမေးစကားကို ဂျန်ဒူးက ဖြေလေသည်။

"အတွေ့အကြုံကတော့ တစ်သက်စာမှတ်လို့ မကုန်ဘူး။ ကျွန်တော်တို့ရဲ့အပါးက ရင်ခွဲရုံမှာ အလုပ်လုပ်ရတယ်။ မှုခင်းနဲ့ သေတဲ့လူဆို မှုခင်းဆရာဝန်လာရင် ရင်ခွဲပေးရတယ်၊ ဆေးကျောင်းသားတွေကို ရှင်းပြရတယ်။ အပါးကညနေဆိုအရက်သောက်တယ်။ အလောင်းခွဲရမယ်ဆိုလည်းအရက်သောက်တာပါပဲ။ ကျွန်တော် မှတ်မိတာက ဆေးရုံနဲ့ ရင်ခွဲရုံကြားမှာ သစ်ပင်ကြီးတစ်ပင်ရှိတယ်။ ညဆိုရင် ခေါင်းကနေ ခြေဖျားထိ အဖြူရောင်ဝတ်ရုံကြီးလိုလို ဝတ်ထားတဲ့ ဝိညာဉ်ကောင်တစ်ကောင် လှွားခနဲ လှွားခနဲ သွားလာနေတာကို အပါးက မြင်ဖူးအောင်ကြည့်ထားဆိုပြီး ပြတယ်။ ပြီးတော့ – ဟိုကောင်ကြီး ဆေးရုံထဲဝင်သွားပြီး အပါးတို့ ဒီည အလုပ်ရှုပ်တော့မယ်လို့ ပြောပြီး ဓားကိုမြည့်နေအောင် သွေးထား၊ ဓားကိုင်ပြီး ရင်ခွဲရုံတံခါးဝကနေ စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com

တော့တာပဲ၊ မကြာပါဘူး၊ လူသေအလောင်းရောက်လာတော့တာပါပဲ။ ကျွန်တော်တို့အရွယ်ရောက်လာတော့ ဆေးရုံထဲမှာလည်း အလုပ်ဝင်ပြီး အပါးတို့အလုပ်မှာ လူလိုအပ်ရင် ဝင်ကူရတယ်လေ။ ကျွန်တော်တို့လည်း ရင်ခွဲရုံအလုပ်ကို လုပ်ကိုင်လာတာ ကြာတော့လည်း လူသေလာတော့မယ်ဆို သူနဲ့မိတ်နဲ့သူ ပြတာပါပဲ၊ သိပ်ထူးဆန်းတယ်"

"ဂျန်ဒူး - အဲဒီအဖြူရောင်အကောင်ကြီးက ခြေထောက်မမြင်ရဘူးနော်။ သူ့ရဲ့လက်ဝါးကြီးက ဖြန့်လိုက်ရင် အကြီးကြီးပဲဗျ"

"အစ်မကြီးက မြင်ခဲ့လို့လား"

"မြင်တာထက် အစ်မကိုယ်တိုင် သူ့ရဲ့ဖေါ်ဆောင်ခြင်း ခံခဲ့ရတာ အစ်မတို့ ခွဲစိတ်ပြီး သုံးရက်မြောက်နေ့ကပေါ့။ လည်ချောင်းခွဲထားတော့ စကားသံလုံးဝမထွက်ဘူး။ တစ်နေ့တည်း (၂)ခါ ခွဲစိတ်ခံထားရတော့ ဆေးဝါးဒဏ်ကအတော် ပြင်းထန်နေတယ်၊ အနာဒဏ်ရာပြင်းတော့ လူက ဘိန်းမှိန်းသလို မှိန်းနေတာပဲ၊ လဲလျောင်းလို့မရတော့ ခုတင်ကို ခေါင်းရင်းက မြှင့်ပေးထားရတယ်၊ ထိုင်လျက် မှီအိပ်ရတယ်၊ အချိန်က နေ့လယ်ထမင်းစားချိန် လူတလည်း မှုးတူးမိုက်တိုက်၊ ခေါင်းကလည်း မကြည်မလင်ချိန်မှာ အစ်မ ဆေးကုသတဲ့ အထူးခန်းရဲ့တံခါးကို ဖြူလွှလွှခန္ဓာကိုယ်တစ်ခုက ထိုးဖောက်ဝင်ရောက်လာတာ သိနေတယ်၊ ကိုယ်လည်း ကြောက်ပြီးကြည့်နေမိတယ်။ ပြီးတော့ သူ့ရဲ့လက်ကို ဆန့်ထုတ်လိုက်ပြီး အစ်မရဲ့ဒဏ်ရာရှိတဲ့လည်ပင်းကို ဆုပ်ကိုင်ဆွဲခေါ်ပြီး အခန်းရဲ့ထောင့်ချိုးအလယ်မှာ တွန်းကပ်ထားတယ်။ သံမှိုနဲ့စွဲထားသလိုပဲ။ လူကလည်း ယက်ကန် ယက်ကန်ပေါ့၊ သူ့ကိုယ်ထည်ကို မမြင်ရဘူး။ လည်ပင်းကို ဆုပ်ကိုင်ထားတဲ့ လက်ကြီးပဲ မြင်ရတယ်။ ပြီးတော့ အသံနက်နက်၊ သြသြကြီးနဲ့"

"ဟဲ့ - ဟန်သီဇင်၊ ဒီအထဲမှာ နင်တွေ့ချင်တဲ့ လူရှိလား"

လို့ မေးသံကြားရတယ်၊ အစ်မလည်း ကြောက်လည်းကြောက်၊ ခေါင်းလည်း ကန်နဲ့ မျက်လုံးဖွင့်ကြည့်တော့ အခန်းနဲ့အပြည့် မတ်တတ်ရပ်နေတဲ့ လူတွေအပြည့်ပဲ၊ အားလုံး ကျောခိုင်းရပ်နေတာ၊ တချို့က စွပ်ကျယ်အဝါနဲ့ ပုဆိုးနံ့ငယ်ပိုင်းဝတ်လို့၊ တချို့က ပိတ်ဖြူပတ်လို့၊ သူတို့ခန္ဓာကိုယ်မှာ ရေခဲရှုံ့



လို ကပ်နေပြီး တောင့်တောင့်ကြီးတွေပဲ၊ အဲ့သလို ကြည့်နေချိန်မှာ ထပ်မေးသံကြားရတယ်။ "ဟန်သီဇင် - ဒီအထဲမှာနင်တွေ့ချင်တဲ့လူရှိလား" တဲ့၊ အစ်မလည်း ခပ်မြန်မြန်ပဲ ဖြေလိုက်တယ်၊

"ဟင့်အင်း - ငါ ဘယ်သူမှ မတွေ့ချင်ဘူး၊ ငါ့အိမ် ငါပြန်မှာ" လို့လည်း ပြောလိုက်ရော၊ အဲဒီလည်ပင်းကို ချုပ်ကိုင်ထားတဲ့ လက်ကြီးပြေကျသွားတယ်၊ လူလည်း ခုတင်ပေါ်ကို ဘုတ်ခနဲပြန်ရောက်သွားသလို ခံစားရတယ်၊ အမှန်က အပြင်မှာ ခွဲစိတ်ဒဏ်ကြောင့် အသံနှာခေါင်းကြောတွေ ထိမိပြီး စကားသံလုံးဝမထွက်ဘူး။ ဟိုမှာတော့ အသံထွက်ပြီး စကားပြောဖြစ်တာ အံ့သြတယ်၊ အဲ့သလို နာမ်လောကသားရှိတာ ဟုတ် မဟုတ် မေးကြည့်တာပါ"

ကျွန်မ၏ စကားအဆုံးမှာ ဟာရွန်က ...

"သူက သာမန်နာမ်လောကသား မဟုတ်နိုင်ဘူး - အစ်မရဲ့ မရဏမင်းရဲ့ စေတမန်ဖြစ်ဖို့များတယ်၊ ကြောက်စရာ ကောင်းလိုက်တာ"

"အေးနော် - ဖြစ်နိုင်တယ်"

"အဲဒီအချိန်တုန်းက အစ်မက သူမေးတဲ့စကားကို ခေါင်းညိတ်လိုက်ရင်တော့ သွားပြီ၊ အသက်နုတ်ခံရပြီ"

"ဟုတ်ပါရဲ့ အစ်မက မရဏမင်းရဲ့ကိုယ်စားလှယ်နဲ့ အင်တာဗျူးဖြေခဲ့ရတာကိုး"

"အစ်မ - နောက်တစ်ကြိမ် ဆေးရုံလာပြန်တက်တော့လည်း အသည်းအသန်ပဲ ပြန်ခွဲစိတ်ရတာနော်"

"ဟုတ်တယ်၊ နောက်ထပ် နာရီဝက်နောက်ကျတာနဲ့ အစ်မ သေမှာ။ နေပါဦး - မင်းတို့ရဲ့အတွေ့အကြုံမေးတာကို ဘယ့်နှယ့် အစ်မကို ပြန်မေးနေရတာလဲ"

"အစ်မရယ် - ကျွန်တော်တို့က ရင်ခွဲရုံအတွေ့အကြုံရယ်ပါ။ အစ်မကသေမင်းနဲ့လိုက်တမ်းပြေးတမ်း ကစားခဲ့တာ ကိုယ်တွေ့လေ၊ အစ်မကပိုသိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"အင်း - ပထမအကြိမ် ဆေးရုံတက်တော့ ကြိုတင်သိပြီး အချိန်ယူရတာမို့ အဓိဋ္ဌာန်ပုတီးစိပ်ပြီး အားထုတ်နိုင်ခဲ့တယ်၊ ဒုတိယအကြိမ်ကတော့ မရပ်မနား အသက်ရှူပြွန်ပိတ်မတတ် ခံစားရပြီး ရုတ်တရက် ဆေးရုံတက်ခဲ့ရတော့ ကံအထောက်အပံ့အတွက် အားလျော့တာပေါ့၊ ဓမ္မဆေးမပြယ်ခင်ကာလမှာ နာနာဘာဝတွေနေတဲ့ လိုဏ်ဂူကြီးထဲ ရောက်သွားတယ်၊ ကိုယ့်ရဲ့ ရုပ်ခန္ဓာကြီး ခုတင်ထက်မှာ လဲလျောင်းနေတာလည်း မြင်တွေ့ရတယ်၊ သူတို့က ပြောင်ချောချော အသားအရည်၊ အီးတီလိုရုပ်မျိုး လူပုံစံပဲ အဝတ်မပါဘူး၊ အမြီးက တစ်ထွာမျှ ရှိတယ်၊ ခန္ဓာကိုယ် သန်စွမ်းတယ်၊ လေထဲမှာလည်း နေသွားလာလို့ရတယ်၊ ကျောက်ဂူအစွန်းတွေမှာ သူတို့ ခန္ဓာကိုယ်ကြီးပေမယ့် လင်းနို့ပမာ တွဲလောင်းခိုပြီး နေထိုင်ကြတယ်၊ အစ်မကို လိုက်ဖမ်းတာ အစ်မက သရဏဂုံပဲဆိုနေတော့ ဖမ်းမရဘူး၊ ဆေးရုံက ခုတင်ထက်က အစ်မခန္ဓာကိုယ်ထဲကို ပြန်ဝင်ချိန်ထိ သူတို့ လိုက်ဖမ်းကြတယ်၊ ဒါပေမဲ့ - ဝတ်ရုံဖြူနဲ့ တမန်တော်က ရပ်စောင့်ကြည့်နေတော့ သူတို့စည်းကျော်ပြီးမလိုက်ရဲဘူး၊ အဲဒီအချိန်မှာ အစ်မရဲ့ အဖေက ကျိုက်ထီးဆောင်းဆရာတော်ကြီးပေးလိုက်တဲ့ ဆေးကို ပါးစပ်ထဲလာခွံ့တာမှာ မီးပြတ်လို့ မှောင်မည်းရာက မီးပြန်လင်းသလို မျက်လုံးထဲလင်းလာပြီး ထထိုင်ခဲ့တာ ဒီကနေ့ထိ ပြန်ကောင်းလာတာ မြင်တဲ့အတိုင်းပဲ"

"အင်း - အစ်မကြီးကတော့ မရဏမင်းရဲ့တမန်တော်မနိုင်တဲ့ လူစားထဲကပဲ"

"သေဖို့ အချိန်မတန်သေးလို့ နေမှာပေါ့လေ"

ကျွန်မကတော့ ဤသို့တွေးတော ပြောမိသည်၊ ပြီးမှ ...

"နေပါဦး - မင်းတို့ တစ်နေ့ကို အလောင်းဘယ်နလောင်း ရင်ခွဲကြရလဲဟင်"

"ဟား - ဟိုအဖြူကောင်ကြီးကျွန်တော်တို့ကို မြင်သာအောင် ကိုယ်ထင်ပြပြီး ဆေးရုံအပေါ်တက်လိုက် အောက်ဆင်းလိုက်၊ ပြန်လာလိုက် ပြန်သွားလိုက်လုပ်နေ အလုပ်ရှုပ်နေတဲ့နေ့ဆိုရင်တော့ ရင်ခွဲရတာ လက်မလည်ဘူး၊ တစ်ခါတလေ နားလည်သလို တောင်းပန်ရတယ်"

"အခုတော့ ..."

"ခေတ်စနစ်တွေ ဘယ်လိုပြောင်းပြောင်း၊ လူတွေရဲ့အတွေးအခေါ် ဘယ်လိုပြောင်းပြောင်း သိပ္ပံပညာ ဘယ်လောက်ပဲတိုးတက်ထွန်းကား သေခြင်းတရားကိုတော့ ပြောင်းလဲလို့မှမရတာ၊ မရဏမင်းရဲ့စေတမန် သူ့တာဝန်သူ ကျေပွန်အောင် ထမ်းဆောင်နေဆဲပဲလေ"

"အင်းနော် - မရဏမင်းရဲ့စေတမန်ကိုမင်းတို့ရော၊ အစ်မရော ကိုယ်တွေ့ရင်ဆိုင်တွေ့ဖူးတာတော့ ဆန်းတယ်လို့ ဆိုရမလားပဲ၊ လောကမှာ သိပ္ပံပညာနှင့် စမ်းသပ်တိုင်းတာမရတာတွေ အများကြီးပဲ"

ကျွန်မ၏ ကိုယ်တွေ့အဖြစ်အပျက်လေးကို ဖွင့်ဖော်ပြခြင်း ဖြစ်ပါသည်။

>>> ပြန်နှင်းရှင်

**အသိပေးချက်**

"ဂမ္ဘီရလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၏ စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂမ္ဘီရလောကမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



# လေးမောင်
## တောပိုင် တောင်ပိုင်
## မကြိုက်တော့လည်း

# တောပိုင် တောင်ပိုင်
# မကြိုက်တော့လည်း

လေးမောင်

**အမှန်တော့** သတ္တလောကကြီးအတွင်း လူနှင့်တိရစ္ဆာန်တွေချည်း နေထိုင်ကြသည်မဟုတ်၊ ပရလောကသားတွေနှင့် ရောထွေးနေကြရသည်ဆိုကြမည်လားတော့ဖြင့် မသိ၊ ကျွန်တော်တို့ သိရှိနားလည်ကြောက်လန့်နေကြပြီး နားလည်ထားကြသည့်အမျိုးက "တစ္ဆေ" ဆိုသည်ကိုပင်၊ တကယ်တော့ "တစ္ဆေ" ဆိုသည့်အမျိုးအစားတစ်ခုထဲရှိသည်မဟုတ်၊ သူနှင့်တွဲလျက် "တစ္ဆေ၊ သရဲ၊ သဘက်၊ ဖုတ်၊ ကျွတ်၊ မှင်စာ၊ ဘီလူး၊ နတ်ဆိုး၊ နတ်စိမ်း၊ အစီမ်း၊ လမိုင်း" စသည့် မျိုးကွဲများစွာလည်း ရှိသေးသည်၊

အထက်က တင်ပြခဲ့သည့် "တစ္ဆေ" တို့ လှုပ်ရှားရာအသိုင်းအဝန်းကို တစ္ဆေတို့လောကဟု ခေါ်ဆိုရပေမည်၊ ထိုတစ္ဆေလောကကိုပင် "ပေတလောက၊ ပရလောက၊ ဘူမလောက၊ အဒိဋ္ဌလောက၊ ဝိညာဉ်လောက" ဟူ၍ ခေါ်ကြသည်၊

www.burmeseclassic.com

အမှန်တော့ - "တစ္ဆေ"လောကမှာ လူ(သို့)တိရစ္ဆာန်တို့ သေလွန်ပြီး နောက်ကံမကောင်းအကြောင်းမလှကြသည့်အတွက် ရောက်ရှိခဲ့ကြရသော လောကပင် ဖြစ်သည်။ ဗုဒ္ဓပိဋကတ်တော်အလိုအရဆိုလျှင် တစ္ဆေလောက သည် ပြိတ္တာဘုံ ပြိတ္တာလောက (ဝါ) ပေတဘုံ၊ ပေတလောကပင် ဖြစ် သည်။

ပြိတ္တာဘုံသည် ငရဲဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ၊ အသူရကာယ်ဘုံဟူသော အပါယ်(၄)ဘုံ၌ တစ်ဘုံအပါအဝင် ဖြစ်သည်။ နောက်မှ ဗြဟ္မာ့ဘုံ (၂၀)၊ နတ်ဘုံ(၆)ထပ်၊ လူ့ဘုံ(၁)ထပ်၊ အပါယ်(၄)ဘုံတို့ဖြင့် ဖွဲ့စည်းထားသော (၃၁)ဘုံထဲတွင် အပါအဝင်ဖြစ်သည်။

အဲဒီ(၃၁)ဘုံထဲက သတ္တလောကထဲမှာ သက်ရှိထင်ရှားမြင်ရတဲ့လူနဲ့ သတ္တဝါတွေနဲ့ သက်ရှိထင်ရှား မမြင်ရတဲ့နာမ်လောကသား၊ ပရဝိညာဉ် လောကသား ထွေရောထွေးနေတဲ့ လောကဆန်းတစ်ခု ဖြစ်နေတာကို သေနတ်ကိုကိုင်၊ တောထဲတောင်ထဲသွား၊ သားကောင်တွေလိုက်လံပစ်ခတ် ကြဲကြိုက်မိလိုက်သည့်အတွက် နားလည်သဘောပေါက်သွားမိတာပါပဲ။

ကျွန်တော်သည် အမဲပစ်ခရီး မဟုတ်ဘဲ သာမန်ခရီး၊ အရေးပေါ်ခရီး တွေကိုသွားရင်း ကြုံတွေ့ဖူးပါတယ်။ အချို့ကိစ္စတွေက သိပ္ပံနည်းပညာတွေနဲ့ ဆေးပညာတွေ လိုက်လို့မမီသေးတာတွေ ရှိပါတယ်။ စိတ်ပိုင်းဆိုင်ရာပညာ ရှင်တွေကတော့ ဖြစ်နိုင်ခြေရှိတဲ့သီအိုရီများနဲ့ အနီးစပ်ဆုံးအဖြေကို ကောက် ချက်ဆွဲ အဖြေထုတ်နေကြတုန်းပဲ ရှိပါတယ်။

ကျွန်တော်က ဒီလိုကိစ္စတွေကိုစွဲစွဲလမ်းလမ်းလည်း မထား။ စူးစူးနစ်နစ် လည်းမရှိ၊ စိတ်ကလည်း မဆိုးစိတ်ကိုး။ ယုံကြည်တယ်လို့တော့မဟုတ်ဘူး။ စိတ်ကိုက သားကောင်တွေနဲ့ ရင်ဆိုင်ယှဉ်ပြိုင်ကြတဲ့အခါ အသက်ချင်း လဲကြရတာမို့လျှင်သူစား၊ ကိုယ်လျှင်ကိုယ်စား၊ လက်တွေ့သမား။ သို့အတွက် ယှဉ်ပြိုင်ကြတဲ့အခါမျိုး တစ်ခါတစ်ရံ အဖြစ်ဆန်းတွေလည်း ကြုံတွေ့ရတတ် ပါတယ်။ ဒါကြောင့် ဆန်းကြယ်တဲ့ကိစ္စမျိုးကို ဆန်းကြယ်တဲ့အဖြစ်လို့ပဲ ရိုးရိုး သားသား မြင်ပါတယ်။ ပွင့်ပွင့်လင်းလင်းလည်း ပြောတတ်ပါတယ်။



အဲဒီလိုအထင်မျိုး ရှိထားတဲ့ ကျွန်တော့်မှာ ဖြစ်ရပ်[illegible] ပက်ပင်းရင်ဆိုင်ကြုံတွေ့လိုက်ရတဲ့အခါ ...။

ကျွန်တော်နေတဲ့ရွာက "ကျွန်းပင်ရွာ" ပါ။ ဘယ်နေရာလဲဆိုလျှင်ပဲခူးမြို့ အလွန်(ကမ္ဘာဇသာဒီ)ကို ကျော်လိုက်လျှင် ဘုရားကြီးကိုရောက်ပြီး ဇောင်း တူရေအား လျှပ်စစ်လမ်းအတိုင်းသွားလျှင် "ဘောနတ်ကြီးကျေးရွာ၊ သံစို ပင်ရွာ၊ အဆိတ်တောင်ရွာ၊ ဂုတောင်ရွာ၊ ဇီးတောရွာ" တွေကို ကျော်ဖြတ်ပြီး ရှေ့ဆက်သွားလိုက်လျှင် ရိုးမကြီးအတွင်းပိုင်းကျသည့်နေရာတွင် တြိဂံပုံ သဏ္ဍာန်ရွာသုံးရွာရှိသည်။ ထိုသုံးရွာအမည်တွေက "ကျွန်းပင်ရွာ၊ အုတ်မိုရွာ၊ ဆင်စွယ်ရွာ" တို့ပင်။ ထိုရွာတွေအနီးတွင် ရွှေတလေးချောင်းကြီးကလည်း ရှိနေပြန်သေးသည်။

ကျွန်တော်တို့မိသားစုနေတဲ့ရွာက ရိုးမကြီးအတွင်းပိုင်းဆိုတော့ အိမ် ခြေသိပ်မများ။ (၁၅)အိမ်လောက်ပဲရှိတယ်။ လုပ်ငန်းကတော့ သစ်ခုတ်၊ ဝါး ခုတ်၊ မီးသွေးဖုတ်၊ ထင်းခုတ်၊ ကြိမ်၊ ဝနေ၊ စလူ၊ တောင်ထန်းနဲ့ တောထွက် ပစ္စည်းတွေကို ရှာဖွေစုဆောင်းပြီး ရွှေတလေးချောင်းအတိုင်း စုန်ဆင်းလျက် ရှာဖွေစားသောက်ကြသလိုတောတောင်တွေကိုရှာဖွေပစ်ခတ်ဖမ်းဆီးသူက ကျွန်တော်ကလွဲလျှင် အခြားသူ မရှိသလောက်ပင်။ ကျွန်တော့်ဖခင်ကိုယ် တိုင်က ပင်လယ်ယာလုပ်ကိုင်စားသောက်သူဖြစ်သည်။ သို့အတွက် သူ့ လယ်ယာကိစ္စနှင့် မအားနိုင်သလို မွေးထားသည့် ကျွဲနွားများဖြင့် အလုပ်ရှုပ် နေတတ်သူ။

အဖေနှင့် အမေက သားနှစ်ယောက် မွေးထားသည်တွင် ကျွန်တော်က အကြီးဖြစ်သည်။ ဝါသနာက မဆိုးအလုပ်ဆိုသော်လည်း အဖေ့လယ်ယာ လုပ်ငန်းကို ကူညီလုပ်ကိုင်ရသည်။ အဖေ ကျွန်တော့်ကို အားကိုးသလို မျက်နှာလည်း လွှဲရသည်။ အဖေ့လယ်လုပ်ငန်းက နွေရာသီ စပါးပေါ်ချိန် ကိုရောက်လျှင် လယ်ထဲ၌ သလင်းကောက်ပြီး တဲထိုးကာ မိသားစုလယ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

တွင် နေကြရသည်။ မနေ၍လည်း မဖြစ်၊ ရွာနှင့် လယ်ရှိရာက အတန်ငယ်ဝေးသည်၊ စပါးရိတ်၊ နယ်လှေ့တဲ့ကိစ္စတွေကလည်း ရှိနေတော့ လယ်ထဲမှာနေကြမှ အဆင်ပြေမှာဖြစ်သည်။

ဟိုအချိန်က ယခုလို စပါးရိတ်စက်၊ ခြွေလှေ့စက်တွေမရှိဘဲ နွားနဲ့ ဖက်ရုန်းကြရတဲ့အချိန်ကိုး။ သူတို့ကို နိုင်းတယ်ဆိုတာကလည်း လူကပါ သူတို့နှင့်လိုက်ပြီး ဒုက္ခခံကြရသည်။ စပါးမပေါ်ခင်ထိ အလွန်ပင်ပန်းပြီး စပါးပေါ်မှ ပျော်ကြရသည်၊ သို့အတွက် ကျွန်တော်က ထိုအချိန်မျိုးဆိုလျှင် တောထဲဝင်ပြီး အမဲပစ်၊ ထောင်ချောက်ဆင်သည့်အလုပ်ကို မလုပ်နိုင်၊ လယ်ထဲတွင် စောင့်အိပ်ရသည်။ စပါးရိတ်ရသည်၊ ခြွေလှေ့ရသည်။ သို့အတွက် မိသားစုနှင့် လယ်တဲတွင် ချက်ပြုတ်စားသောက်ရသည်။ ရိက္ခာကုန်လျှင် ရွာကို ပြန်ယူရသည်။

ကျွန်တော် ညနေပိုင်းရောက်လျှင် ရွာဘက်နှင့် သူငယ်ချင်းများ ရှိရာဆီသို့ လှမ်းမျှော်နေတတ်သည်။ ရွာကိုသွားပြီး သူငယ်ချင်းများနှင့် စားသောက်စကားပိုင်းဖွဲ့ပြီး အပြန်တွင် မိုးချုပ်တတ်သည်၊ ရွာကို သွားလေတိုင်း၊ ပြန်လေတိုင်း သုသာန်အနီးမှ ဖြတ်သွားဖြတ်လာလုပ်ရသည်။ ထိုသို့ဖြတ်သွားဖြတ်လာလုပ်ရာတွင် စိတ်တွင်းက မကြောက်ဘူးဆိုသော်လည်း ကျောထဲက တော့စိမ့်ပြီးကြက်သီးမွေးညင်း ထမိသည်၊ သရဲဆိုတာ ဘယ်လိုနေမှန်းတော့ မသိ၊ သုသာန်အတွင်းကို မရဲတရဲ နိုးကြည့်မိသည်။ မြေလှမ်းကတော့ ခပ်သွက်သွက်၊

အမြဲတမ်းလိုလိုအိမ်နဲ့ လယ်တဲကိုအသွားအပြန်လုပ်ရလို့ ယဉ်ပါးနေတဲ့သည်လမ်းကို လမိုက်ညလည်းဖြစ်၊ လမ်းတွင် သုသာန်ရှိသည်ကိုလည်း သိသိကြီးနဲ့ဆိုတော့ ဘာမှမဖြစ်ခဲ့သော်လည်း စိတ်တွင်းက စိုးရွံ့မိတာတော့ အမှန်၊ ကုသိုလ်ကံက မြင့်နေ၍ပဲလားတော့ဖြင့်မသိ၊ ဒါမှမဟုတ် မတိုက်ဆိုင်လို့လားတော့ဖြင့်လည်း မသိ၊ အခြောက်အလှန့် မကြုံတွေ့ခဲ့ဘူးသေး၊

တစ်ခါကတုံးဘိ ထောင်ချောက်တွင် ရွှေတစ်ကောင်မိနေသည်၊ အသေမိထားသည့်မို့တဲမှညီဖြစ်သူတို့ပြန်မခေါ်တော့ဘဲ ထမ်းကာ ထိုလမ်းမှ



တစ်ယောက်တည်း ပြန်လာခဲ့သည်။ ရွေဆိုသည့်အကောင်မျိုး [illegible] ချိန်(၁၀)သာရှိသည့်အကောင်မျိုးမို့ နိုင်နိုင်နင်းနင်း ထမ်းနိုင်ခြင်းလည်းဖြစ်သည်၊ သည်နေရာတွင် ရွှေနှင့်ပတ်သက်ပြီး ဗဟုသုတဖြစ်စေလိုသည့်အနေဖြင့် တင်ပြလိုသည်မှာ မုဆိုးလုပ်သူတိုင်းတွင် ပြောစမှတ်တစ်ခုရှိသည်။ ထိုစကားက "ရွှေတစ်ဆယ်၊ ဒရယ်အစိတ်၊ ဆတ်လေးဆယ့်ငါး" ဆိုသည့်စကားရပ်ပင်။ ထိုစကားကိုလည်း သဘာရင့်မုဆိုးကြီးတွေ ပြောဆိုနေကြသည့်စကားဖြစ်သည်မို့ ကိုယ်တိုင်ပစ်ခတ်ပြီး လေ့လာခဲ့ရာ အကြမ်းအားဖြင့် ခန့်မှန်းခြေမှန်သည်ဟု ပြောရပေမည်ဖြစ်ပေသည်၊

ကျွန်တော့်အတွေ့အကြုံ ကိုယ်တွေ့ပစ်ခတ်လို့ ရရှိသည့်ရွှေများသည် အများအားဖြင့် အလေးချိန် (၁၀)သာရှိသည့်ရွှေက (၉၀)ရာနှုန်း တွေ့ရပြီး ကျန်သော (၂)ရာနှုန်းမှာ ကွဲလွဲနေသည့်ရွှေများဖြစ်နေသည်ကို တွေ့နေရပေသည်၊ ထိုနှစ်မျိုးမှာ -

(၁) ရွှေလှောင်အမျိုးအစား။ ပုံသဏ္ဍာန်က လယ်ကြွက်လောက်ပင်ရှိသည်၊ ခြေဆန့် လက်ဆန့်က ရှည်သည်။ တစ်ပေလောက်ပင် မြင့်သည်၊ အလေးချိန်က ငါးဆယ်သားပင် မပြည့်၊ ပုံသဏ္ဍာန်က ရွှေတစ်ကောင်ပုံစံဖြစ်သလို ဟောက်သံကလည်း ရွှေတစ်ကောင် ဟောက်သည့်အသံမျိုး၊ ထူးခြားချက်က ဂန္ဓိရဆန်ပြီး ပစ်ခတ်လို့မထိ၊ ကျည်လွဲသလို၊ အချို့အကောင်ဆိုလျှင် ကျည်ကို မီးမကူး(ကျည်အ)ဖြစ်သွားသည်၊

(၂) ဒူးမဲ(ခ)တောကြီးဂျီအမျိုးအစား၊ ပိဿာချိန်(၂၀)နီးပါးရှိသည်၊ အချို့က (၁၇)ပိဿာလောက်လည်း ရှိသည်၊ ပုံသဏ္ဍာန်နဲ့ ဟောက်သံက ရွှေတစ်ကောင်အတိုင်းပင်၊ အလွန်ရှားပါးပြီး ဂန္ဓိရဆန်သည်၊ ပစ်လျှင် ကျည်ထွက်သော်လည်း လွဲသည်၊

ပိဿာချိန်(၁၀)လောက်သာ ရှိပြီး တစ်ကိုယ်လုံး အသွေးအရောင်တဝါသောအကောင်၊ ဖြူသောအကောင်၊ နီသောအကောင်များရှိသလို၊ တစ်ကိုယ်လုံး သွေ့အသားကို စားပါက အလွန်ခါးသက်သောအကောင်၊ အလွန်ချဉ်သော အကောင်ဆိုတာမျိုးတွေလည်း ရှိနေပြန်သေးသည်၊ ရှားတော့ ရှား



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ကျွန်တော်ပင်လျှင် (လဟာမငယ်) ဆိုသော တောကို ဝင်ပစ်ခတ်တော့မှ ရဖူးသည်၊ စားခဲ့ဖူးသည်။

ဒရယ်ဆိုသည့်အကောင်မျိုးကို အလေးချိန်(၂၅)ပိဿာလောက်သာ ကြီးမားသည့်ကောင်များတို့ကိုသာပစ်ခတ်လို့အတော်များများရရှိခဲ့ဖူးသည်။ စာဆိုနှင့်ညီသည်။

ဆတ်ဆိုသည့်အကောင်မျိုးက (ဆတ်ဖား၊ ဆတ်နွား၊ ဆတ်ကျဲ) ဆိုသည့်အကောင်မျိုးအပြင် (ဆတ်ကျတ်) ဆိုတာတွေလည်း ပစ်ခတ်ရရှိဖူးသည်၊ ဆတ်ကျတ်မှလွဲပြီး ကျန်ဆတ်(၃)မျိုးက ပိဿာချိန် (၇၀ မှ ၉၀) ကျော်ထိရှိသည့် အကောင်တို့ကို ပစ်ခတ်ရရှိခဲ့ဖူးသည်။

ယခုလည်း ပိဿာချိန် (၁၀)ရှိချေသေကိုထမ်းကာ လယ်တဲကိုသချိုင်းမဖြတ်အပြန် သချိုင်းအလွန် လယ်တဲဘက်ကိုသွားမည့် ထောင့်ချိုးကို အရောက် ညာဘက်ရှိပေါင်လုံးစန့်တုတ်နိုင်သည့်ပင်စည်လုံးရှိသော "ငုပင်" သည် လေပွေမွှေသကဲ့သို့ ဘယ်ညာယိမ်းထိုးယိုင်ထိုး လှုပ်ရှားနေသည်ကို အံ့ဩဖွယ် တွေ့လိုက်ရသဖြင့် လှမ်းလက်စကို ရပ်တန့်အသေအချာကြည့်လိုက်တော့ဝန်းကျင်တွင်လေလုံးဝတိုက်ခတ်ခြင်းကိုမတွေ့ရ၊ အခြားသစ်ပင်နှင့် ချုံငယ်ပင်တို့ကလည်း တုတ်တုတ်မျှ မလှုပ်၊ လေပြင်းတိုက်ခတ်မှု အထိအတွေ့ကိုလည်း စံစားကြရဟန်မရှိ၊ ယခု ငုပင်ကြီး ယိမ်းထိုးလှုပ်ရှားနေခြင်းသည် သူတို့နှင့် ဘယ်သို့မျှမပတ်သက်သယောင် ဣန္ဒြေဆောင်လျက် တည်တည်မိန့်မိန့်ကြီးတွေနှင့်။

ထိုမြင်ကွင်းကြောင့် ပခုံးထက်တွင် ထမ်းထားသည့် ချေသေကို မြေပြင်ထက် ပစ်ချလိုက်ရင်း စိတ်တွင်းကလည်း -

"ငါ့ကိုတော့ ပညာပြနေပြီနဲ့တူတယ်၊ အကြောင်းပြလိုက်သေးတာပေါ့ကွာ"

အချိန်ကလည်း ညနေစောင်းမို့ ဝန်းကျင်က လင်းနေသည်၊ ညာဘက်လက်တွင် ဆုပ်ကိုင်ထားသော ကိုင်းခုတ်ဓားကိုဆကာဆကာ ကိုင်မြှောက်ရင်း "ငုပင်" ရှိရာဆီ လျှောက်သွားပြီး ပါးစပ်ကလည်း -



"ငါလိုမုဆိုးကို ခုလိုစိန်ခေါ်လို့က တိမ်ပေါ်ထိ လိုက်တဲ့ကောင်ကွ"

ပါးစပ်က အော်ပြောလိုက်ပြီး ငုပင်အနီးရောက်တော့ အပင်ခြေရင်းပင်စည်လုံးကို ခုတ်ဖြတ်လိုက်ပြီး သွေးထွက်ကိုင်းတွေကိုပါ ဒေါသဖြင့် လိုက်လံခုတ်ပိုင်းဖြတ်တောက်နေစဉ် မြေပြင်တွင် သွေးတိုက်လဲကျအသက်ပျောက်နေသော ချေသေမှာ အကောင်အထည်မမြင်ရသောအရာတစ်ခုက ဆွဲယူမြှောက်တင်ထားသည့်အတွက် မြေပြင်မှ လူတစ်ရပ်ခန့်အမြင့်တွင် တွဲလောင်းကြီးဖြစ်နေသည်ကို အံ့ဩဖွယ် တွေ့မြင်လိုက်ရကာ လက်ထဲတွင် ကိုင်ဆောင်ထားသည့်ဓားဖြင့် တအားလွှဲ၍ တွဲလောင်းဖြစ်နေသည့် ဆွဲမ.ထားသည့်အထင်ရှိသောနေရာဆီ ပစ်ပေါက်လိုက်လေသည်။

"ဒိုး"

"ဘုတ်"

လေကိုခွင်းလျက် ပြေးထွက်သွားသည့်ဓားက ဆွဲယူမ.တင်ထားသည့် အပကောင်ကို ထိသည်,မထိသည်တော့ဖြင့်မသိ၊ ပြုတ်ကျလာသည့် ချေသေမြေပြင်သို့ ဘုတ်ခနဲ ကျသည့်အသံကတော့ အတိုင်းသား ကြားလိုက်ရသည်၊ အတန်ကြာကြာ စောင့်ကြည့်သော်လည်း နောက်ထပ်ထူးခြားမှုကို မတွေ့ရသည့်အတွက်ဓားကိုကောက်ယူလျက်ချေသေကိုထမ်းကာ လယ်တဲဆီ ပြန်ခဲ့ပေသည်၊

"အတော်ပဲ - လူလေး၊ မင်းအဘိုးနဲ့အဘွားက တောသား တောင်သား မစားရတာ ကြာပေါ့လို့ ပြောနေတယ်၊ အရည်ချူပြီး ဝမ်းတွင်းသားနဲ့ ပေါင်သား ပို့ပေးကွာ၊ အသက်ကကြီးတော့ စားချင်ရှာကြပေမပေါ့"

ကျွန်တော့်အဘိုးနှင့်အဘွားတို့က ကျွန်တော်တို့ရွာ ဟိုဘက်အုတ်ဖိုရွာတွင် နေထိုင်ကြသူများဖြစ်သည်၊ ယခင်ကတော့ မုဆိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် ရိုးမမုဆိုးကြီးတစ်ဦးပင်ဖြစ်သည်၊ ကျွန်တော့်ကို မုဆိုးပညာရပ်ကို သင်ကြားပြသပေးသူလည်းဖြစ်သည်၊ ယခု ကျွန်တော် သားကောင်(ကြီး၊ သေး)ပေါ်မူတည်ပြီး ပုံစံအမျိုးမျိုး ထောင်ချောက်ဆင်ဖမ်းနေသည့်ပညာသည် အဘိုးပညာများပင် ဖြစ်သည်၊

www.burmeseclassic.com

ချေသေကို ထမ်းလာရင်း လမ်းတွင် ပယောဂနှောင့်ယှက်သည့်ကိစ္စကို တော့ မပြောမပြ၊ အမေက ကြောက်တတ်သည့်အတွက် ဖြစ်သည်၊ ချေသေကို အရည်ချ၊ အတွင်းကလီစာကိုထုတ်၊ အသားတွေကို ခုတ်ထစ်ပိုင်းဖြတ်လို့ ပြီးတော့ ညအစာရှာငှက်ကလေးတို့ပင် ထွက်နေပေပြီ၊

"အဖေ – အဘိုးအတွက် ချေရှေးခါး ထုတ်ပေးရဦးမလား"

ကျွန်တော် လှမ်းမေးလိုက်သည့်အတွက် အဖန်ရည်သောက်နေသည့် အဖေက ...

"မလုပ်နဲ့ – မလုပ်နဲ့၊ မင်းအဘိုးအကြောင်းလည်း မင်းအသိသား၊ ဘယ်သူလုပ်ပေးတာကိုမှ ကျေနပ်တာ မဟုတ်ဘူး၊ မင်းအဘွား လုပ်ပေးတောင် လက်စံတာ မဟုတ်ဘူး၊ ဒီအတိုင်းပေးလိုက်၊ သူ့စိတ်ကြိုက် သူလုပ်ပလေ့စေ၊ ပို့သာ ပို့ပေးလိုက်"

သည်နေရာတွင် မုဆိုးလုပ်သူတစ်ယောက်အနေနှင့် (ရှေးခါး)ထုတ်ယူခြင်းနှင့် ပတ်သက်ပြီး အနည်းငယ်ရှင်းပြဖို့ လိုပေမည်၊ အများသိရှိထားသည့် ရှေးခါးထုတ်သည့်သားကောင်တွေက (ဆတ်၊ ဒရယ်၊ ချေ၊ မျောက်) တို့လောက်ရယ်သာ၊ ယခုအချိန်မှာတော့ ထိုအကောင်တွေသာမက "ဖြူ၊ မြွေ၊ တောယုန်၊ ငှက်၊ ရှဉ့်၊ လင်းသက်၊ ရှူးပုံ့" တို့ကိုပင်ရှေးခါးထုတ်စားသောက်နေကြသည်ကို တွေ့နေရသည်၊

သူတို့ ရှေးခါးဟုပြောကာ ထုတ်ယူစားသောက်နေကြပုံကိုလည်း ကြည့်ဦး၊ မျောက်ရှေးခါးဟုဆိုပါက မျောက်၏ဝမ်းတွင်းမှ အူတစ်ခွေလုံး (အစားဟောင်းအစာသစ်)အပါအဝင် ကြက်သွန်ပါးပါးလှီး၊ ဒယ်အိုးတွင်းထည့်ကာ ဆီသတ်လိုက်ခြင်းပင်၊ ထိုအရာကိုရှေးခါးဆိုပြီးစားနေကြခြင်းပင်၊ အချို့ဆိုလျှင် ကြက်သားဟင်းချက်ပါက ထိုမျောက်ရှေးခါး ဆီသတ်ထားသည်ကိုအနည်းငယ်ကြက်သားနှင့်ရောနယ်ပြီး ချက်ပြုတ်ကာစားနေသလို၊ အချို့က အရက်သောက်သောအခါ ထိုမျောက်ရှေးခါးဆိုသည်ကို ဆီစိမ်ထားသည့် လက်ဖက်သားကို စားနေသလို စားကြသည်ကိုလည်း တွေ့နေရသည်၊ အမှန်အတိုင်းပြောရလျှင် မျောက်ရှေးကို ဆီသတ်စားနေကြခြင်းပင်၊



ကျွန်တော့်အဘိုးဖြစ်သူက မျောက်ရှေးခါးထုတ်ပြီး စားပုံက အဲဒီပုံစံမျိုး မဟုတ်၊ အစာအိမ်အူခွေကို ဆွဲဆန့်လိုက်ပြီး နေရောင် (သို့) အလင်းရောင်နှင့် အူထဲရှိ အစာဟောင်းနဲ့ အစာသစ်ကို အသေအချာကြည့်သည်၊ (မဝင်ဖြစ်ပြီး)စွန့်ပစ်မည့်အစာဟောင်းက မည်းညစ်ညစ်၊ အလယ်တွင် အစာ



ဟာ–ခွေးမည်းကြီးတစ်ကောင်ပါလား–
ကြီးလိုက်တာ၊ လရောင်ရှိပေမယ့်
တစ်ကိုယ်လုံးက နက်မှောင်နေသည်၊
ပါးစပ်ကြီးကိုဖြဲကာ သွားစွယ်ကြီးတို့
အကြား လျှာကြီးက တစ်လစ်၊
မြင်ကွင်းက အသည်းယားစရာ ...

ဟောင်းဖြစ်မည့်အစာက ညိုဝိုဝို၊ မကြာခင်က စားထားသည့် (အစာသစ်) လည်းချောင်းဝရှိအစာက ခပ်စိမ်းစိမ်း၊ သို့အတွက် အစာသစ်(အစိမ်း) ရောင်နှင့် မနေ့က စားထားပြီး အညစ်အကြေးမဖြစ်သေးခင် (အညို)တို့ကြားကို လက်နှင့် (လက်ညှိုးနှင့်လက်မ) ဖိကာ ကြိုးနှင့် စီးလိုက်ပြီး (အညိုရောင်နှင့် အမည်းရောင်)အူခွေကိုဖြတ်ကာ စွန့်ပစ်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

အစာသစ်အပိုင်းမှာ ဝက်အူချောင်းကလေးအတိုင်းကျန်နေသည့်အစာသစ်ပိုင်းကို ဆုပ်ပွက်နေသည့် ရေမွှေးအတွင်း ခေတ္တစိမ်လိုက်သောအခါ အူတွင်းရှိ အစာသစ်မှာ အပူရှိန်ကြောင့် ခပ်တောင့်တောင့် ဝက်အူချောင်းကလေးအသွင် ဖြစ်သွားပေသည်။

ထိုအချိန် ကြက်သွန်(ဖြူနီ)ကို အစွဲသင်၊ ကျွဲဂုံမင်း၊ ချင်း၊ အခြားသောအမွှေးအကြိုင်များ ရောပြီး ထောင်းကာ ဒယ်အိုးထဲ ဆီထည့်ပြီး ဆီသတ်ကာ မျောက်ချေးခါး(အစာသစ်)ကို ဖောက်ပြီး ရောမွှေသမလိုက်သောအခါ သင်းပျံ့မွှေးကြိုင်သောအနံ့ကြောင့် သွားရည်ယိုလောက်အောင် စားချင်စိတ်ပေါက်လာသည်ကို ကျွန်တော့်အား လက်ထပ်သင်ကြားပြသရင်းက ...

"မျောက်ချေးခါးဆိုတာ အဲဒါပဲ၊ မျောက်ချေးကိုတော့ မစားမိစေနဲ့ပေါ့"

သူပြောသည့်စကားကို ဘာမှန်းမသိသော ကျွန်တော်က -

"အဘိုး - ကျုန်တဲ့သားကောင်တွေ ချေးခါးထုတ်တာ ဒီလိုမျိုးပဲလား ဟင်"

"ငါ - မင်းကို ချေးခါးထုတ်စားနည်းပြနေတာ၊ ချေးစားနည်းပြနေတာ မဟုတ်ဘူး။ အားလုံးကို လုပ်နည်းအတူတူပဲ မှတ်ထား - လူလေး"

အဘိုးဖြစ်သူက ချေးခါးထုတ်စားနည်း သင်ပေးထားလို့ ကြုံတုန်းပြောပြနေတာပါ၊ ကျွန်တော့်စိတ်ထင် အချိန်ကို မှန်းကြည့်လိုက်တော့ ည(၈) နာရီသာသာ၊ အဖေက -

"မင်းတို့ညီအစ်ကိုနှစ်ယောက် အဘိုးနဲ့အဘွားဆီ သွားပို့လိုက်ကြကွာ၊ ဝမ်းသာသွားအောင်ပေါ့၊ ကသိလ်လည်း ရပါတယ်၊ လကလည်း ထိန်ထိန်သာနေတာပဲ။ ဟိုမှာပဲ အိပ်လိုက်ကြပေါ့"

"ဟုတ်ကဲ့ - အဖေ"

ကျွန်တော်က ချေဝမ်းတွင်းသားတွေကို ပလိုင်းထဲထည့်လိုက်ပြီး တောင်ပေါ်ပျော့ရွက်နဲ့ ထပ်အုပ်ကာ လွယ်လိုက်သလို၊ ညီဖြစ်သူကို ပေါင်တစ်ချောင်းကို အဆွဲခိုင်းလိုက်ပြီး ဒူးလေးနှင့် မြားကျည်တောက်ကို လွယ်သလို ညီတော်မောင်ကလောက်စာလုံး(လေးသီး)အိတ်နှင့်သားရည်ခွက်ကိုထည့်ပြီးလွယ်ကာ ဓားရှည်တစ်ချောင်းကိုကိုင်ပြီး ထွက်ခဲ့ကြပေသည်။



လဆန်းရက်မို့လရောင်ကရှိနေသည်။ အချိန်ကား [illegible] (၉) [illegible] မို့ ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်နေသည်။ ညီအစ်ကိုနှစ်ဦး [illegible] ထွက်လိုက်သည်နှင့် ရွာဘက်မှ ခွေးဟောင်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ လရောင်ကိုအားကိုးလျက် လက်နှိပ်ဓာတ်မီးပင်မထိုးဘဲ ညီအစ်ကိုနှစ်ယောက် လမ်းလျှောက်လာရင်း ဝန်းကျင်ကို အကဲခတ်လိုက်သည်။

တစ်ချက်တစ်ချက် လေက ဖွဖွခနဲ တိုက်ခတ်နေသည်၊ လရောင်ရှိနေသည့်အကြား သုသာန်ဘက်ဆီမှ ခွေးများ ဆွဲဆွဲငင်ငင်အူသံများကို ကြားလိုက်ရသလို၊ ရိုးမကြီးဘက်ဆီကလည်း ခွေးအအုပ် ဆွဲအူသံများကို ပြတ်တောင်းပြတ်တောင်း ကြားလိုက်ရသည်၊ ညီဖြစ်သူက လှမ်းလက်စ ခြေလှမ်းနေးသွားသလို၊ ကျွန်တော်ကိုယ်တိုင် ကြက်သီး ဖြန်းခနဲ ဖြစ်သွားသည်၊ ကျွန်တော် လွယ်ထားသည့်ဝမ်းတွင်းသား ထည့်ထားသော ပလိုင်းလေးကို ညီဖြစ်သူအား ဝါးတစ်လုံး ရှေ့နောက် မျှထမ်းခိုင်းလိုက်သည်၊ လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရအောင်ဖြစ်သည်၊

"အစ်ကို - ဒီည ခွေးအူသံတွေက တစ်မျိုးကြီးပဲနော်၊ ကြောက်စရာပဲဗျ"

ညီဖြစ်သူက ပါးစပ်ကလည်း ပြောသလို၊ ခြေလှမ်းကလည်း တုန့်သွားသည်မို့ ကျွန်တော်က ...

"ကိုယ့်လမ်း ကိုယ်လျှောက်စမ်း၊ မင်း ယောကျ်ားမဟုတ်ဘူးလား၊ ဘာကို ကြောက်နေတာလဲ"

ညီဖြစ်သူကို မာန်မဲလိုက်ရသော်လည်း ကျွန်တော်ကိုယ်တိုင် ခေါင်းမွေးတွေ ထောင်နေသလိုပင်၊ ဆက်လက်လျှောက်လှမ်းခဲ့ကြရင်း တဖြည်းဖြည်း ရွာနားကိုရောက်တော့ ကိုယ့်ကိုယ်ကိုယ် စိတ်က မလုံမလဲဖြစ်လာသည်မို့ ခနရာတွင်ရပ်ကာညီဖြစ်သူအထမ်းသမားကိုရပ်လျက်ရှေ့ကိုအသွားခိုင်းရင်း မသိမသာ နောက်ကို လှည့်ကြည့်လိုက်တော့ -

"ဟာ - ခွေးမည်းကြီးတစ်ကောင်ပါလား - ကြီးလိုက်တာ"

လရောင်ရှိပေမယ့် တစ်ကိုယ်လုံးက နက်မှောင်နေသည်၊ ပါးစပ်ကြီးကို ဖြဲကာ သွားစွယ်ကြီးတို့အကြား လျှာကြီးက တစ်လစ်၊ မြင်ကွင်းက ခေအသည်း

www.burmeseclassic.com

ယားစရာ၊ ကျွန်တော်က လေးညို့ကို ဆွဲတင်ကာ မြားတံတင်လိုက်ပြီး ညီဖြစ်သူနောက်က လိုက်နေသည်။ ညီဖြစ်သူ လန့်သွားမည်စိုးသည့်အတွက် လှုပ်ရှားမှုကိုမသိစေရန်၊ မရိပ်မိစေရန်ကလည်း ထိန်းနေရသည်။ သူက ကျွန်တော်တို့နောက်က တကောက်ကောက်လိုက်နေသည်။ ခွေးနက်ကြီးက ကျွန်တော်ရပ်လျှင် သူ ရပ်သည်၊ ကျွန်တော် ရှေ့ကို လျှောက်လျှင် သူလိုက်လာ၏။ ထိုအချိန် သချိုင်းဘက်ဆီမှ ခွေးတစ်ကောင်၏ စူးစူးဝါးဝါးအူလိုက်သံကိုကြောက်မမန်းလိလိကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်ရင်း ခွေးနက်ကြီးဆီသို့အကြည့်ရောက်သွားရာ မြင်လိုက်ရသည့်ခွေးနက်ကြီးမှာ လယ်ထဲတွင်ဆောက်လုပ်ထားသည့် ကျွန်တော်တို့နေသည့် လယ်စောင့်တဲနီးပါးလောက် ကြီးမားသည့် ခွေးကြီးတစ်ကောင်ဖြစ်နေသည်ကို အံ့သြဖွယ် တွေ့လိုက်ရပြန်သည်။ ရှေ့မှ ညီဖြစ်သူလည်း သိမှာစိုးသည့်အတွက် မည်သို့လုပ်ရမည်ကိုစိတ်တွင်းကြံဆရာ လည်ပင်းတွင် ဆွဲထားသည့် သိမ်ဝင်ကြိုးကိုသတိရကာ လည်ပင်းမှဖြုတ်ပြီး မြားကျည်တောက်အတွင်းမှ မြားတံတစ်ချောင်းကို ဆွဲထုတ်ရစ်ပတ်လိုက်ပြီး ဒူးလေးမှ မြားတံကိုဖြုတ်ကာ လှည့်ပြောင်းတစ်ဆင်လျက် ခွေးနက်ကြီးကိုပစ်ခတ်ရန် ချိန်ရွယ်လိုက်တော့ နေရာတွင်ရပ်တန့်လိုက်ပြီး ဆက်မလိုက်တော့ပဲ မြေပြင်တွင် ဆောင့်ကြောင့်ဖင်ချထိုင်ကာ လျှာကြီးကိုထုတ်ရင်း ကျွန်တော်တို့ကိုကြည့်ကာ မျက်လုံးဝင်းဝင်းနှင့် ကျန်ရစ်ခဲ့ပေတော့သည်။

ခွေးနက်ကြီး ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် နောက်ကို ဆက်မလိုက်ခြင်းကား ရွာကိုစောင့်သည့် ရွာတော်ရှင်နှင့် ရွာစောင့်နတ်တို့က ခွင့်မပြု၍ပဲလား၊ ကျွန်တော် လွယ်ထားသည့် သိမ်ဝင်ကြိုး ရစ်ပတ်ထားသည့် မြားတံကို ကြောက်၍ပဲလား ဆိုသည်ကိုတော့ မသိနိုင်အောင်ပင် ဖြစ်ပေတော့သည်။



နောက်တစ်ခါ ဆန်းကြယ်တဲ့ဖြစ်ရပ်နဲ့ ကြုံတွေ့လိုက်ရတာကတော့ ...။

တစ်နေ့ ...။

လယ်ယာလုပ်ငန်း (အဖေ့လုပ်ငန်းစွင်) သိမ်းပြီးမှ မိသားစု ရွာကို ပြန်ပြောင်းလျက် မုဆိုးလုပ်ငန်းဖြင့် တောထဲကိုဝင်ပြီး သားကောင်ခြေရာကိုရှာ၊ ထောင်ချောက်ဆင်ပြီး ထောင်ဖမ်းသလို၊ ဒူးလေးနှင့် ပစ်ခတ်ဖို့ ပြင်ဆင်နေချိန် သူငယ်ချင်းဖြစ်သူ တောကြောင်လိုက်မုဆိုး တင်လှနှင့် ရွာဈေးတွင် ဖွင့်ထားသည့်အရက်ဆိုင်တွင် ကြုံတွေ့စဉ် ...

“ကျော်စိုး - မင်းကိုတွေ့ချင်လို့ ငါ့အိမ်ကို ရောက်ခဲ့သေးတယ်ကွ၊ လယ်ကွင်းမှာ စပါးသိမ်းနေတယ်ဆိုလို့။ နု - မင်းကို တွေ့ရတာ အတော်ပဲ”

နောက်ကျောမှ ကျွန်တော့်နာမည်ခေါ်ကာ ပြောသံကြား၍ လှည့်ကြည့်လိုက်တော့ တောကြောင်လိုက်နေသည့် တင်လှကို တွေ့မြင်လိုက်ရသည့်အတွက် ...

“တင်လှ - လာကွာ - ဒီမှာထိုင်”

တင်လှက ကျွန်တော် သောက်နေသည့် စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်ပြီး အရက်ပုန်းရောင်းသည့်ဆိုင်ရှင် ဝင်းနိုင်အား ...

“ဝင်းနိုင် - ဦးရည်နှစ်လုံးချ၊ ဆတ်သားရေသုတ်တစ်ပွဲ၊ ပုတတ်ကင်တစ်ပွဲ၊ တောကြောင်သားဟင်းတစ်ပွဲနဲ့ ကြက်ပွေးတောက်ဟင်းချိုတစ်ပွဲချကွာ။ ဦးရည်က မီးတောက်နော်။ ဒီဝိုင်းကုန်ကျစရိတ် ငါရှင်းမယ် - ကျော်စိုး၊ လိုတာ ထပ်မှာ”

တင်လှဆိုသူက ဒီရွာသားတော့ မဟုတ်။ လှည်းကူးတာဆုံဘေး ထန်းပင်ကုန်းရွာသားဖြစ်သလို၊ ထန်းတက်သမားတစ်ဦးလည်းဖြစ်သည်။ တောကြောင်ကို ခွေးနှင့်လိုက်ပြီး ဝါသနာအရ ချက်ပြုတ်ပြီး စားသောက်နေရလျှင် ကျေနပ်နေသူတစ်ဦး၊ လူပျိုလူလွတ်ဖြစ်ကာ အပျော်အပါးကိုကြိုက်သူ၊ ထန်းရည်နှင့် သူလိုက်လို့ရသည့် တောကြောင်သားချက်ကို ကြိုက်သလား မမေးနဲ့၊ တမြုံ့မြုံ့လိုက်စား လိုက်လုပ်နေသူ၊ တစ်ကိုယ်ရည် တစ်ကာယ လူလွတ်

www.burmeseclassic.com

www.burmeseclassic.com

လည်းဖြစ်၊ အနှောင်အဖွဲ့သံယောဇဉ်ကလည်းမရှိ။ သူထင်ရာကိုအကြောက်အလန့်မရှိ စိုင်းနေတတ်သူ။

တောကြောင်နောက်ကို သူ့ခွေးတွေနှင့်လိုက်ရင်း မြွေဆိုးအပေါက်ခံ(မြွေပွေး)ရသည်မှာ သုံးကြိမ်တိတိ။ ယနေ့လည်း တတိယအကြိမ် အကိုက်ခံရပြီး အသက်မသေဘဲ ဆေးဝါးကုသမှုခံကာ ပျောက်ကင်းစတွင် ကျွန်တော်အရက်သောက်နေရာဆီ သူလိုက်လာရင်း တွေ့ဆုံဧည့်ခံနေခြင်းဖြစ်ပေသည်။

သူ တစ်ခါက မြွေပွေး သုံးကြိမ်အကိုက်ခံရသော်လည်း အသက်မသေရသည့်ကိစ္စနှင့်ပတ်သက်ပြီး မေးကြည့်ခဲ့ဖူးသည်။ သူ ဖြေသည့်အဖြေကို ကျေနပ်စရာကောင်းသည့်အဖြေမျိုး မဟုတ်ဘူးဆိုတာကို သိနေပေမယ့် ကိုယ့်မျက်စိရှေ့တွင် အသက်မသေဘဲမြင်တွေ့နေရသည်က အမှန်။ တင်လှကား ယနေ့အချိန်ထိတိုင် သက်ရှိထင်ရှားရှိနေသေးသည်။ သူ ဖြေလိုက်ပုံက ...

"ငါ - မြွေဆိပ်ပြီးနေသလားလို့ မင်းက မေးရင် ငါ့အဖြေက မပြီးပါဘူးလို့ဖြေရမှာပဲကွ။ ဘာကြောင့်မသေရသလဲလို့ ငါပြောပြရင်း မင်းတို့က လက်ခံချင်မှ လက်ခံမှာ။ ယုံမှာလည်း မဟုတ်ဘူး။ ဒါပေမဲ့ - ငါ မသေခဲ့လို့ ခုလို မင်းနဲ့စကားပြောနေနိုင်တာကိုပဲ ကြည့်ပေါ့"

"အေးပါ - တင်လှရယ်။ ဖြစ်ပုံလေးကို ပြောပြပါဦးကွ"

"ဒီလိုကွ - ငါ့ခွေးတွေနဲ့ ညဘက် တောကြောင်လိုက်ရင်း လှည်းလမ်းကြောင်း ဖုန်လူးနေတဲ့မြွေပွေးကို တက်နင်းမိတာကွ။ ငါ့ခြေထောက်ကို သူကိုက်လိုက်တဲ့အချိန် ငါ့ဦးနှောက်ထဲမှာ ဒိန်းခနဲဆို မီးပွင့်သွားတာပဲ။ ငါတော့ပိုးထိပြီးဆိုတာ သိလိုက်တာနဲ့ မီးထိုးကြည့်လိုက်တော့ လက်ကောက်ဝတ်အလုံးလောက်ရှိတဲ့ မြွေပွေးကြီးကွ။ ငါလည်း ဒေါသထွက်ထွက်နဲ့ ဓားနဲ့ ခုတ်ပိုင်းဖြတ်ပြီး ပလိုင်းထဲထည့်၊ တောကြောင်နောက် ဆက်လိုက်တာကွ။

အဲဒီလိုလိုက်နေတုန်း ငါ့စိတ်ထဲ အသိတစ်ခု ဝင်လာတာက ကိုယ့်ကိုကိုက်တဲ့ အဆိပ်ရှိတဲ့မြွေရဲ့အမြီးကို ဖြတ်ပြီးမျိုရင် အဆိပ်မတက်ဘူးဆိုတဲ့အသိနဲ့ မြွေပွေးအမြီးကိုဖြတ်ပြီး မျိုလိုက်တာပဲကွ။ ပြောရင်ယုံမှာတော့မဟုတ်ဘူး။ ငါ မသေဘူးဟေ့၊ ရေးကူးတတ်တယ်ကွ - ဟား - ဟား"



သူက ပြောပြရင်း ရယ်မောနေသည်။ ကျွန်တော်က ဆက်မေးမိသည်က -

"နောက်ထပ်အကိုက်ခံရတဲ့မြွေပွေးတွေကော ဟင် - တင်လှ"

"ဒီနည်းအတိုင်း အမြီးကိုဖြတ်ပြီး မျိုတာပဲပေါ့ကွာ။ ငါ့မှာ ဆေးရှိနေတာပဲ။ ဒီဆေးပဲ သုံးတာပေါ့ဟ"

ပြောလျှင် ယုံကြမည်တော့မဟုတ်၊ ယနေ့တိုင် သက်ရှိထင်ရှားရှိနေသည်က အမှန်။ တစ်ခုတော့ အသားအရည်က ပွစိစိ၊ သူ အကြောက်ဆုံးတာနောက်ချေး(နွားချေး)ကိုပင်။ လုံးဝ အသားနှင့် အထိခံလို့မရ။ သို့အတွက် နွားမွေးသည့် ထန်းပင်ကုန်းတွင် မနေဘဲ ကျွန်တော်တို့ ရွာဘက်ဆီ ပြေလာရှေ့နေထိုင်သူပင်။

ကျွန်တော်တို့ နှစ်ဦး စားသောက်နေကြရင်း ကျွန်တော်က -

"မင်း - ငါ့ကို တွေ့ချင်တဲ့အကြောင်းကို ပြောစမ်းပါဦးကွ"

ကျွန်တော့်စကားကြောင့် သူက အရက်ကို မော့သောက်လိုက်ပြီး ပြောလိုက်သည်က -

"မင်းက မှဆိုးဆိုတော့ တောကြောင်တွေနဲ့ပတ်သက်ပြီး ဘယ်လောက်သိထားလဲ"

"ဟေ့ - ဘာပြုလို့လဲကွ။ ငါက မှဆိုးဆိုပေမယ့် သားကောင်တွေကိုသာ အဓိကထားလိုက်ပစ်နေတာ။ မင်းလို တောကြောင်တစ်မျိုးထဲရှာပြီး လိုက်နေတဲ့ကြောင်လိုက်မှဆိုးလိုတော့ ဘယ်သိပါ့မလဲ။ ငါနဲ့ ထိပ်တိုက်တိုးရင် ပစ်တယ်၊ ရရင်စားတယ်၊ ဒါပဲသိတာပေါ့။ မင်းပြောချင်တာကို ငါနားလည်အောင်ပြောပါဦး။ ပြီးတော့မှ ဘာလုပ်ကြမယ်ဆိုတာ စဉ်းစားတာပေါ့"

"အေး - ဟုတ်ပါတယ်။ မင်းက ကြောင်လိုက်သမားမှ မဟုတ်တာ၊ ဘယ်သိပါ့မလဲ၊ ငါကလည်း မင်းအကူအညီလိုချင်တာက ဒီရာသီက နွေရာသီဆိုတော့ ကြောင်လိုက်ရာသီကွ။ ကြောင်ကို ထောင်လို့ရတဲ့ရာသီမဟုတ်လို့ မင်းအကူအညီလိုချင်လို့ပါကွာ"

"ဟုတ်လား - ကောင်းတော့ တောကြောင်လိုက်ဖို့ဆိုရင် တောထဲတော့ မသွားတော့လောက်ပါဘူး။ ယာခင်းပဲဖြစ်မယ်။ ဘယ်ယာခင်းလည်း ပြောပါဦးကွ"



www.burmeseclassic.com

www.burmeseclassic.com

"လဟာမယေ်က ဗိုးစံညွန့်ယာကွင်းမှာကွ"

"ဘယ်လိုကြောင်မျိုးလဲ၊ ဝေးလှပါပကောလားကွ"

"ကြောင်မြင်းကြီးကွ၊ ကြီးလိုက်တဲ့အကောင်၊ ဖောင်းဖမ္မးတွေ ထောင်နေတာပဲ၊ ငါ ငှက်ပစ်သွားရင်း တွေ့လာခဲ့တာ၊ နွားပေါက်ကလေးကို ကိုက်သတ်စားနေတာဟ"

"ဟုတ်လား – တောကြောင်က နွားပေါက်တစ်ကောင်ကို ကိုက်သတ်စားပစ်တယ်၊ ဟုတ်ရဲ့လားဗျာ ..."

"အေးပါဆို၊ ကြောင်မြင်းဆိုတဲ့အကောင်မျိုးက နွားပေါက်လိုအကောင်မပြောနဲ့၊ မင်းလိုအကောင်မျိုးနဲ့တွေ့ရင်တောင် ကိုက်သတ်စားပစ်တဲ့အကောင်မျိုး၊ ကျားထက် ပိုဆိုးတယ်ကွ – မှတ်ထား"

"ဟုတ်လား – တောကြောင်ဟာလူတွေအတွက်အဲဒီလောက်အန္တရာယ်များတာကို ငါမသိခဲ့ဘူးကွာ၊ ပြောပြစမ်းပါဦး – သိရအောင်လို့"

"မင်းကို အကြမ်းဖလောက် သိထားဖို့ ငါပြောပြမယ်၊ ဘာလို့လည်းဆိုတော့ငါတို့လဟာမကွင်းက ဗိုးစံညွန့်ယာထဲမှာ အဲဒီကြောင်မြင်းကို သွားပစ်ကြမှာမို့ နောက်ကျနေမှာစိုးလို့ကွ၊ နောက်မှ အကြောင်းစုံပြောပြမယ်"

"ဟာ – မင်းဟာကလည်း ကြောင်မြင်းကြီး ကိုဗိုးစံညွန့်ယာကွင်းမှာ နသွားပစ်မယ်ဆိုတော့ ကြိုးရှိထားတဲ့အကောင်မှမဟုတ်ဘဲ၊ ဒီည အဲဒီယာထဲမှာ သူရှိနေပါ့မယ်လို့ မင်းဆီကို အကြောင်းကြားထားလို့လား၊ ဟား – ဟား – ရယ်ရတယ်ကွာ"

ကျွန်တော်က စပ်ချဉ်ချဉ်ဖြစ်သွားသည်မို့ အငေါ်တူးပစ်လိုက်သည့်စကားကြောင့် တင်လှက ...

"ဒီလိုကွ – ကျော်စိုးရဲ့ – မင်းက မှဆိုးဆိုပေမဲ့ တောကြောင်ကိုတွေ့မှ ပစ်တဲ့အကောင်ဆိုတော့ တောကြောင်တွေရဲ့သဘောသဘာဝ၊ နေထိုင်ကျင်လည်ကျက်စားပုံ၊ သွားလာလှုပ်ရှားပုံကို မသိဘူးလေကွာ၊

မင်းသိနေတာက ရေ၊ ဒရယ်၊ သမင်၊ ဆတ်၊ ဝံ၊ ကျား၊ ကျားသစ်နဲ့ တောဆင်ရိုင်းတို့သဘာဝလောက်ပဲ သိမှာပေါ့ – ဟုတ်ဘူးလား၊ မင်းသိအောင် ငါ သဘောလောက် ပြောပြမယ်၊



ကြောင်ဆိုတာက မျိုးစိပ်တော်တော်များတယ်ကွ၊ ကျားနဲ့ ကျားသစ်မျိုးစိပ်နဲ့နွယ်တယ်ကွ၊ ငါက တောကြောင်လိုက်စား၊ ထောင်စားတဲ့သူရှိတော့ လေ့လာထားလို့ သိနေတယ်၊ တောကြောင်နဲ့ပတ်သက်ပြီး နလို နေ့ရာသီမှာ လိုက်စားတယ်၊ ဆောင်းရာသီမျိုးမှာ ထောင်စားကြတယ်၊ သဘာဝ ပင်တိုစရိုက်အရ တောကြောင်တွေဟာ ရှုပ်ရှုပ်ထွေးထွေး နေရာတွေကို သူတို့မကြိုက်ကြဘူး၊ မဖြစ်မနေ ရန်သူက နောက်ကလိုက်လို့သာ သွားကြတယ်၊ ဝင်တယ်၊ သွားကြတဲ့အကောင်မျိုးကွ၊

သာမန်အရိုန်မျိုးမှာဆိုရင် လမ်းသာတဲ့နေရာ၊ ရှင်းတဲ့နေရာတွေကသာ သွားလာဖြတ်သန်းကြတယ်ကွ၊ သူတို့အစာရှာတဲ့နေရာကို သွားကြတဲ့အခါမှာလည်း ချုံနွယ်ပိတ်ပေါင်း ရှင်းတဲ့လမ်းက သွားကြတယ်၊ အထူးသဖြင့်လှည်းလမ်းကြောင်းမျိုးကိုပေါ့၊ သူ့စားကွက်ကို မရောက်မချင်း တောရှုံ့ရှင်းတဲ့လ မ်းသာက ရွေးပြီးသွားတတ်ကြတယ်ကွ၊ အပြန်လမ်းကိုလည်း အဲဒီကပဲ ပြန်တတ်ကြတယ်လေ၊

သူလိုက်မယ့်သားကောင်ကိုတွေ့ပြီး လိုက်တဲ့အခါတော့ ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက်၊ သားကောင်ပြေးတဲ့နောက်ကို မရမချင်း လိုက်တတ်ကြတယ်၊ အပြန်လမ်းကိုအလာလမ်းအတိုင်းပြန်ကြတယ်၊ ပြောရမယ်ဆိုရင် တောကြောင်တွေဟာ သွားလမ်းလာလမ်းမှန်တယ်၊ အဲ – သူ့ အသွားအပြန်လုပ်တဲ့လမ်းမှာ သူ့ကို အန္တရာယ်မပေးမချင်းပေါ့ကွာ၊ အန္တရာယ်ရှိတော့မှ တခြားလမ်းက ပြောင်းသွားတတ်ကြတယ်ဟ"

"အဲဒီနေ့က မင်း ဘာလို့မပစ်တာလဲ"

"ငှက်ပစ်သွားတာဆိုတော့ လောက်လေးခွပဲပါတာကိုးကွ၊ ငါပစ်လိုက်ရင်သူဒီလမ်းနဲ့ဒီနေရာကိုနောက်ထပ်မလာတော့မှန်းသိလို့ငါရှောင်ခဲ့တာပဲ၊ ဒီည အဲဒီကို မင်းနဲ့ ငါသွားလိုက်ကြရအောင်ကွာ – သောက်ကွာ"

နှစ်ဦးသား မီးတောက်နှစ်လုံး ပြောင်သလင်းခါပေပြီ၊ နောက်ထပ် နှစ်လုံးနဲ့ အမြည်းမှာကာ လွယ်အိတ်အတွင်းထည့်ပြီး ငွေရှင်းကာ ထွက်ခဲ့ကြစဉ် ...



www.burmeseclassic.com

www.burmeseclassic.com

"မင်းအိမ်က လိုတဲ့ပစ္စည်းယူပြီး စောင့်နေ၊ ငါလည်း လှံနဲ့ဓာတ်မီးယူပြီး လာခဲ့မယ်၊ အိမ်က စောင့်နေကွာ"

နှစ်ဦးသား လမ်းခွဲလိုက်တော့ ည(၈)နာရီခန့်ပင် ရှိနေပေပြီ၊ ယနေ့မှ အရက်က သောက်လို့ကောင်းသလား မပြောနဲ့၊ မမူးကြသေး၊

ကျွန်တော်က ဒူးလေးနှင့်မြားကျည်တောက်ဘူး၊ မုဆိုးအသုံးအဆောင်များထည့်ထားသည့် လွယ်အိတ်ကို လွယ်ထားသလို၊ တင်လှက လှံတစ်ချောင်း၊ ဓားရှည်တစ်လက်၊ ကျောပိုးအိတ်ကိုလွယ်ပြီး လဟာမငယ် မိုးစံညွန့်ကိုင်းကျင်းဘက်ဆီသို့ လျှောက်ခဲ့ကြပေသည်၊ နှစ်ဦးသား မီးမထိုးဘဲ လရောင်ကိုစံလျက်ယိုင်တီးယိုင်ထိုးလျှောက်ခဲ့ကြရင်း တစ်နာရီခန့်ကြာတော့ လဟာမငယ်ယာတောကြီးဘက် ကွင်းဖျားစဆီသို့ ရောက်လာကြသည်၊

သုံးရာသီလုံး စိုက်ခင်းမှန်သမျှ အောင်မြင်ဖြစ်ထွန်းသော မြေဩဇာရှိသည့်မြေဖြစ်သည့်အတွက် စိုက်ကွင်းစိုက်ခင်းတို့က တပြန့်တပြော၊ ချုံနွယ်တောတန်း၊ ထူး၊ ကလိုက်ချိုင့်၊ တောင်ပို့များနှင့် ရှိနေကြသည်၊ ထိုအသီးအနှံတွေကိုစားကြသည့် လယ်ကြွက်များကို တောကြောင်များလာရောက်ဖမ်းယူစားသောက်ကြသဖြင့် ခြေရာများကိုလည်း တွေ့နေကြရသည်၊

ယနေ့မှဘယ်လိုဖြစ်သည်တော့ဖြင့်မသိ၊ တစ်ဦးလျှင်မီးတောက်အရက်တစ်ပုလင်းသာသာ ဝမ်းထဲဝင်ထားကြသော်လည်း ယိုင်ထိုးနေပေမယ့် မမူးကြသေး၊ ထုံနေသည်လားတော့ဖြင့် မသိ၊ အရက်ကို ထပ်သောက်ချင်လာပြန်သဖြင့် အနည်းငယ် မော့လိုက်ကြပြန်သည်၊ တင်လှကလည်း ထပ်မံမော့ရင်းလျှောက်ခဲ့ရာ ယခုမှ အမူးက ပိုလာသည်၊ နှစ်ယောက်သား မူးမူးနဲ့ လျှောက်လှမ်းခဲ့ကြရာ ကညင်ပင်အုပ်အုပ်ကြီးအောက်လည်းရောက်ရော မြစ်ခြေဆီမှ လှမ်းသွားပြီး ပင်စည်လုံးကို သေနတ်ပန်းဖို့ လုပ်ပါရော၊



သည်မှာ ကျွန်တော်က မူးနေပေမယ့် သူ့လုပ်ရပ်ကို လရောင်နဲ့မြင်နေရတော့ တားရတယ်၊

"တင်လှ - ခုလိုပင်စည်လုံးကို မတ်တတ်သေးမပန်းနဲ့၊ ဟိုမှာထိုင်ပြီး ပေါက်ပါဟ"

"ဘာလဲ - ကျော်စိုး၊ တားမြစ်နယ်မြေလို့ စာကပ်ထားလား"

"မဟုတ်ဘူးဟ၊ အဲဒီလို တောထဲမှာ မလုပ်ကောင်းလို့ပါ၊ ဟိုဘက်မှာ လုပ်ပါကွာ"

"မလိုဘူးကွာ၊ ကန့်သတ်နယ်မြေ သေးမပေါက်ရလို့ စာကပ်ထားရင် ဟောဒီလို ပန်းတယ်ကွာ၊ ဘာဖြစ်လဲ - ကဲ"

"လူမရှိတဲ့ ဒီကွင်းထဲမှာ ပုဆိုးလှန် သစ်ပင်သေးပန်းတာ ဘာဖြစ်လဲ၊ လုပ်တယ်ကွာ၊ သောက်ရေးမပါတာ - ထွီ"

"ဟော့ကောင် - ဟိုသင်း မကြိုက်ဘူးကွ၊ ဒါကြောင့် - တားရတာပါ"

"ဘယ်သင်းမကြိုက်တာလဲ၊ မနဲလေးလား - ဦးရှင်ကြီးလား - ရွှေနဘေလား"

စက်လိုက်တာ၊ ခုလို လူရွှတ်လူပေ၊ မူးကလည်းမူးနေတော့ သူ နားလည်အောင် ပြောဖို့စကားလုံး ကျွန်တော် ရှာလို့မရတော့၊ သို့အတွက် ...

"ဝ - တင် - လှ"

"ခင်ဗျာ - တားတားဟာ ငါ့ကိုလား၊ သောက်တော်ဘူးရယ်တဲ့အိုမကွာ၊ အိုမကွာ"

အရက်ပုလင်းကိုကိုင်၊ ပုဆိုးကွင်းသိုင်းနဲ့ ကွေးနေအောင် ကပါလေရော၊ မူးနေပြီပဲကိုး၊ ကျွန်တော်လည်း သူ့လက်ကို အတင်းဆွဲပြီးခေါ်ပေမယ့် ရုန်းတန်နေတော့ အတော်အကျပ်ရိုက်နေရင်းက ပါးစပ်ကလည်း ...

"ဟော့ကောင် တင်လှ - ဒီကွင်းရဲ့အပိုင်အဆိုင်တွေက ဒီလိုမတ်တတ် သေးပန်းတာ မကြိုက်ကြဘူးကွ၊ မင်း ဒုက္ခရောက်မှာစိုးလို့ တားနေရတာ၊ ပြန်ကြမယ် - ရှေ့ဆက်မသွားတော့ဘူး"

"အို - နိုး - နိုး၊ မင်းပြောတဲ့ ဘာအပိုင်အဆိုင်တွေကိုလည်း ငါ ကြောက်ဘူးကွ၊ တင်လှတဲ့လေ - တင်လှကွ - ဟဲ - ဟဲ - ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုမှ ပြောလို့မရ၊ တောင်းပန်လို့လည်းမရ၊ ဆွဲခေါ်လို့ကလည်းမရ၊ ကညင်ပင်ကြီးအောက် ပုဆိုးကွင်းသိုင်းနဲ့ တပားပားရယ်ကာ စိမ်ခေါ်လို့ ...။

သူ့အပြုအမူကိုလည်းကြည့်ပြီး ကျွန်တော် အတော်လေးစိတ်ကုန်သွားမိသည်။ သည်စိုက်ခင်းကိုပိုင်သော ပသီမောင်နမနဲ့ ဝိညာဉ်ပရလောကသားများ၊ ကွင်းပိုင်နဲ့ တောပိုင် တောင်ပိုင်တို့ ခွင့်လွှတ်ဖို့ ပါးစပ်က တောင်းပန်ရတာပေါ့။ ကျွန်တော် ယခုလို တောင်းပန်နေလေသူက ရယ်မောဟားတိုက်လေ။

တင်လှနေတာက လှည်းကူးတာဆုံနားမှာဆိုတော့ ယခု ကျွန်တော်တို့ရောက်နေကြတဲ့ လဟာမငယ်ကွင်းနဲ့ဆို အတော်ဝေးပါတယ်။ ဒီကြားထဲ ရိုးမကြီးအတွင်းပိုင်းဆိုတော့ ဒီဘက်အပိုင်း၊ တောကြီးထဲရဲ့သဘာဝမလေ့ကို သူမသိဘူးလေ၊ ကျွန်တော်ကတော့ မွေးကတည်းက ဒီမှာကြီးလာပြန်တော့လည်း ဒီမြေနေ၊ ဒီရေသောက်၊ အဘိုးမုဆိုးကြီးက လက်တွဲခေါ်သင်ပြထားတာမို့ ဒီဝန်းကျင်အနေအထားကို သိနေတာပေါ့။

အဘိုးပြောပြထားတာက ယခု လဟာမငယ်ကွင်းကြီးဟာ ဟိုအချိန်က အလွန်နက်ရှိုင်းပြီး သစ်တောထူထပ်တဲ့တောကြီးဆိုပဲ၊ သားကောင်ပေါ်းစုံရှိတယ်တဲ့။ သစ်ခုတ်၊ ဝါးခုတ်၊ သစ်မွေးရှာ၊ ပျားဖွပ်၊ အဖိုးတန်သစ်ခွရှာတဲ့ လူတွေ၊ မုဆိုးတွေ လာကြတဲ့နေရာဆိုပဲ၊ ပေါလွန်းလို့ သားကောင်တွေ ဘယ်လောက်ပစ်ပစ်၊ ထောင်ချောက်နဲ့ထောင်ထောင် မကုန်နိုင်ဘူးဆိုခဲ့တယ်။

အဲဒီလိုနဲ့ အဲဒီနေရာကို တစ်နေ့ သစ်ခုတ်သမားမောင်နမ ရောက်ရှိလာကြတယ်တဲ့၊ ကုလားမောင်နမပါပဲ။ စားဦးစားဖျားအနေနဲ့ တောကြက်ဥတစ်လုံးကိုပြုတ်ပြီး တောအဝင် ကညင်ပင်ကြီးအမြစ်ဆုံပေါ်မှာတင်ပြီး ဝင်ကြတယ်။ ရည်ရွယ်ချက်ကတော့ ဘေးရန်ကင်းရှင်းဖို့အတွက်ပေါ့။ တင်မြှောက်တာလေ၊

အဲဒီလို စားဦးစားဖျားတင်ရုံနဲ့ မပြီးသေးဘူး၊ အခြားစည်းကမ်းတွေကလည်း ရှိနေသေးတယ်၊ ပစ္စည်းကို နောက်ပြန်မပေးရ၊ စလောင်းဖုံးနစ်ချပ်



မတီးရ၊ အိုးခွက်ပန်းကန်တွေကို လှန်မထားရ၊ မီးဖိုထည့်တဲ့အခါ ထင်းချောင်းကို ဒူးနဲ့ မချိုးရ၊ ကုလားသီချင်းကို မဆိုရ၊ လေမချွန်ရ၊ ခါးတောင်းမကြိုက်ရ၊ ဓားသိုင်း မကရ၊ သမီးရည်းစား ချစ်တင်းမနှောရ၊ ဘောင်းဘီတိုမဝတ်ရ၊ အရက်မသောက်ရ၊ ဒူးပေါ် ပေါင်ပေါ် မနေရ၊ အပေ့ါအလေးကို နေရာတိုင်း မသွားရ၊ တောင်းပန်တိုးလျှိုးလျှောင်တောင် မတ်တတ်မသွားရစတဲ့ ကန့်သတ်ချက်တွေ ရှိတဲ့နေရာတွေပါ။

အဲဒီအချိန်ကတည်းက ကန့်သတ်ထားတာတွေကို လုပ်ခဲ့မိရင် တောထဲမှာ မျက်စိလည်၊ မြွေဆိုးတည့်တိုးရင်တိုး၊ သားကောင်တွေကြောင့် အန္တရာယ်ရောက်၊ နွံအိုင်တွင်း နစ်လိုနစ်၊ ပျားတူကျင်းထဲ ကျလိုကျ၊ လျှိုပေါက အောက်ကိုကျလိုကျ စသည် စသည်တွေပေ့ါ။

အဲဒါတွေကို မယုံကြတဲ့အဖွဲ့ ဝါးခုတ်သွားကြရင်း အရက်တွေသောက်၊ ဆဲကြ ဆိုကြ မတ်တတ်ပန်းကြလုပ်ကြတာ ဘယ်က ဘယ်လိုရောက်လာကြမှန်း မသိတဲ့ပျားအုပ်ကြီး ဝိုင်းထုတ်ခံရလို့ အော်ဟစ်ပြေးကြရင်း ပျားတူကျင်းထဲကျပြီး အသေဆိုးနဲ့ သေကြတာ၊ ယခုထိတိုင် အလောင်းရှာလို့ မရကြသေး၊ ပြောစမှတ်ကို ဖြစ်လို့၊

ဒါကြောင့် - ဒီတော၊ ဒီကွင်းကြောမှာနဲ့ ဝန်းကျင်မှာ ဘယ်သူမှ ပမာမခန့်မတော်တရော် မလုပ်ရဲကြဘူး၊ မလုပ်ကြဘူး။

အဲဒီအကြောင်းကို မသိရှာတဲ့ ထင်းခုတ်တဲ့ကုလားမောင်နမဟာ ထင်းခုတ်ပြီးလို့ ထင်းစည်းကိုရွက်ပြီးအပြန် သီချင်းဆိုလိုက်မိကြရာက ချုံတောအတွင်း ဝပ်နေတဲ့ကျားတစ်ကောင် ခုန်အုပ်ကိုက်ခဲစားသောက်ခြင်းကို ခံလိုက်ရတာကစပြီး သည်နယ်မြေကို "ပသီမောင်နမ" အပိုင်စားယူထားတဲ့ နယ်မြေရယ်လို့ သည်တောကို မှီတင်းလုပ်ကိုင်ကြတဲ့သူတွေက သူတို့အတွေ့အကြုံအရ ပြောလာကြတယ်၊ သူတို့အတွေ့အကြုံအရ အမှားလုပ်ရပ်တွေအတွက် အစ်ကိုဖြစ်သူကို တောင်းပန်တိုးလျှိုးလို့ရပေမယ့် နှမဖြစ်သူက လုံးဝလက်မခံဘဲ အငြိုးအတေးကြီးသူဆိုတာကိုလည်း ပြောကြတဲ့နေရာ။



www.burmeseclassic.com

www.burmeseclassic.com

သည့်လိုနှင့် ကာလကြာလာလေ၊ လဟာမငယ်ကွင်းပြန့်နောက်က တစ်စတစ်စ နာမည်ကြီးလာသည်။ ထိုနေရာတွင် မီးတင်းလုပ်ကိုင်ကာ စိုက်ပျိုးစားသောက်နေကြသည့် ယာစိုက်ခင်းသမားများက စားသောက်စရာများနှင့် တင်မြောက်ပသ တောင်းပန်တိုးလျှိုးပြီး လုပ်ကိုင်ပါက သီးနှံများ အောင်မြင်ဖြစ်ထွန်းသလို၊ တောတွင်းသားကောင်အန္တရာယ်တို့ကိုလည်း ကာကွယ်စောင့်ရှောက်သည်ကို ယုံကြည်လာကြသည်။ အထက်က တင်ပြခဲ့သလို သူတို့မကြိုက်တဲ့အလုပ်မျိုးကို ကျူးလွန်ပါက လုံးဝလက်မခံဘူး။

သည်အကြောင်းတွေကို တောနေလူကြီးသူမ အဆက်ဆက် ပြောပြခဲ့သဖြင့် ကြားဖူးနေသလို အဘိုးဖြစ်သူ မုဆိုးကြီးကလည်း တောနှင့်ပတ်သက်ပြီး ဆောင်ရန် ရှောင်ရန် သင်ကြားထားသည်၊ အထူးသဖြင့် သည်စိုက်ခင်းကို အဓိကထားပြောပြထားသည့်အတွက် ကျွန်တော် အတော်သတိထားရှောင်ခဲ့သည့်နေရာပင်။

ယခု သူငယ်ချင်းဖြစ်သူ "တင်လှ"က ပုဆိုးကိုကွင်းသိုင်း၊ အရက်ပုလင်းကိုကိုင်၊ ကညင်ပင်ကြီး၏ပင်စည်လုံးကို သေးပန်းပြီး ပါးစပ်ကလည်း သူတို့မကြိုက်သည့် မဟုတ်တမ်းတရမ်းတွေကို ကရားရေလွှတ်ပြောနေသည့်ကြားက ချော့မော့ထိန်းရင်း အပြန်ခရီးကို တွဲကာပြန်ခဲ့ရာ ရွာဘက်ဆီသို့ ရောက်လာခဲ့သည်။ ထူးထူးခြားခြား ကျွန်တော် သတိပြုလိုက်မိသည်က နှစ်ဦးသားဒယီးဒယိုင်နဲ့ ကျွန်တော် ဆွဲခေါ်လာသည်ကို အသာတကြည့် လိုက်လာသောတင်လှထံမှ မည်သည့်စကားသံကိုမှ မကြားရဘဲ လိုက်ပါလာခဲ့ခြင်းကိုပင်။

ရွာကို ပြန်ရောက်တော့ သူ့အိမ်ကို မပို့ဘဲ အဘိုးနဲ့ အဘွားအိမ်ကိုခေါ် သွားပြီး အိပ်ခိုင်းလိုက်သလို၊ ကျွန်တော်လည်း အိပ်လိုက်သည်။ အဘိုးနဲ့ အဘွားက ဘယ်လိုဖြစ်လာကြတာလဲ မမေးတော့ ကျွန်တော်တို့နှစ်ယောက် ကို မြင်ကတည်းက ဘာဖြစ်လာကြတာလဲဆိုတာ မေးနေစရာမှ မလိုပဲကိုး။ နှစ်ဦးလုံး ထန်ကုန်မူးနေကြသည်ပဲဟာ။



နှစ်ဦးသား အဘွားခင်းပေးသည့် အိပ်ရာထက် ခေါင်းချလိုက်သည်ဆို ရုံနှင့် အိပ်၍ပျော်သွားခြင်းကလည်း တစ်ထပ်တည်းကပ်ပါသွားသည်။ ကျွန် တော့်စိတ်ထင် အိပ်ပျော်တုန်း ရှိသေး။

"အူး - အစ် - အစ် - အူး"

တင်လှတစ်ယောက် ဝက်တောင်းကြီးတစ်ကောင် သေနတ်နှင့် ပစ်ခံ လိုက်ရသောဒဏ်ရာကြောင့်နေရာတွင် လူးလိမ့်ရင်းအော်ဟစ်လိမ့်နေသည့် အသံနက်ကြီးကို ကြားလိုက်ရသည့်အတွက် အိပ်ရာမှ လူးလဲထကာကြည့် လိုက်တော့ အော်ဟစ်သူက တင်လှရယ်သာ၊ အဘိုးကမီးခွက်ထွန်းရင်း ထိုင် ကာကြည့်ပြီး တင်လှကိုပြုစုနေသည်ကို မီးရောင်နှင့် မြင်လိုက်ရသဖြင့်...

"အဘိုး - ဘာဖြစ်တာလဲ ဟင် - တင်လှတစ်ယောက်"

ထိုအချိန် အိပ်လို့မပျော်နိုင်ရှာသည့်အဘွားကလည်း တင်လှခေါင်းရင်းတွင် ထိုင်လိုက်ပြီး ဟိုကိုင်သည်ကိုင် ဖျစ်ညှစ်နှိပ်နယ်ပေးရင်းက ဘုရားသောက် တော်ရေခွက်ကိုယူပြီး နဖူးမှသပ်ချရင်း ပါးစပ်က ပွစိပွစိနှင့် ဘာတွေရွတ်ဆို နေသည်ကိုတော့မသိ၊ ကျွန်တော် ငေးငိုင်ကြည့်နေစဉ် ...

"မင်းတို့ ဘယ်က ပြန်လာကြတာလဲ - လူလေး"

"လဟာမငယ်ဖိုးစံညွှန့်အခင်းမှာ ကြောင်ပစ်ဖို့ သွားကြတာက ပြန်ခဲ့ တာပါ"

"ပစ်တော ပစ်ခဲ့ရရဲ့လားကွ၊ မင်းတို့တွေ ဘာအမှားလုပ်ခဲ့ကြလဲ။ ဒီကွင်းကို သွားမယ်ဆိုရင် အမှားမလုပ်မိစေဖို့ ငါ အတန်တန်ပြောထားပါ လျက်နဲ့၊ ပြောစမ်း - ဘာဖြစ်ခဲ့လဲ"

အဘိုးစကားကြောင့် ကျွန်တော်က ဖြစ်ပျက်ပုံကို အစအဆုံး ပြောပြ လိုက်ချိန် -

"အူး - အ - အ - အွတ်"

တင်လှတစ်ယောက် အိပ်ရာထက် လူးလိမ့်ပြီး လက်တစ်ဖက်က ပါးစပ် ကို ပြသလို၊ ကျန်တစ်ဖက်က သူ၏ဆီးစပ်ကို ပုတ်ပြနေသဖြင့် သူ ဘာပြော သည်ကို ကျွန်တော် စဉ်းစားနေစဉ် အဘိုးက -

www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ အလွန်အကျွံ စော်ကားခဲ့ကြတယ်နဲ့တူတယ်၊ စကားပြောလို့မရအောင် ပါးစပ်ကိုလည်း စိပြီး ဆီးသွားလို့မရအောင်လည်း လုပ်လိုက်တယ်နဲ့တူတယ်ကွ၊ သူလုပ်ပြနေပုံကြည့်"

အဘိုးပြောတော့မှ ကျွန်တော် အသေအချာကြည့်လိုက်သည်၊ တင်လှတစ်ယောက် မေးစိပြီး စကားမပြောနိုင်သလို၊ ဆီးအိမ်ကို ပုတ်ပြနေသည်ကလည်း အကြောင်းတစ်ခုခုကို ပြနေသည်ကို သတိထားလိုက်မိသည်၊ အဘွားကတော့ လူကြီးပီပီ ဖျစ်တောက်ဖျစ်တောက်ပြောပြီး ပြောင်းဖူးဖက်ဆေးလိပ်ကို မီးတို့ ဖွာရှိုက်ကာ အိမ်စန်းအတွင်း ပြန်ဝင်သွားသည်၊

"ကျော်စိုး"

"ဟုတ်ကဲ့ - အဘ၊ အမိန့်ရှိပါ"

"မင်းသူငယ်ချင်းက သူတို့မောင်နှမကို မကြိုက်တာ သွားလုပ်ကြတာကိုးကွဲ၊ တောင်းပန်မှ ဖြစ်မှာ"

"ဟုတ်ကဲ့ - အမိန့်ရှိပါ - အဘ"

"ဒီကညင်ပင်ကြီးက သူတို့နေထိုင်တဲ့အပင်ကြီးဆိုတာ မင်းမသိလေရောလားကွ"

"သိပါတယ် - အဘ"

"သိရဲ့သားနဲ့များကွာ - ဘာလို့ သူများမကြိုက်တဲ့အလုပ် သွားလုပ်ရတာလဲ"

"ဒီကောင်က အယုံအကြည်မရှိဘူး၊ ကျွန်တော် တားပါတယ်၊ မရလို့ပါအဘ"

"အော် - ဒီလိုလား၊ ဟော့ သူငယ် - မင်းနာမည် ဘယ်သူလဲ"

"အီး - အီး - အွတ်အွတ်"

"အင်း - စိတ်ဆိုးလွန်းလို့ အထက်ပေါက်ရော အောက်ပေါက်ပါ ပိတ်ပြီးအသေလုပ်လိုက်တာကွဲ၊ ငါနဲ့ အတွေ့ဦးလို့ပေါ့ကွာ၊ ဆီးသွားလို့မရလို့ကွဲ၊ ဒီအတိုင်းဆို မိုးလင်းတာနဲ့ အသက်ပါသွားမှာ၊ ကျောက်ပျဉ်ကိုဆေးပြီး ယူခဲ့၊ ဆေးလိမ်းပေးရမယ်"

ကျောက်ပျဉ်တွင် ဆေးတောင့်ကို ရေနှင့်သွေးကာ ကျွန်တော်က သူ၏ ဝမ်းဗိုက်ကို လိမ်းပေးရင်းက ...

"မောင်ကျော်စိုး"

"ခင်ဗျာ - အဘ"

"အဘ - ပသီမောင်နှမကို တောင်းပန်ထားတယ်၊ တစ်နယ်တစ်ကျေးကလာတဲ့ လူစိမ်း၊ မသိနားမလည်လို့များမိပါတယ်၊ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပါဆိုပြီး ခုချက်ချင်း လက်ဖက်တစ်ပွဲ၊ ကြက်ဥပြုတ်တစ်လုံး၊ အမွှေးတိုင်၊ အလင်းတိုင်နဲ့ သူ မတော်တရော်လုပ်ခဲ့တဲ့ကညင်ပင်ကြီးနဲ့ ဝန်းကျင်ကို တောင်းပန်လိုက်၊ အဲဒီတော့မှာ - စကားပြောလို့ရမယ်၊ ဆီးနဲ့လေကျွဲသွားမယ် သွားလို့ရမယ်၊ သွားတောင်းပန် - မြန်မြန်လုပ်ကြ"

"တင်လှကိုပါ ခေါ်သွားရမလား - အဘ"

"မလိုဘူး၊ မင်းအဘိုးကိုခေါ်ပြီး သွားလိုက်"

ဆေးလွယ်အိတ်ကိုယူပြီး ပြန်သွားသည်၊ တင်လှတစ်ယောက် လူးလိမ့်ရင်းအော်ဟစ်ကျန်ခဲ့သည်၊ ကျွန်တော်နှင့်အဘိုး၊ ဆရာကြီးပြောသည့်အတိုင်း တောင်းပန်တိုးလျှိုးပြီး အိမ်ပြန်အရောက် တင်လှတစ်ယောက် လူကောင်းပကတိဖြစ်နေသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ကြရပေတော့သည်၊

ကဲ - တောတွေ၊ တောင်တွေထဲ သေနတ်ကိုင် လိုက်လံပစ်ခတ်နေတဲ့ မုဆိုးဆိုပေမယ့် နေရာတကာတိုင်း သေနတ်အားကိုးလုပ်လို့ကမရ၊ သူ့အပိုင်စား၊ သူ့စည်းမျဉ်း၊ သူ မကြိုက်သည့်ကို ဇီလာပြုမိသည့် ကျွန်တော်တို့နှစ်ဦးအဖြစ်ကား ပြောပင်မပြောချင်တော့၊ သူတို့လိုလားနှစ်သက်ပါက အပေးအကမ်း ရက်ရောသလို၊ သူတို့ မကျေနပ်ပါက လုပ်လှတ်လိုက်သည်က အဲဒီလိုမျိုး၊

>>> လေးတောင်



www.burmeseclassic.com

www.burmeseclassic.com




# ချောင်းရိုး မြောင်းရိုး လူအမျိုး

ညွန့်မောင်ဦး

**ချောင်းခွ** ရွာကလေးမှာ ရွာနှစ်ရွာကြားမှာရှိသော ရွာငယ်ကလေး ဖြစ်သည်။ ချောင်းကလေး၏ ဟိုဘက်ကမ်းမှာ အိမ်ကလေး နှစ်ဆယ်၊ သည်ဘက်ကမ်းမှာ အိမ်ကလေးနှစ်ဆယ်လောက် ရှိသော ရွာကလေးဖြစ်သည်။ ချောင်းကလေးကိုခွ၍ တည်ထားသောကြောင့် ချောင်းခွရွာဟု ခေါ်ကြသည်။ ရွာဟိုဘက်သည်ဘက်မှာ ရှိကြသော ရွာများမှာ ကွင်းရွာများဖြစ်ကြသော်လည်း လယ်ပိုင်၊ ယာပိုင်၊ ဥယျာဉ်ခြံပိုင်များနှင့် စည်ကားသည်။ ရွာတိုင်းမှာ ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားစေတီများ၊ ရေတွင်းရေကန်များရှိ၍ စည်ကားသည်။ သာယာသည်။ ချောင်းခွရွာကလေးမှာ နောက်မှတည်သော ရွာကလေးဖြစ်ပြီး ဟိုရွာသည်ရွာမှ ပြောင်းလာသူများ စုပေါင်းပြီး တည်သော ရွာဖြစ်သည်။ ရွာသားအများစုမှာလည်း လက်လုပ်လက်စားဖြစ်ကြသည်။ အနီးအနားရှိ ရွာများမှ အလုပ်ရှိ၍ခေါ်လျှင် သွားလုပ်ပေးသည်။ အလုပ်မရှိလျှင် ဖားရှာ၊ ငါးရှာကစ၍ လုပ်ကြသည်။ ထိုရွာတွင် နေသူများ

www.burmeseclassic.com

ထဲတွင် ဒေါ်ဂွမ်းဘုံအမည်ရှိ မုဆိုးမကြီးနှင့် သမီးပျိုလေးညိုလှတို့ သားအမိနှစ်ယောက်တည်း ရွာအစွန်မှာ တဲကလေးနှင့် နေကြသည်။ ဒေါ်ဂွမ်းဘုံမှာ အသက်ကြီးပြီး ကျန်းမာရေးချို့တဲ့၍ အလုပ်မလုပ်ပါ။ သမီးညိုမြကသာ ပျိုးနုတ်၊ ကောက်စိုက် စပါးရိတ်လိုက်လုပ်ပြီး ရာကျွေးသည်။ ဒေါ်ဂွမ်းဘုံမှာ အပြောအဆိုနုတ်ကြမ်းပြီး ရုပ်ကလည်းဆိုးသောကြောင့် ရွာမှလူများက စုန်းမကြီးဟု ကွယ်ရာမှာပြောနေကြသော်လည်း သမီးလေးညိုမြမှာ ဖြူဖြူ ချောချောလှလှကလေးနှင့် အနေအထိုင်၊ အပြောအဆို လိမ္မာသောကြောင့် ရွာထဲကလူများက ခင်ကြသည်။ ကာလသားများကမူ ညိုမြကို ပိုးပန်းချင်သော်လည်း စုန်းမသမီးဖြစ်၍ ရှောင်ကြသည်။ မရှောင်ဘဲ စွဲစွဲမြဲမြဲချစ်နေသူမှာ စံခင်ဖြစ်သည်။ စံခင်မှာ တခြားရွာမှ လူဟားလာလုပ်သူ ဖြစ်သည်။

"မင်းတို့ကလည်း ရုပ်ဆိုးတိုင်း စုန်းမဖြစ်သည်ဆိုတာ ငါလက်မခံနိုင်ဘူး"

"မင်းက လက်တွေ့မကြုံဘူးလို့ မယုံတာ၊ ကိုဘမောင် ကိုယ်တိုင်မြင်လို့ ငါ့ကို ပြောတာ"

"သူ ဘယ်လိုမြင်လည်း ပြောပါဦး"

"မိုးဦးကျက သူ ဖားရိုက်ပြီးပြန်အလာမှာ စုန်းတောက်နေသည့် မီးလုံးကြီးတစ်လုံး သူ့အရှေ့က တလိမ့်လိမ့်သွားနေပြီး ဒေါ်ဂွမ်းဘုံတဲထဲ ဝင်သွားတာမြင်ရသည်လို့ ပြောတယ်"

"စုန်းတွေဟာ ညဘက်မှာ အူအခွေနှင့် ခေါင်းသာထွက်သွားပြီး ကိုယ်လုံးကို အိပ်ရာထဲမှာ ထားခဲ့သည်လို့ လူကြီးတွေပြောတာ ကြားဖူးတယ်။ သူတို့ ညဘက်ထွက်ပြီး ဘာသွားလုပ်လဲ၊ ကိုယ်လုံးကို ဘာဖြစ်လို့ထားခဲ့တာလဲ"

"ချေးသွားစားတယ်၊ ကိုယ်လုံးကို ထားခဲ့တာက သူနှင့်အတူ အိပ်နေသူ မသိအောင် ထားခဲ့တာ"

စုန်းတွေထဲမှာ ချေးစားစုန်းက အောက်တန်းအကျဆုံး၊ တခြားဖော်သို့ ဖော်ကနက်၊ စုန်းဘီလူး၊ မောက်လုံး၊ မောက်ပြားဆိုသည့်စုန်းတွေရှိသေးသည်။



သူတို့တွေက လူတွေကို ပြုစားတတ်သည်၊ ဖမ်းစားတတ်သည်။ နောက်ပြီး ရွာတစ်ရွာမှာ အနည်းဆုံး စုန်းတစ်ယောက်ရှိသည်။ စုန်းမရှိရင် ရွာပျက်တယ်လို့ ငါ့အဘိုးက ပြောသည်။

"မင်း ပြောတဲ့ စုန်းတွေထက် အဆင့်မြင့်တဲ့ စုန်းမျိုးတွေရှိသေးတယ်၊ ထဘီခြုံလိုက်ရင် လဒ်ဖြစ်သွားတဲ့ ကဝေဆိုတာ ရှိသေးတယ်"

"ရှိမှာပေါ့ – စုန်းမျိုးပေါင်း ခြောက်ဆယ်ကျော်ရှိတယ်လို့ ငါ ကြားဖူးတယ်"

"ဒါဖြင့် စံခင်ယောက္ခမ ဒေါ်ဂွမ်းဘုံက ချေးစားစုန်းမျိုး ဖြစ်မယ်"

"မင်းပြောနိုင်လား၊ တခြားပညာတွေလည်း တတ်ချင်တတ်မှာပေါ့"

"မပြောကြပါနှင့်ကွာ၊ သူ့ခမျာ ရောဂါသည်ကြီးပါ၊ စံခင် အားမလျှော့နှင့် ရအောင်ပိုး သိလား"

"ဟုတ်သည် – စုန်းမသမီးပေမယ့် ညိုလှက ချောမောလှပတော့ မြောက်ရွာက လယ်ရှင်သားက ကြိုက်နေတယ်"

"စံခင်ကလည်း မညံ့ဘူး၊ ကောက်စိုက်သမ ခေါင်းဆောင်ကို ကပ်ထားတာ"

"တော်ကြတော့ – မင်းတို့စကားတွေက စုန်းအကြောင်းကနေ ညိုလှအကြောင်း ရောက်လာပြီကွာ"

ဒေါ်ဂွမ်းဘုံမှာ သူတို့ရွာနှင့် တစ်ညအိပ်လောက် သွားရသော ရွာတစ်ရွာမှ ပစ္စည်းဥစ္စာပြည့်စုံသော်လည်း ရွာမှလူများက စုန်းမျိုးဖြစ်၍ ဒေါ်ဂွမ်းဘုံ ခိုခင်ကို ကြောက်ကြသည်။ သူတို့ ပြောကြသည့်အတိုင်းလည်း စုန်းပညာတတ်သည်။ ရွာထဲမှ သူနှင့် မတည့်သည့်လူများကို စုန်းပညာနှင့် အပင်းသွင်း၍ သတ်ဖူးသည်။ သူမကို ရွာသူရွာသားများက ကွယ်ရာမှာ ကဝေမဟုခေါ်ပြီး ကြောက်လည်းကြောက်ကြသည်။ သည်လိုနှင့် မဂွမ်းဘုံ အရွယ်ရောက်လာသောအခါ ရွာထဲမှ ကာလသားများ မဂွမ်းဘုံကို ရှောင်ကြသည်ကို သိသောအခါ သူ့မိခင်က သူတို့နှင့်သာသူကို ရှာ၍ပေးစားပြမည်ဟု မခံချင်စိတ်နှင့် တခြားရွာမှ လူငယ်တစ်ယောက်နှင့် ပေးစားရန် လူကြီးချင်းသွားဖောက်

www.burmeseclassic.com

ထားသည်။ ထိုအချိန်မှာ မငွမ်းဘုံက သူတို့လယ်မှာ လူငှားလာလုပ်နေသော လူငယ်တစ်ယောက်နှင့် ချစ်ကြိုက်နေ၍ နိုးရာလိုက်သွားပါသည်။ ထိုသို့ နိုးရာလိုက်သွားသည်ကို မကျေနပ်၍ သူ့ပညာနှင့် ခွဲပစ်မည်ဟု ကြုံးဝါးထားသည်။

ထိုအချိန်က မငွမ်းဘုံမှာ ငယ်သေး၍ ချစ်သူမျက်နှာ တစ်ရှာထင်ပြီး အားကိုးနှင့် မိဘကိုစွန့်ကာ လိုက်သွားသည်။ သူ့ချစ်သူက အချစ်ကိုဦးစားပေး၍ သူ့ရွာကိုခေါ်ခဲ့ပြီး မိဘအိမ်မှာပင် နေကြသည်။ မိဘများကလည်း သားသံယောဇဉ်ကြောင့် မပူမပင် လက်ခံကျွေးမွေးထားသည့်အပြင် မိသားဖသား ပီပီ တောင်းရမ်းပေးရန် ရွာမှ လူကြီးများခေါ်ပြီး မငွမ်းဘုံတို့အိမ်ကို သွားကြသည်။ သို့သော် အိမ်ကိုမရောက်မီ ရွာမှ မငွမ်းဘုံမိခင်အကြောင်းသတင်း ကြား၍ လှည့်ပြန်လာကြသည်။

"ငါ့သား - အဖေတို့မှာ ရပ်နှင့်ရွာနှင့်နေတာ နှ မင်းလုပ်လာသည့်ကိစ္စကြောင့် အရှက်ရပြီ၊ တိုတိုပဲပြောမယ် - နှ မင်းခေါ်လာတဲ့ ကလေးမကို ပြန်ပို့၊ ပြန်မပို့နိုင်ရင် မင်းပါ အိမ်ပေါ်ကဆင်း"

"ပြန်ပို့လို့ မကောင်းပါဘူး အဖေရယ်။ ကျွန်တော့်ကို အားကိုးပြီး လိုက်လာတာ၊ ပြန်မပို့ရက်ဘူး"

"ပြန်မပို့နိုင်ရင် မင်းပါ ဆင်းသွားပြီး တခြားမှာသွားနေ၊ ငါ ဒါပဲ ပြောမယ်"

"ကျွန်မကြောင့် အစ်ကိုတို့ မိသားစု စိတ်ဝမ်းကွဲရတာ၊ ကျွန်မ သွားပါမယ်"

"ဘယ်ကို သွားမှာလဲ၊ မိဘအိမ်ကို ပြန်မှာလား"

"အမေ့အိမ် မပြန်ရဲဘူး၊ ရောက်ရာ ပေါက်ရာ သွားမယ် အစ်ကို၊ စိတ်ချမ်းသာအောင် နေပါ"

"မဖြစ်ပါဘူး၊ ငါပါ လိုက်သွားမှ သည်ကိစ္စရှင်းမှာ"

နောက်ပိုင်းမှာ လင်မယားနှစ်ယောက် တိုင်ပင်၍ မိဘများနှင့်ဝေးသည့် ရွာတစ်ရွာတွင် သွားနေ၍ ယောက်ျားလုပ်သူက သူများလယ်မှာ လူငှားဝင်လုပ်သည်။ မိန်းမဖြစ်သူ မငွမ်းဘုံကလည်း လယ်ရှင်အိမ်မှာ ဝိုင်းလုပ်ကိုင်စားဘဝနှင့်နေသည်။ ထိုသို့ နေထိုင်ကြ၍ နှစ်နှစ်ကျော်ကျော် ကြာသောအခါ ညိုလှကို မွေးသည်။ ညိုလှလေး လေးဖက်သွားချိန်လောက်မှာ မငွမ်းဘုံမိခင် ရောက်လာပြီး သမီးကို ခေါ်သည်။ မငွမ်းဘုံက ပြန်မလိုက်သောအခါ စိတ်ဆိုးဆိုးနှင့် ကျိန်စာတိုက်ပြီး ပြန်သွားသည်။

ညည်း - သည်လောက်ချစ်သည့်လင် မကြာခင် သေစေရမယ်၊ ကြည့်ထားလိုက်ဟု ကြိမ်းမောင်းပြီး ပြန်သွားသည်။ မငွမ်းဘုံမိခင် ပြန်သွားပြီး လေးငါးလအကြာမှာ သမီးလေးရလာမှ အလုပ်ကြိုးစားလုပ်နေသော မငွမ်းဘုံယောက်ျားခမျာ စပါးရိတ်နေရင်း မြွေကိုက်ခံရပြီး သေသွားရှာသည်။ မငွမ်းဘုံမှာ မိခင်ကို စိတ်နာလွန်း၍ ထိုရွာမှာမနေတော့ဘဲ သမီးလေးကို ခေါ်သွား၍ တခြားရွာမှာ အတ်မြုပ်၍နေထိုင်ပြီး ကြုံရာကျပန်း အလုပ်လုပ်သည်။ ဈေးရောင်း၍ သမီးလေးညိုလှကို မွေးခဲ့သည်။ ယခု ညိုလှအသက် (၁၆)နှစ်ရောက်မှသာ ချောင်းစွရွာမှာ အခြေချနေထိုင်မည်ဟု စိတ်ကူးပြီးပြောင်းခဲ့သည်။ သို့သော် နှစ်များ အတော်ကြာကြာ အလုပ်ကြမ်းများ လုပ်ခဲ့၍ အသက်အရွယ်ရလာသောအခါ ရောဂါစွဲ၍ အိပ်ရာထဲ လဲသည့်ဘဝ ရောက်လာသည်။ ထိုအခါ သားအမိနှစ်ယောက် စားဝတ်နေရေးအတွက် ညိုလှက တာဝန်ယူရသည်။

ကောက်စိုက်သမ ခေါင်းဆောင် ဒေါ်မြကြီးမှာ လယ်ရှင်များအားထားရသူဖြစ်သည်။ ယခုရက်ပိုင်းမှာ စံခင် အလုပ် လုပ်သော လယ်ရှင်၏လယ်မှာ ကောက်စိုက်ဆင်းနေကြသည်။ ထိုကောက်စိုက်အဖွဲ့မှာ ညိုလှလည်းပါသည်၊ စံခင်မှာ ပျိုးနုတ်ပေးရသူဖြစ်သည်။ ဒေါ်မြကြီးမှာ အလုပ်ကြိုးစားသော စံခင်ကို သဘောကျ၍ ညိုလှနှင့် အောင်သွယ်ပေးသည်၊ စံခင်ကလည်း ကြိုက်မရုက် ငိုက်မရုက်၊ ညိုလှကလည်း သဘောကျနေ၍ ရည်းစားဖြစ်သွားကြသည်။

"ကျွန်မတို့ မိန်းမသားဘဝက မျက်နှာများလို့ မရဘူး။ တစ်ယောက်ဆိုတစ်ယောက်ပဲ ချစ်မှာပါ၊ ကိုစံခင်သာ သစ္စာမဖောက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချ - တစ်သက်လုံး ညိုလှကို သစ္စာမဖောက်ဘူး၊ သည်နှစ် စပါး သိမ်းပြီးရင် တောင်းရမ်းယူပြီး သားအမိနှစ်ယောက်လုံးကို လုပ်ကျွေးပါ့ မယ်"

"သည်နှစ် တောင်းလို့မဖြစ်သေးပါဘူး၊ အမေ့ကို မပြောရသေးဘူး၊ နေမကောင်းဖြစ်နေချိန်မှာ ပြောလို့မကောင်းဘူး"

"ဒါဖြင့် - ညဘက်အိမ်ကို လာလည်မယ်၊ အဒေါ်နှင့် စကားပြောရတာ ပေါ့၊ သူ ဘာဆေးသောက်လဲ၊ ကိုစံခင် ဝယ်လာမယ်"

"ဝယ်မလာနဲ့၊ ကျွန်မ ဝယ်ထားတာရှိတယ်"

စံခင်မှာ လယ်တဲမှာ စောင့်အိပ်သူဖြစ်၍ မကြာခဏ ညိုလှတို့အိမ်ကို အလည်သွားရာ ညိုလှမိခင်ကြီးနှင့်လည်း ခင်မင်သွားသည်၊ သည်လိုနှင့် တစ်ညမှာ လယ်ရှင်သားလေးမှာ လန့်၍ငိုသည်၊ ကလေး အငိုမတိတ်သော အခါ ရွာထဲက ဆေးဆရာကိုခေါ်ပြရာ ဆရာက ကလေးကိုစမ်းသပ်ပြီး အောက်ပါအတိုင်း ပြောသည်၊

"မင်းတို့သားလေးကို ရွာသူ နှောင့်ယှက်ထားတာ၊ ခေါ်စာ ကျွေးရ မယ်"

"ဘယ်လို ကျွေးရမှာလဲဆရာ ပြောပြပါ၊ ကျွန်တော် ကျွေးပါ့မယ်"

"ကြက်တစ်ကောင်ကိုချက်၊ ဆန်နှစ်လုံးချက်နှင့် ကြက်သားဟင်းတို့ ခေါပတောင်းထဲထည့်ပြီး ညမှောင်လာချိန်မှာ ရွာမြောက်ဘက် တောစပ်မှာ သွားကျွေးပါ၊ ကျွေးသည့်အခါမှာလည်း အဆီပ်မခတ်ပါဘူး၊ စားပါ၊ သောက် ပါလို့ပြောပြီး ကျွေး၊ ကလေး အငိုပျောက်လိမ့်မယ်"

လယ်ရှင်မှာ ဆရာပြောသည့်အတိုင်း ကြက်သားဟင်းနှင့် ဆန်(၂)နှစ် လုံးချက်ပြီး စံခင်ကို သွားကျွေးခိုင်းသည်၊ စံခင်မှာ သွားကျွေးရမည့်နေရာမှာ သချိုင်းနားမှာဖြစ်၍ တစ်ယောက်တည်း မသွားရဲဘဲ သူငယ်ချင်းကို ခေါ်သွား သည်၊ သူငယ်ချင်းမှာ မကြောက်တတ်သည့်အပြင် လာစားသူကို ရိုက်မည် ဆို၍ ဝါးရင်းတုတ်တစ်ချောင်း ယူသွားသည်၊



နှစ်ယောက်သားသွား၍ ကျွေးမည့်နေရာ ရောက်သောအခါ အဆိပ် ခတ်မထားပါဘူး၊ စားပါ၊ သောက်ပါဟုပြောပြီး နှစ်ယောက်သား ချုံကွယ် တစ်ခုမှ စောင့်ကြည့်နေသည်၊ မကြာမီအချိန် ခွေးတစ်ကောင်ရောက်လာ ပြီး စားနေသည်ကို မြင်ရ၍ စံခင်သူငယ်ချင်းက ဝါးရင်းတုတ်နှင့်ပစ်လိုက်ရာ ခွေးမှာ ပစ်လဲကျ၍ ထွက်ပြေးသွားသည်၊

"မှတ်ထား - အစားဝမ်းသည့် စုန်းမကို ဒီလို ဆုံးမရတယ်"

"မင်း ပစ်လိုက်တာ စုန်းမ မဟုတ်ဘူး၊ ခွေးကို ပစ်လိုက်တာ"

"မင်း မသိပါဘူး၊ အဲသည့်ခွေးဟာ စုန်းမဘဲ၊ ခွေးယောင်ဆောင်ပြီး လာစားတာ"

"ဘာပဲဖြစ်ဖြစ် ကလေးအငိုတိတ်ရင် ပြီးတာပဲ"

စံခင်တို့ လယ်မှာ ကောက်စိုက်နေချိန်ဖြစ်၍ စံခင်က နံနက်စောစော ကောက်စိုက်သမတွေကို လိုက်ခေါ်ရသည်၊ ထိုသို့လိုက်ခေါ်ရာ ညိုလှတို့ အိမ် အရောက်မှာ ညိုလှမိခင်ကြီး ညည်းနေသံကိုကြား၍ အိမ်ပေါ်ကိုတက်သွားရာ အဘွားကြီးက စံခင်ကို မြင်သောအခါ အော်ထုတ်သည်၊

"သွား - ထွက်သွား၊ နင့်မျက်နှာ မကြည့်ချင်ဘူး"

"အို - အမေကလည်း ကိုစံခင်က အလုပ်ဆင်းဖို့ လာခေါ်တာ"

"အား - နာလိုက်တာ၊ ငါ သေတော့မယ်"

"ဘယ်လိုဖြစ်တာလဲ၊ မနေ့ညက အကောင်းကြီးပဲ၊ ဘာဆေးသောက် မှာလဲပြော သွားဝယ်လိုက်မယ်"

"ညက အိမ်သာသွားရင်း ချော်လဲတာပါ၊ ဆေးလိမ်းပေးထားတယ်၊ သည်နေ့တော့ ကျွန်မ အလုပ်မဆင်းနိုင်ဘူး ပြောပေးပါ"

"ရပါတယ် - ငါလည်း အလုပ်သိမ်းပြီးရင် လာခဲ့ပါ့မယ်"

စံခင် ပြန်ခါနီး အဘွားကြီးကို လှမ်းကြည့်လိုက်ရာ အဘွားကြီးက မျက် ထောင့်နီကြီးနှင့် ပြန်ကြည့်နေရာမှ အံကြိတ်ပြသည်၊ စံခင်က ဘာမှ နားမလည်၊ တွေးလည်း မတွေးတတ်သဖြင့်၊ လယ်ထဲ ဆင်းသွားသည်၊ ညိုလှ တလည်း ဘာမှနားမလည်ဘဲ မိခင်ကြီးကိုနှိပ်ပေးနေရင်း ဆန်ပြုတ် ပြုတ်နေ



www.burmeseclassic.com

www.burmeseclassic.com

ရှာသည်။ ဒေါ်ဝွမ်းဘုံက မိမိမှာ သည်ရောဂါကြောင့် မကြာခင်သေရတော့မည်ကို သိ၍ ညိုလှကို အနားခေါ်ပြီး မိမိတို့မျိုးရိုးအကြောင်း၊ မိမိကျင်လည်ခဲ့ရသော ဒုက္ခများအကြောင်းကို ပြောပြသည်။

"အမေ မရှိတော့သည့်နောက်မှာ သမီးကို စောင့်ရှောက်မည့်သူ စံခင်ပဲ ရှိတယ်။ ပို့သမီးကိုပြောရရင် စုဖြစ်သည့်ကိစ္စမှာ စံခင်ပါသော်လည်း သူက ဘာမှမသိရှာဘူး။ အမေ့အပြစ်ပါ၊ အမေ့ကြောင့် ဖြစ်ရတာ"

"အမေပြောတာတွေ သမီး နားမလည်ဘူး"

"သမီး နားလည်အောင် ပြောရရင် အမေက စုန်းမျိုးလေ၊ ကိုစားချင်တာ ရှာစားရင်း ခုလို တုတ်နှင့် အပစ်ခံရတာပေါ့၊ ပစ်တာက စံခင်မဟုတ်ဘူး။ သူ့သူငယ်ချင်းပစ်တာ"

"တော်ပါတော့ - အမေရယ်၊ သမီး မကြားချင်တော့ဘူး။ အမေ နေကောင်းရင် သမီးတို့ တစ်နေရာကို ပြောင်းကြမယ်၊ သည်မှာနေလို့ မဖြစ်တော့ဘူး"

ဒေါ်ဝွမ်းဘုံမှာ နေမကောင်းဖြစ်ပြီး သုံးရက်အကြာမှာ ကွယ်လွန်သွားသည်။ ဒေါ်ဝွမ်းဘုံမရှိသည့်နောက်မှာ စံခင်က ညိုလှကို လူကြီးစုံရာနှင့် တောင်းရမ်းယူပါသည်။ သို့သော် ညိုလှက ရွာမှာမနေချင်ဘူးဆို၍ သူတို့ရွာနှင့်ဝေးသော ပဲခူးအပိုင်မှာရှိသော ရွာကလေးသို့ နှစ်ယောက်သား တိုင်ပင်၍ ပြောင်းသွားကြသည်။

ထိုရွာကလေးမှာ လူသစ်စိတ်သစ်နှင့်နေထိုင်ကြရာ (၂)နှစ်ကျော်ကျော်မှာ သမီးလေးတစ်ယောက်ရသည်။ စံခင်က လူငှားလုပ်ရာမှ လယ်ပိုင်ဖြစ်နေပြီး ညိုလှက အိမ်မှာ အိမ်ဆိုင်ကလေး ဖွင့်ထားသည်။ သမီးကလေးမှာ တစ်ယောက်တည်းမွေးထားပြီး ရုပ်ရည်လည်း ချော၊ ပညာလည်း တော်၍ အလယ်တန်းကျောင်းသူ ဖြစ်နေသည်။ ထိုသို့ အစစအရာရာ အဆင်ပြေ၍ လူတမ်းစေ့နေနိုင်ချိန်မှာ ညိုလှတို့ရွာ အလယ်တန်းကျောင်းကို ဆရာလေး တစ်ယောက် ရောက်လာသည်။



ထိုဆရာလေးမှာ ညိုလှသမီး ခင်မြနှင့်ရင်းနှီး၍ အိမ်ကို မကြာခဏ အလည်လာသည်။ ညိုလှကလည်း သမီးနှင့်ပတ်သက်ပြီး ဆရာလေးကို သားတစ်ယောက်လိုခင်မင်၍ အိမ်ကိုလာတိုင်း ကျွေးမွေးပြုသည်။ သည်လိုနှင့် ကြာလာသောအခါ ခင်မြနှင့် ဆရာလေးမှာ အနေနီး၍ ချစ်ကြိုက်သွားကြသည်။ ခင်မြကိုယ်တိုင်က မိမိ စာမရ၍ ဆရာလေးကို စာသင်ခိုင်းသည်ဟု



ခင်ဗျားတို့ ကြည့်နေပါ၊ လူနာနှင့်ပတ်သက်သူ ရောက်လာပါပြီ။ ဆရာ ပြောသည့်အတိုင်း ငြိမ်ငြိမ်နားထောင်ကြ။ ကဲ–ပြောစမ်း ဘာအကြောင်း ဘာအပြိုးကြောင့် လုပ်တာလည်းပြော . . .

ပြောထား၍ညိုလှက ဆရာလေးကို အစစအရာရာ ဦးစားပေးပြုစုထားသည်။ သည်လိုပြောသမျှ သဘောတူထား၍ သမီးကိစ္စကို ဘာမှမစဉ်းစား၊ သည်လိုနှင့် ဆရာလေးမိခင် နေမကောင်းဖြစ်နေကြောင်း စာလာသောအခါ ဆရာလေးက ခင်မြကို အိမ်က စာရောက်လာ၍ ပြန်ရမည့်အကြောင်း ပြောသည်။

www.burmeseclassic.com

"ညီမကို မထားခဲ့ပါနှင့် အစ်ကိုရယ်၊ လိုက်ခဲ့ပါရစေ – ညီမမှာ မပေါ့မပါး ဖြစ်နေပြီ၊ တစ်ခါတည်း ခေါ်သွားပါ"

"အမေ မနေမကောင်းဖြစ်နေချိန်မှာ ခေါ်သွားဖို့မဖြစ်နိုင်ဘူး၊ နေကောင်းသွားမှ အစ်ကို့မိဘတွေခေါ်လာပြီး တောင်းရမ်းယူပါရစေ၊ စိတ်ချနေပါ – အစ်ကို ဆက်ဆက်ပြန်ခဲ့ပါ့မယ်"

"အစ်ကို့ကို ချစ်လို့ အလိုလိုက်မိတာ၊ ညီမ အရှက်မကွဲပါရစေနှင့် အစ်ကိုရယ်"

"စိတ်ချပါ – အစ်ကို သည်ရွာကိုပြန်လာပြီး ညီမနှင့်မခွဲဘဲ တူတူနေမှာပါ၊ မပြန်ချင်ပေမယ့် မိခင်ဖြစ်နေလို့ ပြန်ရတာ"

သည်လိုနှင့် ဆရာလေး ကျော်ကျော် မြို့ကို ပြန်သွားသည်၊ ပြန်သွားရသည့်အကြောင်းမှာ ကျော်ကျော် ကျောင်းသူလေးတစ်ယောက်နှင့် ချစ်ကြိုက်နေကြောင်း ကြားရ၍ မိခင်က အပြီးအပိုင် ပြန်ခေါ်လိုက်ခြင်းဖြစ်သည်၊ ကျော်ကျော် ပြန်သွားပြီးနောက် ခင်မြမှာ မစားနိုင် မသောက်နိုင် ငိုနေ၍ ညီ့လုက မသင်္ကာ၍ မေးသောအခါတွင် ကိုယ်ဝန် (၃)လရှိနေကြောင်း သိရသည်၊ ထိုကိစ္စကို ညီ့လုတို့ဘက်က အကြောင်းသွားကြားသော်လည်း ကျော်ကျော်မိခင်က လက်မခံသည့်အပြင် ကျော်ကျော်မှာ စေ့စပ်ထားသူရှိနေပြီး မကြာခင် မင်္ဂလာဆောင်တော့မည်ဟု ပြောလိုက်သည်၊ ကျော်ကျော်ကလည်း အတွေ့မခံပါ၊

"သူများ သားသမီးကို အရှက်ခွဲတာ၊ ငါ့အကြောင်း သိရမယ်၊ သူ့ကို သတ်ရမှ ကျေနပ်မယ်"

"ငါတို့ မိသားစု ပြောင်းကြရအောင်၊ သည်ရွာမှာ နေလို့မဖြစ်တော့ဘူး"

"သမီးရှက်တယ် အမေ၊ တစ်နေရာရာကို သွားချင်တယ်"

ထိုအချိန်မှာ ကျော်ကျော်မှာ သူငယ်ချင်းတစ်ယောက်အိမ်ပြင်ရာမှာ ဝိုင်းကူလုပ်ပေးရင် လက်မကို တူနှင့်ထုမိသွားသည့်ဒဏ်ရာမှာ မများသော်လည်း ချက်ချင်းယောင်လာပြီး မနေနိုင်၍ ဆေးခန်းသွားပြရသည်၊ ဆေးခန်း



ပြပြီး အိမ်မှာ အိပ်နေရာ ည (၁၂)နာရီလောက်မှာ ကျော်ကျော် အိပ်ခန်း အပြင်ဘက်မှနေ၍ တစ်စုံတစ်ယောက်က အိမ်အကာကို လာထုသံကြားရသည်၊ ထုသံမှာ ကျယ်လောင်၍ ကျော်ကျော်ဖခင်ပင် လန့်နိုးသွားသည်၊

"ဘာဖြစ်တာလဲ – အပြင်က ဘယ်သူလည်း ထွက်ကြည့်စမ်း"

ထွက်ကြည့်နိုင်း၍ တံခါးဖွင့်ပြီး အပြင်ဘက်ကိုကြည့်လိုက်ရာ မည်းမည်း မြင့်မြင့်ကြီး လမ်းပေါ်မှာ လျှောက်သွားသည်ကို မြင်လိုက်ကြောင်း ပြန်ပြောသည်၊ တစ်ချိန်တည်းမှာပင် ကျော်ကျော်က အနာက ကိုက်တယ်၊ ကယ်ကြပါဦး – သေရပါတော့မယ်ဟု အော်နေ၍ မိဘများ အနာကို သွားကြည့်ကြသည်၊

"ဟာ – အနာက ယောင်နေပါလား၊ တခြားဆေးခန်းသွားပြရင် ကောင်းမယ်"

"သည်အချိန် ဘယ်ဆေးခန်းရှိမှာလဲ – မနက်မှပြမယ်"

"ဘာမဟုတ်တာလေးနှင့် သည်လောက်အော်နေတာ၊ ငါကတော့ မရိုးဘူးထင်တယ်"

"ကိုက်လိုက်တာ ကျွန်တော် မိုးလင်းအောင် မနေရတော့ဘူး အမေရဲ့ အား – အား –"

"တို့ သည်လိုလုပ်ရအောင်၊ ကိုဖိုးဘအိမ်မှာ ရောက်နေတဲ့ဆရာကို သွားနှိုးပြီးပြရအောင် ငါသွားခေါ်မယ်"

ထိုဆရာမှာ တောင်ပေါ်မှာ အဓိဋ္ဌာန်ဝင်ပြီး ပြန်လာရာမှ ကျော်ကျော် ရောဂါကို ကုပေးခြင်းဖြစ်သည်၊ ဆရာက လူနာကို အပြင်ဘက် ထုတ်လာနိုင်းပြီး ရေမန်းနှင့်တောက်ပေးသည်၊ ထို့နောက် – သဲတစ်ဆုပ်သွားယူခိုင်းလိုက်၊ လူနာမျက်စိထဲ ခပ်လိုက်ရာ လူနာမိခင်က အတင်းဝင်တားသည်၊ ကျော်ကျော်ဖခင်ကလည်း ဝင်တားသည်၊

"ခင်ဗျားတို့ကြည့်နေပါ၊ လူနာနှင့်ပတ်သက်သူ ရောက်လာပါပြီ၊ ဆရာ ပြောသည့်အတိုင်း ငြိမ်ငြိမ်နားထောင်ကြ၊ ကဲ – ပြောစမ်း ဘာအကြောင်း ဘာ အငြိုးကြောင့် လုပ်တာလည်းပြော"

www.burmeseclassic.com

"ကျွန်မ သမီးကို စော်ကားပြီး လက်ထပ်မယူလို့ လက်စားချေတာပါ။ မှန်တာပြောရရင် ကျွန်မ သည်ပညာကို သည်တစ်ကြိမ်ပဲ လုပ်ဖူးတာပါရှင်"

"ကဲ - လူနာရှင်၊ သူပြောတာ မှန်လား။ လိမ်မပြောနှင့်နော်၊ ဘုရားမကြိုက်တာ မလုပ်နဲ့"

"လူငယ်ချင်း ဖြစ်ကြတာ မှန်ပါတယ်၊ မသင့်တော်လို့ သဘောမတူလို့ သားကို ပြန်ခေါ်ထားတာပါ"

"သမီးမှာ ကိုယ်ဝန်ရှိလို့ လာပြောပြတာ၊ သည်က မိန်းကလေးတစ်ယောက်နှင့် မကြာခင် ယူမယ်ဆိုလို့ ကျွန်မ သိပ်စိတ်ဆိုးလို့ လုပ်မိပါတယ်။ နောင်တစ်သက် သည်ပညာကို အသုံးမပြုတော့ပါဘူး။ ဆရာ့ကို ကတိပေးပါတယ်"

"ကဲ - မှားမှန်းသိရင် ပြန်နုတ်ပေးလိုက်"

"ဟုတ်ကဲ့ - နုတ်လိုက်ပါပြီ၊ ကျွန်မ ပြန်လို့ရပြီလား ဆရာ"

"ခင်ဗျားတို့ လူမှုရေးကိစ္စတွေမှာ ဆရာ ဝင်မပါဘူး။ ဒါပေမဲ့ - ရှေးလူကြီးတွေပြောခဲ့သည့် "ချောင်းရိုး - မြောင်းရိုး မတိမ်ကောဘူး" ဆိုသည့်အတိုင်း ခင်ဗျားလည်း သစ္စာရှေတော့ သောက်သွားပါ။ လူငယ်တွေ သင့်တင့်မျှတပါစေ၊ ဗုဒ္ဓဘာသာတွေပဲ၊ လူလူချင်း သားသမီးချင်း ကိုယ်ချင်းစာကြပါ"

>>> ညွှန့်ဖောင်ဦး



ဒန်းပေါ်ကစိညာဉ် နှင့် သိုက်ကလာသူ၏ သစ်ခြောက်အိမ်

www.burmeseclassic.com

www.burmeseclassic.com

# ဒန်းဇေါ်ဓာဝိညာဉ်နှင့် သိုက်ကလာသူ၏ သစ်ခြောက်အိမ်

သန့်လျှင်လှဝင်း (ဩချစ်ညို)

ကျွန်ုပ် သည် ငယ်စဉ်က မိဘညီအစ်ကို မောင်နှမများနှင့်အတူ သန်လျင်မြို့တွင် နေထိုင်၏။ ၁၉၇၃ - ခုနှစ်တွင် ကျွန်ုပ် (၉)တန်း စာမေးပွဲဖြေဆိုပြီးနောက် နွေရာသီကျောင်းပိတ်ရက်တွင် မိခင်၏ ညီမတော်စပ်သူ ကျွန်ုပ်၏ အဒေါ်နှင့် ဦးလေး မိသားစုနေထိုင်သော ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ချော်တွင်းကုန်းရှိ က.ပ.စ တပ်ဝန်း အိမ်ထောင်သည်လိုင်း နေအိမ်သို့ မိဘများထံ ခွင့်တောင်းပြီး သွားရောက်လည်ပတ်ခဲ့သည်။ ကျွန်ုပ်အဒေါ်မှာ က.စ.လ ဓာတ်ခဲထုတ်လုပ်မှုဌာနတွင်လည်းကောင်း၊ ဦးလေးဖြစ်သူမှာ က.ပ.စ တွင် တပ်ကြပ်ကြီးအဆင့်ဖြင့်လည်းကောင်း တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်၏။

ကျွန်ုပ်၏ အဒေါ်နှင့် ဦးလေး နေထိုင်သော နေအိမ်ခန်းမှာ (၆)ခန်းတွဲ အုတ်တိုက်မှ အခန်းတစ်ခန်းတွင်နေကြပြီး အိမ်ရှေ့မျက်စောင်းထိုး (၄၅) ဒီဂရီခန့် ခပ်လှမ်းလှမ်းတွင် က.ပ.စ စစ်သည်မိသားစုများ၏ တပ်တွင်း မူလတန်းကျောင်းရှိသည်။ ကျောင်းရှေ့ ကတ္တရာလမ်းထက်တွင် [illegible] ကစားကွင်းရှိသည်ကို သတိထားမိ၏။ ကစားကွင်းအား သံ[illegible] အဝင်၊ အထွက် ပြုလုပ်သည်ကို တွေ့ရသည်။ ကတ္တရာလမ်းဘေး[illegible] ကစားကွင်းသည် ပေ (၁၀၀) ခန့် ကျယ်ပြီး ဒန်းနှင့် စီးလျှောများ တို့တွေ့ရ၏။ ယခင် ကျောင်းဖွင့်ရက်များ ကျွန်ုပ် ရောက်ခဲ့စဉ်က မူလတန်းကလေးငယ်များအားကစားကွင်းအတွင်း ပြေးလွှားဆော့ကစားနေသည်ကို အမြဲတစေ တွေ့နေရ၏။

ကျွန်ုပ် အဒေါ်နှင့် ဦးလေး အိမ်ရောက်ပြီး ညနေ (၅)နာရီခန့်တွင် ဦးလေးဖြစ်သူမှ ရေချိုးရန်ပြောသည်။ ရေချိုးရသည့်နေရာမှာ အိမ်နောက်ဖေး အများသုံးရေအုတ်ကန်တွင် ချိုးရ၏။ ရေမှာ အချိန်နှင့်လာပြီး အိမ်ထောင်သည်မိသားစုများ ဝိုင်းဝန်းခပ်၍ ရေကုန်သွားမည်ကိုလည်း စိုးရ၏။ ဦးလေးဖြစ်သူမှ "မောင်ဝင်း - ရေ အမြန်ချိုးကွ၊ ရေက အတော်နေ ပိတ်တော့မှာ၊ တော်ကြာ - ရေကုန်နေဦးမယ်။ မြန်မြန်လုပ်" ဟု ပြောပြီး နိုဆော်နေသည်။

ကျွန်ုပ်လည်း ရေချိုးရန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ရသည်၊ ကျွန်ုပ်စီးသောဖိနပ်မှာ ယိုးဒယားမှလာသော စင်ကြယ်ဖိနပ်ဖြစ်၏။ ယခင်လည်း ရေချိုးသွားနေကြဖြစ်သဖြင့် အမှုမဲ့အမှတ်မဲ့ ကျွန်ုပ် ရေအုတ်ကန်သို့ရောက်စဉ် ရေညှိများနင်းမိပြီး ကျွန်ုပ် ချော်လဲတော့၏။ "ဖုန်း - ဂွမ်း - အမလေးဗျ" ဟု ကျွန်ုပ် ခြေလွှတ်လက်လွှတ်ကျပြီး ရေခွက်နှင့် ဆပ်ပြာခွက်များ ကျတုန်သဖြင့် အဒေါ်မှ တွေ့ပြီးလာထူပေးသည်။

ကျွန်ုပ်နှင့် ရွယ်တူ မိန်းကလေး၊ ယောက်ျားလေးများလည်း အနီးဝန်းကျင်တွင် ရှိနေသဖြင့် ခိုးခိုးခစ်ခစ် ရယ်ကြ၏။ ကျွန်ုပ်လည်းရှက်နေ၍ နာမှန်းမသိခဲ့၊ ရေချိုး ထမင်းစားပြီး ည (၉)နာရီခန့်တွင် ကျွန်ုပ်၏ ညာလက်ဖုံဆစ်မှာအတော်နာလာ၍ အဒေါ်ဖြစ်သူထံမှ ပရုတ်ဆီတောင်းပြီး မိမိကိုယ်မိမိ လိမ်းပြီး နှိပ်နယ်လိုက်၏။ ကျွန်ုပ် အိပ်ရန် အိမ်ဝင်ပေါက် ခုတင်အသေးပေါ် ထိုင်လိုက်စဉ် အိမ်ရှေ့ပေ (၁၀၀)ခန့် အကွာ ဓာတ်မီးတိုင်အောက် အုတ်ခုံပေါ်တွင် ကျွန်ုပ်နှင့် ရွယ်တူယောက်ျားလေး (၄၊ ၅) ဦးခန့် ဂစ်တာတီး သီချင်း

www.burmeseclassic.com

ဆိုသံ ကြားတွေ့ရသည်။ ကျွန်ုပ်လည်း ဒူးဆစ် အနာသက်သာရန် လမ်းလျှောက်ရန်နှင့် ရွယ်တူလူငယ်ချင်း မိတ်ဆွေဖွဲ့ရန် ခြေထောက်နင်းထောက်နင်းဖြင့် ထွက်ခဲ့တော့၏။

ကျွန်ုပ် ၎င်းတို့ရှေ့ဖြတ်လျှောက်စဉ် ယင်းအုပ်စုမှာ ဆို၊ တီး အရှိန်တက်နေသဖြင့် ကျွန်ုပ်လည်း ကစားကွင်းဘက်သို့ ဆက်လျှောက်ခဲ့၏။ ကစားကွင်းရှေ့ ဓာတ်မီးတိုင်များမှာ မီးမလာဘဲ ခပ်လှမ်းလှမ်းရှိ မီးတိုင်များ၏ အလင်းရောင်သာ အနည်းငယ်လာရောက်လင်းနေ၏။ လမ်းပေါ်တွင် မည်သူမျှမရှိ၊ ကျွန်ုပ် တစ်ဦးတည်းဖြစ်သည်။ ကျွန်ုပ် ကစားကွင်းရှေ့အရောက်တွင် ဒန်းစီးချင်သည့်စိတ် အလိုလိုဖြစ်လာ၏။ ကျွန်ုပ်လည်း ကစားကွင်း ဝင်၊ ထွက် သစ်သားတံခါးအားကြည့်ရာ ပွင့်နေသဖြင့် ကျွန်ုပ်ဝင်ခဲ့၏။ ကျွန်ုပ် ဝင်ပေါက်နှင့် ပေ (၈၀) ခန့်အကွာတွင် တွေ့ရ၏။ ကျွန်ုပ်လည်း ခြေထောက်နင်း ထောက်နင်းဖြင့် သွားခဲ့၏။ ကစားကွင်းအတွင်း အနည်းငယ်မှောင်နေသည်။ ကျွန်ုပ်လည်း ဒန်းစင်နှင့် လက်တစ်ကမ်းအကွာရောက်၍ သေချာကြည့်ရာ ဒန်းစင် (၃) ခု တွေ့ရပြီး ငြိမ်သက်နေ၏။

ကျွန်ုပ်လည်း အနီးဆုံးဒန်းကြိုးအား ဘေးတိုက်အနေအထားဖြင့် ကိုင်ရန် လက်လှမ်းလိုက်စဉ် "ဟီး - ဟီး - ဗိုး - ဘုတ်" ဟု ရီသံလိုလိုကြားပြီး ဒန်းကြိုးမှာ အရှိန်ဖြင့်တအားကုန်လွှဲနေပြီး ခေါင်းတစ်ခုလုံးပုတ်လောက်ကြီးသွားပြီး ခေါင်းရှိဆံပင်နှင့် တစ်ကိုယ်လုံး အမွေးအမှင်များ ထောင်မတ်သွား၏။ ကျွန်ုပ် သရဲခြောက်ခံရပြီဟု အသိဝင်လာ၏။ "ဘုတ်" ဟု ကျသွားသည့်နေရာတွင်လည်း ဘာမှမရှိ၊ ကျွန်ုပ်လည်း ချက်ချင်းစိတ်ထိန်း၍ အနောက်သို့ နောက်ပြန်တစ်လှမ်းချင်း ဆုတ်လာ၏။ ဒန်းနှင့်ဝန်းကျင်အား မျက်ခြေမပြတ် ကြည့်နေရ၏။ ဒန်းမှာ လွှဲနေတုန်းပင် ကျွန်ုပ် နောက်ပြန်တစ်လှမ်းချင်း ဆုတ်ခဲ့ရာ ဝင်၊ ထွက် သစ်သားတံခါး အနီး (၅) လှမ်းခန့်အကွာအရောက်တွင် ကျွန်ုပ် ရုတ်ခြည်းလှည့်၍ လမ်းပေါ်သို့ ထွက်ပြေးခဲ့တော့၏။



ကျွန်ုပ် ဂစ်တာတီးနေသည့်အဖွဲ့နား မရောက်မီ ၎င်းလူရွယ်များ ထိုအချိန်တွင် ထလာပြီး "ဘာဖြစ်တာလဲ - ဘာဖြစ်တာလဲ" ဟု ဝိုင်းမေးကြတော့သည်။ ကျွန်ုပ်လည်း ခေတ္တအမောဖြေပြီး အခြေအနေ ပြောပြလိုက်၏။ ၎င်းအုပ်စုထဲမှ ကျွန်ုပ်ထက် အသက်အနည်းငယ်ကြီးသူတစ်ဦးမှ "မင်း - ခုသည်နဲ့ တူတယ်၊ နောက်မှပြောပြမယ်၊ အခု ဒန်းကို သွားကြည့်ကြရအောင်"

ဟု ပြောပြီး ကျွန်ုပ်တို့ (၅) ဦး ကစားကွင်း ဝင်ပေါက်မှဝင်ခဲ့ပြီး ခပ်လှမ်းလှမ်းမှ ဒန်းကိုကြည့်ရာ ဒန်းမှာ ရှေ့နောက် (၂) ပေခန့်သာ လှုပ်ယမ်းနေသည်ကို တွေ့ကြရ၏။ "ရပြီ - ပြန်ကြရအောင်" ဟု ၎င်းတို့ အဖွဲ့ထဲမှ တစ်ယောက်က ပြော၍ ပြန်ထွက်ခဲ့ကြပြီး ဓာတ်မီးတိုင်အောက်အုတ်ခုံတွင် ထိုင်လိုက်ကြ၏။ ကျွန်ုပ်မှာ နလုံးခုန်၊ ရင်တုန်ခြေဖျား လက်ဖျားအေး နေဆဲဖြစ်သည်။ ၎င်းတို့ ပြောပြ၍ လွန်ခဲ့သောတစ်လခန့်က စတုတ္ထတန်းကျောင်းသားကြီးတစ်ဦး ကျောင်းဖွင့်ချိန်တွင် ၎င်းဒန်းအား မတ်တတ်ရပ်၍ အပြိုင်စီးကြစဉ် ရင်ဘတ်ဖြင့် ပြုတ်ကျပြီး ၎င်းနေရာမှာပင် သေဆုံးခဲ့ကြောင်း၊ ယင်းကျောင်းသားသည် ၎င်းဒန်းအား မည်သူမျှ ကိုင်တာစီးတာ မကြိုက်ကြောင်း သိရတော့၏။ ကျွန်ုပ်လည်း အဒေါ်အိမ်ပြန်လာပြီး ဦးလေးနှင့် အဒေါ်အားပြောပြရာ အဒေါ်မှ ညအချိန် အပြင်ထွက်သဖြင့် အနည်းငယ်ဆူ၏။ ယင်းဖြစ်စဉ်အားလည်း အဒေါ်မှ ကျွန်ုပ်အား ပြန်ပြောပြ၏။

နောက်နေ့တွင် ကျွန်ုပ်လည်း သန်လျင် မိဘနေအိမ်သို့ ပြန်ခဲ့တော့သည်။ သို့ရာတွင် ကျွန်ုပ် သတိထားမိသည်မှာ ကျွန်ုပ် ချော်လဲ၍ ညာဘက်ဒူးအတော်နာခဲ့ရာ ကစားကွင်း ဝင်၊ ထွက်ပေါက်မှ ကျွန်ုပ် ထွက်ပြေးချိန်မှစပြီး ဒူးဆစ်မှာ လုံးဝမနာတော့ကြောင်း အံ့သြစွာ သတိထားမိလိုက်ပါတော့သည်။

ဤကဲ့သို့ကြုံဆုံခဲ့ပြီးနောက် ကျွန်ုပ်သည် နွေရာသီကျောင်းပိတ်ရက်များ၌ အိမ်တွင် နေလေ့နေထမရှိဘဲ ဆွေမျိုးသားချင်းများ၊ သူငယ်ချင်းများထံ ညအိပ်ညနေ သွားလည်ခြင်း၊ သူငယ်ချင်းများနှင့်အတူ သကြၤန်စည် ပတ်ရန်



www.burmeseclassic.com

www.burmeseclassic.com

ရရာလုပ်ငန်းဝင်လုပ်ခြင်း၊ ဖခင်ကြီးမှာ နိုင်ငံ့ဝန်ထမ်း ဖြစ်နေသဖြင့် ဖခင်ကြီး တာဝန်ကျရာ နေရာဒေသသို့ လိုက်ပါလည်ပတ်ခြင်းများဖြင့်သာ အချိန်ကုန် ဆုံးခဲ့ရသည်။ ကျွန်ုပ်၌ သန်လျင်မြို့တွင် ကျောင်းလာတက်သည့် သူငယ်ချင်း လှစိန်ဆိုသူရှိ၏။ ယင်း၏ အဒေါ်ဖြစ်သူထံလာနေပြီး သန်လျင်မြို့အတွင်း နေ့ပိုင်း အလုပ်လုပ်၍ ညပိုင်းလူငယ်ရေးရာ ညကျောင်း (၁၀) တန်း ပညာ သင်ကြားနေသူဖြစ်၏။ ၎င်း၏ မိဘများမှာ မော်ဘီမြို့တွင်နေသည်ဟု သိရ သည်။

လှစိန်သည် အသားဖြူဖြူ အရပ်အမောင်းကြည့်ကောင်း၏။ မျက်နှာ ကောင်းပြီး လူရည်သန့် မျက်နှာမျိုး ဖြစ်သည်၊ စကားအပြောအဆို ယဉ်ကျေး ပြီး လိမ္မာပါးနပ်သဖြင့် လူကြီးများ သဘောကျ၏။ ၎င်းအဒေါ်နှင့် ကျွန်ုပ် မိဘ များသည် အလွန်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်၊ တစ်အိမ်နှင့် တစ် အိမ် ရပ်ကွက်ခြားအလှမ်းဝေးသော်လည်း မကြာခဏလည်ပတ်ကြလေ့ ရှိ၏။ လှစိန်၏ အဒေါ် ပြောပြ၍ လှစိန်မိဘများမှာ စီးပွားရေး ချို့တဲ့ကြောင်း၊ အလုပ်လုပ်၍ရသော ငွေအားစုဆောင်း၍ (၂၊၃) လ တစ်ကြိမ် မော်ဘီရှိ မိဘ များထံသို့ ပြန်ပို့ကြောင်း သိလိုက်ရသည်၊

၁၉၇၃ – ခုနှစ် နွေရာသီကျောင်းပိတ်ရက် တစ်ရက်တွင် ကျွန်ုပ် မိခင် နှင့်အတူ လှစိန်၏အဒေါ် အိမ် သွားရောက်ခဲ့စဉ် မနက်ဖြန် လှစိန်မှာ မော်ဘီ မြို့သို့ တစ်ညအိပ်ပြန်ရန်ရှိကြောင်း သိရ၏။ ကျွန်ုပ်လည်း လှစိန်အား ...

"ငါ မော်ဘီကို မင်းနဲ့ လိုက်လည်ချင်တယ်ကွာ၊ တစ်ညအိပ်ဆိုတော့ ငါ့ အမေ ခွင့်ပြုမှာပါ။ မင်းလည်း ပိုင်းပြောပေးကွာ" ဟုပြော၏၊

လှစိန်မှ "ငါပြောတော့ ပြောကြည့်ပေးမယ်" ဟု တာဝန်ကျေစွာပြောပြီး လိုလိုလားလား တက်တက်ကြွကြွ မပြောခဲ့ပေ။ ကျွန်ုပ်မှာ မော်ဘီလိုက်လည် ရဖို့သာ အဓိကဖြစ်၏၊ ၎င်းနောက် ကျွန်ုပ်နှင့် လှစိန်မှ မိခင်အား ခွင့်တောင်း ခဲ့ရာ ခွင့်ပြုခဲ့တော့သည်၊

နောက်နေ့ မနက်တွင် လှစိန်မှ ဦးဆောင်၍ ကျွန်ုပ်တို့ (၂)ဦး သန်လျင် မြို့မှ "သီတာ" သင်္ဘောစီး၍ ရန်ကုန်၊ ရန်ကုန်မှာ မော်ဘီမြို့သို့ ထွက်ခဲ့ကြ၏



မော်ဘီမြို့ ဆတ်သွားတောရွာ မှတ်တိုင်တွင် ဆင်းပြီး ရွာအတွင်းမှ တော လမ်းအတိုင်း မိနစ် (၃၀) ခန့် လမ်းလျှောက်ပြီး ၎င်းတို့နေအိမ်သို့ရောက်တော့ သည်။ ကျွန်ုပ်တို့ ရောက်ရှိချိန်သည် နေ့လယ် (၂)နာရီခန့်ရှိပြီ ဖြစ်၏။

သေတ္တာငြိမ်သွားသဖြင့် ကျွန်ုပ် ပြန်အိပ်လိုက်သည်။ ထိုစဉ် 'တဒေါက် ဒေါက်' အသံမှာ ကျွန်ုပ်၏ နားအောက်ခင်းပျဉ်ပြားကပ်ပြီး လက်ညှိုးဖြင့်တောက်သလို ကျယ်လောင်စွာ ကြားနေရပြန်၏။ ထို့အပြင် လက်သည်းဖြင့် ပျဉ်ပြားအား ခြစ်သလို 'တချင်းချင်း' ကြားရ၏။



ကျွန်ုပ်မှာ လှစိန်မိဘများ နေအိမ်ရောက်မှ (၁၅)ပေ ပတ်လည်ခန့်၊ သစ် သားထရံကာ၊ ဓနိမိုး အိမ်ငယ်လေး ဖြစ်၏။ ဘုရားကျောင်းဆောင် ခပ်သေး သေးရှိပြီး သဖြေပန်းများ တင်လှူပူဇော်ထား၏။ ကျွန်ုပ်တို့ ရောက်ချိန်တွင် သေးအိမ်မှ (၇)နှစ် ခန့် ယောကျ်ားလေးတစ်ဦး ရောက်လာပြီး "အစ်ကိုကြီး လှစိန် လာတယ်၊ အစ်ကိုကြီး လှစိန်လာတယ်" ဟု အော်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

လုစိန်မှ ငှင်းကလေးအား သန့်လျင်မြို့ သဘော်ဆိပ်မှ ဝယ်လာသော ထန်းသီးမုန့် တစ်လုံးထုတ်ပေးလိုက်၏။ ခဏအကြာ လုစိန်မှ "အမေ - လာပြီ" ဟု ပြော၍ အိမ်ပေါ်မှဆင်းပြီး ယင်းအမေဖြစ်သူနှင့်အတူ အိမ်ပေါ် ပြန်တက်လာသည်။ လုစိန်၏ မိခင်မှာ အသက် (၄၀) ကျော်ခန့်ရှိမည် ဖြစ်ပြီး ပိန်ပိန်ပါးပါး၊ အသားညို၍ အိုစာ၏။ မသိလျှင် အသက် (၅၀) ကျော်ပြီဟု ခန့်မှန်းရ၏။ လုစိန်မှ ကျွန်ုပ်နှင့် မိတ်ဆက်ပေးပြီး မိခင်ဖြစ်သူမှ ရေနွေးကြမ်း လာချပေး၏။ ငှင်းအချိန် အသားဖြူဖြူ ရုပ်ချောချော၊ မျက်လုံးမျက်ခုံး ကောင်းကောင်း အသက် (၁၄) နှစ်ခန့် မိန်းကလေးတစ်ဦး အိမ်ပေါ်တက်လာ၍ လုစိန်မှ -

"ဟော့ကောင် - ဒါ ငါ့ညီမလေး အရင်းလေကွာ၊ စကားမပြောတတ်ဘူး အင်း - အ,နေတယ်၊ မွေးကတည်းကပဲ" ဟု ပြောပြသည်၊ ကျွန်ုပ်မှ -

"ဒါနဲ့ - မင်း အဖေ ကော မရှိဘူးလား" မေးရာ -

"ငါ့အဖေက တောထဲ သစ်အငှားခုတ်လိုက်တယ်၊ တစ်ခါ ခရီးသွားရင် (၃)ပတ်၊ တစ်ခါတလေ (၁)လ ကျော်ကြာတယ်" ဟု ပြောပြ၍ သိရ၏။ လုစိန်နှင့် ငှင်းညီမမှာ အိမ်နှင့် လူမလိုက်ပါ၊ မောင်နှမ (၂)ဦးလုံး အသားဖြူဖွေးပြီး ရုပ်ရည်ချော၏။ မြို့တွင် ကိုယ်ပိုင်ကားစီးပြီး သွားပါက သူဌေးသား သူဌေးသမီးဟု ထင်မှတ်ရမည်၊ သို့ရာတွင် လက်တွေ့နှင့် ကွာခြားနေ၏။ ပတ်ဝန်းကျင်အိမ်များမှာလည်း ခပ်လှမ်းလှမ်းတွင်ရှိပြီး အိမ်ခပ်သေးသေးလေးများ ဖြစ်ကြသည်။

ကျွန်ုပ်တို့ နှစ်ဦး ညနေချိန် ရေချိုးပြီးနောက် ငှင်း၏ မိခင်မှ ငါးဟင်းဖြင့် ချက်၍ ထမင်းကျွေး၍ စားကြ၏။ ထမင်းစားစဉ် လုစိန်မှ "ငါ့ညီမက မွေးကတည်းက စကားမပြောတတ်လို့ ကျောင်းမနေရဘူးကွာ၊ စာမတတ်တြ တော့ လက်ဟန် ခြေဟန်နဲ့ ပြောရတယ်၊ ငါ့အဖေနဲ့အမေ ပြီးတော့ ရွာထဲက လူကြီးတချို့ပြော တော့ သိုက်ကလာတယ်ပြောတယ်၊ အင်း - ပြီးတော့ ဘာတဲ့ အသက် (၂၀) ပြည့်ရင် သိုက်က ပြန်ခေါ်မယ် ပြောတယ်ကွ"

"အဲဒီသိုက်က ဘယ်လို ပြန်ခေါ်မှာလဲ"

"ဒါလည်း မသိဘူးကွာ၊ ကဲ - ထမင်း ဆက်စားကြရအောင်"

ဟု လုစိန်က စကားဖြတ်ခဲ့၏။ ည (၇)နာရီခန့်တွင် ကျွန်ုပ်၏ မိသားစု အကြောင်း ပြောဆိုကြပြီးနောက် လုစိန်၏ မိခင်မှ ကျွန်ုပ်တို့ (၂)ဦး အိပ်ရန် ဘုရားကျောင်းဆောင်အောက်၌ ဖျာနှင့် ခေါင်းအုံးပေး၏။ ခြင်ထောင် အဖြူ အပါး တစ်လုံးပေး၍ ခြင်ထောင် ထောင်လိုက်ကြသည်။

လုစိန်မှ ကျွန်ုပ်အား "မင်း - အပေါ့၊ အလေး ညပိုင်းသွားချင်ရင် ငါ့ကို နှိုး"

"ရတယ် - ငါ ညပိုင်း မသွားတတ်ဘူး၊ မနက်မိုးလင်းမှ သွားတတ်တာ" ဟု ကျွန်ုပ် ပြန်ပြောပြီး အိပ်ကြ၏။ လုစိန်၏ မိခင်နှင့်ညီမမှာ ကျွန်ုပ်တို့နှင့် ခပ်ကွာကွာနေရာတွင် ရေနံဆီမီးခွက်မှုတ်၍ အိပ်တော့သည်၊ ကျွန်ုပ်မှာ အိမ်ဝင်ပေါက်ထရံအနီး ကပ်၍ အိပ်လိုက်တော့သည်။

ကျွန်ုပ် အိပ်ပြီး မှေးခနဲပျော်သွားစဉ် ကျွန်ုပ်၏ အနားအနီးသို့ ကပ်ပြီး အိမ်မြှောင်အမြီးရိုက်သံလို တခေါက်ခေါက်ဖြင့်ခေါက်သံ ကျယ်လောင်စွာ ကြားရ၍ လန့်နိုးသွား၏၊ ဘေးဝန်းကျင်မှာ မှောင်မည်းနေ၏၊ ကျွန်ုပ်မှ လုစိန်အား အမှောင်တွင်းမှကြည့်ရာ ငှင်းမှာ အိပ်မောကျ၍ ဟောက်သံပင် ထွက်နေသည်၊ ငှင်း၏ မိခင်နှင့်ညီမမှာလည်း အိပ်မောကျနေဟန်ရှိပြီး ပါးစပ်မှ လေရှူသံ တရှူးရှူးကြားနေရသည်၊ ကျွန်ုပ်လည်း အိမ်မြှောင် ထင်မှတ်၍ ခေါင်းရင်းဘက်ရှိ ပျဉ်ခင်းနှင့် ဝါးကပ်အား လက်ဖြင့်ပုတ်ပြီး "ရှူး - ရှူး" ဟု မောင်းထုတ်လိုက်၏။

ခေတ္တငြိမ်သွားသဖြင့် ကျွန်ုပ် ပြန်အိပ်လိုက်သည်၊ ထိုစဉ် "တခေါက်ခေါက်" အသံမှာ ကျွန်ုပ်၏ နားအောက်ခင်းပျဉ်ပြားကပ်ပြီး လက်ညှိုးဖြင့် တောက်သလို ကျယ်လောင်စွာ ကြားနေရပြန်၏၊ ထို့အပြင် လက်သည်းဖြင့် ပျဉ်ပြားအား ခြစ်သလို "တချင်းချင်း" ကြားရ၏၊ ကျွန်ုပ်မှာ ကြောင်သော် လည်းကောင်း၊ လက်သည်းရှိသော ခွေးသော်လည်းကောင်း သတ္တဝါတစ် ကောင်ကောင်လာပြီး ကျွန်ုပ်အောက် ခေါင်းရင်းပျဉ်ခင်းအား ကုတ်ခြစ်နေသည်ဟု ထင်၏။



www.burmeseclassic.com

www.burmeseclassic.com

ရုံဖန်ရံခါ လေမှုတ်သံလို "တဖူးဖူး" ကြားရသည်။ ကျွန်ုပ်လည်း လှစိန်နှင့် အိမ်သားများ နိုး၍ အိမ်အောက်ဆင်းကြည့်ရန် စဉ်းစားမိ၏။ အသံများမှာ ကျယ်လွန်း၍ ၎င်းတို့မိသားစု နိုးလောက်ပေသည်။ သို့ရာတွင် လှစိန်တို့မိသားစုမှာ "တခေါခေါ - တရှူးရှူး" ဖြင့် အိပ်မောကျနေ၍ ကျွန်ုပ်မနိုးလိုတော့ဘဲ ဆက်အိပ်ရန် ကြံ၏။ အိပ်ပျော်မည် ဖြစ်လိုက်၊ အသံက ဆူညံစွာကြားလိုက်နှင့် မိုးစင်စင်လင်းခဲ့၏။

နံနက် မိုးလင်း၍ ကျွန်ုပ်မှ လှစိန်အား "ငါ ညက အိပ်လို့ မရဘူးကွာ။ အိပ်ပျော်မယ်ရှိတုန်း အိမ်မြှောင်အမြီးရိုက်သံလိုလို တဒေါက်ဒေါက် ကြားတယ်။ ပြီးတော့ - ပျဉ်ပြားကို လက်သည်းနဲ့ ကုတ်ခြစ်တဲ့ အသံကော၊ တဖူးဖူး လေမှုတ်တဲ့ အသံကော၊ ဆူညံနေတာပဲကွာ။ မင်းတို့အိမ်အောက်မှာ ခွေးတွေ ကြောင်တွေ မွေးထားလားကွာ" ဟု ပြောပြရာ လှစိန်မှ အိမ်အတွင်းနှင့် ဘေးဘယ်၊ ညာ ပြူးပြူးပျာပျာကြည့်ပြီး "မင်းငါ့ကို နိုးရမှာကွ၊ အပြန်ကျမှ ငါ့အိမ်အကြောင်း ပြောပြမယ်" ဟု ခပ်တိုးတိုး ပြန်ပြော၏။

၎င်းအချိန် လှစိန်၏ မိခင်မှာ ညီမမှာ အိမ်အပြင်တွင် မျက်နှာသွားသည်နေ၏။ ကျွန်ုပ်လည်း ဘာမှပြန်မပြောဘဲ (၂)ဦးသား စောင်၊ ခြင်ထောင်သိမ်းပြီး အိမ်အောက်သို့ဆင်း၍ မျက်နှာသစ်ခဲ့ကြသည်။ ကျွန်ုပ်မှာ ဆားအနည်ငယ် တောင်းပြီး ဆားဖြင့် သွားတိုက်နေစဉ် ကျွန်ုပ် အိပ်ခဲ့သည့် အိမ်အောက်ပျဉ်ခင်းနှင့် မြေကြီးဝန်းကျင်အား သေချာစွာငုံ့၍ လိုက်ကြည့်သေး၏။ တိရစ္ဆာန် ခြေရာလည်း မတွေ့၊ လက်သည်းကုတ်သို့ ခြစ်ရာများလည်း မတွေ့သဖြင့် ဇဝေဇဝါ ဖြစ်ခဲ့ရတော့သည်။ ကျွန်ုပ်မှာ တစ်ညလုံး မအိပ်ရသဖြင့် မှုးနောက်နောက် ဖြစ်နေ၍ မျက်နှာအမြန်သစ်လိုက်ရ၏။ ၎င်းနောက် ကျွန်ုပ်တို့ (၂)ဦးလည်း သန်လျင်ပြန်ရန် လှစိန်၏ မိခင်နှင့် ညီမအား နှုတ်ဆက်ပြီး ပြန်ခဲ့တော့သည်။

အပြန် ရန်ကုန်ထင်းပုံဆိပ်ကမ်းမှ သီတာသင်္ဘောဖြင့် သန်လျင်ပြန်စဉ် ကျွန်ုပ်မှ လှစိန်အား ...



"မင်း အိမ်အကြောင်း ပြောပြမယ်ဆို၊ ပြောပြလေကွာ" ဟု ပြောသဖြင့် ၎င်းမှ ...

"ငါ့အိမ်ကို သူငယ်ချင်းတွေ ညအိပ် မခေါ်ချင်ဘူးကွာ"

"ဟေ - ဘာဖြစ်လို့လဲကွ"

"မင်း ငါ့အိမ်ကို လိုက်မယ်ဆိုကတည်းက ငါ သိပ် မခေါ်ချင်ဘူး။ မင်းလိုပဲ ဟိုတုန်းက သူငယ်ချင်း (၄၊၅) ဦး တစ်ယောက်ပြီး တစ်ယောက် အိပ်ဖူးတယ်။ မင်း ခံရသလိုပဲ အသံတွေကြားပြီး ဘယ်သူမှ မအိပ်ရဘူး။ မနက်မိုးလင်းမှ ပြန်ပြောလို့ သိရတယ်"

"အဲဒါ ဘာဖြစ်တာလဲကွာ၊ ပြီးတော့ ငါတို့ အိမ်သားတွေ တစ်ခါမှမကြားဖူးဘူး။ သူစိမ်းဧည့်သည် ရောက်ပြီဆိုရင် ဖြစ်ပြီကွ။ လာအိပ်တဲ့ ဧည့်သည်နဲ့ သူငယ်ချင်းတွေ မင်းလို ပြန်ပြောပြမှသိရတာ"

"အဲ့ဒါ ဘာဖြစ်တာလဲ"

"ငါတို့ အိမ်မှာ သစ်ခြောက်သား ပါလာတယ် ပြောတယ်၊ ငါ့ အဖေ တောထဲက သစ်မင်းအသားတွေ ရှာလာပြီး အိမ်ခေါင်းရင်းတိုင်နဲ့ ထုပ်တန်းတွေ၊ ခင်းပျဉ်တွေကြားထဲ သစ်မင်းသားတွေ ရိုက်ထားတာလည်း မရဘူးကွ။ ဧည့်သည်လာရင် ဖြစ်တာပဲ။ ပြီးတော့ - ငါ့ညီမသိုက်က လာတာပြောကြတော့ သူနဲ့များ ပတ်သက်နေလား မသိပါဘူးကွာ။ တော်တော်စဉ်းစားရ ခက်တယ်"

"ဟာ - ငါတောင် မင်းပြောမှ သိပြီး ကြောက်လာတော့တယ်။ လူကြီးတွေ ပြောသလို သိရင် ကြောက်တယ်၊ မသိရင် မကြောက်ဘူးဆိုတာ မှန်နေတာပေါ့ကွ"

"အော် - ဒါနဲ့ မင်း ငါ့အိမ်အကြောင်း ဘယ်သူမှ မပြောပါနဲ့ကွာ၊ တတ်နိုင်ရင် မင်းအဖေနဲ့ အမေတောင် မပြောပါနဲ့"

"ဩော် - အေး - အေး"

ဟု ကျွန်ုပ်လည်း လွယ်လွယ်ကူကူ ကတိပေးလိုက်၏။ သို့ရာတွင် ကျွန်ုပ်မှာ အိမ်ပြန်ရောက်သည်နှင့် မိခင်အား ပြန်ပြောပြလိုက်တော့၏။ ယင်း

www.burmeseclassic.com

သို့ပြောလိုက်မှ ကျွန်ုပ်ရင်ထဲရှိ ဆို့နင့်နင့်အလုံးကြီးမှာကျသွားပြီး ပေ့ါပါးသွားပါတော့သည်။

ကျွန်ုပ်၏ ဖြစ်စဉ်အား ရေးသားတင်ပြရခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း (၄၀)ကျော်ခန့်က ကျွန်ုပ်ကိုယ်တိုင် ကြုံခဲ့ရသော သစ်ခြောက်အကြောင်း စာဖတ်သူများ သိစေလို၍လည်းကောင်း၊ သူငယ်ချင်းနှင့် ကွဲကွာခဲ့သည်မှာ နှစ်အတော်ကြာ၍ သတိရသောကြောင့်လည်းကောင်း သူငယ်ချင်း၏ ညီမ "သိုက်" ကလာသူဟု ဆိုသူမှာ ယခုအချိန် လူ့လောကတွင် ရှိ၊ မရှိ "သိုက်" က ဘယ်လိုပြန်ခေါ်သွားသလဲ စသည်များ စိတ်ကူးပုံဖော်စဉ်းစားမိ၍ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါကြောင်းနှင့် အလျဉ်းသင့်လျှင် ကျွန်ုပ် သွားရောက်၍ မေးမြန်းစုံစမ်းပြီး ပြန်လည်တင်ပြပေးမည် ဖြစ်ပါကြောင်း ...။

>>> သန့်လျှင်လှဝင်း (ကြာချမ်းညို)

**စာမူရှင်များသို့**

**မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့**
**ခြင်းမပြုပါ၍ မိတ္တူပွားထားကြပါရန်။**

အယ်ဒီတာအဖွဲ့
ဂန္ဓာရလောက မဂ္ဂဇင်း

# ဝမ်းနည်းခြင်းမှတ်တမ်း



**ဦးဆန်းမြင့်**
(ရေကျော်စိုးအောင်)

## အသက် (၇၂)နှစ်

ဦးထွေး၊ ဒေါ်ကြည်ညွန့်တို့၏ သားဖြစ်သူ
စာရေးဆရာ ရေကျော်စိုးအောင်သည်
ပုဇွန်တောင်မြို့နယ်နေအိမ်တွင် (၁၅-၈-၂၀၁၄)
ကြာသပတေးနေ့၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့်
မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

ဂန္ဓာရလောကမဂ္ဂဇင်း
အယ်ဒီတာအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com




-ဂွိ - ဗေတိ-ဗေတိ-ဂွိ-ဂွိ-ဗေထိ-ဗေထိ”

ကြိုးကို ထုရိုက်သည့်အသံက ကျယ်လောင်စွာ ထွက်ပေါ် လာ၏။

ဒီ လှေရှင်တော်ကိုကြုံတိုင်းနှင့် ကိုပေစိတို့က ဟိမဝန္တာဆိုင်းဆင့်ကြတော့မည်။

သံကို ကြားလိုက်ရသည်နှင့် မောင်သိုက်ဖွားတစ်ယောက် ဦးလှုထံသို့

ကိုသွက်ပြေးလေတော့၏။ ပြေးနိုင်ခါစအရွယ်မျှသာရှိသေးသဖြင့်

တော်နှင့် မရောက်နိုင်။ ဖုန်းမိုကြီး ရုပ်သေးစင်သို့ သွယ်တန်း ထားသော

ရှိ ခရမ်းချဉ်သီးသာသာမျှသာ လင်းသော (၄၀)ဝပ်မီးလုံး၏ အောက်တွင်

ပ်ထပ်တမ်းကစားနေရာမှ ပတ်မတုတ် (ထု)သံ ကြားရသောကြောင့်

ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# က,နေသောအရုပ် ကြိုးမရုပ်ပါ

ဇာတ်ဂုဏ်မျိုးမြင့်အောင်

မကွေးမြို့တွင် သီတင်းကျွတ်လ အခါ သမယသည် လူတိုင်းအတွက် ပျော်ရွှင်ဖွယ်ရာ အပြည့်၊ အထူးသဖြင့် ကလေး များအဖို့ ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးလေးဟု ဆိုနိုင်ပါသည်၊ အဘယ့် ကြောင့်ဆိုသော် မြသလွန် စေတီတော် ဘဏ္ဍာတော်ထိမ်း ဇေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော ဗုဒ္ဓ ပူဇနီယပွဲတော်ကြီးသည် (၁၅) ရက်ဟု သတ်မှတ် ထားကြသော်လည်း တစ်လကျော်သည်အထိပင် စည်ကားနေလေ့ရှိသောကြောင့်ပင် ဖြစ်၏၊

ရှေးယခင်ကာလကတိုင် မြသလွန်ဘုရားပွဲတော်၏ ပင်တိုင်အဓိက ဧည့်ခံရသော ဗလာပွဲအဖြစ် က,ပြအသုံးတော်ခံရသည်မှာ ဖုန်းမိုကြီး ရုပ်သေး ပွဲပင်ဖြစ်၏၊ ဗလာပွဲ ဆိုသည်မှာ အခကြေးငွေပေးရန်မလိုဘဲ အလကား ကြည့်ရသော ပွဲပင်ဖြစ်၏၊ ထို့ကြောင့်အကာအရံမရှိ၊ ကွင်းပြင်တွင် ဇာတ်စင် ထိုးပြီး က,ပြကြ၏၊ ထိုပွဲတော်တွင် ဗလာပွဲဆို၍ ဖုန်းမိုကြီးရုပ်သေးစင်နှင့် ဘိုင်စကုတ်ပိတ်ကားဓာထောင်နစ်မျိုးသာလျှင် ရှိကြ၏၊ ကျန်သော ဇာတ်ပွဲများ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများ၊ ဆက်ကပ်ပွဲများနှင့် မျက်လှည့်ပွဲများမှာ အခ ကြေးငွေပေး၍ ကြည့်ကြရသော ရုံသွင်းပွဲများဖြစ်ကြ၏၊ ည (၉) နာရီကျော် ကျော်တွင် ရုပ်သေးပွဲ စ,တော့မည့်အကြောင်း အသိပေးရန် ပြေးလာခြင်းဖြစ် ၏၊ ဦးလှကလည်း သူ့သားအား ပခုံးပေါ်တွင် ခွထိုင်စေလျက် ရုပ်သေးပွဲသို့ လိုက်ပို့ပေးစမြဲ၊ သူကိုယ်တိုင်ကလည်း ရုပ်သေးပွဲကြည့်ခြင်းအား ဝါသနာ ပါလှသဖြင့် သူ့သားနှင့်အတူတူကြည့်နေကျ၊ အချိန်ကာလကတော့ ၁၉၆၀ မတိုင်မီ မောင်သိုက်ဖွားအိမ်သို့ ရောက်သောအခါ အမောတကောဖြင့် ...

"အဖေ – အဖေ၊ ဖုန်းမိုကြီး စ,တော့မယ်၊ ပတ်မကြီး ထုနေပြီဗျ"

ဦးလှသည် မြင်းစာကျွေးရန်အတွက် ကုလားပဲရေစိမ်ကို ခပ်ယူနေရာ မှ...

"ထုပြီလား – ချက်ချင်းမထွက်သေးပါဘူးကွာ၊ လူလေး – ထမင်းစားထား လိုက်ဦး"

"ဟ[illegible]ကဲ့ – အမေ သားကို ထမင်းကျွေး"

"မအေကြီး တစ်လက်စတည်း ဆေးလိပ်သုံးလိပ်နဲ့ မီးခြစ်ဘူးပါ အဆင် သင့်လုပ်ထားလိုက်၊ ငါ့သားကို လိုက်ပြပေးရမယ်"

"ကိုယ်ကြည့်ချင်ရင် ကြည့်ချင်တယ်ပြောပါ – ဖအေကြီးရယ်၊ လာ – လူ လေး ထမင်းစားထားလိုက်၊ ပွဲခင်းထဲကျရင် မုန့်တွေ သိပ်ဝယ်စားမနေနဲ့ဦး"

ဗျစ်တောက် ဗျစ်တောက် လုပ်ရသည်မှာလည်း ဒေါ်သိန်း၏ ထုံးစံ တစ်ခု၊

"မအေကြီးကလည်းကွာ တို့ပွဲက ပိုက်ဆံမကုန်ဘူးကွ၊ ဖုန်းမိုကြီးက အရုပ်တွေ က,တာဆိုပေမယ့် ဇာတ်တော်ကြီးတွေကို သိပ်နိုင်တာ၊ မှတ်သား စရာတွေလည်း ပါတယ်၊ အဲဒါကြောင့်ကို ပိုပြီးကြိုက်တာကွ"

"သွားကြ – သွားကြ၊ တကတဲ – ဖုန်းမိုကြီးဆိုရင် မပြောလိုက်ချင်ဘူး"

တကယ်ဆို ရွှေမန်းတင်မောင်တို့၊ ဗန္ဓုလကျော်စိန်တို့ ကျတော့ ကြည့်တယ်ပဲ မရှိဘူး၊ သူများတကာတွေများ တိုးဝှေ့တောင် ကြည့်ကြရ တယ်"

www.burmeseclassic.com

"မအေကြီးရယ် - ကိုယ့်အကြိုက်နဲ့ ကိုယ်ပေါ့"

"တော်တို့ သားအဖကတော့ လူထူးတွေပဲ၊ ကဲ - လူလေးလည်း ထမင်းစားပြီးပြီ၊ တော်ကတော့ စားပြီးသားပဲ၊ ရော့ - ဆေးလိပ်နဲ့မီးခြစ်၊ သွားချင်ရင် သွားကြတော့"

"လာ - လူလေး - တို့ သွားကြမယ်"

"ဟေး - ပျော်တယ်ဟေ့"

ထိုစဉ်က ပွဲတော်ကျင်းပသည့် ဇရိယာမှာ ယခုကာလထက် နှစ်ဆမက ကျယ်ဝန်း၏။ ယခု ကျောက်ရိုးရေကာတာ ပြုလုပ်ထားသောနေရာမှ အနောက်ဘက်သို့ ငါးဖာလုံစန့်အထိ ကုန်းမြေဖြစ်ခဲ့၏။ ရှသွင်းပွဲများအဖြစ် ခေတ်ပါတီ၊ အောင်မောင်း၊ ဗန္ဓုလကျော်စိန်၊ အသံဝိဇ္ဇာ တိုင်းချစ်သန်းစိန်၊ စိန်အောင်မင်း၊ ရွှေမန်းတင်မောင်၊ ပန်တျာမြသိန်း အစရှိသော ဇာတ်ပွဲများနှင့် မြန်မာ့ရိုးရာ လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ပွဲများသည်လည်း အလှည့်ကျစနစ်ဖြင့် ကျင်းပကြ၏။ တစ်ခါတစ်ရံ ဆက်ကပ်နှင့် မျက်လှည့်ပြပွဲများသည်လည်း ရှသွင်းပွဲများအဖြစ် ပြသကြ၏။ ဗလာပွဲဆို၍မူလ ဖုန်းမိုကြီး ရုပ်သေးပွဲနှင့် ဘိုင်စကုတ်ပိတ်ကားထောင်တို့သာလျှင် ရှိကြ၏။ ဦးလူနှင့် ဒေါ်သိန်းတို့တွင် သားသမီးမထွန်းကားပေ။ လသားအရွယ်ကတိုင် မွေးစားလာခဲ့သော မောင်သိုက်ဖွားအား အလွန်ချစ်ကြ၏။ မောင်သိုက်ဖွားကလည်း သူ၏ မိခင်အရင်း၊ ဖခင်အရင်းဖြစ်သည်ဟုသာ မှတ်ယူထားပေ၏။ ဦးလူသည် မောင်သိုက်ဖွားအား သူ၏ ပခုံးနှစ်ဖက်ပေါ်တွင် ခွ၍တင်လိုက်ပြီး ပါးစပ်တွင် မီးညှိထားသော မလှရှင်ဆေးလိပ်ကိုခဲကာ ဖုန်းမိုကြီး ရုပ်သေးပွဲရှိရာသို့ ချီတက်လိုက်တော့၏။ မောင်သိုက်ဖွားက ပျော်လွန်းသဖြင့် ကလေးသဘာဝ ဆိုင်းတီးလိုက်သေး၏။

"တိန် - တိန် - ဖျောင်နိန် - ဖျောင့် - ဖျောင်"



ပါးစပ်ဆိုင်းတီးနေရုံမျှမက ဦးလူ၏ခေါင်းကိုလည်း စည်းဝါးပြုလုပ်၍ လက်ဖြင့် ပုတ်ခတ်လေတော့၏။ အောက်မှ ဦးလူက …

"ဟ - ဟ - လူလေး - ဖြည်းဖြည်းလုပ်ပါကွ၊ ပါးစပ်က ဆေးလိပ်ပြုတ်သွားမယ်"

"ပျော်စရာကြီးနော် - အဖေ"

"ဒါပေါ့ကွ - ဒီနေ့ ငါ့သား ဘာမုန့်ဝယ်စားမလဲ၊ မင်းကြိုက်တာပြော"

"ဆီးပေါင်းထုပ် ဝယ်စားမယ်"

"အဲဒါတွေက ချောင်းဆိုးတယ်ကွ၊ ဒီပြင်ဟာ တစ်ခုခုဝယ်စားကွာ"

"ဟုတ်ကဲ့"

ထိုအချိန်က ဆီးပေါင်းထုပ်ဆိုသည်မှာ ဆီးသီးများကို ယိုထိုး၍ စက္ကူဖြင့်လိပ်ထားသော တစ်ထွာခန့်ရှိသည့် အထုပ်ဖြစ်ပါသည်၊ သူတို့သားအဖ နှစ်ယောက် ပွဲခင်းသို့ရောက်ပေပြီ၊ တဖြည်းဖြည်းနှင့် လူများလာတော့မည်ဖြစ်သဖြင့် ဦးလူတို့ သားအဖသည် ရှေ့ဆုံးမှ ဆိုင်းဝိုင်းအနီးတွင် နေရာယူထားလိုက်ကြ၏။ ဇာတ်ခုံနှင့်ဆိုလျှင် (၁၅) ပေခန့်မျှသာ ဝေးတော့၏။ ရုပ်သေးပွဲကြည့်ရန် လာကြသူအားလုံး မြေပြင်တွင် ထိုင်ကြည့်ကြရသည်၊ လူရွှင်တော်ကို ကြံ့တိုင်းနှင့် ကိုပေစိတို့က ဟိမဝန္တာခန်းအတွက် ဆိုင်းဆင့်ပြီးကြသဖြင့် အနားယူနေကြပေပြီ၊ ပွဲစပြီ ဖြစ်၏။ ဟိမဝန္တာခန်းတွင် မြင်း၊ ဇော်ဂျီ၊ မျောက်၊ ဘီလူး အစရှိသော ကကြိုးရုပ်များ တစ်မျိုးပြီးတစ်မျိုး အလှည့်ကျထွက်ကြ၏။ ထိုအခန်းပြီးသောအခါ ဝန်ကြီးများ ထွက်လာကြ၏။ ယနေ့ညက ပြမည့်ဇာတ်ထုပ်အတွက် ဇာတ်ပန္နက်ရိုက်ကြခြင်းပင်ဖြစ်၏။ မောင်သိုက်ဖွားက ဝန်ကြီးခန်းသို့ ရောက်လာပြီဆိုလျှင် လေရှည်သည်ဟု အမြဲပြောလေ့ရှိ၏။ ဦးလူကမူ ထိုအခန်းကို နှစ်ခြိုက်သူဖြစ်၏။ မောင်သိုက်ဖွားအတွက် ဤအခန်းသို့ ရောက်လာလျှင် ကွာစေ့ဝယ်ကျွေးထားရ၏။ သို့မှသာ ပါးစပ်ငြိမ်ပေမည်၊ ထိုအခန်းပြီးလျှင် နှစ်ပါးသွားခန်းကို က,ပြ၏။ နောက်ပိုင်းမှသာ တော့ ကြိုတင်စီစဉ်ထားသော ဇာတ်တော်တစ်ခုခုကို က,ပြလေ့ရှိ၏။ နှစ်ပါးသွားကနေစဉ်မှာပင် မောင်သိုက်ဖွားက လျှာရှည်တော့၏။ ကွာစေ့တစ်ထုပ်

www.burmeseclassic.com

လည်း ကုန်သွားပေပြီ။

"အဖေ - ဒီနေ့ည ဟို မိန်းမဆိုးကြီး ပါဦးမှာပဲလား"

"ဟာကွာ - လူလေးကလည်း ပါနေကျပဲကွ၊ ပါမှာပေါ့"

"သားက အဲဒီမိန်းမကြီးကို တအားမုန်းတာ၊ ကြည့်ကို မကြည့်ချင်ဘူး"

"သားကလည်းကွာ - ဇာတ်ထုပ်ကတယ်ဆိုတာ ဒီလိုပဲကွ"

"မသိဘူးဗျာ၊ သားက အဲဒီမိန်းမကြီးကို သတ်ပစ်ချင်တာ၊ ဟို မင်းသမီးလေးကို အဲဒီမိန်းမကြီးက ခဏ ခဏ လုပ်တယ်ဗျ၊ တအားမုန်းတယ်"

"ဟား - ဟား - ဟား - ငါ့သားက အဲဒီမိန်းမကြီးကိုသတ်မယ်ချည်းပြောနေတာပဲ၊ သတ်ပစ်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဇာတ်ထုပ်ထဲမှာ သူမပါလို့ မရဘူးလေ"

"အဖေ - သား အဲဒီမိန်းမကြီးကို သွားလုပ်ပစ်လိုက်ရမလား"

"ကဲပါကွာ - ဦးမောင်မောင် ဆပ်ကပ်ရုံနားက အဖေစားနေကျကွမ်းယာဆိုင်မှာ အဖေ့ဖို့လို့ပြောပြီး ကွမ်းယာသွားဝယ်ချေ၊ လူလေးလည်း ဆီးပေါင်းတစ်ထုပ် ဝယ်စားခဲ့၊ မြန်မြန်ပြန်လာခဲ့နော်"

"ဟုတ်ကဲ့ - သွားမယ်"

မောင်သိုက်ဖွားတစ်ယောက် သူကြိုက်သော ဆီးပေါင်းထုပ်စားရတော့မည်မို့ ပြေးလေတော့၏။ ဦးလူကား သူ့သားကို ကြည့်၍ ပြုံးပြုံးကြီး။ မောင်သိုက်ဖွားပြန်လာသောအခါ ဦးလူက သူ့သားအား ရင်ခွင်ထဲတွင်ထား၍ ခဏမျှ အိပ်စက်မိုင်း၏၊ ရင်ခွင်ထဲမှ မောင်သိုက်ဖွားသည် ဆီးပေါင်းတစ်ထုပ်ကုန်အောင်စားပြီးနောက် အိပ်ပျော်သွားတော့၏၊ ခဏအကြာတွင် နောက်ပိုင်းဇာတ်ထုပ် စတင်က,ပြပြီ ဖြစ်၏၊ မောင်သိုက်ဖွား အလွန်ကြိုက်သော မင်းသားက ကြိုးရုပ်နှင့်မင်းသမီးက ကြိုးရုပ်များလည်း ပါဝင်လာလေပြီ၊ ထို့ကြောင့် ဦးလူက မောင်သိုက်ဖွားအား နှိုးလိုက်၏၊

"လူလေး - ဟေ့ - လူလေး၊ နောက်ပိုင်း ကနေပြီ၊ ထတော့ - ထတော့"

အိပ်မှုန်စုံမွှားဖြင့် မျက်လုံးများကို ပွတ်သပ်ရင်းမှ မောင်သိုက်ဖွားတမေး၏၊



"မင်းသားလေး လာပြီလား၊ မင်းသမီးလေးရော ပါလား"

"တစ်ခန်းတောင် ထွက်ပြီးသွားပေါ့"

"ဟိုမိန်းမကြီးရော ထွက်လာသေးလား"

"အခုတော့ မထွက်သေးဘူးကွ၊ သူလည်းပဲ ထွက်လာဦးမှာပေါ့ကွာ"

"အမြင်ကပ်တယ်"

"ဒီကလေး ခက်တော့တာပဲ၊ ကဲ - ထ - ထ ကြည့်"

မောင်သိုက်ဖွားပြောသော အရုပ်မှာ အဖွားကြီးအို မိန်းမကြမ်းက ကြိုးရုပ်ပင်ဖြစ်၏၊ မင်းသားနှင့် မင်းသမီးလေးတို့ကို နှိပ်စက်ရာတွင် သူမတုအောင် ထူးချွန်ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်စွမ်းရှိ၏၊ သူ့အခန်းသို့ရောက်လာလျှင် ခါးသာသာမျှ ကာထားသော အဝတ်ကန့်လန့်ကာနောက်ကွယ်မှ မိန်းမကြမ်းအသံဖြင့် ပြောပေးရ၏၊ ထိုခေတ်အခါကာလက ဘိုင်စကုပ်များတွင် ပါဝင်လေ့ရှိသော မိန်းမကြမ်းသရုပ်ဆောင် ဒေါ်မြလေး၏ အသံမျိုးနှင့် ခပ်ဆင်ဆင်တူသော အသံမျိုးဖြစ်၏၊ စူးစူးရှရှ ခြောက်ကပ်ကပ်နှင့် ချွဲချွဲပျစ်ပျစ် ပြောဆိုနေပုံမှာ ကလေးများကို မဆိုထားဘိ၊ တချို့လူကြီးများပင် အော်ဟစ်ဆဲဆိုသည်အထိ ဒေါသထွက်ကြရ၏၊ ယုတ်စွအဆုံး၊ သူရယ်မောတာကပင်လျှင် အသံကို အစ်၍ အစ်၍ ရယ်နေသည်မှာ မသတီစရာ၊ ရွံစရာပင် ဖြစ်နေ၏၊ ထို့ကြောင့်ပင် မောင်သိုက်ဖွားက လွန်စွာမုန်းတီးနေခြင်းဖြစ်၏၊ မကြာပါချေ၊ ဇာတ်လမ်းအရ ထိုမိန်းမကြမ်းကြီး ပေါ်ထွက်လာပါတော့၏၊ ထိုမိန်းမကြမ်းကြီး၏သားသည် မင်းသားလေးဖြစ်၏၊ မင်းသမီးလေးသည် ထိုမိန်းမကြမ်းကြီး၏ ချွေးမဖြစ်၏၊ မိန်းမကြမ်းကြီး၏ ရှေ့တွင် မင်းသားလေးနှင့် မင်းသမီးလေးတို့ ရှိနေကြပြီး စကားပြောနေကြခြင်းဖြစ်၏၊ ထိုအခန်းတွင်တော့ မိန်းမကြမ်းကြီးက မင်းသမီးလေးကို ပြောနေသော စကားသံမှာညင်သာချိုမြိန်လှ၏၊ သူ့မဟုတ်သလိုပင်၊ ထိုမိန်းမကြမ်းကြီး၏



www.burmeseclassic.com

www.burmeseclassic.com

ပုံစံကိုကြည့်ပါဦး၊ အသားဖေါ်နေသော နေရာမှန်သမျှ မည်းမိုင်နေ၏၊ ငယ်ထိပ်ပေါ်မှဆံပင်က ကျဲတိကျဲတောက် ဖြူဖြောက်ဖြောက်၊ နဖူးကမောက်နေပြီး မျက်လုံးအစုံကလည်း ပြူးကျယ်ပိုင်းစက်လျက် အပြင်ဘက်သို့ ထွက်နေတော့မတတ်၊ နှာခေါင်းကလည်း ကောက်နေသည့်အပြင် နှာသီးဖျားက ချွန်ပြီး ရှည်နေသေး၏၊ ထူးခြားလွန်းတာကတော့ ပါးစပ်၊ အသံကုန် အော်ဟစ်ရလို့လားမသိ၊ လှုနင့်မလိုက်အောင် ပြဲနေ၏၊ ခေါ်နေသော ရှေ့သွားကြီးနှစ်ချောင်းက ပြတင်းပေါက်မှ ထောက်ထားသော တံခါးနယ်၊ မောင်သိုက်ဖွားက အံ့ဩစွာဖြင့် ...

"အဖေ - အဖေ - အဲဒီမိန်းမကြီးက မင်းသမီးလေးကို ဘာမှမလုပ်ဘူးနော်"

"လူလေးကလည်းကွာ - မင်းသားလေးက ဟိုးအဝေးကြီးကို သွားတော့မှာကွ၊ အဲဒီကျမှ မင်းသမီးလေးကို အဲဒီမိန်းမကြီးက နှိပ်စက်လိမ့်မယ် - ကြည့်နေ"

"မင်းသမီးလေးကလည်း ပြန်မချဘူးနော်၊ အဖေ - အဖေ့ ပြန်ချရင် အဲဒီမိန်းမကြီး သေမှာပျနော်၊ တောက် - မင်းသမီးလေးက အ,တယ်ဗျာ"

"အေး - အေး - ဆက်ပြီး ကြည့်ရအောင်ကွာ"

"အဖေ - သား မုန့်ဝယ်စားချင်ပြီ"

"လုပ်ပြီ၊ ရော့ - ဆယ်ပြား၊ ဆီးပေါင်းထုပ်တော့ မစားနဲ့တော့နော်"

"ဟုတ်ကဲ့"

မောင်သိုက်ဖွား မုန့်ဆိုင်များရှိရာသို့ ထွက်ခဲ့၏၊ ကြံရိုးတစ်ဖြတ်ကို ဝယ်လိုက်သည်၊ ကြံနက်ဖြစ်သဖြင့် အလွန်ချို၏၊ ပွဲခင်းထဲသို့ ချက်ချင်းမပြန်သေးဘဲ မြစ်ကမ်းပါးထိပ်တွင်ထိုင်၍ ကြံရိုးစုပ်နေလိုက်၏၊ သာနေသော လရောင်အောက်မှ ဧရာဝတီမြစ်ပြင်၏ ရှုခင်းကို ငေးမောကြည့်ရှုနေရင်း၊ ကြံရိုးကုန်ခါနီးမှပင် ပြန်တော့မည်ဟု စဉ်းစားထားလိုက်၏၊ ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ဆိုသည့်အတိုင်း ကြီးမားသော လှိုင်းလုံးကြီးများဖြင့် တဝေါဝေါအသံပေးလျက် ရေတက်ပြီးနောက် တော်သလင်းလတွင်တော့ သူ



မဟုတ်ခဲ့သလိုပင် တက်ရေများ တအိအိကျဆင်းသွားတော့၏၊ ရေကျသွားချိန်တွင်တော့ မြစ်ပြင်သည် ညီညာပြန့်ပြူးလျက်ရှိနေ၏၊

လ,တော်သလင်း မြစ်ပြင် သင်ဖြူးခင်းဟု ဆိုကြ၏၊ သီတင်းကျွတ်လတွင်တော့ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် သဲသောင်ခုံများ၊ မြေနုကျွန်းများ



မိန်းမကြမ်းကြီးသည် လဲကျနေသော မင်းသမီးလေးကို အဆက်မပြတ်ဖနောင့်ဖြင့် ပေါက်လေတော့၏၊ မောင်သိုက်ဖွား၏ ဒေါသများက ငယ်ထိပ်သို့တိုင်တက်သွားလေတော့၏။ ဦးလူမသိစေရန် မြစ်ကမ်းပါးအနိမ့်ဘက်မှပြေး၍ ဇာတ်ခုံအောက်တည့်တည့်သို့ဝင်ပြီး စောင့်နေလိုက်၏။ ဇာတ်ခုံသည် ဝါးလုံးများကို စီရုံသာ စီထားခြင်းဖြစ်ရာ ...

အင်းများ၊ မြစ်ကြောင်းငယ်များကို မြင်တွေ့ရပြီဖြစ်၏၊ ရေများကျသွားသဖြင့် စင်းလျှောဖြစ်နေသော မြစ်ကမ်းပါးထိပ်ပေါ်တွင် ဝါးများကို တင်ထားပြီး မြစ်ဘက်မှ အနိမ့်ပိုင်းတွင် တိုင်ရှည်ကြီးများစိုက်လျက် ထိုတိုင်ရှည်တွင် ချည်ထားသောတန်းပေါ်တွင် ဝါးကိုတင်ကာ ဖုန်းမိုကြီး ရုပ်သေးစင်ကို ဆောက်

www.burmeseclassic.com

လုပ်လေ့ရှိ၏။ သို့မှသာ မြေပြင်ပေါ်တွင်ထိုင်၍ ရုပ်သေးပွဲကြည့်ကြရသူများအတွက် အဆင်ပြေမည်ဖြစ်၏။ မောင်သိုက်ဖွား ကြံရိုးစုပ်နေသည်မှာ တစ်ဝက်ခန့်ကုန်ပြီ။ လက်ထဲတွင် တစ်တောင်နီးပါးခန့်သာ ကျန်တော့၏။ အနည်းငယ်ကြာသွားပြီဖြစ်၍ ပွဲခင်းရှိရာသို့ မြစ်ကမ်းနဖူးအတိုင်း ပြန်လာတော့၏။ ဇာတ်စင်၏ထောင့်နားသို့ မရောက်မီမှာပင် သူ့အမြင်ကပ်သော မိန်းမကြမ်းကြီး၏အသံကိုကြားလိုက်ရသဖြင့် လက်ထဲတွင်ကျန်နေသောကြံရိုးတစ်ပိုင်းကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း နားစိုက်ထောင်နေလိုက်၏။ ဇာတ်ရှိန်က လည်းကောင်းနေဆဲထင့်၊ မိန်းမကြမ်းကြီး၏ ကြိမ်းမောင်းသံက စူးစူးရှားရှားပေါ်ထွက်လာ၏။

"ဟဲ့ - အကောင်မ၊ ဟင်းအိုးထဲကိုခပ်ဖို့ ဆီတစ်မတ်သား နင့်ကိုပေးထားတာ အကုန်လုံးခပ်ပစ်ရသလား။ အောင်မယ်လေး - လေး - ကုန်ပါပြီတော် ကုန်ပါပြီ၊ ဒီလောက်တောင် ကုန်အောင်ခပ်ရသလားဟဲ့၊ ကဲ - ခပ်ဦး - ခပ်ဦး"

"ဖြောင်း - ဖြောင်း"

မိန်းမကြမ်းကြီး၏ မညှာမတာ ပါးရိုက်ချက်ကြောင့် မင်းသမီးလေးမှာ ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။ မင်းသမီးလေးသည် လဲကျနေရာမှ ...

"ဆီခပ်ထားတဲ့ဟင်းကိုအမေ့အတွက် ထားတာပါ။ သမီးက ထမင်းအဖြူ ထည့်နဲ့ပဲ စားပါမယ် အမေရယ်"

"ဟင် - နင်က ငါ့ကို ဆီတစ်မတ်သားပဲ ခပ်ထားတဲ့ဟင်းနဲ့ ကျွေးဦးမယ်ပေါ့။ ဒါ - နင့်အကြံ အကုန်ပဲလား၊ ဒီလောက်တောင် ယုတ်မာရသလား၊ ကဲ - ယုတ်မာချင်ဦး - ယုတ်မာချင်ဦး"

"ဒုန်း - ဒုန်း - ဒုန်း - ဒုန်း"

မိန်းမကြမ်းကြီးသည် လဲကျနေသော မင်းသမီးလေးကို အဆက်မပြတ် ဖနောင့်ဖြင့် ပေါက်လေတော့၏။ မောင်သိုက်ဖွား၏ ဒေါသများက ငယ်ထိပ်သို့တိုင် တက်သွားလေတော့၏။ ဦးလူမသိစေရန် မြစ်ကမ်းပါးအနိမ့်ဘက်မှ ပြေး၍ ဇာတ်ခုံအောက်တည့်တည့်သို့ဝင်ပြီး စောင့်နေလိုက်၏။ ဇာတ်ခုံသည် ဝါးလုံးများကို စီရုံသာ စီထားခြင်းဖြစ်ရာ အပေါ်မှမြင်ကွင်းကို ဝါးနှစ်လုံးအကြားမှ မြင်နေရ၏။ မိန်းမကြမ်းကြီး၏ နိပ်စက်ခန်းကား အပြီးမသတ်နိုင်သေး။

"ဟဲ့ - အလုပ်တမာမ၊ နင့်ယောကျာ်းပြန်လာရင် နင့်ကို အိမ်ထောင်ဖြုန်းမလို့ ပြောလိုက်မယ်။ နောက်ပြီး - လင်ငယ်နဲ့ လိုက်ပြေးသွားပြီလို့လည်း ပြောလိုက်မယ်၊ အခုချက်ချင်း ငါ့အိမ်ပေါ်ကဆင်း၊ သွား - မနေနဲ့တော့"

"အမလေး - အမေရဲ့ အဲဒီလိုတော့ဖြင့် မပြောလိုက်ပါနဲ့အမေရယ်၊ သမီး ရှိခိုးတောင်းပန်ပါတယ်၊ မဟုတ်တာတွေတော့ မပြောလိုက်ပါနဲ့"

"မလိုဘူး - မလိုဘူး၊ ငါ့သဘော ပြောမှာပဲ - ပြောမှာပဲ၊ ကဲဟယ် - ကဲဟယ်"

"ဒုန်း - ဒုန်း - ဒုန်း - ဒုန်း"

မိန်းမကြမ်းကြီး၏ ဖနောင့်ပေါက်ချက်သည် ပြင်းထန်ပေစွ။ အရှိန်ပြင်းလှသဖြင့် ခြေထောက်တစ်ချောင်းသည် ဝါးနှစ်လုံး ဟနေသော အကြားမှ အောက်ဘက်သို့ ဖနောင့်ပိုင်းလေးပင် ကျွံကျလာ၏။ မောင်သိုက်ဖွား စောင့်မျှော်ရကျိုးနပ်ပေပြီ။ ထိုဖနောင့်လေးအား ဘယ်ဘက်လက်ဖြင့် မိမိရရ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်၍ အောက်သို့ဆောင့်ဆွဲချလိုက်တော့၏။ ဝါးနှစ်လုံးကြားမှ ခြေထောက်တစ်ချောင်းလုံးအောက်သို့ ရောက်လာ၏။ ကျန်သော ခြေထောက်တစ်ချောင်းနှင့် ကိုယ်လုံးပိုင်းမှာ ဇာတ်စင်ပေါ်တွင် ကျန်နေခဲ့၏။ မောင်သိုက်ဖွားကား အားရပါးရ ပေါက်ကွဲလေပြီ။ ညာဘက်လက်ထဲမှ ကြံရိုးတစ်ပိုင်းဖြင့် မိန်းမကြမ်းကြီး၏ ခြေထောက်တစ်ဖက်ကို အဆက်မပြတ် ရိုက်နှက်လေတော့၏။

"ဒုတ် - ဒုတ် - ဒုတ် - ဒုတ်"

ဆုပ်ကိုင်ထားသော ခြေထောက်တစ်ဖက်သည် ပြုတ်ထွက်သွားပြီး တိုင်ထားသောလက်ထဲတွင် ပါလာတော့၏။ ဇာတ်စင်ပေါ်တွင်လည်း ဝရုန်းသုန်းကားဖြစ်သွား၏။

www.burmeseclassic.com

"ဟဲ့ - ဟဲ့ - ဘယ်လိုဖြစ်သွားတာတုံး၊ ကြည့်ကြပါဦးဟ၊ လုပ်ကြပါဦး ဟ"

အရုပ်ကြိုးဆွဲသူ ဦးဖုန်းမိုကြီးက အော်ဟစ်၍ အကူအညီတောင်း၏။ ပရိသတ်များလည်း ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြတော့၏။ မောင်သိုက်ဖွားကား မြစ်ကမ်းပါးအနီမှ့ပိုင်းလမ်းအတိုင်းခြေကုန်သုတ်ခေလပြီ၊ လက်ထဲတွင်လည်း မိန်းမကြမ်းကြီး၏ ခြေထောက်တစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်ပင်၊ အိမ်နားတွင်ရှိသော အမှိုက်ပုံကြီးနားသို့ရောက်မှ ရပ်ပြီးစဉ်းစားလိုက်၏။ လက်ထဲတွင်ပါလာသော ခြေထောက်ကြီးအား အိမ်သို့ယူသွား၍ မဖြစ်၊ အမှိုက်ပုံသည် အိမ်နှင့်လမ်းမျှသာ ခြားတော့၏။ နောက်ဆုံး ကြံရာမရတော့သဖြင့် ထိုခြေထောက်အား အမှိုက်ပုံထဲတွင် ဝှက်ထားရန် ဆုံးဖြတ်လိုက်၏။ အမှိုက်ပုံပေါ်တွင် သုံးထပ်ပွင့်သော ပဒိုင်းပင်များသည် အလေ့ကျပေါက်နေသဖြင့် ခြေထောက်အားဝှက်ရန် လွယ်ကူသွားတော့၏။ အမှိုက်ပုံအလယ်မှ ပဒိုင်းပင်တစ်ပင်ကို နုတ်လိုက်ပြီး ခွက်သွားသောမြေနေရာကို လက်ဖြင့် အနည်းငယ်မျှ ထပ်ယက်လိုက်၏။ ခြေထောက်ကို မြှုပ်လိုက်ရာ အလော တော်ပင်ဖြစ်သွား၏။ ၎င်းနောက် ထိုနေရာတွင် နုတ်ထားသော ပဒိုင်းပင်အား ပြန်စိုက်လိုက်ပြီးနောက် မြေဖို့ထားလိုက်တော့၏။ ပါးစပ်မှလည်း အားရပါးရ ကြိမ်းမောင်းလိုက်သေး၏။

"ကဲ - အမြင်ကပ်စရာကောင်းတဲ့ အဘွားကြီး - နောက်တစ်ခါ မင်းသမီး လေးကို ဖနောင့်နဲ့ပေါက်နိုင်သေးရဲ့လား၊ သူယုတ်မာတာကိုများ သူများ ယုတ်မာတယ်တဲ့၊ ပြောနိုင်သေးလား မှတ်ထား၊ အဲ့ဒါ - သိုက်ဖွားတဲ့"

တစ်ယောက်တည်း ပြောဆိုရယ်မော၍ အိမ်သို့ပြန်ခဲ့တော့၏။ ဒေါ်သိန်းကမူ သူ့သားတစ်ယောက်တည်း ပြန်လာသည်ကိုကြည့်လျက် ...

"ဟဲ့ - လူလေး မင်းအဖေရော၊ ဘာဖြစ်လို့ တစ်ယောက်တည်း ပြန်လာရတာလဲ"

"အဖေက ပြန်နှင့်ဆိုလို့ ပြန်လာတာပါ - အမေ၊ သား - အိပ်တော့မယ် နော်"



"ကိုလူကတော့ ခက်ပါတယ်၊ ကလေးကို တစ်ယောက်တည်း ပြန်လွှတ်လိုက်တာကို။ ကဲ - သားအိပ်ချေတော့၊ တော်ကြာရင် တုံးခေါက်တော့မယ်"

မောင်သိုက်ဖွားကား အိပ်ရာထဲသို့ဝင်၍ စောင်ကိုခေါင်းမြီးခြုံထားပြီး သူ့လုပ်ရပ်ကို ကျေနပ်ပီတိ ဖြစ်နေဘိ၏။ မကြာပါချေ၊ ဦးလူပြန်ရောက်လာ၏။

"မအေကြီး - ဟိုအကောင် ပြန်ရောက်နေပြီ မဟုတ်လား"

"ပြန်ရောက်လာလို့ အိပ်တောင်နေပြီ၊ နေစမ်းပါဦး - တော်က ဘာကိစ္စ ကလေးတစ်ယောက်တည်းကို အရင်ပြန်နှင့်ခိုင်းရတာလဲ၊ ကလေးသာ တစ်ခုခုဖြစ်သွားရင် တော်ပဲ ပိုဆိုးဦးမယ်"

"မင်းသားကွာ တော်တော်ခက်တာပဲ၊ မင်းက ဘာသိလို့တုံး၊ မင့်သား ကြောင့် ဒီနေ့ည နောက်ပိုင်းပွဲပျက်သွားတယ်ကွ၊ ဒီကောင်ပဲ ရှိမှာ"

"တော် - ဘာတွေပြောနေတာလဲ ကလေးကြောင့် ပွဲပျက်လို့ရမလား"

"ဟာကွာ - မင့်သားက ရုပ်သေးအရုပ်ကို ရိုက်ချိုးသွားတယ်ကွ"

"ဟုတ်လို့လား"

"ဒီကောင်က တစ်ခါတစ်ခါ ဖွတ်တရှုတ်နိုင်တယ်၊ တယ်ဆိုးတာပဲ"

မောင်သိုက်ဖွားကို ဦးလူနှင့်ဒေါ်သိန်းတို့က ဘယ်အခါသော်မှ လူလေးတလွဲ၍ နာမည်ကိုမခေါ်၊ အလွန်အလွန် ဒေါသထွက်သော ရှားရှားပါးပါး အခါမျိုးမှာသာလျှင် "ဒီကောင်" ဟု ခေါ်လေ့ရှိ၏။ ထိုအခါမျိုးတွင်တော့ အရိုက်ခံရတော့မည်ကို မောင်သိုက်ဖွားက ကောင်းစွာနားလည်ထား၏။ ဒီတစ်ခါ အရိုက်ခံရမည်ကို သူ လုံးဝမကြောက်၊ သူ အလွန်မုန်းတီးသော မိန်းမကြမ်းကြီး၏ ခြေထောက်အား ရိုက်ချိုးလိုက်ရသဖြင့် ကျေနပ်စွာ အရိုက်ခံမည်ဟု တွေးထားပြီးသားဖြစ်၏။ ဦးလူသည် သူ့သားအကြောင်းကို အူမ,ပါမကျန် သိထားသူဖြစ်၏။

"လူလေး - မင်း မအိပ်သေးပါဘူးကွ၊ အဖေ သိပါတယ်၊ လာပါ - အပြင်ကို ထွက်ခဲ့ပါဦး၊ ဦးဖုန်းမိုကို အဖေ တောင်းပန်ခဲ့ပြီးပါပြီ၊ မင်းလက်ထဲမှာ ပါသွားတဲ့ ခြေထောက်ကို ပြန်ပေးလိုက်ပါ လူလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com

မောင်သိုက်ဖွားသည် အပြင်သို့ ရဲဝံ့စွာပင်ထွက်လိုက်၏။ သို့သော် မိန်းမကြမ်းကြီး၏ ခြေထောက်အား ပြန်မပေးလိုပေ။ အကယ်၍ ပြန်ပေးလိုက်ပါက မင်းသားနှင့် မင်းသမီးလေးတို့ကို ဖနောင့်ဖြင့် ရက်ရက်စက်စက် ပေါက်ဦးမည်ဟု အတွေးဝင်နေသောကြောင့် လိမ်ညာ၍ ပြောလိုက်တော့၏။

"အဖေ - အဲဒီခြေထောက်ကို မြစ်ကမ်းပါးဘေးမှာပဲ ကျွန်တော် လွှင့်ပစ်ခဲ့တယ်"

"ဒုက္ခပါပဲကွာ - အဲဒါဆိုရင် မင်း လိုက်ပြီး ရှာပေးလိုက်ပါကွာ"

"ဟင့်အင်း - အဲဒီလူကြီးတွေကို သား မတွေ့ဝံ့ဘူး၊ မလိုက်ဘူး - မလိုက်ဘူး"

"ကဲ - ကဲ - ဒါဆိုလည်း ဘယ်နေရာမှာ လွှင့်ပစ်ခဲ့သလဲ ပြောပါကွာ။ အဖေတို့ သွားပြီးရှာပေးလိုက်ပါမယ်။ ဦးဖုန်းမိုရေမှာ နောက်ထပ် သုံးရက်တောင် က,ရဦးမှာတဲ့။ အဲဒီခြေထောက်ကိုရမှ ပွဲဆက်က,လို့ရမှာ၊ နောက်သုံးရက်မကနိုင်ရင် သူတို့က ပျက်တဲ့ရက်အတွက် ပြန်လျော်ရမှာတဲ့"

မောင်သိုက်ဖွားက အနည်းငယ်စဉ်းစားပြီးနောက် ကြံဖန်ပြောလိုက်၏။

"ကမ်းပါးထိပ်က ညောင်ပင်လေးနားမှာ ပစ်ခဲ့တာပါ"

"မအေကြီး - လိုက်ခဲ့ဦးကွာ၊ မိုးမလင်းခင်ရှာတွေ့မှဖြစ်မယ်၊ မိုးလင်းသွားရင် တခြားလူတွေ တွေ့ကုန်လိမ့်မယ်၊ ငါ့ကို ကူပြီးရှာပေးပါဦး၊ ကဲ - ငါ့သား မလိုက်ချင်ရင်လည်း နေခဲ့၊ အိပ်တော့၊ မအေကြီးရေ - မင့်သားက အဲဒီအရွယ်ဆိုရင် အလွန်မှန်းနေတာကွ၊ အတော်စက်တဲ့ ကလေးပါကွာ"

"တော်က ဂရုစိုက်ဖို့ကောင်းတာ၊ ဒီကလေးအကြောင်းကို သိရဲ့သားနဲ့"

"ငါမသိတုန်းကို သွားလုပ်ပစ်တာကွ၊ ကဲ - လာ သွားရှာချေရအောင်"

မောင်သိုက်ဖွားကား မိဘနှစ်ပါးကို ဒုက္ခပေးသူဖြစ်နေချေပြီ။ မိန်းမကြမ်းကြီးအပေါ်တွင် မုန်းတီးသည့်စိတ်က အားကြီးနေသဖြင့် အမှန်ကိုပြောမထွက်တော့၊ သို့အတွက် ဦးလူနှင့် ဒေါ်သိန်းတို့မှာ ပင်ပန်းတာပင် အဖတ်တင်ရတော့၏။ နောက်ရက်တွင် က,ပြရသော ရုပ်သေးပွဲ၌ မိန်းမကြမ်းကြီး မပါဝင်သော ဇာတ်ထုပ်တစ်ခုကို ပြောင်းလဲက,ပြရတော့၏။ ထိုညတွင် ဦးလူတို့သားအဖ ရုပ်သေးပွဲသို့ မသွားကြတော့ပါ။ ထိုညအဖို့ မောင်သိုက်ဖွားသည် ယမန်နေ့က ရရှိခဲ့သော ပီတိများကို ရင်ဝယ်ထွေးပွေ့လျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေ၏။ အိပ်၍ပျော်ပြီးနောက် သိပ်မကြာပါ။ မိန်းမကြမ်းကြီး တစ်ယောက် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေတော့၏။ ထိုအဘွားအိုမကြီး၏ ညာဘက်တွင် ခြေထောက်မပါပေ။ ချိုင်းထောက်တစ်ချောင်းကို အားပြု၍ လျှောက်လာခြင်းဖြစ်၏။ သူ၏ ထုံးစံအတိုင်း အသံပြာဆိုးကြီးဖြင့် . . .

"ဟဲ့ - အကောင်လေး၊ နင် - ငါ့ခြေထောက်ကို အခုပြန်ပေးရမယ်၊ မပေးဘူးဆိုရင် နင် - လှုပ်လို့မရစေရဘူး၊ အော်လို့လည်း မရစေရဘူး၊ ငါ့ကို ဘာမှတ်နေသလဲ"

လွန်စွာ အရုပ်ဆိုးလှသော မိန်းမကြမ်းကြီးသည် မောင်သိုက်ဖွားအား ဒေါသထွက်ပြီး ပြူးကျယ်နီရဲနေသော မျက်လုံးများဖြင့် စိုက်ကြည့်ရင်းပြောနေ၏။ မောင်သိုက်ဖွားကား အလွန်တရာ ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့နေချေပြီ။

"နင် - မပေးဘူး မဟုတ်လား၊ မပေးရင် နင့်ကို မသေမချင်း ကျန်တဲ့ခြေတစ်ဖက်နဲ့ နင့်ရင်ဝတည့်တည့်ကို ဖနောင့်နဲ့ ပေါက်သတ်မယ်၊ ကဲ - ဟယ်"

မောင်သိုက်ဖွားမှာ ဇောချွေးများပင် ပြန်၍နေပေပြီ၊ လှုပ်ကြည့်ပြန်တော့လည်း တုပ်တုပ်မျှမလှုပ်၊ အော်ဟစ်၍ အကူအညီတောင်းပြန်ပါတော့လည်း အသံက လုံးဝထွက်မလာ၊ မိန်းမကြမ်းကြီးကတော့ ချိုင်းထောက်ကို အားပြုလျက် ကျန်နေသေးသော ဘယ်ဘက်ခြေထောက်ကို မြှောက်၍ မြှောက်၍ မောင်သိုက်ဖွား၏ ရင်ဝတည့်တည့်အား ဖနောင့်ဖြင့် တရစပ် ပေါက်လေတော့၏၊ အငြိုးကြီးသော ဖနောင့်ချက်များ ဖြစ်၍လားတော့ မသိ၊ မောင်သိုက်ဖွားအဖို့ အလွန်ခံရခက်လှချေ၏။ လူပ်ရှားရုန်းကန် ရှောင်ရှား၍လည်းမရ၊ အော်ဟစ်ပြန်ပါတော့လည်း အသံကထွက်မလာ၊ ဆိုးဆိုးရွားရွား ခံစားနေရ၏။ ကြာတော့လည်း အလွန်မောပိုက်ပင်ပန်းလာပြီး ချွေးများပင်





www.burmeseclassic.com

www.burmeseclassic.com

လျှင် ရွှဲရွဲစိုရွှဲ နေတော့၏။ ထိုအချိန်တွင် မိန်းမကြမ်းကြီးမှာ ဖနောင့်ပေါက် ချက်များကို တံ့ခနဲ ရပ်နားလိုက်၏။ သူ၏မျက်နှာမှာ ရက်စက်ခက်ထန် ကြမ်းကြုတ်မနေတော့ဘဲ ကြည်သာရွှင်ပျသော အသွင်သို့ ပြောင်းလဲသွား၏။ လက်တစ်ဖက်က ချိုင်းထောက်ကို အားပြုထားရသဖြင့် ကျန်လက်တစ် ဖက်ကို လှုပ်ယမ်းလျက် က,ပြန်တော့၏။ ခဏမျှကြာသော် ရယ်မောခြင်း ကို ပြုပြန်၏။ ၎င်းနောက် ဒေါသကြီးလာပြန်ပြီး မောင်သိုက်ဖွားအား ဖနောင့် ဖြင့် ပေါက်ပြန်တော့၏။ ဤတစ်ကြိမ်တွင်တော့ မောင်သိုက်ဖွား မခံစားနိုင် တော့၊ သေငယ်အော်ဖြင့် ရှိသမျှအားလုံးကို သုံး၍အော်ဟစ်လိုက်၏။

"အစ် - အစ် - အစ် - အိ - အိ"

"ဟေ့ - လူလေး - လူလေး - ဘာဖြစ်နေတာလဲ၊ အို - ဘုရား - ဘုရား - ချွေးတွေလည်း ရွှဲလို့ပါလား။ တုန်တုန်ယင်ယင်နဲ့ မအေကြီး။ ဟေ့ - မအေ ကြီး၊ ဘုရားကျောင်းဆောင်ထဲက ပရိတ်ရေယူလာခဲ့ပါ။ ဒီကလေး အိပ် ပျော်နေရင်း ဘီလူးစီးနေပုံရတယ်၊ လန့်နေပုံလည်း ရတယ်။ အိပ်ရာထဲမှာ တအစ်အစ်နဲ့ ဖြစ်နေတယ်"

မောင်သိုက်ဖွားသည် ဦးလူ နှိုးလိုက်သဖြင့်သာ အိပ်ရာထဲမှ နိုးလာနိုင် ခြင်းဖြစ်၏။ နိုးလာသည်နှင့် ဦးလူ၏ ရင်ခွင်ထဲသို့ ချက်ချင်းတိုးဝင်လိုက် ၏။

"ကြောက်တယ် - ကြောက်တယ်၊ သား - သား - သိပ်ကြောက်တာပဲ အဖေ၊ အဲဒီမိန်းမကြီးက ကျန်တဲ့ခြေထောက်တစ်ဖက်နဲ့ သားရင်ဝတည့် တည့်ကိုပေါက်တာ၊ အများကြီးပဲ လှုပ်လည်းမရဘူး၊ အော်လို့လည်း မရဘူး။ သား - ကြောက်တယ်"

"မအေကြီး - ကလေးကိုပရိတ်ရေတိုက်လိုက်ကွာ၊ ကလေးမှာ ချွေးတွေ လည်း ရွှဲနစ်နေတာပဲ၊ သုတ်ပစ်လိုက်ဦး။ ဘီလူးစီးတာ တော်တော့်ကို ကြမ်းပုံ ရတယ်၊ မနေ့ကကိစ္စကိုလည်း စိတ်စွဲနေတယ်နဲ့ တူပါတယ်ကွ"



အညာဒေသတွင် ခေါ်ဝေါ်သော ဘီလူးစီးသည်ဆိုသည်မှာ အိပ်ပျော် နေစဉ်တွင် နှလုံးခုန်နှုန်း အလွန်နည်းပါးသွားခြင်းပင်ဖြစ်၏။ ထိုအခါမျိုးတွင် ကယောင်ကတမ်း အိပ်မက်များကို မက်လေ့ရှိပြီး အော်မရ၊ လှုပ်မရ ဖြစ် တတ်၏။ တစ်စုံတစ်ယောက်က ခေါ်လိုက်မှ ဖြစ်စေ၊ အသားချင်း ထိလိုက်မှ ဖြစ်စေ နှလုံးခုန်နှုန်းပုံမှန်ပြန်ဖြစ်လာပြီး အော်၍ရခြင်း၊ လှုပ်ရှား၍ရခြင်း များ ဖြစ်လာရသည်ကို ဘီလူးစီးသည်ဟု ခေါ်ဆိုခြင်းဖြစ်၏။ မိစင်ဖြစ်သူ ဒေါ်သိန်းက . . .

"ကျုပ်သားသာ အကြောက်လွန်ပြီး တစ်ခုခုဖြစ်သွားမယ်ဆိုရင်တော့ လား၊ အဲဒီဇာတ်ဆရာနဲ့ ကျုပ်နဲ့ကတော့ ပွဲကြီးပွဲကောင်းသာ မှတ်လိုက် တော့"

"ခြော် - ဒီမအေကြီးနယ်ကွာ၊ ဒီကိစ္စမှာ ကိုယ့်သားဘက်က လွန်ထား တာလေ၊ ကိုယ်ကတောင် တောင်းပန်ရဦးမှာ၊ ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့ မလဲ"

ဒေါ်သိန်း၏လက်ဆကို ကောင်းစွာသိရှိထားသော ဦးလူက လေပြေထိုး ရ၏။

"အို - ဘာပဲဖြစ်ဖြစ်၊ ကျုပ်သားသာ တစ်ခုခုဖြစ်သွားလို့ကတော့"

"မင်းက တစ်မျိုး၊ အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ကွာ။ လူလေးရေ - ဟေ့ လူလေး - ဘာမှမကြောက်နဲ့ အဲဒီမိန်းမကြီး နောက်တစ်ခါ လူလေးဆီကို မလာနိုင်အောင် အဖေကိုယ်တိုင်သွားပြီး သတ်ပစ်လိုက်မယ် ဟုတ်ပြီလား။ ကဲ - လူလေး ပြန်ပြီးအိပ်လိုက်တော့နော်"

"ဟင့်အင်း - ဟင့်အင်း - သား မအိပ်ဝံ့ဘူး။ သား အိပ်ပျော်သွားရင် အဲဒီ မိန်းမကြီး ရောက်လာမှာ သား ကြောက်တယ်၊ မအိပ်တော့ဘူး"

"ခက်ပြီ - မအေကြီးရေ၊ ဒီအတိုင်းဆိုရင်တော့ မဖြစ်တော့ဘူး၊ ဘယ်လို လုပ်ရပါ့"

"ကဲ - ဖအေကြီး၊ မနက်ဖြန် ဆရာတော်ကြီးဆီကို ခေါ်သွားပြီး လိုအပ် တာရှိရင် နောက်မကျအောင် ချက်ချင်းလုပ်ထားမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေး - ကောင်းတယ်၊ ဒီညတော့ ငါ့သားကို ငါ့ရင်ခွင်မှာပဲထားပြီး သိပ်လိုက်တော့မယ်။ ဒါမှ ကလေးအိပ်ပံ့မှာ"

"ကျုပ် - မြင်းစာကျွေးလိုက်ပါ့မယ်၊ တော်တို့ သားအဖ အိပ်မှာသာ အိပ်ကြ"

ဦးလူနှင့် ဒေါ်သိန်းတို့တွင် မြင်းသုံးကောင်နှင့် မြင်းလှည်း တစ်စီးရှိ၏။ မြင်းများကို ညဘက်တွင် ဂရုစိုက်၍ ကျွေးရ၏။ သို့မှသာ မြင်းများသည် ကျန်းမာဝပြိုး၍ အလုပ်ခွင်၌ အင်အားတောင့်တင်းမည်ဖြစ်၏။ မောင်သိုက်ဖွားကား ဦးလူ၏ ရင်ခွင်ထဲဝယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။ ဦးလူသည် မောင်သိုက်ဖွားကို အသာအယာဖေးမ၍ သူ၏ ဘေးနားတွင် သိပ်ပေးထားပြီး စောင့်ကြည့်နေရတော့၏။ စောစောက မက်ထားသော အိပ်မက်အရှိန်သည် ပြယ်သေးပုံမပေါ်၊ အိပ်ပျော်နေရင်းမှ ရံဖန်ရံခါတွင် ဆတ်ခနဲ ဆတ်ခနဲ ဖြစ်သွားသည်ကို တွေ့ရ၏။ သို့ဖြစ်၍ သူ့ပါတုံးလုံးလဲ၍ မောင်သိုက်ဖွားကို ဖက်ထားလိုက်ရတော့၏။ သို့ဖြင့် နံနက်စော သုံးနာရီခန့်တွင် ဦးလူလည်း အိပ်ပျော်သွားလေတော့၏။

"ဟီး - ဟီး - ဟီး - ဟီး - ဟား - ဟား - ဟား၊ ဟဲ့ကောင်လေး - နင် ဘာတတ်နိုင်သေးလဲ၊ နင့်အဖေလည်း ဘာတတ်နိုင်သေးလဲ၊ နင်က ငါ့ ခြေထောက်ကို ယူသွားတော့ ငါ့မှာ ရှုံးရတာပေါ့၊ ပျော်လိုက်တာဟယ်"

မိန်းမကြမ်းကြီးမှာ အုံ့ဩဖွယ်ကောင်းအောင်ပင် ထော့နဲ့ထော့နဲ့ဖြင့် ချိုင်းထောက်ကိုအားပြု၍ က,နေပြန်တော့၏။ မောင်သိုက်ဖွားပင် ကြောက်စိတ်များ လျော့သွားရတော့၏။ သိပ်မကြာပါ အကရပ်သွား၏၊ ဒေါသစက်ထန်သောအသွင်သို့ ပြောင်းသွားလျက် မောင်သိုက်ဖွားဘက်သို့ လှည့်လိုက်သည်၊ မီးဝင်းဝင်းတောက်နေသော ဒေါသမျက်လုံးများဖြင့် ကြည့်လျက် လက်ညှိုးငေါက်ငေါက်ထိုးပြီး . . .

"နင်က ငါ့ကို စမ်းတာပေါ့ ဟုတ်လား၊ နင့်ကို မသေမချင်း သတ်ပြမယ် ဟဲ့ - တောင်လေးရဲ့၊ သေဖို့သာ ပြင်ထား၊ ကဲ . . . သေပေတော့၊ ကဲဟယ် . . . ကဲဟယ်"



မိန်းမကြမ်းကြီး၏ ပြင်းထန်လှသော ဖနောင့်ပေါက်ချက်များကြောင့် မောင်သိုက်ဖွားမှာ ယခင်အကြိမ်ထက်ပင် ပိုမိုဆိုးရွားစွာ ခံစားနေရ၏။ ကြောက်စိတ်များမှာလည်း လွန်စွာမြင့်မားလာတော့၏။ အသက်ရှုရန်ပင် ခက်ခဲလာပေပြီ၊ ဖနောင့်တစ်ချက်အပေါက်ခံရတိုင်း ပက်လက်အနေအထားမှ ရင်ကော့ကော့သွားရသည်အထိ ဖြစ်လာ၏။

"အင် - အင် - အစ် - အင် - အင် - အစ် - အစ်"

"ဟဲ့ - လူလေး - လူလေး၊ အော် - ဖအေကြီးလည်း အိပ်ပျော်နေတာကိုး၊ ထကြ - ထကြ"

"အင်း - မအေကြီး - ဘာဖြစ်လို့တုံး၊ လူလေးရော - လူလေး"

ရုတ်တရက်နိုးသွားသော ဦးလူက ကယောင်ကတမ်းဖြင့် မောင်သိုက်ဖွားကို လှုပ်၍ နှိုးလိုက်၏။ ထိုအခါတွင်မှ မောင်သိုက်ဖွားသည် တုန်တုန်ယင်ယင်ဖြင့် နိုးလာ၏။ နိုးလျှင် နိုးချင်း ဦးလူ၏ ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လျက် . . .

"အဖေ - အဖေ - ဟိုမိန်းမကြီး လာပြန်ပြီ၊ ဖနောင့်နဲ့ ပေါက်ပြန်ပြီ၊ လုပ်ပါဦး - အဖေ - သားကြောက်တယ် - ကြောက်တယ်၊ မအိပ်တော့ဘူး - မအိပ်တော့ဘူး"

"လူလေး - ဘာမှမကြောက်နဲ့၊ အဖေရှိတယ်၊ အဲဒီမိန်းမကြီး သားကို ကြောက်ပြီး ထွက်ပြေးသွားစေချင်သလား၊ အဖေ ရှေ့က ဆိုသွားသလို လူလေးက နောက်ကလိုက်ပြီးဆိုရင် အဲဒီမိန်းမကြီး သားကိုကြောက်ပြီး ထွက်ပြေးသွားလိမ့်မယ်"

"တကယ်လား - အဖေ၊ ဒါဆို - သားလိုက်ပြီးဆိုမယ်"

"အေး - ဒါဆိုရင် လိုက်ဆို"

ဦးလူသည် ဂုဏ်တော်ကိုးပါးကို ရှေ့မှ တိုင်ပေး၏၊ မောင်သိုက်ဖွားက နောက်မှလိုက်၍ဆို၏။ အကြိမ်ကြိမ်အခေါက်ခေါက်ဆိုပြီးကြသောအခါ မောင်သိုက်ဖွား၏ ကြောက်စိတ်များမှာ ပြယ်သွားတော့၏။ မိုးလင်းခါနီးလည်း နီးပြီဖြစ်သဖြင့် သူတို့ သားအဖသုံးယောက် မအိပ်ကြတော့ပေ၊ မိုးလင်းသည်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဒေါ်သိန်းက သူ၏သားကိုခေါ်၍ ဘုန်းတော်ကြီး ဦးဉာဏ၏ကျောင်းသို့ သွားတော့၏။ ဦးလူကတော့ မြင်းလှည်းမောင်းထွက်ရမည်ဖြစ်သဖြင့် အိမ်တွင် နေရစ်ခဲ့ရ၏။ အလုပ်သွားရန်ပင် စိတ်မပါတော့။ သူ့သား ဘာတွေဖြစ်မည်ကို သိချင်ဇောများနေသောကြောင့် မြင်းလှည်းထွက်ရမည်ဖြစ်သဖြင့် အိမ်တွင်နေရစ်ခဲ့ရ၏။ အလုပ်သွားရန်ပင် စိတ်မပါတော့။ သူ့သား ဘာတွေဖြစ်မည်ကို သိချင်ဇောများနေသောကြောင့် မြင်းလှည်းထွက်ရမည်ကိုပင် ချီတုံချတုံဖြစ်နေတော့၏။ ထိုစဉ်မှာပင် အိမ်နီးချင်းဖြစ်သော ဦးဘသစ်သည် ဦးဖုန်းမိုကြီးကိုခေါ်၍ အိမ်ရှေ့သို့ ရောက်လာပြီး အိမ်ကို လက်ညှိုးထိုးပြလျက်…

"ဟောဒီအိမ်ပါပဲ၊ ကဲ - ကျွန်တော် သွားပြီနော်"

"ဟုတ်ကဲ့ပါ - ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဦးဘသစ်ကို နှုတ်ဆက်ပြီးနောက် ဦးဖုန်းမိုကြီးသည် အိမ်ဝတွင် ရပ်လျက်…

"ဦးလူ - ကျွန်တော် လာခဲ့မယ်နော်"

သူတို့နှစ်ဦးသည် ပြဿနာဖြစ်ခဲ့သော ညကတည်းက သိရှိပြီးဖြစ်ကြ၏။ ဦးလူ၏အတွေး၌ ပျက်စီးသွားသော အရုပ်အတွက် လျော်ကြေးတောင်းရန် ရောက်ရှိလာခြင်းဖြစ်မည်ဟု ခန့်မှန်းထားလိုက်၏။ ဦးလူသည် ပျူငှာစွာပင်…

"ဟော - ဦးဖုန်းမိုကြီးပါလား၊ လာပါခင်ဗျာ - ထိုင်ပါ"

"ဦးဖုန်းမိုကြီးသည် အိမ်ရှေ့ရှိ ဦးလူ ရေနွေးကြမ်းသောက်နေကျဖြစ်သော ဝါးကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်လိုက်ပြီးနောက် စကားစပြောတော့၏။

"ကျွန်တော် အခုလို ရောက်လာလို့များ ဦးလူ့ရဲ့စိတ်ထဲမှာ စနိုးစနောင့် ဖြစ်မနေစေချင်ဘူးဗျာ။ သက်သောင့်သက်သာထားပါ။ ကျွန်တော့်ကို စကားနည်းနည်းပြောဖို့ အချိန်နည်းနည်းလောက်ပဲ ပေးစေချင်တာပါ။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ စကားနည်းနည်းတောင် ပြောကြရအောင်ပါ။ မဖြစ်နိုင်ဘူးဆိုရင်လည်း ကျွန်တော့်စိတ်ထဲမှာ ဦးလူအပေါ် မေတ္တာမပျက်ပါဘူး။ လှည့်ပြီး ပြန်သွားမှာပါ"

"ဟာ - မပြန်ပါနဲ့ ဦးဖုန်းမိုကြီးရယ်။ ကျွန်တော် ဒီနေ့ မြင်းလှည်း မထွက်တော့ဘူးလို့ စိတ်ကူးနေတာနဲ့ အတော်ပဲဖြစ်သွားတယ်၊ အချိန်ရပါတယ်ဗျာ - အားမနာပါနဲ့၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့။ ရေနွေးကြမ်းက နည်းနေပြီ၊ အသစ်လဲလိုက်ဦးမယ်၊ ငါးရံ့ခြောက်ဖုတ် အမြည်းလည်း အဆင်သင့်ရှိပါတယ်၊ ကျွန်တော် ပြင်လိုက်ပါဦးမယ်။ ခဏစောင့်ပါနော်၊ အိမ်မှာ တစ်ယောက်တည်းဖြစ်နေလို့ပါ"

"အိမ်သားတွေက ဘယ်သွားကုန်ကြလို့တုံး"

"ဟိုကလေးပေါ့ဗျာ - ကယောင်ချောက်ချားတွေဖြစ်နေလို့ သူတို့ သားအမိ ဘုန်းကြီးကျောင်းကို သွားကြတယ်။ ကျွန်တော်လည်း သူတို့ ဘယ်အချိန်ပြန်ရောက်လာကြမလဲဆိုပြီး မျှော်နေတာ - ခဏနော်"

"ဟုတ်ကဲ့ပါ - စိတ်အေးချမ်းသာထားပြီးသာ လုပ်ပါ - ဦးလူ"

ဦးလူသည် ဒေသ့ကောင်းဒေသ့မွန်များကိုသာ ဒေသ့ခံလေ့ရှိသော စော်ဘွားကြီး နှုတ်ခမ်းမွေးလက်ဘက်ခြောက်ကို ရေနွေးအိုးတွင် ခပ်လိုက်ပြီး အမြည်းပန်းကန်ကိုပါ တစ်ခါတည်းယူလာ၍ ဝါးကွပ်ပျစ်ပေါ်တွင်ချလျက် ဦးဖုန်းမိုကြီးကို ဒေသ့ဝတ်ပြုလိုက်၏။ မြသလွန်ဘုရားပွဲတော်ချိန်တွင် နှစ်စဉ်လာရောက်ရောင်းချလေ့ရှိသော လက်ဖက်ခြောက်များထဲ၌ စော်ဘွားကြီး နှုတ်ခမ်းမွေးလက်ဖက်ခြောက်သည် အကောင်းဆုံးဖြစ်၏။ ရေနွေးကြမ်းနှင့် အမြည်းများကို ပြင်ဆင်ပေးပြီးနောက် ဦးလူက…

"သောက်ပါ - စားပါ - ဦးဖုန်းမို၊ ဘာမှ အားမနာပါနဲ့၊ စကားလည်း ပြောကြတာပေါ့"

"ကျေးဇူးတင်ပါတယ် - ဦးလူ၊ ကျွန်တော့်မှာ ခင်ဗျားနဲ့ စကားပြောချင်လွန်းလို့၊ အတော့်ကို စုံစမ်းပြီးလာခဲ့ရတာပါ၊ လာခဲ့ရတာကလည်း ကျွန်

www.burmeseclassic.com

တော့်သမီးကိစ္စအတွက်လို့ ပြောလို့ရသလို၊ ခင်ဗျား သားကိစ္စဆိုရင်လည်း ပြောလို့ရပါတယ်။ ကျွန်တော့်ကို ညီရင်းအစ်ကိုတွေလို့ ရင်းနှီးတဲ့မိတ်ဆွေလို့ သဘောထားပေးစေချင်တယ်"

ဦးဖုန်းမိုကြီးသည် သဘင်သည် ပီသလှ၏။ သူ၏ စကားလုံးသုံးနှုန်းပုံများမှာ ယဉ်ကျေးသိမ်မွေ့မှုရှိသလို ထိရောက်မှုလည်း ရှိပေ၏။ ဦးလှူက အလိုက်သင့်ပင် ...

"ထားပါတယ် - ခင်ဗျာ - ထားပါတယ်၊ အမှန်တကယ်ဆိုရင် ကျွန်တော့်သားဘက်က မှားနေတာမို့ ကျွန်တော်ကသာ တောင်းပန်ရမှာပါ။ အခု ကျွန်တော့်သားလည်း အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကြောက်ကြောက်လန့်လန့်ဖြစ်နေရှာတယ်၊ မအိပ်ဝံ့၊ မစားဝံ့၊ ကယောင်ကတမ်းတွေတောင် ဖြစ်နေလို့ ဘုန်းကြီးဆီကို သွားပြနေရပါတယ်။ ကျွန်တော်လည်း ကျွန်တော့် သားအတွက် သောကရောက်နေရတာပါပဲဗျာ"

"ဦးလှူ - ခင်ဗျားသားအတွက် သိပ်ပြီး စိတ်မပူပါနဲ့၊ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက်က နားလည်ပေးနိုင်တဲ့အနေအထားရောက်အောင် ဆွေးဆွေးနွေးနွေး စကားပြောကြမယ်ဆိုရင် သိပ်ကောင်းသွားမှာပဲလို့ ကျွန်တော် ယူဆထားတယ်ဗျာ"

"ကောင်းပါတယ် - ပြောပါဗျာ။ ကျွန်တော် ဂရုစိုက်ပြီး နားထောင်ဆွေးနွေးပါ့မယ်၊ ကျွန်တော့်သားအတွက်လည်း တတ်နိုင်သမျှ အကူအညီပေးပါနော်"

"စိတ်သာချပါ - ဦးလှူ၊ ဘာမှ မဖြစ်စေရဘူးလို့ ကျွန်တော် ကတိပေးပါတယ်၊ စိတ်ရှည်ရှည်တော့ နားထောင်ပေးပါဗျာ၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ သဘင်သည်တွေနဲ့ ကျွန်တော့်ဘဝကို နားလည်ပြီဆိုမှ ကျွန်တော်ပြောတဲ့စကားကို ဦးလှူအနေနဲ့ လက်ခံနိုင်မှာမို့ပါ၊ အပိုစကားတွေ ပြောတာကို ကျွန်တော်လည်း မနှစ်သက်ပါဘူး။ ကျွန်တော်တို့ သဘင်သည်လောကဆိုတာ ကိုယ့်ရဲ့ဆိုင်ရာပိုင်ရာ လုပ်နည်းလုပ်ထုံးတွေနဲ့ ရပ်တည်ကြရတာပါ၊ ရုပ်သေးသဘင်ဆိုတာမျိုးက ကြိုးနဲ့ဆွဲပြီး က,ကြရတဲ့ အရုပ်



ဆိုပေမယ့် တချို့နေရာမှာတွေမှာကျတော့ လူတွေက က,ပြကြရတဲ့ ဇာတ်သဘင်တွေထက် စည်းကမ်းတို့၊ လမိုင်းတို့ဆိုတာတွေက ပိုပြီးများနေသေးတယ်။ ဦးလှူက လမိုင်းတို့ ဆိုင်ရာပိုင်ရာတို့ ဆိုတာတွေကို လက်ခံယုံကြည်ပါသလား၊ ဒီလို မေးလိုက်လို့ စိတ်တော့မရှိပါနဲ့နော်၊ ဦးလှူရဲ့အဖြေအပေါ်မှာ မူတည်ပြီးမှ စကားဆက်သင့် မဆက်သင့် စဉ်းစားရမှာမို့ပါ"

"ယုံပါတယ်ဗျာ၊ ကျွန်တော်တို့ မြင်းလောကမှာလည်း အဲသည်လိုမျိုးတွေ ရှိကြတာပါပဲ၊ ကျွန်တော်ကိုယ်တိုင် မြင်းနဲ့ပတ်သက်ပြီး ဆိုင်ရာပိုင်ရာတို့ လမိုင်းတို့ဆိုတာမျိုးတွေကို အံ့မခန်းလောက်အောင်ပဲ တွေ့ကြုံခဲ့ရဖူးပါတယ်၊ အဲဒါတွေကို လုံးဝယုံကြည်ပါတယ်ဗျာ"

"ကောင်းလိုက်တာဗျာ - ဒီလိုဆိုရင်တော့ ရှေ့ဆက်ပြီး ဆွေးနွေးရမှာ အဆင်ပြေပြီဗျို့၊ ခင်ဗျားကမှ အယုံအကြည်မရှိဘူးဆိုရင် နုတ်ဆက်ပြီးပြန်ဖို့ စဉ်းစားထားတာ ဒီလိုဆိုတော့ ဆက်ပြောလို့ ရပြီပေါ့၊ ရုပ်သေးဘဘင်တို့ ဦးစီးကြရတဲ့သူတွေက ပါဠိစာပေမှာ အနည်းဆုံး သဒ္ဒါ၊ သင်္ဂြိုဟ်၊ ငါးရာငါးဆယ် ဇာတ်ကြီးဆယ်ဘွဲ့ဆိုတာတွေကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းထားကြရတယ်၊ ကြွားရင်လို့ မဟုတ်ဘူးနော်၊ သတ်မှတ်ချက်ရှိနေတာကို ပြောနေတာပါ။ ကျွန်တော့်ညီ ဖုန်းမိုလေးဆိုရင် တစ်ဝက်တစ်ပျက်လောက်ပဲရလို့ သဘင်အလုပ်ကို ဝါသနာပါပေမယ့် လက်သမားအလုပ်နဲ့ပဲ အသက် မွေးနေရရှာတယ်၊ ဘာလို့ အဲ့ဒါတွေကို ကျွမ်းကျင်ဖို့ လိုရသလဲဆိုရင် နောင်လာနောက်သားတွေအတွက် မွေ့လျော်ရာယ်မဖြစ်အောင် ကောင်းမွန်တဲ့စိတ်ထားတွေ ဖြစ်ပေါ်လာအောင် အကျင့်ကောင်း၊ အပြုအမူကောင်းတွေဖြစ် ပေါ်လာအောင် မျိုးစေ့ချထားပေးနိုင်ခဲ့တဲ့ သဘင်ပညာရှင်တွေ ဖြစ်လာဖို့အတွက်ပါပဲ"

ဦးဖုန်းမိုကြီးက ပြောလက်စ စကားကိုရပ်ပြီး ငါးရုံ့ခြောက်ဖုတ်တစ်မြှောင်းကိုယူ၍ဝါးလိုက်၏။ ၎င်းနောက် ရေနွေးကြမ်းတစ်ခွက်ကိုသောက်ရင်း ခေတ္တအနားယူလိုက်၏။ ဦးလှူကတော့ ဦးဖုန်းမိုကြီးပြောသမျှကို သေချာစွာ စဉ်းစားပြီးနောက် ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံချက်ပေးနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ဩော် - ဒါကြောင့် မှတ်သားစရာတွေပါနေတာကိုး၊ ကျွန်တော်လည်း အဲသည်လိုမှတ်သားစရာတွေပါနေလို့ ရုပ်သေးပွဲကို ပိုပြီးကြိုက်နေတာဗျ။ ဒီလိုဆို လူတွေကပြတဲ့ ဇာတ်ပွဲတွေမှာရော အဲဒီလို တတ်မြောက်ဖို့လို သလား"



လမိုင်းဝင်သွားပြီဆိုရင် သက်ဆိုင်ရာ
က,ကြိုးရုပ်တွေက–ဝန်ကြီးရုပ်၊ ဘုရင်ရုပ်၊
မင်းသမီးရုပ်၊ ဇာတ်တစ်ဆင်စာအတွက်
လိပ်ပြာသွင်းတဲ့အရုပ်တွေကပေါ့ဗျာ။
ဇာတ်ဦးစီးကို အိပ်မက်ပေးကြတယ်ဗျ။
အဲဒါဆိုရင်အောင်မြင်တာပဲ။
အဲဒီအထဲမှာ မပါတဲ့အရုပ်ကတော့ လမိုင်းမအောင်ဘူး။
အဲဒီအရုပ်အတွက် ပေးထားတဲ့ ကန်တော့ပွဲက ငှက်ပျောသီးဆိုရင်
မှည့်မလာတော့ဘူး။ အစိမ်းလိုက်ဖြစ်နေတာကနေ မည်းသွားတော့တယ်။

"တချို့ကတော့ တတ်မြောက်ကြပါတယ်၊ အားနည်းတဲ့သူတွေကတော့ တတ်မြောက်တဲ့ လူတွေကို ခေါ်ထားကြရတာပေါ့၊ ဒါက - ဒီလိုပါ၊ ငါးရာ ငါးဆယ်ထဲကပဲဖြစ်ဖြစ်၊ ဇာတ်ကြီးဆယ်ဘွဲ့ထဲကပဲဖြစ်ဖြစ် က.ပြကြတဲ့ အခါမှာ သူ့စည်းကမ်းတွေနဲ့သူ ရှိကြသလို အသုံးတော်ခံရတဲ့ က.ကြိုးရုပ် တွေမှာလည်း သူ့စည်းကမ်းနဲ့သူ ရှိကြရတာပါပဲ။ အဲဒီလို သူ့နေရာနဲ့သူ



အသုံးပြုနိုင်ဖို့အတွက် က,ကြိုးရုပ်တွေကို စတင်ထုလုပ်တဲ့အခါမှာကတည်း က ဆိုင်ရာပိုင်ရာ လမိုင်းပွဲတွေပေးကြရပြီး ဇာတ်တစ်ဆင်စာ လိပ်ပြာသွင်းပွဲ တွေ ပြုလုပ်ကြရပါတယ်။ အဲဒီ လိပ်ပြာသွင်းပွဲမှာ တချို့ဆိုရင် မကျေနပ်ကြ လို့ နှစ်ခါပြန်ပွဲပေးပြီး တောင်းပန်မှ အောင်မြင်ရတာမျိုးလည်း ရှိတတ်ပါ တယ်"

"သိပ်မလွယ်ပါလား ဦးဖုန်းမိုကြီးရယ် - ခုမှပဲ သိရတော့တယ်၊ တော် တော်စိတ်ဝင်စားစရာ ကောင်းတာပဲ၊ ဒါနဲ့ အောင်မြင်တယ်ဆိုတာက ဘယ် လိုမျိုးလဲ - ဦးဖုန်းမိုကြီး"

"လမိုင်းဝင်သွားပြီဆိုရင် သက်ဆိုင်ရာ က,ကြိုးရုပ်တွေက - ဝန်ကြီးရုပ်၊ ဘုရင်ရုပ်၊ မင်းသမီးရုပ်၊ ဇာတ်တစ်ဆင်စာအတွက် လိပ်ပြာသွင်းတဲ့ အရုပ် တွေကပေါ့ဗျာ၊ ဇာတ်ဦးစီးကို အိပ်မက်ပေးကြတယ်ဗျ၊ အဲဒါဆိုရင် အောင် မြင်တာပဲ၊ အဲဒီအထဲမှာ မပါတဲ့အရုပ်ကတော့ လမိုင်းမအောင်ဘူး၊ အဲဒီ အရုပ်အတွက် ပေးထားတဲ့ကန်တော့ပွဲက ငှက်ပျောသီးဆိုရင် မှည့်မလာ တော့ဘူး၊ အစိမ်းလိုက်ဖြစ်နေတာကနေ မည်းသွားတော့တယ်၊ အဲဒီလို ဖြစ်ပြီဆိုရင် နောက်ထပ်ပွဲတစ်ပွဲအသစ်ပြင်ပြီး လိပ်ပြာထပ်သွင်းရပြန်တယ်၊ အဲဒီအချိန်ကျရင်တော့ လာတော့တာပါပဲ၊ သူတို့မကြိုက်တာတွေနဲ့ သူတို့ ဖြစ်စေချင်တာတွေကို ပြောသွားတော့တာပဲလေ၊ အဲဒါဆိုရင် ဇာတ်တစ် ဆင်စာလုံး လမိုင်းအောင်တော့တာပဲ၊ အဲဒီလိုအောင်မှလည်း ဇာတ်ကစွင့် ရတာဗျ၊ သူတို့က ယောက်ျားအရုပ်ဆိုရင် သားလို့ခေါ်မှ ကြိုက်တယ်၊ မိန်းမ အရုပ်ဆိုရင်လည်း သမီးလို့ခေါ်မှ ကြိုက်ကြတယ်၊ သူတို့ မကြိုက်ပြန်ရင် လည်း ဇာတ်က.တဲ့အခါမှာ အဆင်မပြေတာတွေကို တွေ့ရတယ်"

"အင်း - တော်တော်စည်းကမ်းများသားပဲနော်၊ အော် - ဒါနဲ့ - ဦးဖုန်းမို ကြီးရဲ့ရုပ်သေးပွဲထဲမှာ လိပ်ပြာနှစ်ခါ သွင်းရတာမျိုး ရှိသလား"

"ရှိတာပေါ့ဗျာ - သားတစ်ယောက်နဲ့သမီးတစ်ယောက်ရှိတယ်၊ ဦးလှကြာ ကိတ္တိမသားတစ်ယောက်တည်းပါ၊ ကျွန်တော့်မှာက ကိတ္တိမသားတွေရော၊ သမီးတွေပါ ရှိနေတယ်လေ၊ အဲဒီအချက်က ခင်ဗျားနဲ့ကျွန်တော် အပြန်



www.burmeseclassic.com

www.burmeseclassic.com

အလုန်ကိုယ်ချင်းစာနိုင်တဲ့အချက်ပဲ၊ ကျွန်တော်က ကျွန်တော့်အရုပ်ကလေးတွေကို သားလို၊ သမီးလို ချစ်တာဗျ"

"ကျွန်တော်မှ ခံစားရသလားမှတ်တယ် ဦးဖုန်းမိုကြီးလည်း တတယ် ခံစားရတာပဲကို"

"အခုလို ကိုယ်ချင်းစာပေးတာကို လေးစားပါတယ် ဦးလူ၊ ကျွန်တော်က.ကြိုးရုပ်တွေထဲမှာ ခင်ပျားသား ရိုက်ချိုးသွားတဲ့ ရုပ်ဆိုးမရယ်၊ အနီရောင်ဝတ်စုံနဲ့ ဝန်ကြီးရုပ်ရယ် သူတို့က လိပ်ပြာနှစ်ခါသွင်းထားရတဲ့ သားသမီးတွေပေါ့"

"ဩော် - သိပြီ၊ ဟို - ဘာတဲ့ - အဲ - ကုန်းချောကောင်းတဲ့ ပိသုနဆိုတဲ့ ဝန်ကြီးရုပ်လား"

"ဟုတ်တယ်ဗျ၊ ဦးလူက မှတ်ဉာဏ်ကောင်းသားပဲ၊ အဲဒီသားက ဘုရင်တို့၊ မိဖုရားတို့ သူ့ထက်အာဏာကြီးတဲ့သူတွေကို ကုန်းချောစကားပြောဖို့နဲ့ သူမကြိုက်တဲ့သူတွေကို ဒုက္ခရောက်အောင် ချောက်တွန်းတဲ့အလုပ်ကို လုပ်ရတဲ့ လမိုင်းသွင်းထားတာ၊ ရုပ်ဆိုးမကတော့ နှိပ်စက်ရတဲ့အလုပ်အတွက် လမိုင်းသွင်းထားတဲ့ သမီးပဲ"

"ဩော် - ဒီလိုကိုး၊ လုပ်ထားကြရတာပါလား"

"ကျွန်တော် ရုပ်သေးစင်တည်ထောင်မယ်လို့ ရည်ရွယ်ပြီး ဇာတ်စင်တစ်စင်စာအတွက် က.ကြိုးရုပ်တွေ ထုလုပ်ဖို့ ယမနေသားကို ရွေးခဲ့တယ်၊ အဲဒီသစ်သားက တာရှည်လည်း နိုင်ခံ့တယ်၊ ပေါ့လည်း ပေါ့ပါးတယ်၊ အရုပ်ကြိုးဆွဲတဲ့အခါမှာလည်း သက်သောင့်သက်သာရှိတယ်ပေါ့ဗျာ၊ အဲဒါနဲ့ စိတ်ကြိုက် ယမနေပင်တစ်ပင်ကိုရှာပြီး ပိုင်ရှင်ဆီကနေ ဝယ်လိုက်တယ်၊ အဲဒီသစ်ပင်ကို ကန်တော့ပွဲသုံးပွဲပေးပြီး လှဲခဲ့တယ်၊ ဇာတ်တစ်ဆင်စာအတွက် လိုအပ်တဲ့ က.ကြိုးရုပ်တွေ ထုလုပ်ဖို့ လက်ရာကောင်းတဲ့ ပန်းပုဆရာဆီမှာ အပ်ရတယ်ပေါ့ဗျာ၊

လိုအပ်သလောက် က.ကြိုးရုပ်တွေ ပြည့်စုံသွားတဲ့အခါမှာ အရုပ်တွေကို သက်ဆိုင်တဲ့ က.ကွက်အလိုက် ကြိုးတွေတပ်ပေးရပြန်တယ်၊ ပြီးပြီဆိုတော့မှ က.ကြိုးရုပ်ရှိသလောက်ကို ပွဲတွေပေးပြီး ဆိုင်ရာပိုင်ရာ လမိုင်းတွေကို ပင့်ဖိတ်ရတယ်၊ နောက်ပြီး လိပ်ပြာသွင်းပွဲ၊ လိပ်ပြာအပ်နှံပွဲကို တတ်ကျွမ်းနားလည်တဲ့သူကိုခေါ်ပြီး လိပ်ပြာသိပ်ပေးရပြန်တယ်၊ အဲဒါတွေပြီးပြန်တော့ ကျွန်တော်က "ကျွန်တော် ဇာတ်ဦးစီးဖြစ်ပါတယ်၊ လိုအပ်တာရှိရင် မကျေနပ်တာရှိရင် မိန့်ကြားနိုင်ပါတယ်" လို့ ပြောပေးရတယ်၊

အဲဒီနေ့ည အိပ်မက်ထဲမှာ က.ကြိုးရုပ်တွေအကုန်လုံး မျက်စိထဲမှာ ပေါ်လာပေမယ့် "ပိသုန" နဲ့ "ရုပ်ဆိုးမ" တို့ ပေါ်မလာကြဘူး၊ သူတို့အတွက် ပေးထားတဲ့ ကန်တော့ပွဲတွေက ငှက်ပျောသီးတွေကလည်း စိမ်းခံနေတယ်၊ သုံးရက်လောက်မှာပဲ မည်းခြောက်သွားတာနဲ့ နောက်ထပ်ကန်တော့ပွဲအသစ်လဲပြီး လိပ်ပြာပြန်သွင်းရတယ်"

ဦးဖုန်းမိုကြီးသည် စကားများများပြောလိုက်ရသဖြင့် ခေတ္တရပ်နားပြီး ရေနွေးကြမ်းနှင့် အမြည်းကိုစားသောက်ရင်း အနားယူလိုက်ပါသည်၊ ဦးလူကလည်း အလိုက်သိစွာဖြင့် ဘာကိုမျှ မမေးတော့ပဲ သူပါစားသောက်ရင်း စောင့်နေလိုက်ပါသည်၊ အတန်ကြာသွားပြီးနောက်မှ ဦးလူက သူသိချင်တာကို မေးလိုက်ပါသည်၊

"နောက်ထပ် - လိပ်ပြာသွင်းလိုက်တော့ သူတို့ ရောက်လာကြလား"

"လာရတာပေါ့ဗျာ - သူတို့တစ်တွေက လမိုင်းကို လွန်ဆန်လို့မရဘူးဗျ၊ လိပ်ပြာကို နှစ်ခါသိပ်ရပြီဆိုရင်လည်း ထူးခြားတာတစ်မျိုးတော့ ရှိစမြဲပဲ၊ ပွဲလဲပြီး နောက်နေ့မှာပဲ သူတို့ပွဲတွေက ငှက်ပျောသီးတွေ ဝင်းလာတယ်၊ အဲဒီညမှာပဲ အိပ်မက်ပေးတာပဲ"

"အိပ်မက်ထဲမှာ ဘယ်လိုထူးခြားတာတွေ ပေးသွားသလဲ"

"တော်တော့ကို ဆန်းကြယ်တာဗျ၊ အဲဒီက.ကြိုးရုပ်နှစ်ခုက သူတို့ကို အဲဒီနေရာမှာ ထားပြီး လမိုင်းသွင်းပေးတာကို မကြိုက်ဘူးတဲ့ဗျာ၊ ကျွန်တော်တလည်း နောင်လာနောက်သားများ အကျိုးရှိဖို့အတွက် ဘုရားရဲ့ဒေသနာတော်တွေကို က.ပြရမှာမို့ သာသနာပြုတဲ့အနေနဲ့ အကူအညီပေးကြပါဆိုတော့မှ သူတို့က လက်ခံကြတာ၊ ဒါပေမဲ့ - အချိန်ကာလ တစ်ခုအထိပဲ နေပေးလို့ရမယ်လို့ ပြောပြန်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဦးဖုန်းမိုကြီးတို့ သဘင်သည်အလုပ်က တယ်မလွယ်လှပါလား"

"ဒါနဲ့ - ကျွန်တော်က အမြဲနေပေးစေချင်ပါတယ်လို့ တောင်းဆိုတော့ သူတို့က လက်မခံဘူး"

"တော်တော်ဆန်းကြယ်ပါလား"

"အဲဒါ - ဟုတ်တယ်ဗျ၊ သူတို့ အမြဲနေမရတဲ့ကိစ္စကို ပြောသွားတယ်၊ သူတို့ကို ထုလုပ်ခဲ့တဲ့ ယမနေပင်ကြီးအောက်မှာ တစ်ခါက ရဟန်းတစ်ပါး အချိန်ကာလကြာမြင့်သည်အထိ တရားအားထုတ်သွားဖူးသတဲ့၊ အဲဒီအပင်ကို မှီခိုနေကြရတဲ့ ဝေနေယျတွေဟာ အဲဒီရဟန်းရောက်လာတဲ့အချိန်ကစပြီး တဖြည်းဖြည်းနဲ့ ယဉ်ကျေးသိမ်မွေ့လာကြတယ်၊ သူတော်ကောင်းဓာတ်တွေ ပြောင်းကုန်ကြသတဲ့၊ နေ့တိုင်း မေတ္တာပို့အမျှဝေပေးနေတဲ့အတွက် အစုလိုက် ဓာတ်တွေပြောင်းကုန်ကြရတာဆိုပဲ၊ အဲဒီရဟန်းလည်း ရဟန္တာဖြစ်သွားတယ်၊ သူတို့နှစ်ယောက်လုံးက နောက်ဆုံး ဘာပြောသလဲဆိုရင် ဓာတ်မမှန်ရင် နတ်မခံနိုင်ဘူးတဲ့၊ ကန်တော့ပွဲကြောင့်သာ သူတို့ နေပေးရတာဆိုပြီး ပြန်သွားကြတော့တာပါပဲ၊ ကျွန်တော် ရုပ်သေးကလာတဲ့ တစ်လျှောက်လုံးမှာ သူတို့မှာ လိုအပ်တာရှိတဲ့အခါမျိုးဆိုရင် အိပ်မက်ပေးပြီး လာ.လာပြောသဗျ၊ အခုဆိုရင် ရုပ်ဆိုးမ လာပြောနေလို့ ခင်ဗျား လိပ်စာကို စုံစမ်းပြီး ရောက်အောင်လာခဲ့ရတာပဲ ဦးလှ"

မှန်ပေသည်၊ ဦးဖုန်းမိုကြီးသည် ဦးလှ၏အကြောင်းစုံကို ဦးဘသစ်ထံမှ စုံစမ်းခဲ့ပြီးဖြစ်၏၊ မောင်သိုက်ဖွားသည် ဦးလှ၏ ကိတ္တိမသားဖြစ်သည်ကို သိရှိပြီးဖြစ်၍သာလျှင် ဦးလှ၏ နလုံးသားအား ဆုပ်ကိုင်နိုင်စွမ်းရှိသော စကားလုံးများကို သိမ်မွေ့လှပစွာ ပြောနိုင်ခဲ့ခြင်းဖြစ်၏၊ ဦးလှကလည်း သူပြောလိုသောစကားကို ပြောချင်ပြီဖြစ်၍...

"ကျွန်တော့် သားနဲ့ပတ်သက်ပြီး ဘယ်လိုနားလည်ရမလဲ ဦးဖုန်းမိုကြီး"

"နားလည်တော့မှာပါဗျာ၊ နည်းနည်းလောက် သည်းခံလိုက်ပါဦး၊ ကျွန်တော့်သမီးတော်တော့်ကို စိတ်ဆိုးပြီး ရောက်လာတယ်ဗျ၊ နေ့ခင်းဘက် ခဏလေးမှေးမိတာတောင် ရောက်ရောက်လာတာ၊ သုံးခေါက်ရှိပြီ သူ့ဘက်ကကြည့်မယ်ဆိုရင် မှန်ပါတယ်၊ သူတို့တစ်တွေက သူတော်စင် သူတော်ကောင်းဓာတ်တွေ ကိန်းနေတဲ့သစ်ပင်က လာကြရတာဆိုတော့ စိတ်မမှန်ရင် ပြန်လို့မရဘူးလေ၊ သူတော်ကောင်းတရားဆိုတာမျိုးက စိတ်မမှန်ရင် ဓာတ်တည့်တာမှ မဟုတ်ဘဲ ဦးလှ ဒီနားတစ်ဝိုက်မှာ ပဒိုင်း ခတ္တာပင်တွေ ရှိတယ်လို့ သမီးက ပြောတယ်၊ နီးနီးနားနားမှာ ရှိသလား"

"သုံးထပ်ဆင့်ပြီး ပွင့်တဲ့ ပဒိုင်းပင်တွေကို ပြောတာလား၊ ပေါပါတယ်ဗျာ၊ ဒီနားမှာပဲ ရှိပါတယ်၊ ဟိုမှာလေ - လိုသလောက် တူးပေးလိုက်ပါ့မယ်"

ဦးလှသည် လမ်းမျှသာခြားနေသော အမှိုက်ပုံကြီးအား လက်ညှိုးထိုး၍ ပြလိုက်၏၊ ပဒိုင်းပင်များပြည့်သိပ်အောင် ဖေါက်နေသော အမှိုက်ပုံကြီးကို နောက်ကျောပေး၍ ထိုင်နေသော ဦးဖုန်းမိုကြီးသည် နောက်ပြန်လှည့်ကြည့်လိုက်ပြီးနောက်...

"ဒါကိုပြောတာကိုး - ဒါဆိုရင် ခင်ဗျားသားလည်း လုံးဝကောင်းသွားပြီပဲ"

မည်သို့မျှ ဆက်စပ်၍မရသော အတွေးစများဖြင့် ဦးလှက...

"ခင်ဗျာ - ကျွန်တော့်သား နေကောင်းသွားပြီမဟုတ်လား၊ ဦးဖုန်းမိုကြီး ဒီတစ်ခါတော့ ကျွန်တော် ဘယ်လိုမှ နားလည်လို့မရတော့ဘူး"

"ဟန်လိုက်လေဗျာ၊ လာ - ဦးလှ၊ ကျွန်တော်တို့ အဲဒီကို သွားကြရအောင်၊ အမှိုက်ပုံရဲ့အလယ်မှာ နွမ်းနေတဲ့ ပဒိုင်းပင်တစ်ပင်ရှိတယ်လို့ ပြောသွားတယ်၊ အဲဒီအပင်ကို ရှာတွေ့ရင် ခင်ဗျားနဲ့ ကျွန်တော့်ကိစ္စ တစ်ခါတည်း ပြီးသွားပြီဗျ"

ဘာမသိ၊ ဘာမသိ ဆိုရပေမည်၊ ဦးလှသည်ပင် ကြောင်စီစီဖြစ်သွား၏၊ ထိုအချက်ကို နားလည်ထားသော ဦးဖုန်းမိုကြီးက...

"ကဲ - ထဗျာ၊ သွားရအောင် သူ့ရဲ့ခြေထောက်ကို အဲဒီပဒိုင်းပင်အောက်မှာ မြှုပ်ထားတာတဲ့၊ နောက်မှ ရှင်းပြမယ်ဗျာ၊ အဲဒါဖော်ပြီးရင် အားလုံး ကောင်းပြီ၊ လာ - သွားစို့"





www.burmeseclassic.com

www.burmeseclassic.com

ဦးဖုန်းမိုကြီးသည် အံ့အားသင့်နေသော ဦးလူ၏လက်ကို ဆွဲခေါ်၍ အမှိုက်ပုံဆီသို့ သွားတော့၏။ အမှိုက်ပုံ၏ အလယ်တွင် ညှိုးနွမ်းနေသော ပဒိုင်းပင်အားတွေ့ရ၏။ ထိုအမှိုက်ပုံကြီးသည် တောင်သို့သွားသော လမ်းမကြီးနှင့်အနောက်သို့ ကွေ့၍သွားသော လမ်းမကြီးတို့၏ လမ်းဆုံတွင်ရှိ၏။ ကွေ့သွားသောလမ်းခြားလျက် အဘမြင်းဖြူရှင် နတ်ကွန်းတည်ရှိ၏။ ထိုနတ်ကွန်းကို ကြည့်လျက် ဦးဖုန်းမိုကြီးက...

"အင်း...ဒါလည်း...ဟုတ်နေပြန်တာပဲ"

ဦးလူအား နှုတ်ဆိတ်နေတော့၏။ နွမ်းနေသော ပဒိုင်းပင်ကို နတ်လိုက်ရုံမျှဖြင့် ရုပ်ဆိုးမ၏ ခြေဖနောင့်လေးပေါ်လာသည်ကို တွေ့ရ၏။ ဦးဖုန်းမိုကြီးသည် မြေကြီးများကို အနည်းငယ် ယက်လိုက်ရုံမျှဖြင့် ခြေထောက်တစ်ချောင်းလုံး ပေါ်လာ၏။ ဦးဖုန်းမိုကြီးသည် ထိုခြေထောက်ကို ကိုင်မြှောက်၍ မြင်းဖြူရှင်နတ်ကွန်းဘက်သို့ လှည့်ကြည့်ပြီး...

"မြင်းဖြူရှင်နတ်မင်းခင်ဗျာ - အခုလို အကူအညီပေးတာကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် မောင်ဖုန်းမိုကြီး ဇလီနတ်စာ ဒါနပြုပေးပါမယ်လို့ ကတိပေးပါတယ်"

ဦးဖုန်းမိုကြီး ရှင်းပြမှသာ နားလည်နိုင်တော့မည်ကို သဘောပေါက်ထားတော့သဖြင့် ဦးလူသည် ဘာကိုမှမမေးတော့ပေ။ သူတို့သည် ဝါးကွပ်ပျစ်ပေါ်တွင် ပြန်ထိုင်ကြပြီး ရေနွေးကြမ်းနှင့် အမြည်းများကို စားသောက်နေကြတော့၏။ စကားပြောရျိန် များသွားကြ၍ ဆာနေကြပြီ။ အမြည်းပန်းကန်တွင် တစ်ဝက်ခန့် မျှသာ ကျန်တော့၏။ ရေနွေးအိုးပင် ကုန်ခါနီးဖြစ်သွား၏။ ရုပ်ဆိုးမ၏ ခြေထောက်ကတော့ ဦးဖုန်းမိုကြီး၏ ဘေးနားတွင် ရှိနေ၏။ ဦးဖုန်းမိုကြီးကပင် ပြုံးရွှင်စွာဖြင့် စကားစ၏။

"ဦးလူ - သိချင်ရောမယ် ပြောမယ်ဗျာ။ ရုပ်ဆိုးမက ရှုးချင်သလိုလိုဖြစ်နေလို့ စိတ်ကောင်းဝင်နေတုန်းမှာ ကျွန်တော့်ဆီရောက်အောင် ဖွတ်လာရတာဗျ။ သူ့ရဲ့သန္ဓေဓာတ်က ရှုးသွားလို့မဖြစ်ဘူးလေ။ တရားအားထုတ်ကြ ရဦးမှာ မဟုတ်လား။ သူ့ရဲ့စိတ်က ဒေါသများနေတော့ ခင်ဗျားသားဆီသွားပြီး နှိပ်စက်မိတာပေါ့ဗျာ။ ဒါကလည်း သူ့ရဲ့လမိုင်းကြောင့် ဖြစ်ရတာပါ။ ခင်ဗျားသားကို နှိပ်စက်ဖို့သွားရင်း လမ်းမှာပေါ့ မြင်းဖြူရှင်နတ်က အဲဒီကလေးဆီကို ထပ်ပြီးမသွားပါနဲ့။ သူ့အဖေက လတိုင်း လတိုင်း ငါ့ကို ဂရုစိုက်တယ်။ နင့်ရဲ့ခြေထောက်ကိုအမှိုက်ပုံပေါ်ကနွမ်းနေတဲ့ပဒိုင်းပင်အောက်မှာမြှုပ်ထားတယ်။ ပြန်ပြီးယူလိုက် ကလေးကို ဘာမှထပ်မလုပ်နဲ့တော့လို့ပြောခဲ့တာဗျ။ ကဲ - ဒါဆို ဦးလူအားလုံးကို သဘောပေါက်လောက်ပါပြီ။ ဦးလူက မြင်းဖြူရှင်နတ်ကွန်းကို ဘာတွေများ ပေးလှူထားတယ် မသိဘူး"

"အံ့သြတယ်ဗျာ၊ ကျွန်တော် - လစဉ်လတိုင်း ပန်းရယ်၊ အမွှေးတိုင်ရယ်၊ တစ်ခါတရံ မုန့်ဖြူ မုန့်နီနဲ့ လက်ဖက်ထုပ်ရယ်ပေါ့ဗျာ။ မြင်းဖြူရှင်ကို ဒါနပြုနေကျဗျ။ ဒါတွေကိုတောင် ပါလာသေးတယ်ဆိုတော့ ကျွန်တော်ဖြင့် မြင်းဖြူရှင်ကို ပိုယုံသွားပြီဗျာ"

"အလို - ဦးလူမှာလည်း ဘာသာရေးစိတ်ဓာတ် ရှိနေပါလား။ ဘာတဲ့ - ဒါနပေးတယ်လို့ ပြောတာကိုက လမ်းမှန်ပဲ။ မိစ္ဆာဒေဝပဲဖြစ်ဖြစ် သမ္မာဒေဝပဲဖြစ်ဖြစ် တညီတညွတ်တည်း နှစ်သက်ကြတာက မေတ္တာပို့တာတို့၊ အမျှဝေတာတို့ သူတို့အတွက် ရည်စူးပြီး စားကောင်းသောက်ဖွယ်၊ အမွှေးနံ့သာ၊ အဝတ်တန်ဆာ သက်ဆိုင်ရာတွေပေါ့ဗျာ။ ဒါနပြုပေးတာတို့ကိုသာ နှစ်သက်မြတ်နိုးကြတာဗျ။ အဲဒါမှလည်း ရှေးစကားအတိုင်း "လူလိုမှ - နတ်လို" ဖြစ်တာဗျ။ သူတို့ကို ရှိခိုးပါတယ်၊ ပူဇော်ပါတယ်ဆိုရင် ကြိုက်ချင်မှ ကြိုက်တာ။ ယုတ်ညံ့နေတဲ့လူတွေဆိုရင်တော့ သူတို့အတွက် ဘာမှမဖြစ်ပေမယ့် သရဏဂုံတည်နေတဲ့လူ၊ ဘုန်းကံကြီးမားနေတဲ့လူတွေသာ အဲဒီလို ပြောမိလုပ်မိမယ်ဆိုရင် သူတို့မှာမှာ ပူလောင်ကြရတယ်ဆိုပဲ။ အဲဒီလို သူတို့ကို ပူလောင်အောင်လုပ်မိသလို ဖြစ်ခဲ့ရင် အဲဒီလူကို ဒုက္ခရောက်အောင် ပြန်လုပ်တတ်ကြတယ်၊ ဒါဟာ "လူမလိုလို့ - နတ်မလို" ဖြစ်ကြရတာပဲလေ။ ခင်ဗျားမှာ ဆရာကောင်းရှိပုံပေါ်တယ်"





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ ကိုးကွယ်တာက ခင်ကြီးဒွေးဆရာတော် ဦးကုမာရပါ"

(စကားချပ်။ ။ ဦးကုမာရမှာ ထိုစဉ်အခါက မထင်ရှားသေးပေ။ နောင်တွင် မြန်မာနိုင်ငံ သံဃာ့နာယက ဥက္ကဋ္ဌ ဆရာတော်ဖြစ်ခဲ့၏။ မကွေးဆရာတော်ဟု ထင်ရှားလာ၏။ ယခု ကျမ်းစာကို ရေးသားနေချိန်တွင် ပျံလွန်တော်မူခဲ့သည်မှာ အတော်ပင် ကြာပြီဖြစ်၏)

"အဲဒီဆရာတော်က တော်တော်စကားနည်းတယ်လို့ ပြောသံကြားဖူးတယ်၊ ဦးလူ အခု ဆိုရင် ခင်ဗျားသား ဘာမှမဖြစ်တော့ဘူးဆိုတာကိုရော လက်ခံသွားပြီ မဟုတ်လား"

"လက်ခံပါတယ်ဗျာ၊ စိတ်မကောင်းဖြစ်မိတာက ဒီကောင် ကျွန်တော့်ကို လိမ်ပြောတာပဲ"

"ငယ်လွန်းပါသေးတယ်ဗျာ။ ဒီလောက်တော့ ရှိမှာပေါ့။ နောင် ပြင်ဖို့ အချိန်တွေအများကြီးရှိပါသေးတယ်၊ အင်း - ကျွန်တော့်သမီးကို ခြေထောက် ပြန်တပ်ပေးပြီးရုံနဲ့ မပြီးသေးဘူး။ ကန်တော့ပွဲတစ်ပွဲပေးပြီး ဆေးကုပေးရဦးမှာ"

"သူတို့ကိုလည်း ဆေးကုပေးရသေးတာပဲလား"

"ဦးလူကတော့ သိချင်မှသိမယ်လေ။ ကျွန်တော်တို့ သဘင်သည်ရှင်းဆိုရင်တော့ သိတာပေါ့။ ကျွန်တော့်သမီးအင်္ဂါမှာ ဒဏ်ရာ ရသွားတယ်။ အဲသည်လိုဖြစ်ရင် အသားစားပြန်ထိုးပေးရတယ်။ လမိုင်းသွင်းပြီးသား ဖြစ်နေတော့ အသစ်ထုလုပ်လို့လည်း မရဘူး"

"မသိလို့ပါ ဦးဖုန်းမိုကြီး၊ အဲဒီအရုပ် ... အဲ ... အဲဒီ က,ကြိုးရုပ်တွေမှာလည်းပဲ"

"ဟုတ်တယ် ဦးလူ ... ယောက်ျားရုပ်ဖြစ်စေ၊ မိန်းမရုပ်ဖြစ်စေ၊ သတ်ဆိုင်ရာအင်္ဂါတွေကိုပါဝင်စေရတယ်၊ ဒါမှလည်း ဇာတ်လမိုင်းက လက်ခံတာ။ မပါတဲ့ က,ကြိုးရုပ်ကို ဇာတ်စင်ပေါ်တင်ပြီး မက,ရဘူး။ အဲဒါ ရုပ်သေးသဘင်ရဲ့ သတ်မှတ်ထားတဲ့ စည်းတမ်းပဲ"



"အခုမှပဲ သိရတော့တယ်ဗျာ။ ကျယ်ပြန့်လှပါလား"

"သူ့ရဲ့ခြေထောက်ကို ဖော်လိုက်တာနဲ့ ပဒိုင်းပင်ကြောင့် ဝင်နေတဲ့ အရှုးဓာတ်တွေပျောက်သွားရင် ခင်ဗျားသားလည်း သူ့အလိုလို ကောင်းသွားမှာလို့ ပြောသွားတယ်"

"ဩော် - ဟုတ်မယ်ဗျ။ အရင်က ကျွန်တော်တို့ သင်္ချိုင်းရိရပ်ကွက်ထဲမှာ အောင်သန်းဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူက အရက်သောက်လွန်းပြီး ကြောင်တောင်တောင်ဖြစ်သွားတာ။ ဟိုသွားလိုက်၊ ဒီသွားလိုက်၊ တစ်ယောက်တည်းစကားတွေပြောလိုက်နဲ့ လုပ်နေတော့တာပဲ၊ ဒါပေမဲ့ - အရူးမှမဟုတ်ဘဲ သူ့ကိုပြောရင် အကောင်းအဆိုးကို နားလည်ပါတယ်၊ တစ်နေ့တော့ အဲဒီ အမှိုက်ပုံပေါ်က သုံးထပ်ပဒိုင်းသီးတွေကို စားနေတာတွေ့လို့ ကျွန်တော်က ဟေ့ကောင် - အောင်သန်း၊ အဲဒါတွေကို မစားကောင်းဘူးလို့ပြောလိုက်မှ အောက်ကိုလွှတ်ချပြီး ထွက်သွားတယ်၊ ဘယ်လောက်တောင် စားပစ်တယ် မသိပါဘူး။ နောက်နေ့ကျတော့ အဲဒီကောင် သွက်သွက်ခါအောင် ရူးနေတာ တွေ့ရတော့တာပဲ၊ ဘယ်လိုပြောပြော နားမလည်တော့ဘူး။ ပြောချင်တာပြော၊ လုပ်ချင်တာလုပ်ဖြစ်သွားတယ်၊ အဲ - တစ်လလောက် ရှိတော့ သူ့ခမျာ လမ်းဘေးမှာပဲ ဆုံးသွားရှာတယ်"

"ဘယ်လို အစားအစာပဲဖြစ်ဖြစ်ပါဗျာ၊ သင့်တင့်မျှတအောင် သုံးစားတတ်မယ်ဆိုရင် ဆေးဖြစ်ပြီး အလွန်အကျွံ သုံးစားမယ်ဆိုရင်တော့ ဘေးဖြစ်မယ်လို့ ဆိုတယ်မဟုတ်လား။ အဲဒီလူ အဲဒီပဒိုင်းသီးမျိုးကို တစ်လုံးထက်ပိုစားလို့ဖြစ်မယ်၊ အသက်ကယ်လျှာပွတ်ဆေးမယ်တွေထဲမှာ ခတ္တာ ပဒိုင်းသီးတင်မကဘူး ချက်ချင်းသေစေနိုင်တဲ့ မျှင်ဆိပ်ဆိုတာတောင် ပါသေးတာပဲ၊ သူ့အရှိုးအစားနဲ့သူ သင့်တင့်မျှတအောင် ဖော်စပ်လိုက်တော့ အသက်ကယ်ဆေးတောင် ဖြစ်သွားသေးတာပဲ၊ ကဲ - ဦးလူ - ကျွန်တော်တို့ စကားကောင်းနေလိုက်တာ အတော်တောင် ကြာသွားကြပြီ။ ကျွန်တော့်ကို အခုလို အချိန်ပေးတဲ့အတွက် ကျေးဇူးပါပဲ၊ သမီးအတွက် လုပ်စရာတွေရှိသေး



www.burmeseclassic.com

www.burmeseclassic.com

လို့ပြန်လိုက်ဦးမယ်နော်။ ပွဲသိမ်းတဲ့နေ့ကျရင်တော့ ကျွန်တော့်ဆီကို အလည်လာခဲ့ပါဦး။ နီးနီးလေးပဲ - ခင်ဗျားသားလည်း အကောင်းဖြစ်ပြီး ပြန်လာမှာပါ စိတ်သာချ"

"ယုံပါတယ်ဗျာ - ကျွန်တော်လည်း ပွဲသိမ်းတဲ့နေ့ကျရင် အလည်လာခဲ့ပါ့မယ်"

နှုတ်ဆက်ထွက်ခွာသွားသော ဦးဖုန်းမိုကြီး၏ နောက်ကျောပြင်ကို ငေးကြည့်နေရင်းမှ ဦးလှသည် အတွေးနယ်ချဲ့လိုက်၏။ သူ့သား ကောင်းမွန်သွားသည်ကိုတော့ သိရပေပြီ။ သို့သော် သူ့သား၏ အသိစိတ်ထဲဝယ် မည်သည့်အကြောင်းတရားကိုမှ သနွေမတည်စေရန် မည်သို့ပြုလုပ်ရမည်ကို စဉ်းစားခန်းထုတ်ရတော့၏။ ဆွမ်းစံဝင်ချိန် (နံနက် ၈ နာရီခန့်) လောက်တွင် မောင်သိုက်ဖွားတို့ သားအမိ ဘုန်းကြီးကျောင်းမှ ပြန်လာကြ၏။ ပြုံးပြုံးရွှင်ရွှင် ပြန်လာကြခြင်းဖြစ်၏၊ အိမ်အဝင်မှာပင် ဗျစ်တောက်ဗျစ်တောက် ဒေါ်သိန်းက...

"ဟော - ဖအေကြီးက အရုထိ မြင်းလှည်းမထွက်သေးဘူးပေါ့"

"ငါ့သား ပြန်အလာကို စောင့်နေတာကွ။ ဒီကောင် ဘာမှမဖြစ်ပါလား ဘာတဲ့လဲ"

"အံမယ်လေး အဖြစ်သည်းနေလိုက်တာ - ဘာပယောဂမှ မရှိပါဘူးတဲ့တော်၊ သွေးစမ်းကြည့်တော့လည်း သွေးအမှန်ပဲ၊ ဘာမှမဖြစ်ဘူး။ နင့်သားတို့ ပြန်သာခေါ်သွားလို့ ဘုန်းကြီးက မိန့်လိုက်တာပဲ"

"လှလေး - အဖေ့ဆီလာပါဦး၊ ဟို မိန်းမဆိုးကြီးကို ကြောက်သေးသလား"

"သား - မကြောက်တော့ပါဘူး၊ သား - အိပ်ပျော်နေတုန်း လာရင်တော့"

"တော် - မပြောနဲ့တော့ သားဆီကို အဲဒီမိန်းမဆိုးကြီး ဘယ်တော့မှမလာတော့ဘူးကွ"



"တကယ်ပြောတာလား - အဖေ"

"တကယ်ပေါ့ကွ၊ ငါ့သားကို လုပ်လို့ သူ့ကို အဖေသွားပြီး သတ်လိုက်ပြီ"

"သူ - သူ - သေသွားပြီလားဟင်"

"သေသွားပြီကွ၊ ငါ့သား - ဘာကိုမှ ကြောက်စရာမလိုတော့ဘူး။ ဟုတ်ပြီလား - သူမသေခင်လေးမှာ အဖေ့ကို ပြောသွားသေးတယ်"

"ဘာတွေ ပြောသွားတာလဲ - အဖေ"

"မင်းဖွက်ထားတဲ့ ပဒိုင်းပင်အောက်က သူ့ခြေထောက်ကိုဖော်ပြီး ဦးဖုန်းမိုကြီးကို သွားပေးလိုက်ပါလို့မှာသွားတယ်။ အဲဒါ - အဖေ သွားဖော်ပြီး ဦးဖုန်းမိုကြီးကို ပေးလိုက်ပြီ"

ထိုအခါ မောင်သိုက်ဖွား မျက်လုံးများ ပြူးကျယ်သွားပြီးနောက်...

"ဟင် - တကယ်လား"

ဦးလှကပြန်မဖြေမီပင်အမှိုက်ပုံဆီသို့တစ်ချိုးတည်း ပြေးတော့၏။ ဦးလှကတော့ သူ့သားအဖြစ်ကိုကြည့်၍ ပြုံးဖြီးဖြီး။ ဒေါ်သိန်းပင်လျှင် ဗျစ်တောက်ခြင်းမပြုတော့ပဲ အံ့အားသင့်နေ၏။

"တော်တို့ သားအဖ ဘာတွေပြောနေတာတုံး"

"မအေကြီး - အသာနေ"

ဦးလှကလက်ဝါးကာပြပြီး ဒေါ်သိန်းကို ဘာမှမပြောရန် တားမြစ်လိုက်၏။ သိပ်မကြာပါ။ မောင်သိုက်ဖွား အမှိုက်ပုံမှ အပြေးအလွှား ပြန်ရောက်လာပြီး...

"အမေ့ - အမေ့ - အဖေက တကယ်ပြောတာဗျ။ တကယ်ပြောတာဗျ ဒါမှ တို့အဖေ"

"ကဲ - လှလေး၊ ဒီနေ့ကစပြီး ငါ့သား ဘာကိုမှ ကြောက်စရာမလိုတော့ဘူး - ဟုတ်ရဲ့လား"

"ဟုတ်တယ် - ဟုတ်တယ်၊ သား ဘာကိုမှ မကြောက်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါမှ ငါ့သားကွ"

ဦးလူက မောင်သိုက်ဖွားကို လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်လိုက်ပြီး ကြွေးကြော်လိုက်၏။ ဒေါ်သိန်းကတော့ သူတို့သားအဖ ဖြစ်နေပုံကိုကြည့်၍ ဗျစ်တောက်အစား မျက်စောင်းထိုး၍ ကြည့်လိုက်ပြီး မီးဖိုချောင်သို့ ဝင်သွားတော့၏။ မောင်သိုက်ဖွား ဆော့ကစားနေသော အချိန်ကျမှ ဦးလူက ဒေါ်သိန်းကို အကြောင်းစုံရှင်းပြလိုက်ရ၏။ ဖုန်းမိုကြီး ရုပ်သေးပွဲ သိမ်းပြီး၍ နောက်နေ့ နံနက်ပိုင်းတွင် ဦးလူသည် ဦးဖုန်းမိုကြီးထံသို့ အလည်သွားသည်။ ဦးဖုန်းမိုကြီး က ဝမ်းမြောက်ဝမ်းသာဖြင့် ခရီးဦးကြိုပြုလျက် ...

"ဟော - ဦးလူပါလား၊ လာဗျာ - လာဗျာ၊ နေရာထိုင်ခင်းကတော့ သိမ်းတုန်း ဆည်းတုန်းဖြစ်နေလို့ သည်းခံပြီး ဇာတ်သေတ္တာပေါ်မှာပဲ ထိုင်ကြတာ ပေါ့၊ ဟော့ - ချစ်ထွန်း"

"ဟုတ်ကဲ့ - ဇာတ်ဆရာ"

"တကူးတကတွေ လုပ်မနေပါနဲ့ဗျာ။ ရင်းနှီးနေကြပြီပဲ ဒီနေ့ ပြန်ဖြစ်ကြ မှာလား"

"ညနေ ငါးနာရီလောက်ကို လှေသူကြီးက စုံမယ်ပြောတာပဲ"

"ဦးဖုန်းမိုကြီးရဲ့ သမီးကိစ္စ အားလုံးအဆင်ပြေသွားပြီလား။ ကျွန်တော့် သားကတော့ ပြေသွားပါပြီ"

"အဆင်ပြေသွားပါပြီ။ သမီးက ကတီတစ်ခုတောင်းသွားလို့ ကျွန် တော်လည်း သေသေချာချာ စဉ်းစားပြီးမှ သူတောင်းတဲ့ကတိကို လိုလိုလား လားပဲ ပေးလိုက်ပါတယ်"

"ဘယ်လို ကတိမျိုးလဲဗျာ"

"ထုံးစံအတိုင်း ပွဲပေးတဲ့နေ့က ရောက်လာတယ်၊ သုံးနှစ်ရှိရင် တကယ် နားမှာလားလို့ ထပ်ပြီးမေးတယ်။ ကျွန်တော်ကလည်း တကယ်နားတော့ မယ်လို့ပြောတော့ သူက မပြုံးစဘူး ပြုံးနေတယ်ဗျ။ ဒါနဲ့ပဲ - သမီးက ဘာလို့ ပြုံးရတာလဲလို့မေးတော့ သူက သိမ်းထားပါနဲ့ အဖေရယ်၊ သမီးတို့ တစ်ဖွဲ့လုံး



ရဲ့ကြိုးတွေကို အကုန်လုံးဖြတ်ပေးပါ။ ကြိုးတွေမရှိတော့မှ သမီးတို့ လွတ် လွတ်လပ်လပ်ပြန်လို့ရမှာ။ ဒါမှ မြင့်မြတ်တဲ့မြေကိုပြန်ပြီး မြင့်မြတ်တဲ့အလုပ် တွေကို လုပ်နိုင်မှာ အဖေ့အစီအစဉ်ကို ပြောင်းပေးပါတဲ့ဗျာ အံ့ရော"

"ဦးဖုန်းမိုကြီးက ဘာတွေစီစဉ်ထားလို့လဲ၊ ဒါနဲ့ - ပြောရဦးမယ်။ ကျွန် တော်တို့မြင်းတွေ၊ နွားတွေမှာတော့နောက်ဆုံးအချိန်မှာ ပါးချပ်ကြိုး (မြင်း ဦးခေါင်းတွင် သစ်သားဖြင့် နှစ်ဖက်ညှပ်၍ ရိုက်ဆွဲထားသောကြိုး) နဖားကြိုး (နွား၏ နှာခေါင်းကို ဖောက်၍ ချို၏နောက်ထိ ပတ်ထားသောကြိုး) တွေကို ဖြတ်ပေးလိုက်ရတဲ့ ထုံးစံရှိတယ်ဗျ။ ဒါဆို - သူတို့လည်း အဲဒီလိုပဲ ရှိနေလို့ နေမှာ"

"ဟုတ်တာပေါ့ဗျာ - ကျွန်တော်က ကျွန်တော့်ဘဝတစ်လျှောက်လုံး ခင်မင်တွယ်တာလာခဲ့ရတဲ့ က.ကြိုးရုပ်အကုန်လုံးကို အမှတ်တရအဖြစ် သေချာတဲ့တစ်နေရာမှာ ပုံစံမပျက် သိမ်းဆည်းထားဖို့ စိတ်ကူးထားတာဗျ။ ကျွန်တော် အနားယူမယ့်အချိန်ကျမှ လုပ်မယ့်စိတ်ကူးကို ကျွန်တော့်သမီး က.ကြိုးပြီးသိနေတယ်ဗျာ။ နောက်ထပ် တောင်းသွားတဲ့ကတိက ပိုပြီးတောင် လေးလေးနက်နက် ရှိလှသဗျ"

"ကျွန်တော့်အတွက်တော့ ဦးဖုန်းမိုကြီးနဲ့ ရင်းနှီးရတာ အဆန်းတွေ ချည်း ဖြစ်နေပြီ"

ထိုစဉ်မှာပင် ကိုချစ်ထွန်းဆိုသူ လာချပေးထားသော ဘူးသီးကြော် ပူပူနွေးနွေးနှင့် ရေနွေးကြမ်းပွဲတို့ကို လက်ညှိုးထိုး၍...

"ဦးလူ ... အေးအေးဆေးဆေးပေါ့ဗျာ။ အခုတော့ သောက်ကြစားကြ ဦးစို့"

ဦးဖုန်းမိုကြီးနှင့် ဦးလူတို့သည် ဘုရားပွဲဈေးမှဝယ်လာသော ဘူးသီး ကြော်ကြွပ်ကလေးအား အမြည်းပြုလုပ်၍ ရေနွေးကြမ်းသောက်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

အတော်ကြာအောင် စားသောက်ပြီးနောက် ဦးဖုန်းမိုကြီးကပင် စတင်၍ စကားစသ္ညိခံပြောပါတော့သည်။

"ဦးလူရေ . . . သမီးတောင်းသွားတဲ့ ကတိအတွက် သူတော်ကောင်းစာတ်စံနဲ့ တောင်းတာဆိုတော့ ကျွန်တော်လည်း လိုလိုချင်ချင်ပဲ ပေးလိုက်တာပါ။ ဇာတ်နားဖို့ရယ်၊ သူတို့ကြိုးတွေကို ဖြတ်ပေးတာရယ်အပြင် နောက်ထပ်ကတိတစ်ခု တောင်းသွားသေးတယ်ဗျို့ သမီးတို့ ကြိုးတွေကို ဖြတ်ပေးသလို အဖေ့ကြိုးတွေကိုလည်း ဖြတ်ပြီးတော့ တရားစခန်းဝင်ပါတော့၊ သမီးကို ကတိပေးပါ၊ အဖေ့ကို တူသောအကျိုးကို ပေးစေချင်လို့ပါဆိုတော့ ကျွန်တော်လည်း ကျေကျေနပ်နပ်ပဲ ပေးလိုက်တယ်ဗျာ"

"ဦးဖုန်းမိုကြီးကို အားကျလိုက်တာဗျာ၊ က,ကြိုးရုပ်တွေကို ဖြတ်ပေးနိုင်ရုံမကဘူး ကျန်တဲ့သံယောဇဉ်ကြိုးတွေကိုပါ ဖြတ်ချဖို့ ကြိုးစားတော့မယ်ဆိုတော့ ကျွန်တော်ဖြင့် လေးစားမိတယ်ဗျာ၊ ကျွန်တော့်မှာတော့ ကြိုးသေးသေးလေးတစ်ချောင်းကိုတောင် ဖြတ်ချဖို့ကို မဆိုထားနဲ့ အနားကတောင် မခွာစေချင်ဘူး ဖြစ်နေတယ်၊ ကျွန်တော် လူညံ့တစ်ယောက်ဖြစ်နေပြီထင်ပါတယ်ဗျာ"

"ခင်ဗျား မညံ့ပါဘူး ဦးလူ၊ အဲဒီ ကြိုးသေးသေးလေးက သံမဏိကြိုးဖြစ်နေလို့ပါ"

ဦးဖုန်းမိုကြီး၏ အကြောင်းပြချက်ကို ဦးလူ အတော်ပင်ကျေနပ်သွားရ၏၊ ထို့ကြောင့် . . .

"ကျွန်တော့်အထင် ကိတ္တိမကြိုးမို့လို့ ပိုခိုင်နေသလားလို့"

"မဟုတ်လောက်ဘူး – ဦးလူ၊ ကျွန်တော်ပြောတဲ့ သံမဏိကြိုးဆိုတာတရားသဘောအရပြောတာပါ၊ ခင်ဗျားပေးဆပ်စရာရှိခဲ့တဲ့ အကြွေးရှင်မို့လို့ ခင်ဗျားဆီကို အကြွေးတောင်းရောက်လာတာဖြစ်မှာလို့ ဆိုလိုတာပါ"

"ဟုတ်မှာပါဗျာ – ဟုတ်လောက်ပါတယ်"



"ကဲ – စားပါဦး၊ ကျွန်တော်တို့တစ်တွေဟာ ကမ္မဿကာသတ္တဝါတွေပါ၊ တစ်နေ့ကျရင် ကိုယ်က မဖြတ်တောင် သူ့အလိုလိုပြတ်သွားကြရမှာပဲလေ"

"ဒါကတော့ ဘယ်သူမှ မလွန်ဆန်လို့မရတဲ့ကိစ္စပဲ၊ မှန်ပါတယ်ဗျာ"

"အင်း – ပြောရဦးမယ်၊ မောင်သိုက်ဖွား ကြီးပြင်းလာတဲ့ အရွယ်ကျရင် ကျွန်တော်က ကျေးဇူးတွေအများကြီးတင်ပါတယ်လို့ပြောပေးပါဦးလူ၊ သူ့ကို အကြောင်းပြုပြီး ကျွန်တော့်ရဲ့က,ကြိုးရုပ်တွေ ကြိုးမရှုပ်ကြရတာ မဟုတ်လား၊ ကျွန်တော်ပါ ကြိုးဖြတ်ဖို့ အသင့်ပြင်နေရပြီလေ"

"ပြောလိုက်ပါ့မယ်ဗျာ – ဦးဖုန်းမိုကြီးအတွက်ကတော့ ဘယ်လိုကြိုးမျိုးမှ ရှုပ်နိုင်တော့မှာ မဟုတ်တော့ပါဘူး၊ ကျွန်တော့်အတွက်ကတော့ မက,တဲ့အရုပ်က ကြိုးရှုပ်နေတယ်လို့ ပြောရမလို ဖြစ်နေပါပြီ"

"လူတိုင်း – လူတိုင်း ဒီလိုချည်းပါပဲ ဦးလူ၊ အလုပ်ဆိုတာမျိုးကလည်း မပြီးသေးရင် လုပ်နေကြရတာပဲ မဟုတ်လား၊ ပြီးအောင်လုပ်မှ ပြီးကြရမှာလေ"

"ကျွန်တော်ကတော့ ဦးဖုန်းမိုကြီးလို ကြိုးစားနိုင်မယ် မထင်ဘူး၊ ကဲ – ဦးဖုန်းမိုကြီးလည်း ဇာတ်ပစ္စည်းတွေကို သိမ်းဆည်းနေတုန်းမဟုတ်လား၊ ကျွန်တော်လည်း မြင်းလှည်းမောင်းထွက်ရဦးမှာမို့ ပြန်လိုက်ဦးမယ်ဗျာ"

"ကောင်းပါပြီဗျာ – ကျွန်တော်တို့လည်း နောက်သုံးနှစ်အထိတော့ မကွေးဘုရားပွဲကို လာရဦးမှာပါ၊ ရင်းရင်းနှီးနှီး ဖြစ်သွားကြလို့ ခင်ဗျားတို့သားအဖကို တကူးတက ဖိတ်ခေါ်တယ်နော်၊ ကျွန်တော့် ရုပ်သေးပွဲကို လာကြည့်ကြဦးပေါ့ . . . မပြီးသေးဘူးလေ"

"ကြည့်မှာပါဗျာ၊ စိတ်သာချ . . . ကျွန်တော်တို့ သားအဖနစ်ယောက်အတွက်ကတော့ ဖိတ်ခေါ်စရာတောင် မလိုပါဘူး၊ အမြဲကြည့်နေကျပါ၊ ကဲ – နှုတ်ဆက်ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီဗျာ – ကျွန်တော်လည်း လက်စလေးတွေ သိမ်းလိုက်ပါဦးမယ်"

ဦးလှသည်ဦးဖုန်းမိုကြီးအား နှုတ်ဆက်၍ပြန်ခဲ့လေ၏။ နောက်ထပ် (၃) နှစ်တိုင်တိုင် ဖုန်းမိုကြီးရုပ်သေးပွဲသည် မကွေး မြသလွန်ဘုရားပွဲတော်သို့ သီတင်းကျွတ်လအခါတိုင်း မပျက်မကွက် လာရောက် က,ပြ အသုံးတော်ခံ၏။ ဦးလှနှင့် မောင်သိုက်ဖွားတို့သားအဖကလည်း ရုပ်သေးပွဲကြည့်ရှုခြင်းကို ပျက်ကွက်ခြင်းမရှိခဲ့၊ (၃) နှစ်ပြည့်ပြီးသောအခါဝယ် ဖုန်းမိုကြီး ရုပ်သေးပွဲသည် မကွေး မြသလွန်ဘုရားပွဲသို့ လာရောက်ခြင်းမရှိတော့၊ ဖုန်းမိုကြီး၏ သတင်းစကားကိုလည်း မကြားရတော့။ နောက်တော့ မည်သည့်သတင်းမှ မကြားရတော့ချေ။

- က,နေသော အရုပ်များကြီးမရှုပ်တော့သည့်အချိန်တွင်
- မ,ကသော အရုပ်ကတော့ ကြိုးရှုပ်၍ ကောင်းနေဆဲပါတည်း။ ။

>>> ဓာတ်ဂုဏ်မျိုးမြင့်အောင်

မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ငွေပျောက်ကောင်းစေရမည်။)

ခရူသင်း (သမင်ဖြူ)

LEUCODERMA

ခရူထင်း(သမင်ဖြူ)၊ ဖြူ၊ နီ၊ နက်ကွက်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန် – အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ ၆၆၆၄၇၈

ဌာနခွဲ
အမှတ်(၂)၊ ၆၂ – လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူ[illegible]၊ မန္တလေးမြို့
ဖုန်း – ၀၂ ၂၂၅၁၅၊ ၀၉ ၂၀၀၂၈၄၃

www.burmeseclassic.com